www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၆၀၄၀၅၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၇၁၈၀၆၁၁

စီစဉ်သူ = ကိုတင်ထွန်း

ပုံနှိပ်ခြင်း
ပထမအကြိမ် = ၂၀၁၁၊ စက်တင်ဘာလ
အုပ်ရေ = ၅၀၀
မျက်နှာဖုံး = မြတ်မင်းဟာန်
ကွန်ပျူတာစာစီ = *Welfare*
အတွင်းဖလင် = *Quality*

ပုံနှိပ်သူ
ဒေါ်ဆဲနေမူ (ရွာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၅၀၀ကျပ်

၈၉၅ • ၈၃
သိန်းဝင်း၊ သောင်မှူးကြီး
ဖောက်ထွင်းဝိဇ္ဇာရတနာမှုဆိုးများ/ သောင်မှူးကြီးသိန်းဝင်း ။ – ရန်ကုန်
စိတ်ကူးသစ်စာပေ၊ ၂၀၁၁။
၂၂၇–စာ ၊ ၁၂စင်တီ× ၁၈စင်တီ။
(၁) ဖောက်ထွင်းဝိဇ္ဇာရတနာမှုဆိုးများ

# စာရေးသူ၏အမှာစာ

ကျွန်တော် ဤလုံးချင်းဝတ္ထုရှည်အား မြန်မာပြည်မြောက်စွန်းများသို့ရောက်ခဲ့စဉ်က နေရာဒေသ၊ မြို့ရွာ၊ တောတောင်များကို အခြေခံပြီး ဇာတ်အိမ်ဖွဲ့ထားပါသည်။

ဇာတ်လမ်းကျောရိုး နိုင်မာသဖြင့် ကျွန်တော်၏တပည့်ကျော်များဖြစ်ကြသည့် ပျောက်တင်သောင်းနှင့် ဖောက်ထွင်းဝိဇ္ဇာများဖြစ်ကြသည့် သူခိုးမြင့်သိန်း၊ ကျော်ကြီး၊ ပုဏ္ဏားတင်ဦးတို့အား ဇာတ်ရုပ်များအဖြစ် အားဖြည့်ထည့်သွင်းထားပါသည်။ ဖောက်ထွင်းဝိဇ္ဇာသူခိုးများ၏ အဖိုးတန်ရတနာများကို မြင်သည်နှင့် ကြံဖန်ခိုးယူကြပုံကိုလည်း ဖော်ပြထားသည်။

မြန်မာပြည်မြောက်ဖျားစွန်းရှိ လူသူအရောက်အပေါက်အလွန်နည်းသော ထူးဆန်းသည့် ‘ဝင်ခမ်းအိုင်နှင့် ကျောက်စိမ်းထွက်သော ‘အရှန်းခမ်း’ ရွာကလေးအကြောင်းကိုလည်း ဖော်ပြထားသည်။

www.burmeseclassic.com

အဖိုးတန်ရတနာများထွက်ရှိသည့် မေခနှင့်မလိခမြစ်နှစ်သွယ် မြစ်ဖျားခံရာနေရာလည်း ဖြစ်၏။ မြန်မာပြည်၏ အမြင့်ဆုံး (၁၉၂၉၆) ပေမြင့်သည့် ခါကာဘိုရာဇီ ရေခဲတောင်ကြီးလည်း ရှိသည်။ ရိုးသားသော တိုင်းရင်းသားများဖြစ်ကြသည့် ဂျိန်းဖော၊ လီဆူး၊ ရဝမ်၊ ဂရူး၊ ဂဏန်း လူမျိုးနွယ်စုများသည် သဘာဝကိုအခြေခံပြီး သဘာဝတရားကြီးနှင့် လိုက်လျောညီထွေ နေထိုင်ကြ၏။ ရိုးသားပွင့်လင်းကြပြီး ချည်သည်လာလျှင် လှိုက်လှဲဖော်ရွေစွာ ကြိုဆိုညှိခံကြ၏။

အဖိုးတန်သားကောင်များဖြစ်သော တောင်ဆိတ်၊ ကတိုးကောင်၊ တာကင်နှင့် အဖိုးတန်ဆေးပင်၊ ခန်းတောက်မြစ်၊ မချစ်ဥ ရှုံးပတီးနှင့် မရှောပင်များလည်း ထွက်ရှိသည်။

ထို့ကြောင့် ကျွန်တော်၏ 'ဖောက်ထွင်းဝိဇ္ဇာ၊ ရတနာမှဆိုးများ' ဝတ္ထုကို ဖတ်ရှုသည်နှင့် တောတွင်းအတွေ့အကြုံ၊ တောလမ်း ခရီးကြမ်းကြီးနှင့် မြန်မာပြည်မြောက်ဖျားစွန်း မြစ်ချောင်းနှင့် တောတောင်များအကြောင်းကို ကိုယ်တိုင်ရောက်ရှိသွားသလိုပင် ခံစားဖတ်ရှုနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

စာဖတ်သူများအား အစဉ်လေးစားလျက် ...

မောင်မြူးကြီးသိန်းဝင်း

# အခန်း ( ၁ )

ကျွန်တော် ကော့သောင်းမြို့ ဆီအုန်းစခန်း၌ တာဝန်ထမ်းဆောင်နေရစဉ် ကျွန်တော်၏အစ်ကိုကြီး ဦးအောင်သန်းက မြန်မာပြည်မြောက်ဘက်စွန်း၊ နောင်မွန်းမြို့၊ ပြည်သူ့ဘဏ်တွင် မန်နေဂျာအဖြစ် တာဝန်ကျသည်။ ညီအစ်ကိုနှစ်ဦး မြန်မာပြည်တောင်ဖျားနှင့် မြောက်ဖျားတွင် နိုင်ငံတော်၏တာဝန်များကို အစိုးရဝန်ထမ်းဖြစ်သည်နှင့်အညီ ထမ်းဆောင်ကြရခြင်းဖြစ်သည်။

ကျွန်တော်က (၂) နှစ်ပြည့်သော် အစ်ကိုကြီးထက် စော၍ ရန်ကုန်ပြန်ရောက်သည်။ အင်းစိန်တောင်တွင် ပြန်လည်တာဝန်ထမ်း

www.burmeseclassic.com



ဆောင်ရမည်ဖြစ်ရာ (Joining Time) အချိန်ကာလတွင် ကျန်းမာရေးကိုအကြောင်းပြပြီး ကျွန်တော် ခွင့်တစ်လယူလိုက်ပါသည်။ နောင်မွန်းမြို့မှ အစ်ကိုကြီး ရန်ကုန်သို့ ပြန်လည်မပြောင်းရွှေ့မီ မြန်မာပြည်မြောက်များစွန်း၊ နောင်မွန်းမြို့သို့ လေ့လာရေးခရီးထွက်ရန် ဖြစ်သည်။

ခရီးလမ်း လွယ်ကူသည်တော့မဟုတ်။ ရန်ကုန်မှ မြစ်ကြီးနားမြို့သို့ လေယာဉ် သို့မဟုတ် မီးရထားစီးရသည်။ မြစ်ကြီးနားမြို့မှ ပူတာအိုမြို့သို့ လေယာဉ်စီးရမည်။ ပူတာအိုမှ ကားတစ်တန်၊ ကုန်းကြောင်းတစ်တန်ဖြင့် နောင်မွန်းမြို့သို့ ချီတက်ရမည်ဖြစ်သည်။ တောလမ်းခရီးကြမ်းကြီးဖြစ်၍ အဖော်တော့လိုပေမည်။

သို့သော် ကျွန်တော်၏တပည့် လက်ဟောင်းများဖြစ်ကြသော ဖောက်ထွင်းဝိဇ္ဇာ ကျော်ကြီး၊ သူခိုး မြင့်သိန်းနှင့် ပုဏ္ဏားတင်ဦးတို့က ရန်ကုန်တွင် ဆက်သွယ်၍မရ။ နယ်ထွက်နေကြောင်း သိရသည်။ ခြေများသော ၎င်းတို့ (၃)ဦးကို ကျွန်တော် အမိဖမ်းရန်မလွယ်ပါ။ မန္တလေးမြို့ (သို့မဟုတ်) မြစ်ကြီးနားမြို့သို့ရောက်ခါမှ ရှာဖွေကြည့်ရဦးမည် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ခရီးမဝေးလှသော သာယာဝတီမြို့နယ်၊ 'လှည်းလမ်းကူး' ရွာတွင်နေထိုင်ကြပြီး အဝေးပြေးယာဉ်များ ထောင်တားကြသည့် မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့အား ကြေးနန်းရိုက်၍ ခေါ်ယူလိုက်ရပေတော့သည်။ သူတို့လည်း ကားများကိုစွဲရှိသဖြင့် အားမအားတော့ မသိနိုင်သေးပါ။ အကြောင်းပြန်ကြားခြင်းကို စောင့်ကြည့်ရပေဦးမည် ဖြစ်သည်။

အအေးပိုင်းဒေသသို့ သွားရမည်ဖြစ်၍ ကျွန်တော် ရန်ကုန်မြို့တွင်းသို့ထွက်လာခဲ့ပြီး ဗိုလ်ချုပ်ဈေးတွင် အနွေးထည်ဂျာကင်၊ မိုးကာ





အင်္ကျီ၊ လက်အိတ်၊ ခေါင်းစွပ်နှင့် လိုအပ်မည်ထင်သော ဆေးဝါးများ၊ စားစရာမုန့်ခြောက်များ၊ လက်ဆောင်ပစ္စည်းများဝယ်ယူရာ လက်ဆွဲအိတ်ကြီးနှစ်လုံး ပြည့်သွားတော့သည်။ ဖိနပ်အနေဖြင့်လည်း ကုပ်အားကောင်းသော စီးနေကျ အမဲလိုက်ဖိနပ်အပြင် တောလမ်းခရီး၊ တောင်ဆင်း၊ တောင်တက်ခရီးကြမ်းကြီးကို မိုင်ပေါင်းများစွာ လမ်းလျှောက်ရမည်ဖြစ်သဖြင့် သက်သာပေါ့ပါးသော (Walking Shoes) ကို ဝယ်ရပြန်သည်။ လမ်းလျှောက်ရင်း ပွင့်ထွက်မသွားစေရန်အတွက်လည်း အမျိုးအစားကောင်းသော (Hara) အမျိုးအစားဖိနပ်ကို အတော်ရှာရသည်။

ထို့နောက် (Eveready) လက်နှိပ်ဓာတ်မီး၊ မီးမွှေးရန်အတွက်တော့ ကော့သောင်းမြို့မှဝယ်လာသော (Gas) မီးခြစ်ကလေးများအလုံး (၅၀) ခန့်ရှိသည်။ ကိုယ်တိုင်အသုံးပြုရန်နှင့် လက်ဆောင်ပေးရန်အတွက် ဖြစ်သည်။ ရေခဲသောဒေသတွင် ယမ်းမီးခြစ်နှင့် ဓာတ်ဆီမီးခြစ်များ သုံးမရဟု သိထားသောကြောင့် ဖြစ်သည်။ အစစအရာရာ လိုလေသေးမရှိအောင် အချိန်ယူ၍ ကျွန်တော် စီစဉ်စုဆောင်းနေမိသည်။ အကယ်၍ တပည့်များမလိုက်နိုင်လျှင်လည်း တစ်ဦးတည်းခရီးသွားရန် စီစဉ်ဆုံးဖြတ်ပြီး ဖြစ်ပေသည်။

နှစ်ရက်ခန့်အကြာ မနက် (၁၀)နာရီခန့်တွင် သာယာဝတီမြို့တွင် နေထိုင်ကြသည့် တပည့်ကျော် မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့ အထုပ်အပိုးကိုယ်စီထမ်းခါ ရောက်လာကြသည်။

"ဆရာ ... နေကောင်းရဲ့လား"

"လာကြဟေ့၊ လာကြ။ မင်းတို့ကို ငါမျှော်နေတာ"

"ဆရာက ဝတောင်လာတယ်။ အခုမှ ဆရာက အသွက်

www.burmeseclassic.com



အရွယ်ရပြီး ခန့်လာတာ။ အရင် ကျွန်တော်တို့နဲ့ ရိုးမစခန်းမှာနေတုန်းက ပိန်ပိန်ရှည်ရှည် အသက်က ငယ်တယ်။ အခုမှ ပြည့်ပြည့်ဝဝ ဖြစ်လာတာ"

"အေး ... အေး ... မင်းတို့လည်း ဝလာပါတယ်။ အသားတွေတော့ မည်းသွားသလိုပဲ"

"ဆရာလည်း အသားမည်းသွားတယ်။ ရိုးမတောထဲနေတုန်းကတောင် ဒီလောက်မမည်းဘူး။ ကော့သောင်းမြို့က နေပြင်းလို့လား ဆရာ"

"အေးကွ .... ကော့သောင်းမြို့ကနေ အလွန်ပြင်းတယ်။ အီကွေတာရာသီဥတုမျိုးပဲ ဆောင်းရာသီမရှိဘူး။ နွေရာသီနဲ့ မိုးရာသီပဲရှိတာ။ နွေဘက်ကလည်း မိုးက ရွာချင်ရွာတာပါပဲ။ မိုးရာသီက အရှည်ဆုံးပဲ။ ပူတာကလည်း ရက်စက်တယ်။ ပဲခူးရိုးမမှာလို သစ်တောအရိပ်အောက် နေရတာမဟုတ်ဘူးကွ။ ဆီအုန်းခင်းထဲမှာ ဆိုင်ကယ်တစ်စီးနဲ့သွားလာနေရတော့ လူက မဲပြောင်ပြီး ခန္ဓာကိုယ်မှာ ဆားတောင်ပွင့်တယ်။ ပင်လယ်နဲ့လည်းနီးတော့ ဆားငန်လေတိုက်လို့ထင်ပါရဲ့။ ယူနီဖောင်းဆိုရင် (၆)လလောက်ကြာတာနဲ့ ချွေးစားပြီး စုတ်ပြတ်ကုန်တာပဲ။ တောကောင်ကတော့ ပဲခူးရိုးမထက် ပေါတယ်ကွ။ ချေနဲ့တောဝက်ကတော့ အပေါဆုံးပဲ။ မျောက်နဲ့ငှက်လည်း ပေါတယ်။ ကျားသစ်နက်နဲ့ ဝက်ဝံလည်းရှိတယ်။ တောကောင်ကတော့ တစ်ရက်ခြားနစ်ကောင်ရတယ်။ အသားရိက္ခာမှုလုံတာပေါ့ကွာ"

"ကော့သောင်းမှာ အမဲပေါတယ်ဆိုတော့ ဆရာတာဝန်ကျနေတုန်းကသာသိရရင် လာဖြစ်အောင်လာမှာပေါ့ ဆရာရယ်။ သာယာဝတီမှာလည်း ကျွန်တော်တို့က ဆရာထောင်ပေးထားတဲ့ အဝေးပြေး





ကား(၂) စီးနဲ့ အလုပ်ဖြစ်နေကြပါတယ်။ အားတော့မအားရဘူး ... ဆရာရေ။ ကားဆိုတာ ကိုယ်တိုင်လုပ်မှ တခြားသူနဲ့သာလွှဲထားရင် ကားဆိုတဲ့အတိုင်း 'ကား'သွားမှာ။ အခု ကျွန်တော်တို့နှစ်ယောက် သာယာဝတီမြို့နဲ့သုံးဆယ်မြို့မှာ ခြံတစ်ကွက်စီဝယ်ပြီး အိမ်တစ်လုံးစီလည်း ဆောက်ပြီး။ ကားကြီးနှစ်စီးထားဖို့လည်း ကားဂိုထောင်ကြီးတွေပါဆောက်ထားတယ်။ လှည်းလမ်းကျူးရွာကိုတောင် ပြန်မရောက်တာ နှစ်ပေါက်တော့မယ်။ ဆရာလည်း ရန်ကုန်ပြန်ရောက်ပြီပဲ ကျွန်တော်တို့ဆီကို လာလည်ပါဦးဆရာရယ်။ ကျွန်တော်တို့လုပ်ငန်းကိုပြပြီး ကျေးဇူးလည်း ဆပ်ချင်လို့ပါ"

"မင်းတို့ အိမ်ထောင်ကိုယ်စီလည်း ကျနေကြပြီဆိုကွ ... အောင်သန်းရ"

"ဟုတ်ပါတယ်။ ဆရာက အမြန်လမ်းစခန်းက အင်းစိန်ထောင်ပြန်ရောက်ပြီး ကော့သောင်းစခန်းထွက်သွားတာဆိုတော့ ကျွန်တော်တို့နဲ့ကွဲသွားတာ (၃)နှစ်တောင်ကျော်ပြီလေ။ တင်သောင်းဆိုရင် ကလေးတစ်ယောက်တောင် ရနေပြီဆရာ။ ကျွန်တော်ကတော့ ကြိုးစားတုန်းပဲ ဆရာရေ၊ ဟဲ ... ဟဲ ... ဟဲ"

"အေးကွာ ... ဝမ်းသာပါတယ်။ အိုးနဲ့အိမ်နဲ့ ဝင်ငွေမှန်တဲ့ အလုပ်အကိုင်နဲ့ အတည်တကျဖြစ်သွားတာ ကောင်းတာပေါ့။ ဒါနဲ့ မင်းတို့မိဘတွေရော နေထိုင်ကောင်းကြရဲ့လား။ မင်းတို့ကရော ပြည့်စုံအောင် ထောက်ပံ့ရရဲ့လား။ မိဘတွေက အသက်အရွယ်ရလာကြပြီ။ ဂရုစိုက်ပြီး ကျေးဇူးပြန်ဆပ်ကြ"

"ကျွန်တော်တို့မိဘတွေအားလုံး နေကောင်းကြပါတယ်ဆရာ။ အဝေးပြေးကားတွေက ဝင်ငွေကောင်းတော့ ပြည့်စုံအောင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပံ့နိုင်ပါတယ်။ မိဘတွေက မြို့ပေါ်မှာမပျော်တော့ ကြာကြာမနေနိုင်ပဲ မြို့နဲ့ရွာ ကူးချည်သန်းချည်ပေါ့ ဆရာရယ်။ ဆရာ့ကိုတော့ အလွန်ကျေးဇူးတင်နေကြတယ်။ ကျွန်တော်တို့လည်း တောမှဆိုးတွေမဟုတ်ကြတော့ပဲ ကားပိုင်ရှင်တွေ ဖြစ်နေကြပြီလေ။ ဆရာ့ကျေးဇူးတွေပေါ့ ဆရာရယ်။ ဆရာလည်း အနားယူရင်း ကျွန်တော့်ဆီကို လာလည်ပါဦး။ အားလုံးက ဆရာကိုတွေ့ချင်လို့ မျှော်နေကြတာပါ။ ဆရာ့ကိုလည်း ကျေးဇူးဆပ်ချင်နေကြတာလေ"

"အေး ... အေး ... ငါလည်း ရန်ကုန်ပြန်ရောက်ပြီပဲ။ အခု ခရီးထွက်ရာက ပြန်လာတာနဲ့ လာခဲ့ပါ့မယ်"

"ဆရာ အခုတစ်ခေါက် ဘယ်ဘက်ခရီးထွက်မှာလဲ။ ကျွန်တော်နဲ့မျောက်တင်သောင်းက တစ်ယောက်တည်းပဲ လိုက်လို့ရမယ် ဆရာ။ ကျွန်တော်က ကိုယ်တိုင်ကားမောင်းနေရတော့ လိုက်လို့မရတော့ဘူး။ ဆရာနဲ့အတူ ခရီးထွက်ရမှာဆိုတော့ အလွန်လိုက်ချင်တာပေါ့ ဆရာရယ်။ တင်သောင်းကတော့ သူ့ကားကို သူ့ယောက်ဖကမောင်းတော့ အနားရပြီး လိုက်နိုင်တာပေါ့ဆရာ"

"အေးကွာ ... ငါကလည်း မင်းတို့နှစ်ယောက်စလုံးကို ခေါ်ချင်တာပါ။ ငါးပေါက်တွင်းရတနာသိုက် ကိစ္စတုန်းက မင်းတို့နဲ့အတူ မြစ်ကြီးနားမြို့အထိ သွားပြီးကြပြီပဲ။ ဒီတစ်ခါတော့ မြန်မာပြည်မြောက်ဖျား။ နောင်မွန်းမြို့အထိ သွားရမှာ။ တစ်လလောက်ကြာမယ်လို့ ခန့်မှန်းတယ်။ နောင်မွန်းမြို့ကနေ အဆင်ပြေရင်ပြေသလို မြန်မာနဲ့ တိဗက် နယ်စပ် မရောက်ဖူးသေးတဲ့ ဒေသတွေအထိ ခရီးဆန့်ချင်တယ်။ နောင်မွန်းမြို့ဘဏ်တိုက်မှာ ငါ့အစ်ကိုဦးအောင်သန်းက တာဝန်ကျတယ်လေ။ သူရှိတုန်းသွားတော့ အဆင်ပြေတာပေါ့။ တင်သောင်း





တစ်ယောက်တည်း အဖော်ရရင်လည်းရပါတယ်။ မန္တလေးရောက်တော့လည်း ငါ့လူယုံတပည့်တွေဖြစ်တဲ့ ပုဏ္ဏားတင်ဦး၊ သူခိုးမြင့်သိန်းနဲ့ ကျော်ကြီးတို့နဲ့လည်း တွေ့နိုင်လောက်ပါတယ်။ ဒီကောင်တွေကတော့ ငါခေါ်ရင် ငရဲပြည်အထိလိုက်မဲ့ကောင်တွေ။ ဒါပေမဲ့ ဒီကောင်တွေကို တွေ့ဖို့တော့ ခက်တယ်။ လက်ထဲပိုက်ဆံရှိတာနဲ့ တစ်နိုင်ငံလုံးအနှံ့သွားပြီးဖြုန်းကြတာ သူတို့အကျင့်ပဲလေ"

"သူတို့က လူလွတ်တွေလား ဆရာ"

"ဟုတ်ပါ့ကွာ။ (၃)ယောက်စလုံး လူလွတ်တွေချည်းပဲ။ အသောက်အစား။ လောင်းကစား အကုန်ရပေမယ့် မိန်းမကိစ္စတော့ အတော်ရှင်းကြတယ်။ သုံးယောက်စလုံးကတော့ နာမည်ကြီးဖောက်ထွင်းဝိဇ္ဇာတွေချည်းပဲ။ ငါနဲ့ အင်းစိန်ထောင်ထဲမှာ အတော်ကြာဆုံခဲ့တာ။ သူတို့တစ်တွေလွတ်သွားလို့ အပြင်ရောက်တော့လည်း 'ဖောက်မိမှရား ပတ္တမြားကြီး'ကိစ္စမှာ ဆုံကြသေးတယ်။ ငွေလည်း အတော်ရသွားကြတယ်။ ငါ ကော့သောင်းစခန်းထွက်မှ သူတို့နဲ့ကွဲသွားတာ (၂)နှစ်ကျော်လောက်တော့ရှိပြီထင်တယ်။ လူတွေကတော့ လူတော်တွေပဲ။ ဒါပေမဲ့ သူကောင်းမဟုတ်ကြဘူး။ သူခိုးတွေပေါ့ကွာ။ မင်းတို့ကရန်ဖြစ်ပြီး အားစုတ်မှုနဲ့ထောင်ကျတာ။ သူတို့ကတော့ ဖောက်ထွင်းမှုနဲ့ ထောင်ထောခဏကျတာ။ လူဆိုးစာရင်းဝင်တွေပေါ့။ ဒါပေမဲ့ စိတ်ကောင်းရှိကြပါတယ်။ ငါ့ကိုရိုသေပြီး ငါ့စကားလည်း နားထောင်ကြပါတယ်"

"ဆရာတပည့်ရင်းတွေနဲ့ ခရီးရှည်ကြီး သွားရမှာဆိုတော့ အလွန်ပျော်စရာကောင်းမှာပါပဲ ဆရာရယ်။ ဆရာနဲ့ဆို ဘယ်သွားသွား ကျွန်တော် လိုက်ချင်ပါရဲ့ဆရာရယ်။ စီးပွားရေးလုပ်နေရတော့ တစ်ယောက်မရှိ တစ်ယောက်ရှိမှဖြစ်မှာမို့ပါ ဆရာရယ်။ ဆရာခေါ်တာကို



www.burmeseclassic.com

www.burmeseclassic.com



မလိုက်နိုင်တာ ဘယ်လိုမှ မထင်ပါနဲ့ဆရာ။ ဒီမှာ ကျွန်တော်တို့ လှည်းလမ်းကူးရွာကထွက်တဲ့ ဆိတ်သားခြောက်၊ ချေသားခြောက်နဲ့ ငါးရံ့ခြောက်တွေ ယူလာတယ်ဆရာ။ ခရီးသွားရင်း စားရအောင်လို့ပါ"

"အေးကွာ . . . ကျေးဇူးပဲ။ ကြော်ပြီး လမ်းခရီးမှာစားဖို့ ထည့်သွားမယ်"

တစ်ချိန်လုံးငြိမ်နေသော မျောက်တင်သောင်းက စဉ်းစားရမိဟန်ဖြင့် . . .

"ဆရာ . . . အဲ့ဒါဆို အနွေးထည်လေးဘာလေး အင်းစိန်ဈေးထဲမှာ သွားဝယ်လိုက်ဦးမယ်လေ ဆရာ"

"ဒီမှာမဝယ်နဲ့တော့။ မြို့ထဲကျမှဝယ်မယ်။ အခု ငါတို့ နေ့လယ်စာ စားကြမယ်။ စားပြီးတာနဲ့ထွက်မယ်"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော်၏အိမ်တွင် ဆရာနှင့်တပည့်များ မြိန်ရှက်စွာ နေ့လယ်စာ စားကြသည်။ စားပြီးသည်နှင့် အထုပ်အပိုးများဆွဲ၍ အိမ်မှထွက်ခဲ့ကြပါသည်။ အင်းစိန်ထောင်ဂိတ်ဝတွင် Taxi ကားငှားပြီး အောင်သန်းအား ဇော်ဘွားကြီးကုန်း အဝေးပြေးကားဂိတ်၌ ချထားခဲ့သည်။ ကျွန်တော်တို့ ရန်ကုန်ဘူတာကြီးရောက်တော့ ဌာနဆိုင်ရာ မှတ်ပုံတင်ကဒ်ပြပြီး မန္တလေးသို့ ရထားလက်မှတ်ဝယ်ရာ အထူးတန်းမှ လက်မှတ် (၂)စောင်ရသည်။ ညနေ (၅)နာရီထွက်ရမည့် ရထားဖြစ်သည်။ အချိန်ဝေးသေးသဖြင့် ကျွန်တော်တို့ မြို့ထဲသို့ထွက်ခဲ့ကြပြီး တင်သောင်းအတွက် ဗိုလ်ချုပ်ဈေးဝင်၍ အနွေးထည်နှင့် အသုံးအဆောင်များဝယ်သည်။ ပြီးနောက် ရထားပေါ်တွင် စားသောက်ရန် စားသောက်စရာများ ဝယ်သည်။





ကျွန်တော်တို့ ရန်ကုန်ဘူတာကြီးသို့ ညနေလေးနာရီခွဲခန့်တွင် ပြန်ရောက်ကြသည်။ ဘူတာကြီးအတွင်းရှိ ဈေးဆိုင်များတွင် လိုအပ်သည်များ ထပ်မံဝယ်ယူ၍ အသင့်တွဲထိုးထားသော ညနေ(၅)နာရီထွက်မည့် အဆန်ရထား၊ အထူးတန်းတွဲပေါ်သို့ တက်ထိုင်ပြီး ပစ္စည်းများ နေရာချ၍ အနားယူကြသည်။

www.burmeseclassic.com

www.burmeseclassic.com

□

ထိုစဉ်က အထူးတန်းတွဲမှာ လေးယောက်မျက်နှာချင်းဆိုင် ထိုင်ရပြီး အလယ်၌ စားသောက်ရန် စားပွဲကလေးပါသည်။ ကျွန်တော်တို့က နှစ်ယောက်တွဲထိုင်ခုံကို ယူထားသဖြင့် ကျန်နှစ်ယောက်တွဲထိုင်ခုံသို့ မည်သူများရောက်လာကြမည်ကို မသိနိုင်သေးပါ။ ဇိုးသမားနှင့် ဆေးလိပ်သမားများလာလျှင်တော့ တစ်လမ်းလုံး စိတ်ညစ်ရပေဦးမည် ဖြစ်သည်။

ညနေ (၄း၄၅)နာရီ၊ (၁၅)မိနစ်အလို ရထားထွက်ရန် ခေါင်းလောင်းတီးမှ သားအမိနှစ်ဦး အထုပ်အပိုးဆွဲခြင်းများ၊ ထမင်းချိုင့်များဖြင့် အပြေးအလွှား ရထားပေါ်သို့ တက်လာကြသည်။ ထိုင်ခုံများ အသီးသီးနေရာယူထားကြပြီးဖြစ်၍ ထိုသားအမိနှစ်ဦးမှာ ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင်သာ ထိုင်ကြရမည်ဖြစ်ပေမည်။ နှစ်ယောက်တွဲ ခုံအစွန်းတွင် ထိုင်နေသော တင်သောင်းက လျင်မြန်စွာ နေရာကထပြီး အလိုက်သိစွာ ပစ္စည်းများကို ခေါင်းမိုးစင်ပေါ်တင်၍ နေရာချပေးသည်။ အဒေါ်ကြီးနှင့်သမီးက ဆွဲခြင်းနှင့် ထမင်းချိုင့်ကြီးအားခုံအောက်တွင်ထားလိုက်ပြီးမှ ထိုင်ခုံပေါ်၌ နေရာယူပြီး ထိုင်လိုက်ကြသည်။





အဒေါ်ကြီးက နေရာတွင်ထိုင်မိသည်နှင့် သက်ပြင်းမောကြီးအား 'ဟူး'ခနဲချ၍ . . .

"ကျေးဇူးတင်လိုက်တာ ငါ့တူရယ်။ အဒေါ်တို့ ရထားဆင်းတာနောက်ကျနေလို့ အပြေးအလွှားလာရတာ။ ဒီက သမီးပေါ့။ သူ့အကြိုက်မုန့်တွေဝယ်နေလို့ ကံကောင်းလို့ ရထားမီတာ။ အောင်မလေး . . . မောလိုက်တာ။ ရေတစ်ခွက်လောက် ခပ်ပေးစမ်းပါ သမီးရယ်"

ထိုစဉ် မျောက်တင်သောင်းက လျင်မြန်စွာပင် ကျွန်တော်တို့အသင့်ဆောင်လာသော ရေဘူးထဲမှရေကို မတ်ခွက်ဖြင့်ခပ်ပေးသည်။ အဒေါ်ကြီး ရေသောက်နေစဉ် သမီးဖြစ်သူက . . .

"မေမေကလည်း ဒီမုန့်တွေပါမလာရင် သမီးက ဘာသွားစားမှာလဲ"

"ဟဲ့ . . . သမီးရဲ့၊ ဆွဲခြင်းထဲမှာ ညည်းအစ်မကြီးထည့်ပေးလိုက်တဲ့ စားစရာတွေနဲ့ ထမင်းချိုင့်ကြီးပါတယ်လေ။ ဟင်းတွေလည်း စုံနေတာပဲ။ ဘာပူစရာရှိလို့လဲ။ အဲဒီ ထမင်းချိုင့်ကြောင့်လည်း နောက်ကျတာ။ သမီးကြီးက ဟင်းစုံအောင်ချက်ပြုတ်နေလို့ ကြာနေတာလည်း ပါတယ်"

ကျွန်တော်တို့ ခရီးသွားဖော်ချင်း၊ မြန်မာလူမျိုးများပီပီ တစ်ဦးကိုတစ်ဦးက မိတ်ဆက်ကြရင်း ရထားကြီး စတင်ထွက်လာပြီး မကြာမီ ရင်းနှီးသွားကြသည်။ ညစာစားကြတော့လည်း အတူတူပင်။ ကျွန်တော်တို့က အသင့်ဝယ်လာသည့် ဒံပေါက်ထုပ်များကို ဖွင့်စားကြတော့ အဒေါ်ကြီးနှင့် သူ့သမီးက သူတို့ထမင်းချိုင့်ထဲမှ ဟင်းများကို အတင်းထည့်ပေးသည်။ ဟင်းများကလည်း အတော်စုံသည်။ ကြက်သားဆီပြန်၊ ဝက်သားဆီပြန်၊ ငါးကြော်နှင့် ငါးခြောက်ထောင်းကြော်၊ ငါးချဉ်ချဉ်ဟင်းပင်



www.burmeseclassic.com

www.burmeseclassic.com



ပါသေးပါသည်။ အဒေါ်ကြီးက ဟင်းကောင်းအတော်ကြိုက်ပုံရပြီး အစားအသောက်ကို ဇီဇာကြောင်ပုံရသည်။

"ညီမလေးတို့ ပြည့်စုံအောင်စားကြပါ။ အစ်ကိုတို့က ခရီးသွားရင်းဆိုတော့ ဖြစ်သလိုစားတတ်ပါတယ်"

"အားမနာပါနဲ့ အစ်ကို။ ဒီမှာ ဟင်းတွေက အများကြီးပါ။ ညီမတို့သားအမိနှစ်ယောက်တည်း မကုန်နိုင်ပါဘူး။ ထမင်းလည်း ယူစားကြပါ။ မေမေက အကောင်းကြိုက်တော့ အစ်မကြီးက စုံအောင် လုပ်ပေးလိုက်တာပါ"

"ငါတူတို့ပဲ ကောင်းပါတယ်ကွယ်။ ကြိုသလို စားနိုင်ကြတယ်။ အဒေါ်က အပြင်စာ စားလို့မရဘူးကွယ့်။ မသန့်ဘူးထင်လို့ပါ။ ဒါကြောင့် ထမင်းချိုင့်ကို စောင့်ယူနေရတာနဲ့ ရထားချိန်နောက်ကျရတာ"

"မေမေက အစားအသောက်ချေးများတယ် အစ်ကို၊ အစားအသောက်လည်း ရွေးတယ်။ အသန့်ကြိုက်လွန်းတော့ ပိုဆိုးတာပေါ့"

"ဟဲ့ ... ဟဲ့ ... ငါ့ဟာငါ အသန့်ကြိုက်တာ အပြစ်လား။ ဒီခေတ်ကြီးမှာ ရောဂါတွေက စုံလို့။ (၉၆)ပါးရောဂါတောင် မကတော့ဘူး။ ညည်းတို့က ခေတ်လူငယ်တွေဖြစ်ပြီး ကျန်းမာရေးကို ဂရုစိုက်ရကောင်းမှန်း မသိကြဘူး။ ကြီးလာမှ ညည်းတို့သိကြလိမ့်မယ်။ ကျန်းမာရေးနဲ့ပတ်သက်ရင် ကြိုတင်ကာကွယ်တာ အကောင်းဆုံးပဲ။ ရောဂါဖြစ်လာမှ ဆေးရုံတက်ရ၊ ခွဲရစိပ်ရ အချိန်ကုန်၊ ငွေကုန်ပြီး လူလည်းခံရတယ်"

အဒေါ်ကြီးပြောတာ ဟုတ်ပါသည်။ "Prevention is better than cure" ဟူသော စကားပုံကလေးကို ကျွန်တော် သတိရမိသည်။ ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ကောင်းမွန်ပါသည်။ သူတို့သားအမိ စကားများနေကြသည်ကိုကြည့်ပြီး ကျွန်တော် ပြုံးမိပါသည်။





အသန့်အလွန်ကြိုက်သော အပြင်မှပြန်လာသည်နှင့် ခြေလက်ဆေးကြောပြီးမှ အိမ်ထဲဝင်ခွင့်ပြုသော ကျွန်တော်၏ဖနီးသည်ကိုလည်း သတိရမိသဖြင့် ထပ်မံပြုံးမိပါသည်။

ကျွန်တော့်ဇနီးသည်က အိမ်ရှေ့အဝင် အုတ်ရေကန်နှင့် လက်ဆေးကြွေကန်အနီးတွင် လက်ဆေးရန်ဆပ်ပြာနှင့် ခြေဆေးရန်ဆပ်ပြာတို့ကို သီးသန့်ထားသည်။ မိသားစုအားလုံး အပြင်ကပြန်လာသည်နှင့် ခြေနှင့်လက်ကို စင်ကြယ်စွာဆေးရသည်။ ပြီးမှ အိမ်ထဲဝင်နိုင်သည်။ အပေါ်ယံဖြစ်သလိုသာ ဆေးသည်ဟုထင်ပါက သူကိုယ်တိုင်အိမ်ထဲက ထွက်ပြီး ကျွန်တော်တို့၏ခြေလက်များကို ဆပ်ပြာအထပ်ထပ်တိုက်၍ ပြောင်စင်အောင်စိတ်တိုင်းကျ ဆေးပေးလေ့ရှိသည်။ ဒါကလည်း နေ့စဉ်အလုပ်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ အလေ့အကျင့်ရနေပြီဖြစ်၍ ခြေလက်များကို အမြဲသန့်စင်အောင် ဆေးကြောကြသည်။ ထို့ကြောင့်ပင်ထင်ပါသည် ကျွန်တော်တို့မိသားစု ကျန်းမာကြသည်။ ရာသီဥတုပြောင်း၍ မျက်စိနာခြင်း၊ တုပ်ကွေးဖြစ်ခြင်း၊ ဝမ်းလျှောခြင်းများ ဖြစ်ခဲလှသည်။

ထိုစဉ် သမီးဖြစ်သူက ညနေစာစားအပြီး အချိုတဲရန် ဓာတ်ဘူးထဲမှ အသင့်ဖျော်လာသော ကော်ဖီများကို တစ်ခါသုံးခွက်ကလေးများထဲသို့ထည့်ပြီး တစ်ယောက်တစ်ခွက် ဝေပေးသည်။ ထမင်းချိုင့်ထဲမှ လက်ဖက်အစုံသုပ်ကိုလည်း ချိုင့်ကလေးတွင် ဇွန်းများတပ်၍ စားပွဲပေါ်တင်ပေးနေစဉ် အဒေါ်ကြီးက ဆွဲခြင်းထဲမှ ဖီးကြမ်းငှက်ပျောသီးများကိုထုတ်၍ တစ်ယောက်တစ်လုံး ဝေပေးပြန်သည်။ ကျွန်တော်ကလည်း ဘီစကိတ်မုန့်ဘူးကိုထုတ်၍ စားပွဲပေါ်သို့ တင်ပေးလိုက်သည်။

"ကဲ ... အဒေါ်နဲ့သမီးတို့ စားကြပါ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့လည်း သုံးဆောင်ကြပါ"

"ထမင်းစားပြီး ဗီးကြမ်းငှက်ပျောသီးစားတာဟာ အာဟာရ သိဒ္ဓိဖြစ်စေတယ်ကွဲ့။ မြန်မာ့ရိုးရာအချိုတဲ့ လက်ဖက်စားပြီး ရေနွေးကြမ်းသောက်တာဟာလည်း အစာကြေပြီး ခံတွင်းကိုရှင်းစေတယ်။ တချို့ လူတွေကတော့ အစာစားပြီးတာနဲ့ ဆေးလိပ်သောက်၊ ကွမ်းစားကြတယ်။ မြန်မာ့ရိုးရာဓလေ့ဖြစ်ပေမဲ့ ဆေးလိပ်သောက်၊ ကွမ်းစားတာကတော့ မကောင်းလှဘူးကွဲ့။ ငါတို့က ဆေးလိပ်မသောက်၊ ကွမ်းမစားကြဘူးထင်ပါရဲ့"

"ဟုတ်ပါတယ် အဒေါ်။ ကျွန်တော်တို့က ဆေးလိပ်လည်း မသောက်၊ ကွမ်းလည်းမစားကြပါဘူး။ ကျန်းမာရေးအတွက်ပါပဲ"

"ကောင်းတယ် ...ကောင်းတယ်၊ အဒေါ်တို့က ဆေးလိပ်သောက်၊ ကွမ်းစားတဲ့သူတွေနဲ့ အတူတွဲထိုင်ရမလားလို့ စိုးရိမ်နေမိတာတော်ပါသေးရဲ့"

စားသောက်ရင်း စကားပြောကြရာ အဒေါ်ကြီးအမည်မှာ ဒေါ်စိန်ရွှေဖြစ်ပြီး သမီးအမည်မှာ မနန်းစောဟုသိရသည်။ ဗမာနှင့် ရှမ်းစပ်များဖြစ်ပုံရသည်။ စကားတော့မဝဲ၊ သားအမိနှစ်ဦးစလုံး အသားအရေမှာ ပန်းနုရောင်အဆင်းရှိကြသည်။ မန္တလေးမြို့ဈေးချိုအတွင်း၌ ရွှေဆိုင်ဖွင့်ထားကြောင်းလည်း သိရပြန်သည်။

❖ ❖ ❖

❑

ကျွန်တော်သည် ၁၉၇၁ ခုနှစ်က အသုံးလုံးလုပ်အားပေး ဆရာလုပ်စဉ် အမရပူရမြို့နယ်၊ ရှမ်းရွာကြီး၌ခင်မင်ခဲ့ရသော ငယ်ချစ်ဟောင်း 'မမကြီး'အား သတိရမိတော့သည်။ မမကြီးမှာ ရှမ်းအနွယ်ဝင်ဖြစ်ပြီး ရတနာကုန်သည်တစ်ဦး ဖြစ်သည်။ ဈေးချိုထဲ၌ ရွှေဆိုင်ဖွင့်ထားသည်။ ကျွန်တော်နှင့် မတွေ့ဆုံရသည်ကတော့ အတော်ကြာပြီ။ ငမောက်မိဖုရား ပတ္တမြားကြီးကိစ္စနှင့် သူမ၏ အမွေကိစ္စများကိုတော့ ကျွန်တော်နှင့် ကျွန်တော်၏တပည့်များဖြစ်ကြသော ပုဏ္ဏားဝင်ဦး၊ သူခိုးမြင့်သိန်းနှင့် ဖောက်ထွင်းဝိဇ္ဇာကျော်ကြီးတို့က တက်ညီလက်ညီ ကူညီဖူးပါသည်။ နောက်ပိုင်း ကျွန်တော်လည်း နယ်များပြောင်းရွှေ့ရသဖြင့် မမကြီးနှင့် အဆက်အသွယ်ပြတ်သွားသည်။ ထို့ကြောင့် ကျွန်တော်က စကားစရတော့သည်။

---
စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''အဒေါ်တို့က ဈေးချိုထဲမှာ ရွှေဆိုင်ဖွင့်ထားတယ်ဆိုတော့ မေးပါရစေ။ 'မမကြီးရွှေဆိုင်'ကို သိပါသလား''

ကျွန်တော့်အမေးကို သမီးလုပ်သူက ဝင်ဖြေသည်။

''ဩော် ...အစ်ကိုမေးတာက မမကြီးတို့သားအမိပိုင်တဲ့ 'ယွန်းပွင့်စံ'ရွှေဆိုင်ကို မေးတာထင်ပါရဲ့။ ရှိတယ်လေ။ ရွှေဆိုင်တန်းထိပ်က အကြီးဆုံးရွှေဆိုင်ကြီးပဲ။ အလွန်လည်း ချမ်းသာကြတယ်။ ရှမ်းအနွယ်တော်တွေလို့သိရတယ်။ ညီမနဲ့ယွန်းပွင့်စံက ကျောင်းနေဖက်သူငယ်ချင်းတွေလေ။ မမကြီးက အရွယ်အရမ်းတင်တာပဲ။ အခုအသက်က (၄၀)ကျော်ရော့မယ် သမီးယွန်းပွင့်စံနဲ့ ညီအစ်မလားမှတ်ရတယ်။ ညီမတို့ကလည်း မမကြီးကို 'မမ'လို့ပဲ ခေါ်ကြတယ်။ အသက်အရွယ်ကွာခြားပေမယ့် မမကြီးက လှတုန်းချောတုန်းပဲ ...အစ်ကိုရေ။ ဒါနဲ့ မမကြီးတို့နဲ့အစ်ကိုက ဘာတော်လို့လဲဟင်''

''ဩော် ...အစ်ကိုနဲ့မမကြီးက မိတ်ဆွေတွေပါ။ အစ်ကို အသုံးလုံးဆရာလုပ်တုန်းက အမရပူရမြို့နယ်၊ ရှမ်းရွာကြီးမှာ ခင်မင်ခဲ့ကြတာပါ။ မမကြီးက အစ်ကို့ထက် အသက်ကြီးပါတယ်။ မတွေ့ရတာတော့ အတော်ကြာပါပြီ။ ဒါနဲ့ မမကြီးက သူ့ယောက်ျားဆုံးသွားတော့ အိမ်ထောင်ထပ်မပြုဘူးလား''

''မပြုပါဘူး အစ်ကို။ မမကြီးက အနေတည်ပါတယ်။ သူ့ပုံမယ်ဆိုရင် ဥစ္စာပေါ၊ ရုပ်ချော သူဌေးတွေမှ ဝိုင်းဝိုင်းလည်နေတာ သူ့မှာ ငယ်ချစ်ဟောင်းရည်းစားရှိတယ်လို့လည်း သိရတယ်။ သမီး ယွန်းပွင့်စံကိုငဲ့ပြီး အိမ်ထောင်ထပ်မပြုတာလို့လည်း သိရတယ်။ ယွန်းပွင့်ကလည်း အမေကိုသိပ်ချစ်တော့ လက်မခံဘူးထင်ပါရဲ့ရှင်''

ထိုစဉ် အဒေါ်ကြီးက ဝင်ပြောလာပြန်သည်။





''မမကြီးက မေမြို့ (ပြင်ဦးလွင်)မှာနေတဲ့ အနွယ်တော်တစ်ယောက်နဲ့ အိမ်ထောင်ကျပြီး သမီးလေးယွန်းပွင့်စံကို မွေးတာကွယ့်။ သူ့ယောက်ျားက သမီးကလေးယွန်းပွင့်စံ (၅)နှစ်သမီးလောက်မှာပဲ အမဲလိုက်ရင်း ဝက်ပက်လို့ဆုံးပါးသွားတာ။ နောက် သူ့ခဲအိုအမူဖြစ်တော့လည်း အနီးစခန်းက မြေကြီးနဲ့အိမ်ကြီးကို အမွေရတယ်လို့လည်း သိရတယ်ကွယ့်။ မန္တလေးမှာတော့ အချမ်းသာဆုံး စာရင်းဝင်တွေပါပဲကွယ်။ အဒေါ်တို့နဲ့ကတော့ လုပ်ငန်းတူလို့ အင်မတန်ခင်ကြတယ်ကွယ့်''

မနန်းစောက ရေနွေးကြမ်းငှဲ့ပေးရင်း ...

''အစ်ကိုတို့ တက္ကသိုလ်ကျောင်းသားဘဝက အလွန်ပျော်စရာကောင်းမှာပဲနော်။ ညီမတို့ခေတ်နဲ့တော့ မတူတော့ဘူး။ အသုံးလုံးလုပ်အားပေးတာကို ညီမ အလွန်ဝါသနာပါတယ်။ ဆရာဦးသုခရဲ့ 'ဘယ်သူပြင်လို့ လှပါတော့နိုင်' ရုပ်ရှင်ဇာတ်ကားကြီးကိုကြည့်ရတော့ အရမ်းပျော်မိတယ်''

''ဟုတ်ပါတယ် ညီမ။ အသုံးလုံးလုပ်အားပေးရတာ အရမ်းပျော်ဖို့ကောင်းပါတယ်။ အစ်ကိုဆိုရင် ဒုတိယနှစ်မှာ ကျောက်ဆည်မြို့နယ်၊ နန္ဒီတောင်ရွာမှာ အသုံးလုံးဆရာလုပ်တယ်။ မန္တလေးဘက်ရောက်တာနဲ့ အဲဒီရွာကို ဝင်လည်လေ့ရှိတယ်။ လက်ဆောင်ပစ္စည်းတွေနဲ့တန်တော့တယ်။ သူတို့ကလည်း သားအရင်းအချာလို သဘောထားကြတယ်။ သားသမီးတွေကလည်း တကယ့်အစ်ကိုအရင်းလိုပါပဲ အရမ်းချစ်ကြတယ်။ တတိယနှစ်မှာတော့ မုံရွာမြို့နယ် 'ထူးကြီး၊ မုံထူးရွာ'ဘက်မှာ တာဝန်ကျတယ်။ အလွန်ဝေးခေါင်းတဲ့နေရာပဲ။ အလွယ်တကူသွားလို့မရတဲ့နေရာတွေပါပဲ။ မိုးခေါင်ရေရှားပြီး အလွန်ဆင်းရဲကြတဲ့ရွာတွေပါပဲ။ ဒါပေမဲ့ အစ်ကိုတို့ပျော်ပါတယ်။ တည်းခိုခဲ့တဲ့ဦးကြီးအိမ်က



www.burmeseclassic.com

www.burmeseclassic.com



သူကြီးသား ကိုအေးသိန်းဆိုရင် ရန်ကုန်တောင်လိုက်လည်သေးတယ်။ အလွန်သံယောဇဉ်ကြီးကြတာ။ နောက်ဆုံးနှစ်မှာတော့ အမရပူရမြို့နယ်၊ ရှမ်းရွာကြီးမှာ တာဝန်ကျတာ။ အဲဒီမှာ မမကြီးနဲ့တွေ့ခဲ့ရတာ''

''ဒါနဲ့အစ်ကို၊ ရှမ်းရွာဆိုတာ ဘယ်နားမှာလဲဟင်။ ရှမ်းတွေနေကြတဲ့ရွာပဲလား''

''ရှေးတုန်းကတော့ ရှမ်းအနွယ်တော်တွေနေကြတာလို့ သိရတယ်။ ရှမ်းရွာကြီးက ကြက်နဖားတောင်ခြေ၊ ဧရာဝတီမြစ်ကမ်းဘေး ရွှေစာရံဘုရားနားမှာ ရှိတယ်။ အလွန်သာယာတဲ့ နေရာကလေးပဲ။ မေမြို့(ပြင်ဦးလွင်)သွားတဲ့ ကားလမ်းဘေး ကျောက်မီးတာဆုံရွာက ရေပေးမြောင်းကြီးအတိုင်းသွားရင်ရောက်တယ်။ ကျောက်မီးတာဆုံရွာကနေ တံတိုင်းရှည်ရွာ၊ မိုင်လေးဆယ်ရွာကိုလွန်တာနဲ့ ရှမ်းရွာကြီးကိုရောက်တယ်''

''ရွှေစာရံဘုရားဖူးရင်း အဲဒီဘက်ကိုသွားလည်ချင်လိုက်တာ အစ်ကိုရယ်။ တစ်နေ့လောက် မမကြီးကိုပူစာရဦးမယ်။ အစ်ကိုတို့ မမကြီးတို့အိမ်ကို ဝင်ဦးမလား။ ညီမလိုက်ပို့မယ်လေ။ ညီမတို့နေတဲ့အိမ်နဲ့နီးပါတယ်''

''အေးကွယ့် ညီမရဲ့။ အစ်ကိုတို့က မြန်မာပြည်မြောက်ဖျားအစွန်း နောင်မွန်းမြို့အထိသွားမှာဆိုတော့ မန္တလေးကိုရောက်နေတဲ့ တပည့်တွေကိုရှာရင် ခဏတော့ဝင်ရဦးမယ် ထင်ပါရဲ့''

''မန္တလေးကိုဝင်နားကြပါဦး ငါ့တူတို့ရယ်။ မမကြီးတို့သားအမိနဲ့လည်း တွေ့စေချင်တယ်။ အဒေါ်တို့အိမ်ကလည်း ထမင်းတစ်နပ်လောက်တော့ ကျွေးချင်ပါသေးတယ်။ ခရီးထွက်ပြီး ပြန်လာတော့လည်း ဝင်လည်ကြဦးပေါ့ကွယ်နော်''





ည (၉)နာရီသာသာခန့်တွင် ကျွန်တော်တို့ စကားပြတ်သွားသည်။ အဒေါ်ကြီးဒေါ်စိန်ရွှေက အိပ်ပျော်သွားပြီး တပည့်ကျော်မျောက်တင်သောင်းက စကားဝိုင်းထဲဝင်မပါပဲ ငိုက်နေရာမှ ရထားကြီး၏ ပုခက်လွှဲသလို ယိမ်းထိုးလှုပ်ရှားနေမှုကြောင့် ချော့သိပ်သလိုဖြစ်ပြီး အိပ်ပျော်နေပြီဖြစ်သည်။ ရထားတစ်တွဲလုံးလည်း တိတ်ဆိတ်နေသည်။ မနန်းစောကတော့ အိပ်ချင်သေးဟန်မတူပါ။ သို့သော် ညဉ့်နက်ပြီဖြစ်၍ မသင့်တော်ရကား ကျွန်တော်လည်း စကားစကိုဖြတ်၍ အိပ်ချင်ဟန်ဆောင်ရတော့သည်။ အိပ်ချင်ဟန်ဆောင်သော်လည်း တကယ်အိပ်ပျော်သွားရာ တောင်ငူဘူတာရောက်၍ ရထားရပ်ပြီး ဈေးသည်များအော်ဟစ်သံကြောင့် တစ်ရေးနိုးတော့သည်။

အဒေါ်ကြီးလည်း နိုးလာသည်။ မနန်းစောကတော့ အိပ်ဟန်မတူပါ။ ကျွန်တော်က ...

''အဒေါ် တောင်ငူဘူတာမှာ မလိုင်နဲ့နံပြား အလွန်ကောင်းတယ်။ အဆာပြေစားမလား။ ကျွန်တော်ဆင်းဝယ်လိုက်မယ်။ ဒီမှာက ရထားအတော်ကြာကြာရပ်ပါတယ်''

''အေးကွယ် ... ကောင်းသားပဲ''

''မေမေရာ၊ အားနာစရာ အစ်ကိုကြီးကို''

''ရပါတယ်ညီမ။ အပန်းမကြီးပါဘူး။ ကြုံတုန်း ကျွေးချင်လို့ပါ''

ကျွန်တော် ရထားပေါ်က အမြန်ဆင်း၍ ဘူတာရုံအနောက်ဘက်တန်းမှဆိုင်တွင် အလျင်အမြန်ဝယ်လိုက်သည်။ (၄)ယောက်စာဖြစ်၍ စောင့်ရသဖြင့် အနည်းငယ်အချိန်ကြာသွားသည်။ ရထားကြီး 'တဘော်ဘော့'ဥသြဆွဲမှ ကျွန်တော် အပြေးအလွှားတက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရထားပေါ် ကျွန်တော်ပြန်ရောက်သည်နှင့် ရထားထွက်ရာ မီရုံသာရှိသည်။

"အောင်မယ်လေး ...အစ်ကိုရယ်၊ အစ်ကိုကျန်နေခဲ့ပြီ အောက်မေ့နေတာ။ တော်ပါသေးရဲ့"

"နံပြားပူပူလေးစားချင်တော့ စောင့်ရတယ်ညီမရေ။ မလိုင်ကိုလည်း အိတ်ခွဲထည့်နေလို့ ကြာမှာစိုးတာနဲ့ အိတ်တစ်လုံးထဲ ထည့်လာခဲ့တယ်။ ချိုင့်တစ်ခုတည်းပြောင်းထည့်ပြီး ဇွန်းနဲ့ခပ်စားကြတာပေါ့ကွယ်"

မနန်းစောက စားသောက်ရန်စီစဥ်ပေးရာ အပြင်စာမစားဟုဆိုသော အဒေါ်ကြီးကပင် စ၍စားသည်။

"အတော်အရသာရှိတယ်နော်။ နံပြားကလည်း ပူပူနွေးနွေးလေး။ မလိုင်ကလည်း အတော်စစ်တယ်။ ဆိမ့်နေတာပဲနော်"

"ဟုတ်ပါတယ် ခင်ဗျား။ ဒီလမ်းခရီးမှာ နို့မလိုင်စစ်စစ်ရတာ တောင်ငူဘူတာမှာပဲ ရနိုင်ပါတယ်။ ကျွန်တော်က ခရီးမကြာခဏသွားနေရတော့ သိနေတာပါ"

တပည့်ကျော်မျောက်တင်သောင်းကိုလည်း နှိုးကျွေးရသည်။ စားသောက်ပြီးတော့လည်း အဒေါ်ကြီးနှင့် မျောက်တင်သောင်းတို့က ဆက်၍အိပ်ကြပြန်သည်။ မအိပ်နိုင်သူက ကျွန်တော်နှင့်မနန်းစောသာ ဖြစ်တော့သည်။

"အစ်ကိုတို့ နောင်မွန်းမြို့မှာ ဘယ်လောက်ကြာမှာလဲဟင်"

"ဒွာနက ခွင့်တစ်လယူခဲ့တော့ အသွားအပြန်နဲ့ဆိုရင် သုံးလေးပတ်နေမယ် စိတ်ကူးတယ်"

"အစ်ကိုတို့အပြန် မန္တလေးဝင်ခဲ့ဦးမှာလား"

"အချိန်ရရင်တော့ ဝင်မယ်ညီမရေ။ မရရင်တော့ မြစ်ကြီးနား





ကနေ လေယာဥ်နဲ့ ရန်ကုန်ကိုပြန်ရမှာ။ အစ်ကိုက အင်းစိန်မှာ အလုပ်မဝင်သေးပဲ ကော့သောင်းမြို့က ပြန်ပြောင်းလာတာနဲ့ အခွင့်အရေးရတုန်း (Joining Time) ခွင့်တစ်လယူခဲ့တာ။ အစ်ကိုတို့အလုပ်က အလုပ်ဝင်ပြီးရင် ခွင့်ယူဖို့ မလွယ်တော့ဘူးလေ"

"အစ်ကိုရယ် ညီမတို့လို ရွှေဆိုင်ပဲဖွင့်စားစမ်းပါ။ ကိုယ်ပိုင်အလုပ်ဆိုတော့ ဘယ်သူ့ကိုမှ အောက်ကျခံစရာမလိုဘူး။ ဘယ်လောက်ဟန်ကျသလဲ။ အခုဆိုရင် ဖေဖေက ဆိုင်ထိုင်ကျန်ခဲ့တယ်။ ဆိုင်မှာမိသားစုဝင်တစ်ယောက်တော့ အမြဲတမ်းရှိရတယ်လေ"

"ကောင်းပါတယ် ညီမ။ ဒါပေမဲ့ အစ်ကိုတို့က ထိုင်နေရတဲ့အလုပ်ကို ဝါသနာမပါဘူး။ စွန့်စွန့်စားစား သွားလာလုပ်ကိုင်နေရမှ စိတ်ပျော်တယ်။ ဒါကြောင့်ပါ"

"ဟုတ်လိမ့်မယ် အစ်ကို။ အစ်ကိုတို့က ယောကျ်ားတွေဆိုတော့ ထိုင်နေချင်မှာမဟုတ်ဘူး။ ညီမဖေဖေကလည်း ဒီအတိုင်းပဲ။ ဆိုင်မှာထိုင်ရမှာကို အလွန်ပျင်းတာ။ အခုလည်း ညီမတို့သားအမိ အစ်မကြီးဆီကို တစ်ပတ်လောက်သွားနေတာနဲ့ ဖေဖေအတော်ပျင်းနေရှာမှာ"

"ဟုတ်တယ် ညီမရေ၊ အစ်ကိုတို့ယောကျ်ားတွေက ခြေထောက်မှာ ဇွေပါတယ်ထင်ပါရဲ့။ ထိုင်စားနေရမှာကို ဝါသနာမပါဘူး။ သွားနေလာနေရမှ စိတ်ချမ်းသာတယ်။ အနည်းဆုံး လမ်းကလေးလျှောက်ရမှ စားဝင်အိပ်ပျော်တာ"

"ဟုတ်တယ် အစ်ကို၊ ဖေဖေလည်း မနက်တိုင်း နန်းမြို့ရိုးကျုံးတစ်ပတ် လမ်းလျှောက်ပြီးမှ လက်ဖက်ရည်ဆိုင်ထိုင်ပြီး...ရင်းအနားယူတော့တာ။ ညီမတို့သားအမိရှိရင် ဖေဖေ ဆိုင်မထိုင်ရပါဘူး။ သူ့သဘောကျ အပေါင်းအသင်းတွေအိမ်နဲ့ ဘုရားလျှောက်ဖူးနေတာ



www.burmeseclassic.com

www.burmeseclassic.com



လေ''

''အသက်ကြီးလာရင်တော့ ဒီလိုပါပဲကွယ်။ အပေါင်းအသင်းတွေနဲ့တွေ့ဆုံ စကားပြောရခြင်းဟာ ဆေးတစ်ပါးပါပဲလေ''

မနက် (၇)နာရီတွင် ကျွန်တော်တို့စီးလာသော အမြန်ရထားကြီး မန္တလေးဘူတာကြီးသို့ ဝင်လာသည်။ ဘူတာကြီးမှ ဆိုက်ကား(၂)စီးဖြင့် ဈေးချိုဘက်သို့ ထွက်ခဲ့ကြသည်။ မန္တလေးမြို့မှာ မော်တော်ကားနည်းသော်လည်း စက်ဘီးဆိုက်ကား အလွန်များသည်။ ဈေးချိုတစ်ပိုက်မှာ အလွန်စည်ကားသည်။ မနန်းစောတို့ကဦးဆောင်ပြီး ဈေးချိုအတွင်းသို့ အလျှင်ဝင်သည်။

မနန်းစောတို့၏ 'နန်းစော'ရွှေဆိုင်မှာလည်း မသေးပါ။ အဘိုးကြီးတစ်ဦး ဆိုင်ထိုင်နေပြီး ဝယ်သူများလည်းရှိနေသည်။ အဘိုးကြီးမှာ မနန်းစောတို့သားအမိကို မြင်သည်နှင့် . . .

''ကဲ . . . သမီးနဲ့အမေကြီး မြန်မြန်လာကြစမ်းပါ။ ဒီမှာ ဈေးဆစ်နေတယ်။ ငါကလည်း ညည်းတို့ပြောထားတဲ့ ဈေးအတိုင်းပဲရောင်းတာ။ အပိုမပြောဘူး။ ဪ . . . ဧည့်သည်တွေလည်း ပါလာတာကိုး။ ဧည့်စားပွဲမှာ ထိုင်ကြပါ''

''မမကြီးတို့ဧည့်သည်တွေပါ ဖေဖေ။ ဖေဖေနားပါတော့။ သမီးတို့ ဆက်ရောင်းလိုက်မယ်။ ဧည့်သည်တွေကိုတော့ ဧည့်ခံပေးပါဦး။ မေမေရေ . . . ဧည့်သည်တွေအတွက် မုန့်နဲ့လက်ဖက်ရည် မှာပေးပါဦး။ ဒေါ်ပုဆိုင်က `မန္တလေးနန်းကြီးသုပ်နဲ့ ဦးစိန်ဝင်းတို့ဆိုင်က လက်ဖက်ရည်လေး မှာပေးလိုက်ပါနော်''

မနန်းစောမှာ ချက်ချက်ချာချာပင် အရောင်းကောင်းတာထဲ ဝင်ပြီး အရောင်းအဝယ်လုပ်ရင်း တစ်ဖက်ကလည်း ကျွန်တော်တို့





ဧည့်သည်များအတွက် အစားအသောက်များ စီစဉ်ပေးနေပြန်သည်။ မနန်းစောတို့ရောက်မှ ရွှေဆိုင်မှာ လူပိုကျလာသည်။ ကျွန်တော်တို့ စားသောက်ပြီးသည်အထိ လူက မပြတ်တော့။ ကျွန်တော်တို့အား ဒေါ်စိန်ရွှေက အဘိုးကြီးနှင့်မိတ်ဆက်ပေးပြီး နှစ်ဦးစလုံး ဧည့်ခံနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

❑

အဘိုးကြီးမှာ ကျွန်တော့်အား ထောင်မှူးကြီးဟုသိသည်နှင့် အလွန်စိတ်ဝင်စားပြီး မေးခွန်းများမေးတော့သည်။ ထောင်အကြောင်း၊ စခန်းများအကြောင်း၊ တောတွင်းဗဟုသုတများအကြောင်းပင် ဖြစ်သည်။ ကျွန်တော်ကလည်း ထောင်အတွေ့အကြုံနှင့် တောတွင်းအတွေ့အကြုံများအား ရှင်းလင်းပြောရသည်။ အဘိုးကြီးမှာ လက်ဖက်ရည်သောက်ရင်း စကားပြောရသည်ကို အလွန်ဝါသနာပါဟန်တူသည်။ သူသိသော မန္တလေးထောင်အကြောင်းနှင့် နန်းတွင်းအကြောင်းကိုလည်း ပြောပြသည်။

ကျွန်တော်တို့ စကားကောင်းနေကြသည်မှာ တစ်နာရီခန့်ကြာသည်။ အဒေါ်ကြီးဒေါ်စိန်ရွှေ ဘယ်အချိန်ကထသွားသည်ကိုပင် မသိလိုက်ပါ။ ကျွန်တော့်လည်ပင်းအား နောက်ကလာဖက်သဖြင့် လှည့်ကြည့်လိုက်တော့ မမကြီးနှင့် သူ့ခိုးမြင့်သိန်း၊ ဖောက်ထွင်းဝိဇ္ဇာကျော်ကြီး၊ ပုဏ္ဏားတင်ဦးတို့ ဖြစ်နေကြသည်။ ကျွန်တော်လည်း အလွန်အမင်းဝမ်းသာသွားမိသည်။ သူတို့ကလည်း ဝမ်းသာအဲလဲဖြင့် လက်ဆွဲထားရင်း ...





မမကြီးက – မောင်မောင်ရယ် အခုပဲ လူစုံလို့မောင်မောင့်အကြောင်း ပြောနေကြတာ။ မမ ရန်ကုန်ကိုရောက်တယ်။ အင်းစိန်ထောင်ထဲလည်း ရောက်တယ်။ မောင်မောင့်အမျိုးသမီးလည်း မရှိဘူး။ တံခါးပိတ်ထားတော့ အနီးပတ်ဝန်းကျင်ကို မေးရတာပေါ့။ မောင်မောင်က ကော့သောင်းဆိုအုန်းစခန်းမှာတဲ့။ အမျိုးသမီးက ထောင်မှူးဆိုတော့ ထောင်ထဲမှာတဲ့လေ။ မမ ကော့သောင်းလိုက်ခဲ့ဖို့ ကြိုးစားသေးတယ်။ ရွှေဆိုင်ကတစ်ဖက်၊ အရောင်းအဝယ်တွေကလည်း ချိန်းထားတာမို့ မလိုက်ဖြစ်တော့တာ။ မောင်မောင့်ကိုမြင်ရင် သမီးယွန်းပွင့်ကတော့ အရမ်းပျော်မှာပဲ။ လာ ... လာ ... မောင်မောင်၊ မမတို့ဆိုင်ဘက် သွားကြမယ်''

ထိုစဉ် ရွှေရောင်းနေသော မနန်းစောက ဝင်ပြောပါသည်။

''မရဘူး ... အန်တီ၊ အစ်ကိုတို့က သမီးတို့ညှိသည်။ နေ့လယ်စာကျွေးပြီးမှ အန်တီတို့ဆီကိုလာပို့မှာ''

''ဟဲ့ ... ဟဲ့ ... ဒါ အန်တီ အရင်းအချာညှိသည်တွေး အန်တီ့တာဝန်ပါ။ အခုလိုညှိခံထားတာကို ကျေးဇူးတင်ပါတယ် မနန်းစောရယ်''

ထိုစဉ် ဒေါ်စိန်ရွှေက ...

''မမကြီးရယ်၊ ညည်းဆီလာမယ်ဆိုလို့ မမတို့က ခေါ်လာတာပါ။ ရန်ကုန်က ရထားတစ်စီးတည်း အတူတူစီးလာကြတော့ ခင်မင်နေကြပြီ။ မမတို့လည်း ထမင်းတစ်နပ်တော့ ကျွေးပါရစေ''

ထိုစဉ် အဘိုးကြီးကလည်း ဝင်ပြောလာသည်။

''ဟုတ်ပါတယ် မမကြီးရယ်။ အခုပဲ ဦးသိန်းဝင်းတို့နဲ့ စကားပြောရတာ စိတ်ဝင်စားစရာကောင်းလွန်းလို့ စကားမပြတ်သေးဘူး။ နေ့လယ်စာကျွေးပြီးမှ လာပို့ပေးပါ့မယ် ...နော်''



www.burmeseclassic.com

www.burmeseclassic.com



"မရဘူးဦးလေး။ မောင်မောင့်ကို ကျွန်မရှာနေတာ (၃)နှစ်တောင်ရှိနေပြီ။ ဒီမှာ သူ့တပည့်တွေလည်း အစုံအညီရောက်နေကြပြီ။ ကျွန်မက ကာယကံရှင်ပါ။ ဦးလေးတို့ကျေးချင်ရင် နောက်တစ်နေ့မှ ကျွေးပါနော်။ ကျွန်မတောင်းပန်ပါတယ်ရှင်"

"အေးပါကွယ် ... အေးပါ ... မနက်ဖြန်နေ့လယ်စာတော့ ထမင်းတစ်နပ်လောက် ကျွေးပါရစေ။ ဦးသိန်းဝင်းတို့တင်မကပါဘူး မမကြီးတို့ရော၊ ဦးသိန်းဝင်းတပည့် ညီ့သည်တွေပါ ဦးလေးတို့ (၃၅) လမ်းကအိမ်ကို ကြွခဲ့ကြပါကွယ် ... နော်"

"ဟုတ်ကဲ့ပါ ဦးလေး၊ ကျွန်တော်တို့ လာခဲ့ပါ့မယ်။ အခုတော့ ခွင့်ပြုပါဦး။ မမကြီးနဲ့ မတွေ့ရတာကြာတော့ ကိစ္စလေးတွေရှိသေးလို့ပါ။ ဒီမှာ ကျွန်တော့်တပည့်တွေလည်း အစုံအညီရောက်နေကြတော့ ခရီးထွက်ဖို့ကိစ္စ တိုင်ပင်စရာလေးတွေရှိလို့ပါ။ အဒေါ်နဲ့မနန်းစောရော ခွင့်ပြုပါနော်။ ကျွန်တော် မနက်ဖြန်နေ့လယ် ဆက်ဆက်လာခဲ့ပါ့မယ်"

"ဟုတ်ကဲ့ ... အစ်ကို၊ မနက်ဖြန်မလာရင်တော့ ညီမက လိုက်ခေါ်မှာနော်။ ဆက်ဆက်လာခဲ့ပါ။ ညီမတို့ အကုန်စီစဉ်ထားပါ့မယ်"

ထိုစဉ် မမကြီးက မနန်းစောအား မျက်စောင်းကြီးလှမ်းထိုး လိုက်သည်ကို ကျွန်တော် မြင်ဖြစ်အောင်မြင်လိုက်ရသေးသည်။

"ဆရာရေ ... ဆရာတော့ အသက်ရှည်ဦးမယ်။ ကျွန်တော်တို့လည်း ဒီနေ့ညနေရထားနဲ့ ရန်ကုန်ပြန်ကြတော့မှာမို့ မမကြီးတို့သား အမိကို လာနှုတ်ဆက်တာ။ တိုက်ဆိုင်လိုက်တာဗျာ ... နော့"

"အေးပါ ... သူနိုးသိန်းမြင့်ရယ်။ ငါလည်း မင်းတို့အဖွဲ့ကို ရန်ကုန်မှာရှာတာ နှံနေတာပဲ။ နယ်ဆင်းသွားတယ်ဆိုတာပဲ သိရတယ်။ မန္တလေးမှာတော့ ပုဏ္ဏားတင်ဦးပဲတွေ့ရမယ်လို့ မျှော်လင့်ထားတာ။ အခု





တော့ လူစုံတက်စုံကွာ။ ဝမ်းသာလိုက်တာ။ ဒါနဲ့ ဒီပုဂ္ဂိုလ်က ငါ့တပည့် မျောက်တင်သောင်း၊ သာယာဝတီမြို့က။ အရင်ကတော့ မုဆိုးတွေပေါ့။ အခုတော့ ကားပိုင်ရှင်တွေဖြစ်နေကြပြီ။ မုဆိုးအောင်သန်းဆိုတာလည်း ရှိသေးတယ်။ သူကတော့ မအားလို့ လိုက်မလာနိုင်တာ။ တင်သောင်းရေ ... သူတို့က အင်းစိန်ထောင်ထွက် ငါ့တပည့်ရင်းတွေ။ သူက သူနိုးမြင့်သိန်း၊ သူက ကျော်ကြီး၊ သူကတော့ အခုန်အပျံ အကျော်အလွှား ကျွမ်းတဲ့ ပုဏ္ဏားတင်ဦးတဲ့။ အားလုံး ဖောက်ထွင်းဝိဇ္ဇာတွေချည်းပဲ။ ဒါကတော့ မမကြီး။ ငါ့ရည်းစားဟောင်းပေါ့ကွာ"

"ဘာရည်းစားဟောင်းလည်း မောင်မောင်။ အခုမှ အသစ်ပြန်စမှာ။ ရည်စားဦးလို့ပြောပါ မောင်မောင်ရယ်။ ပျော်လိုက်တာ အရမ်းပဲ"

မမကြီးမှာ ကျွန်တော်၏လက်အား မလွှတ်တမ်းဆွဲထားသဖြင့် ရွှေဆိုင်တန်းမှလူများက ငိုင်းကြည့်နေကြသည်။ မမကြီးကတော့ လုံးဝ ဂရုမစိုက်ပါ။ အကြောင်းသိ သူနိုးမြင့်သိန်းတို့အုပ်စုကလည်း ပြုံးနေကြသည်။ အကြောင်းမသိသေးသော မျောက်တင်သောင်းကတော့ မျက်နှာပူနေပုံရှိလေသည်။

'ယွန်းပွင့်စံ' ရွှေဆိုင်ရှေ့ရောက်တော့ သမီးယွန်းပွင့်စံက ဆိုင်ထဲမှ အပြေးထွက်လာပြီး ကြိုသည်။ ကျွန်တော်၏လက်မောင်းအား အမေနှင့်သမီးတွဲဖက်၍ လှိုက်လှဲစွာကြိုဆိုသည်။

"ဦးရယ် ... သမီးတို့က သတိရလိုက်တာ အရမ်းပဲ။ အခုဘဲ ဦးတပည့်တွေ အစုံအညီရောက်လာကြလို့ ဦးအကြောင်းကို ပြောနေကြတာ။ ဒီမန္တလေးမှာ ကြာကြာနေမှာ မဟုတ်လားဟင်။ သမီးတို့အမေ့ ရဲ့ အနီးစခန်း ပြင်ဦးလွင်အိမ်ကြီးကိုလည်း မရောက်တာကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com



သွားလည်ကြရအောင်နော် ဦး''

''အေးပါ သမီးရယ်၊ သွားလည်ကြတာပေါ့။ ဒါပေမဲ့ ဦးက အချိန်သိပ်မရဘူး။ ကချင်ပြည်နယ်၊ နောင်မွန်းမြို့အထိ သွားရဦးမှာ။ အပြန်ကျမှ မန္တလေးဝင်ပြီး ကြာကြာနေပါ့မယ်''

''ဦး အလုပ်ကြီးက မမိုက်ပါဘူး။ ဟိုပြောင်းရ၊ ဒီရွှေ့ရနဲ့ ထွက်လိုက်ပါလား ဦးရယ်။ ဦး တစ်သက်လုံးထိုင်စားလို့ရပါတယ်။ သမီးတို့က ဦးကို အိမ်ဦးခန်းမှာ တင်ကျွေးထားမှာပါ''

''ကျေးဇူးတင်ပါတယ် သမီး။ ဦးမှာလည်း ပြည့်စုံပါတယ်။ ဒါပေမဲ့ ငြိမ်ပြီး ထိုင်စားနေရမယ့်အလုပ်မျိုးကို ဦးမလုပ်ချင်ဘူး။ ဦးက ယောက်ျားလေ။ စွန့်စွန့်စားစား ခရီးသွားနေရမှ ကျေနပ်တာ''

''ခရီးလည်း သွားလို့ရပါတယ် ဦးရယ်။ သမီးတို့အိမ်မှာ ကား (၃)စီးတောင်ရှိတယ်။ (၂)စီးက သမီးနဲ့မေမေနဲ့ တစ်ယောက်တစ်စီး သုံးတာ။ ကျန်တစ်စီးက ဦးလာရင်သုံးဖို့ မေမေက သီးသန့်ဝယ်ထားတာ။ Make II Van ကြီး။ မိသားစုရော၊ ဧည့်သည်တွေပါ တစ်စီးတည်း အကုန်စီးလို့ရတယ်။ စက်အားလည်းကောင်းတယ် အသစ်ကြီး။ အိမ်က ကားဂိုဒေါင်ထဲမှာ ခြင်ထောင်ချပြီး သိမ်းထားတာ''

''အေးပါ သမီးရယ်။ ကျေးဇူးတင်ပါတယ်''

ကျွန်တော်တို့အား ရွှေဆိုင်ဧည့်ခန်း ထိုင်ခုံစားပွဲများတွင် နေရာချထားပေးပြီးသည်နှင့် မမကြီးက ...

''သမီးရေ ... မေမေတို့အိမ်ပြန်ပြီး ဧည့်သည်တွေကို နေရာချထားပြီး နေ့လယ်စာကျွေးလိုက်ဦးမယ်။ သမီး ညနေကျရင် ဆိုင်စောစောသိမ်းပြီး ပြန်ခဲ့တော့နော်။ မေမေ လာမကြိုတော့ဘူး''

''ဟုတ်ကဲ့ပါ မေမေ''





သမီးယွန်းပွင့်စံမှာ ဈေးဝယ်သူများနှင့် အလုပ်ရှုပ်နေစဉ် ကျွန်တော်တို့ (၃၅)လမ်း၊ မမကြီးအိမ်သို့ ပြန်ခဲ့ကြသည်။ မမကြီး၏ကားမှာ Super Saloon ဖြစ်၍ ကျွန်တော့်တပည့် (၄)ဦးမှာ နောက်ခုံတွင် ကျပ်တည်းစွာထိုင်ကြရသည်။ မမကြီးက ကားမောင်းသည်။ ကျွန်တော်က ဘေးခုံမှ အလိုက်သင့်စီးလိုက်လာခဲ့သည်။

(၃၅)လမ်း မမကြီးအိမ်ရောက်တော့ အိမ်ဖော်အမျိုးသမီးနှစ်ဦးက ဝင်းတံခါးကြီးကို လာဖွင့်ပေးသည်။ အိမ်ကြီးမှာ ယခင်ရောက်စဉ်အထက် ခန့်ညားသပ်ရပ်နေသည်။ တပည့်လေးဦးအား အောက်ခန်းလေးခန်းတွင်နေရာပေးပြီး မမကြီးက ကျွန်တော့်အား အပေါ်ထပ်အခန်းတစ်ခန်းတွင် နေရာပေးသည်။

''မောင်မောင် ... ရေမိုးချိုး၊ အဝတ်အစားလဲပြီး အောက်ဆင်းခဲ့နော်။ မမ နေ့လယ်စာစားဖို့ ပြင်ဆင်လိုက်ဦးမယ်။ အဝတ်အစားတွေ အသင့်ရှိတယ်''

''ဟုတ်ကဲ့ မမ''

ဟုတ်ပါသည်။ ကျွန်တော့်အားပေးသော အခန်းထဲ၌ အစတ်ဗီရို(၂)လုံးရှိရာ တစ်လုံးမှာ အင်္ကျီမျိုးစုံနှင့် အနွေးထည်များ။ ကျန်တစ်လုံးမှာ လုံချည်ဘောင်းဘီများ။ အားလုံး အသစ်များချည့်ဖြစ်ကြသည်။

ကျွန်တော့်အခန်းတွင်းရှိ ရေချိုးခန်း၌ပင် ရေမိုးချိုးပြီး ကျွန်တော့်ခရီးဆောင်အိတ်တွင် အသင့်ပါလာသည့် ချည်ချောလုံချည်တစ်ထည်နှင့် ရှပ်အင်္ကျီတစ်ထည်ကို ယူ၍ ဝတ်လိုက်သည်။ ထိုစဉ် တံခါးခေါက်သံကြားရသဖြင့် တံခါးမကြီးကိုဖွင့်လိုက်ရာ မမကြီးဝင်လာသည်။

''မောင်မောင် ... ညနေစာ ဘာဟင်းတွေစားချင်သလဲ''

''ဘာဖြစ်ဖြစ်ရပါတယ် မမရယ်။ ကျွန်တော်က ထောင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အနေများတော့ မြို့ပေါ်ကဟင်းတွေဆိုရင် အကုန်ဟင်းကောင်းချည်းပါပဲ''

''မဟုတ်သေးဘူးလေ မောင်မောင်ရဲ့။ မမဆီလာတုန်း မောင်မောင်စားချင်ရာကိုကျွေးမှ မမတာဝန်ကျေတော့မှာပေါ့။

ဟော . . . အဝတ်ဟောင်းတွေကို ဝတ်ထားပြန်ပြီ။ ဟိုဗီရိုနှစ်လုံးထဲက အဝတ်အစားတွေက မောင်မောင်လာရင်ဝတ်ဖို့ မမစိတ်ကြိုက်ဝယ်ပြီး စုထားတာ။ မောင်မောင် ပြန်လဲဦးကွယ်။ ရေမွှေးလည်း ဆွတ်မထားဘူး။ ဟိုမှန်တင်ခုံပေါ်က ရေမွှေးတွေက ယောကျ်ားတွေသုံးဖို့ စပါယ်ရှယ်လုပ်ထားတဲ့ ပြင်သစ်ရေမွှေးတွေ''

ကျွန်တော် ဗီရိုထဲမှ မမကြီးထုတ်ပေးသော Hara ဘောင်းဘီရှည်တစ်ထည်နှင့် Male စပို့စ်ရှပ်ကို လဲလှယ်ဝတ်ဆင်ရပြန်သည်။ ပြီးနောက် မမကြီးက ရေမွှေးများဆွတ်ပေးပြန်သည်။

''မောင်မောင်က အရပ်မြင့်တော့ ဘောင်းဘီရှည်၊ စပို့ရှပ်နဲ့ ပိုလိုက်တယ်။ ဟော့ဒီမှာ မှန်ထဲမှာ ကြည့်ပါဦး။ ဘယ်လောက်ချောသလဲ''

မမကြီးမှာ ကျွန်တော့်ခါးကိုဖက်ထားပြီး မမီမကမ်း မွှေးမွှေးပေးတော့သည်။

''လာ . . . မောင်မောင်၊ အောက်ဆင်းကြမယ်''

မမကြီးမှာ အသက် (၄၀)ခန့်ရှိပြီဖြစ်၍ 'ယခင်လိုမကဲတော့။ ကျွန်တော်နှင့်မမကြီးမှာ အသက် (၅)နှစ်ကျော်ကွာသည်။

အောက်ထပ်ဧည့်ခန်းတွင် ကျွန်တော်၏တပည့်များ ရေမိုးချိုး အဝတ်အစားလဲပြီး အသင့်ထိုင်စောင့်နေကြသည်။ ကျွန်တော်နှင့် မမကြီး လက်တွဲဆင်းလာတာမြင်သဖြင့် သူခိုးမြင့်သိန်းက စတင်လက်ခုပ်တီးပြီး





အားလုံးဝိုင်းတီးကြသည်။

''ဆရာရေ့ . . . အချိန်မနှောင်းသေးဘူးနော်။ အလတ်ကြီးရှိသေးတယ်''

သူခိုးမြင့်သိန်းကပင် အဲကြောင်းသိခြင်းဖြစ်၍ စ,နောက်ပြန်သည်။

မမကြီးက ပြုံးရွှင်စွာဖြင့် . . .

''ရှင်တို့ဆရာက ကလေးကျနေတာပဲ။ မမကြီးဆင်တော့ ဘယ်လောက်ချောသွားသလဲ ကြည့်ကြပါဦး''

''ဟုတ်ပါ့ဗျ။ ဆရာကအရပ်ရှည်တော့ ဘောင်းဘီရှည်နဲ့ အလွန်လိုက်တယ်။ မမကြီးနဲ့လည်း ဘက်ညီပါတယ်''

''စိတ်ချ . . . ကိုမြင့်သိန်း၊ ညနေကျရင် ချိုးဖက်ကြိုက်သလား၊ ချွန်နီဝါကားကြိုက်သလား။ အကောင်းဆုံးအရက်နဲ့ ဧည့်ခံမယ်။ ကဲ လာကြပါ၊ နေ့လယ်စာ စားကြရအောင်။ အသင့်ဖြစ်နေပါပြီ''

ကျွန်တော်တို့အဖွဲ့ ထမင်းစားခန်းသို့ ရွှေ့ရပြန်သည်။ ဟင်းများမှာ စားပွဲခုံဝိုင်းကြီးအလယ်၌ အပြည့်ပင်။ ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ ငါးဟင်းနှင့် ဟင်းသီးဟင်းရွက်အကြော်များ။ ကျွန်တော်ကြိုက်တတ်သော ပဲဟင်းချိုကိုတော့ ပန်းကန်လုံးကလေးများဖြင့် ကိုယ်စီထည့်ပေးထားသည်။ ပုစွန်ခြောက်ထောင်းကြော်ကလည်း ပါသေးသည်။ ချိန်တိုကလေးအတွင်း မမကြီး မည်သို့စီစဉ်လိုက်သည် မသိပါ။ ဟင်းများကလည်း ပူပူနွေးနွေးပင်။

မမကြီးကလည်း ကျွန်တော်နှင့်အတူ ဝင်စားသည်။ တပည့်များကလည်း အားရပါးရ ဝင်းစားသည်။ အိမ်ဖော်မိန်းကလေးနှစ်ဦးမှာ လက်မလည်အောင် ထမင်းဟင်းလိုက်ပေးနေရသည်။ မမကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



အလွန်ဝမ်းသာနေပုံရသည်။ သူမလည်း ထမင်းစား၍မြိန်သည်ဟု ဆိုသည်။ ကျွန်တော်လည်း ထမင်းနှစ်ပန်းကန်ပြားတိတိ စားလိုက်နိုင်သည်။ ထမင်းစားပြီးတော့လည်း ဧည့်ခန်းတွင် အချိုပွဲပြင်ထားသဖြင့် စကားဝိုင်းဆက်ကြပြန်သည်။

"မောင်မောင် . . . မမကော၊ မောင်မောင်တို့ခရီးထွက်ရာကို လိုက်လို့မရဘူးလားဟင်"

"ခေါ်ချင်ပါတယ် မမရယ်။ ဒါပေမဲ့ မြန်မာပြည်မြောက်စွန်းမှာက စီးစရာ ဘာမှမရှိဘူး။ တောင်ဆင်းတောင်တက် လမ်းလျှောက်ရမှာ။ ရေခဲတောင်ဒေသမို့ အေးတာကလည်း အလွန်အေးတယ်။ တောထဲတောင်ထဲသွားရမှာမို့ မမကြီးကို မခေါ်တာပါ"

"ဟုတ်ပါတယ် မမကြီး။ ကျွန်တော်တို့နဲ့ဆရာ မြစ်ကြီးနားဆင်ဘိုရွာဘက် ရောက်ပါသေးတယ်။ နွေရာသီမှာတောင် အတော်အေးပါတယ်။ နောင်မွန်းဘက်က ရေတောင်ခဲတော့ ပိုဆိုးပါတယ်"

မျောက်တင်သောင်းက ဝင်ပြောလာသည်။ ထို့ကြောင့်လည်း မမကြီး ငြိမ်သွားတော့သည်။

ကျွန်တော်က မမကြီးကိုချော့သည့်အနေဖြင့် . . .

"မမ . . . မေမြို့ (ပြင်ဦးလွင်)ကအိမ်ကြီးကို သွားချင်တယ်ဆို။ မနက်ဖြန်မနက် သွားကြတာပေါ့။ လူစုံတုန်း ကျွန်တော်တို့လည်း မရောက်တာကြာလို့ သွားကြည့်ချင်ပါတယ်။ နောက်ပြီး ကျွန်တော် အသုံးလုံးလုပ်အားပေးခဲ့ပြီး မမကြီးနဲ့ဆုံခဲ့တဲ့ ရှမ်းရွာကြီးကိုလည်း သွားချင်တယ်"

"ဟုတ်တယ် မောင်မောင်၊ မမလည်း ရှမ်းရွာကြီးကို သွားချင်တယ်။ ရွှေစာရံဘုရားကိုလည်း မဖူးရတာကြာပြီ။ နောက်ပြီး မောင်





မောင်နဲ့မမတို့လမ်းခွဲပြီး နောက်ဆုံးပြန်ဆုံခဲ့တဲ့ ကျောက်မီးတာဆုံရွာကလေးမှာလည်း အကြော်စားချင်သေးတယ်။ အနီးစခန်းက အိမ်ကြီးနဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကိုတော့ လူယုံမန်နေဂျာနဲ့ လွှဲထားလို့ စိတ်ချရပါတယ်။ ဒါပေမဲ့ မောင်မောင်တို့အုပ်စုနဲ့ဆုံတုန်း တစ်ညအိပ်လောက် သွားလည်ကြတာပေါ့နော်"

"မမ . . . မနန်းစောကလည်း လိုက်ချင်တယ်ပြောနေတယ် ခေါ်ခဲ့ပါလား"

"မောင်မောင့်ကို ဘယ်တုန်းကပြောတာလဲ"

"ရထားပေါ်မှာ မမကြီးနဲ့ဆုံခဲ့တဲ့အကြောင်း အသုံးလုံးဆရာ လုပ်ခဲ့တဲ့အကြောင်းတွေပြောရင်း မနန်းစောက ပြောတာပါ"

"အင်းလေ . . . သမီးသူငယ်ချင်းပဲ ခေါ်ခဲ့ရမှာပေါ့။ မနက်ဖြန်တော့ ရွှေဆိုင်ပိတ်ထားရမှာပဲ"

"ကဲ . . . မောင်မောင်တို့ စကားပြောရင်း အနားယူကြဦး။ မမ ညနေစာအတွက် စီစဉ်လိုက်ဦးမယ်။ လွတ်လွတ်လပ်လပ်နေကြပါ။ အပြင်သွားချင်ရင်လည်း ကားတွေ အဆင်သင့်ရှိတယ်။ ဪ . . . မောင်မောင့်ကို Mark II ကားသော့ ပေးထားရဦးမယ်။ မောင်မောင် စမ်းမောင်းကြည့်ပါဦး"

မမကြီးမရှိတော့မှ ကျွန်တော်တို့ဆရာတပည့် လွတ်လပ်စွာ စကားပြောကြရတော့သည်။

"ဟဲ့ကောင်တွေ . . . မင်းတို့ မန္တလေးကိုအုပ်စုဖွဲ့ပြီး ဘာလာလုပ်ကြတာလဲ။ အကြံအဖန်ကိစ္စပဲ မဟုတ်လား။ ငါ မမကြီးမေးမှာမို့ မေးဖြစ်တာ"

"အင်း . . . ဒီတစ်ခါတော့ ကျွန်တော်တို့ဆရာ အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



မှာသွားပြီ။ ပုဏ္ဏားတင်ဦးရဲ့ ချော်လဲပြီး လက်ကျိုးသွားတဲ့ ညီမလေးက အရိုးကင်ဆာရောဂါနဲ့ဆုံးပါးသွားလို့ ကျွန်တော်နဲ့ကိုမြင့်သိန်းတို့ ရန်ကုန်က တက်လာကြတာ။ ဒီရောက်လို့တစ်ပတ်အကြာမှာပဲ စက်ဘီး တိုက်လို့ ခြေထောက်ကျိုးသွားတဲ့ ညီလေးက အရိုးပွရောဂါနဲ့ ဆုံးပြန်တယ်။ ဒါကြောင့် ကျွန်တော်တို့ မန္တလေးက ပုဏ္ဏားစုမှာ သောင်တင်နေတာ တစ်လလောက်တောင် ရှိနေပြီဆရာ''

ကျော်ကြီးကရှင်းပြမှ ကျွန်တော်သိတော့သည်။

''ဆောရီးပဲ ပုဏ္ဏားရာ။ ငါလုံးဝမသိခဲ့ဘူး။ ဒါကြောင့် ပုဏ္ဏားတစ်ယောက် ငြိမ်နေရှာတာကိုး''

''ပုဏ္ဏားရေ ... ငါဘာကူညီရမလဲ။ ငွေကြေးလိုရင်လည်း ပြောနော်''

''ရပါတယ် ဆရာ။ ကျွန်တော့်မှာ ငွေကြေးမလိုပါဘူး။ ညီနဲ့ ညီမ ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားတော့ ကျွန်တော့်မှာ သူတို့ကိုပေးထားခဲ့တဲ့ 'ငမောက်မိဖုရား ပဏ္ဏာမြားကြီး'ရောင်းတုန်းက ရှယ်ယာတွေ ကျန်နေပါသေးတယ်။ ကျွန်တော်အခုလိုတာက အေးချမ်းတဲ့နေရာကို ခရီးထွက်ပြီး အနားယူအပန်းဖြေချင်တာ တစ်ခုပါပဲ။ အခန့်သင့်တာက ဆရာရောက်လာပြီး မြန်မာပြည်မြောက်ပိုင်းကို ခရီးထွက်မယ်ဆိုတော့ ကျွန်တော့်အတွက် အဆင်သင့်ဖြစ်တာပေါ့ ဆရာရယ်''

ထိုစဉ် သူခိုးမြင့်သိန်းက ...

''ဟုတ်ပါတယ်ဆရာ။ ကျွန်တော်တို့သုံးဦးတိုင်ပင်ပြီး ဆရာတာဝန်ကျတဲ့ ကော့သောင်းဘက်ကိုတောင် လိုက်ကြမယ်လို့ စီစဉ်နေကြတာပါ။ မမကြီးကလည်း လိုက်ချင်တယ်လို့ပြောနေတယ်လေ''

''အေးကွာ ... တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ငါကလည်း မင်း





တို့ကို သတိရနေတာပါ။ အခု မြန်မာပြည်မြောက်ပိုင်းခရီးကလည်း အပန်းဖြေ အပျော်ခရီးပါ။ ဘာစီးပွားရေးကိစ္စမှ မပါပါဘူး။ ငါ့အစ်ကိုကြီး ဦးအောင်သန်း နောင်မွန်းမြို့မှာ တာဝန်ကျတုန်း ဒေသန္တရဗဟုသုတရအောင် သွားလည်ချင်တာပါ။ အဆင်ပြေရင်တော့ အမဲလိုက်ရင်း၊ ရွှေရှာရင်း၊ အဖိုးတန်ဆေးဖက်ဝင် သစ်မြစ်သစ်ဖုတွေလည်း စုဆောင်းရင်းပေါ့''

''ကောင်းပါတယ် ဆရာ။ ကျွန်တော်တို့လည်း မန္တလေးမှာ ဝပ်နေရတာ ကြာပြီဆိုတော့ ခရီးထွက်ချင်နေတာနဲ့ အတော်ပါပဲ။ ကျွန်တော်တို့အားလုံး လိုက်မယ်ဆရာ''

''အေးပါ ... သူခိုးမြင့်သိန်းရယ်။ ငါကလည်း တပည့်အကုန်လုံးကိုခေါ်ချင်လို့ မင်းတို့ကိုရှာနေတာပါ။ အဆင်သင့်လိုက်လေကွာ''

ဤသို့ စကားသံကြားရပြီး သမီးယွန်းပွင့်စံ ပြန်ရောက်လာသည်။ ကျွန်တော်တို့က အိမ်ဝသို့ထွက်ကြိုကြရာ ....

''ဦးရေ ... မနက်ဖြန် ပြင်ဦးလွင်ကိုသွားမယ်ဆို။ မေမေက မှန်းဆက်ထားတယ်။ ဦးတို့အတွက် ညနေစာ Johnney Walker Blue Label (၃)ပုလင်းနဲ့ ရွှေငါးက ဘဲကင်တွေ၊ ကြက်ကင်တွေပါ ဝယ်လာတယ်။ ဟောဒါကတော့ မနန်းစောက ဦးအတွက်ပေးလိုက်တာ။ ချိုးဇတ်စီကီနဲ့ သီဟိုဠ်စေ့လှော်နဲ့ အာလူးကြော်တွေ။ မနက်ဖြန် သူလည်းလိုက်ထိမ့်မယ်''

''အေး ... အေး ... ကောင်းတာပေါ့သမီးရယ်။ မနက်ဖြန် အား (၂)စီးသွားကြတာပေါ့''

သူခိုးမြင့်သိန်းတို့က ပစ္စည်းထုပ်များအား ဝိုင်းသယ်ကြသည်။ စေတနာသဒ္ဓါတရားကောင်းလှ၍ အားနာစရာမရှိသော မယ်ကြီးတို့အိမ်



www.burmeseclassic.com

www.burmeseclassic.com



တွင် စုစုဝေးဝေးတည်းခိုရသည်မှာ ပျော်စရာအလွန်ကောင်းလှသည်။

ညနေဘက်တွင် ကျွန်တော်တို့အုပ်စု စောစောရေမိုးချိုးကြပြီး တပည့်များက လူရင်းများဖြစ်ကြ၍ ကိုယ်တိုင်စားသောက်ပွဲကို ပြင်ဆင်ကာ ဝိုင်းစကြသည်။ မမကြီးနှင့် သမီးကတော့ မနက်ဖြန် ခရီးထွက်ရန် ပြင်ဆင်နေကြသည်။

အစားအသောက် အမြည်းကလည်းကောင်းသည်။ အရက်က လည်းကောင်းသည်။ စကားဝိုင်းက အလွန်စည်ကားသည်။ ထိုညက ည(၈)နာရီမှ အရက်ဝိုင်းသိမ်းပြီး ညစာစားကြသည်။ ညစာစားပြီးပြန်တော့လည်း အိမ်ရှေ့ဘက် လေသာဆောင်ဝရံတာသို့ထွက်၍ စကားပြောကြပြန်သည်။ ပုဏ္ဏားတင်ဦးက ဆေးသမားပီပီ မြန်မာပြည်မြောက်ဖျားစွန်း ရေခဲတောင်များပေါ်မှထွက်သည့် မချစ်ဥ၊ ခန်းတောက်မြစ်၊ ရှိုးပတီဥနှင့် တောင်ဆိတ်ချို၊ တာကင်ချိုနှင့် ကတိုးနံ့သာခဲအကြောင်းများကို မေးနေသည်။

"ပုဏ္ဏားရေ မင်းမေးတဲ့ဆေးပင်၊ ဝါးပင်နဲ့ ဆေးဖက်ဝင်တိရစ္ဆာန်ထွက် ပစ္စည်းတွေအကြောင်းကို ငါလည်း အစုံအစေ့မသိဘူး။ ဟိုရောက်မှ ဒေသခံတွေကို မေးကြည့်ပေတော့။ မင်းလိုချင်တာတွေကိုလည်း ငါပြည့်စုံအောင် ရှာပေးမယ်"

"ကျေးဇူးပဲ ဆရာ။ ဆရာလာတာ အလွန် နောက်ကျသွားတယ်။ ကျွန်တော့်ညီနဲ့ညီမ အရိုးရောဂါတွေကို အဲဒီက ဆေးဖက်ဝင် ပစ္စည်းတွေနဲ့ကုချင်တာ ဆရာ။ အခု ဆေးရုံတင်ပြီး မပျောက်တာကို ကျွန်တော် မကျေမနပ်ဖြစ်နေမိတာ"

"အေးကွာ ...မင်းစေတနာကိုသိရလို့ ငါဝမ်းသာပါတယ်။ ဒါပေမဲ့ ပုဏ္ဏားရယ်၊ အဲဒီကထွက်တဲ့ ဆေးဝါးတွေကလည်း 'အရိုး





ကင်ဆာ'ကိုတော့ ပျောက်ကင်းအောင် တတ်နိုင်မယ်မထင်ပါဘူး။ သတ္တဝါဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားနဲ့ မကင်းပါဘူး။ တရားနဲ့ဖြေပါကွာ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော့်မှာ တရားရှိပါတယ်။ ဆေးသမားလုပ်နေတဲ့ ကျွန်တော်ဟာ တခြားလူတွေရဲ့ ရောဂါမှန်သမျှကို သက်သာပျောက်ကင်းအောင် ကုနိုင်ခဲ့ပေမဲ့ ကိုယ့်ညီ၊ ကိုယ့်ညီမ အရင်းအချာကျကာမှ ပျောက်ကင်းအောင်မကုနိုင်တာကို ကျွန်တော် မကျေမနပ်ဖြစ်မိတာပါ။ တောင်ဆိတ်အဆီနဲ့ ဦးချို၊ လျှာ၊ အရိုးတွေဟာ အရိုးကျိုးတာနဲ့ပတ်သက်ရင် အလွန်အစွမ်းထက်တာ ဆရာ။ စစ်စစ်ရဖို့ပဲ အရေးကြီးတာ။ ကျွန်တော်လည်း လက်လှမ်းမီသမျှ ဈေးကြီးပေးဝယ်ပြီး ကုပါတယ်ဆရာရယ်။ ဒါပေမဲ့ ဆေးက မတိုးတော့ဘူး။ အခုဆို ကျွန်တော်တို့မိသားစုမှာ ကျွန်တော်တစ်ယောက်ပဲ ကျန်တော့တာ။ ညီတွေ၊ ညီမတွေကိုငဲ့ပြီး မိန်းမ,မယူတော့ ကျွန်တော်သေရင် အမွေဆက်ခံမယ့်သူတောင် မရှိတော့ဘူးဆရာ"

www.burmeseclassic.com

www.burmeseclassic.com

# အခန်း | ၂ |

❑

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့ မနက် (၆)နာရီခန့်၌ ပင် စောစီးစွာ အိပ်ရာကထကြသည်။ ကျွန်တော်တို့ထက် စောစီးစွာ ထ၍ ဝီရိယကောင်းသူက မျောက်တင်သောင်းပင် ဖြစ်သည်။ ကား သမားပီပီ ခရီးသွားမည့်ကား (၂)စီးအား ရေဖြည့်၊ ဆီထည့် စမ်းသပ် စစ်ဆေးပြီးဖြစ်သည်။

"ဆရာ Mark II ကြီးကတော့ ပြောစရာမရှိဘူးဆရာ၊ အား လုံးကောင်းတယ်။ ယွန်းပွင့်စံကားက ရှေ့ဘောဂျိုင်းစားနေပြီ၊ ဘရိတ် က ဆီယိုနေတယ်။ အိပ်ဇောစလင်ဒါကလည်း အပေါက်ဖြစ်ပြီး အရင်း က ပြတ်တော့မယ်။ ခရီးဝေး၊ အထူးသဖြင့် တောက်တက်လမ်းကို သုံးဖို့မသင့်ဘူးဆရာ။ ဝပ်ရှော့ပို့မှဖြစ်တော့မယ်"





"အေး ...အဲဒါဆိုရင် မမကြီးကားကို ကြည့်စမ်းကွာ။ ဒါ တို့ကလူများတော့ ကား(၂)စီးသွားမှ အဆင်ပြေမယ်"

မျောက်တင်သောင်း မမကြီးကားကို စက်ဖုံးဖွင့်၍ကြည့်သည်။ အောက်ပိုင်းကိုလည်း စစ်ဆေးသည်။

"ဆရာ ...မမကြီးကားကလည်း ဘရိပ်အမိ နည်းတယ်။ အောက်ပိုင်းကောင်းပါတယ်။ ဒါကိုတော့ ကျွန်တော် လုပ်တတ်ပါတယ်။ ဆရာခဏလောက် ဒရိုင်ဘာခန်းမှာ ထိုင်ပေးပါ။ ကျွန်တော်ပြောရင် ဘရိပ်ကိုတော့နင်းပေးပါ။ ကျွန်တော်ကားအောက်ဝင်ပြီး လေးဘီးစလုံး ကို ဆီချူလိုက်မယ်"

မျောက်တင်သောင်း ကားအောက်ဝင်၍ ဆီချူပေးသည်။ ကျွန်တော်က သူပြောသလို ဘရိတ်ကိုတော့နင်းရသည်။ ထို့နောက် ဘရိတ်ဆီဖြည့်ပေးရသည်။

"ရပြီ ...ဆရာ၊ အိုကေပဲ။ ကျွန်တော်ကားကို ရေဆေးလိုက် တော့မယ်"

ထိုစဉ် မမကြီးထွက်လာပြီး ...

"မောင်မောင် ...ကားဘာဖြစ်လို့လဲ"

"မမကားက ဘရိတ်အမိနည်းလို့ ဆီချူရတယ်။ သမီးယွန်း ပွင့်စံကားက ဘရိတ်ဆီယိုပြီး ရှေ့ဘောဂျိုင်းစားနေတယ်။ နောက်ပြီး အိပ်ဇောကပြတ်တော့မယ်"

"ဟုတ်ပါရဲ့ ...မောင်မောင်ရယ်။ သမီးကို တစ်ပတ်တစ် ကြိမ် ဝပ်ရှော့မှာစစ်ဆေးပါဆိုတာ ဒီကလေးမပျင်းလို့ မပြဘူးထင်တယ်။ အခု ဘယ်လိုလုပ်ကြမှာလဲ"

"ကား (၃)စီးစလုံးသွားမယ် မမ။ သမီးယွန်းပွင့်ကားကို ဝပ်



www.burmeseclassic.com

www.burmeseclassic.com



ရှော့ထိုးခဲ့မယ်။ လူများတော့ တောင်တက်လမ်းမှာ ကား(၂)စီးမှ အဆင်ပြေလိမ့်မယ်။ ကျွန်တော်နဲ့မမရယ်၊ ပုဏ္ဏားတို့ (၃)ယောက်ရယ်က Mark II စီးကြမယ်။ မမကားကိုတော့ သမီးယွန်းမွင့်ကမောင်းပြီး မနန်းစောနဲ့ ကျွန်တော့်တပည့်တင်သောင်းတို့က စီးကြလိမ့်မယ်။ တင်သောင်းက စက်ပြင်ပါတတ်တော့ စိတ်ချရအောင်လို့ပါ''

''ကောင်းတယ် မောင်မောင်။ သမီးက ကားသာမပြင်တတ်ပေမယ့် တောင်တက်လမ်းကိုတော့ ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တယ်။ မောင်မောင့်တပည့် ကိုတင်သောင်းပါလာတာ အားကိုးရတယ်နော်''

''တင်သောင်းကဆရာကြီး မမရဲ့၊ ကားကြီးမောင်းတာ။ ကားလည်း ကောင်းကောင်းပြင်တတ်တယ်။ မျောက်လိုလည်း သစ်ပင်တက်ကျွမ်းလို့ မျောက်တင်သောင်းလို့ မှည့်ထားတာ''

''မောင်မောင်တပည့်တွေကတော့ အားလုံး သူ့နေရာနဲ့သူ တော်ကြတာချည်းပါပဲနော်''

''ဟုတ်တယ် မမရေ၊ အားလုံး လူတော်တွေချည်ပဲ။ ဒါပေမဲ့ လူကောင်းတွေတော့ မဟုတ်ကြဘူး''

ကျွန်တော်၏စကားကိုကြားတော့ သူခိုးမြင့်သိန်းတို့မှာ သဘောကျပြီး တဟဲဟဲ ရယ်နေကြသည်။

ကျွန်တော်တို့ မမကြီးစီစဉ်ပေးသော မန္တလေးမုန့်တီကိုစားကြပြီး မနန်းစောရောက်လာသဖြင့် ကား (၃)စီးထွက်ခဲ့ကြသည်။ ယွန်းမွင့်စီးကားကို မျောက်တင်သောင်းက မောင်းလာပြီး မမကြီးတို့ပြင်နေကျ (၈၄)လမ်း ကားဝပ်ရှော့တွင်အပ်ခဲ့ပြီး ပြင်ဦးလွင်ဘက်ကို ထွက်ခဲ့ကြသည်။ အောင်ပင်လယ်ကိုလွန်ပြီး ကျောက်မီးတာဆုံရောက်တော့





ကျွန်တော်တို့ကားများ ဆည်တော်ကြီးရေပေးမြောင်းပေါင်ပေါ်သို့ ဆင်းရပ်ကြပြီး မမကြီးအလိုကျ အကြော်ဆိုင်တွင် ထိုင်၍ စားကြရတော့သည်။

ကျောက်မီးတာဆုံရွာကလေးမှာ ရေပေးမြောင်းကြီးကြောင့် အလွန်သာယာသည်။ နောက်ခံကြွက်နဖားတောင်ကြီးကလည်း စိမ်းစိုဝေမှိုင်းနေသည်။ ရေမြောင်းတောင်တစ်လျှောက် စိုက်ပျိုးထားသော မန်ကျည်းပင်၊ လက်ပံပင်၊ ခရေပင်နှင့် သရက်ပင်ကြီးများကလည်း စနစ်တကျတန်းစီ၍ အုပ်အုပ်ဆိုင်းဆိုင်းရှိလှသည်။ တံတိုင်းရှည်ရွာဘက်တွင်တော့ ထန်းတောကြီးက ညို့နေသည်။ ကျွန်တော်တို့ အကြော်မျိုးစုံကို ရေနွေးကြမ်ခါးခါးနှင့် မြည်းကြည့်ရင်း သူခိုးမြင့်သိန်းက ...

''ဆရာရေ ...အကြော်ပူပူနွေးနွေးကို ထန်းရည်ချိုပြင်းကလေးနဲ့မြည်းရရင် အလွန်ကောင်းမှာပဲနော်''

''သူခိုးကြီးရေ အချိန်မဟုတ်သေဘူး။ ရွာရောက်မှ မြည်းပါကွာ။ ငါစီစဉ်ပေးပါ့မယ်''

''ဟုတ်ကဲ့ ... ဆရာ၊ သဘောကိုပြောတာပါ ဆရာရယ်။ ဟဲဟဲ''

ကျွန်တော်တို့စားသောက်ပြီး မြောင်းပေါင်လမ်းအတိုင်း ကားများထွက်လာကြသည်။ လမ်းမှာကျဉ်းသော်လည်း ချောနေသည်။ မြေသမ်းဖြစ်သော်လည်း ကားမောင်း၍ကောင်းသည်။ တံတိုင်းရှည်ရွာထိပ်ရောက်တော့ ကျွန်တော်ကားရပ်ပြီး ထန်းရည်ဝယ်သည်။ အသင့်မရှိသေး၍ ထန်းတက်သမားကတက်ပေးသည်ကို စောင့်ယူရသည်။ သူတို့ရွာဓလေ့မှာ ညနေစောင်းမှ ငှက်ခါးတောင်ထန်းရည်ကို သောက်ကြခြင်းဖြစ်သည်။ မြူအိုးမဲမဲ(၃)လုံးကိုဝယ်ရာ ထန်းဆရာက ထန်းရည်ကိုရောင်း

www.burmeseclassic.com



သော်လည်း မြှူအိုးမဲမဲကို မပေးချင်ရှာ။ အသုံးလုံးကျောင်းဆရာများ ဖြစ်ကြောင်း၊ အပြန်ဝင်ပေးမည်ဖြစ်ကြောင်း ပြောတော့မှ ထန်းရည်ခ ကိုပင်မယူတော့ဘဲ ပေးလိုက်တော့သည်။ သူတို့အနေဖြင့် တစ်ချိန်က အသုံးလုံးကျောင်းဆရာများကို အမှတ်တရ ကျေးဇူးတင်နေကြဆဲပင် ဖြစ်ဟန်တူပါသည်။

လမ်းတွင် မမကြီး ...

''မောင်မောင်ရေ ... အပြန်ကျ ထန်းဆရာကို လက်ဆောင် တစ်ခုခုဝင်ပေးရအောင်နော်။ ပိုက်ဆံမယူတော့ အားနာစရာကောင်း တယ်။ သူတို့က ဒါလုပ်မှ ဒါစားရရှာတာ''

''ဟုတ်ကဲ့ ... မမ၊ ကျွန်တော် ရန်ကုန်ကဝယ်လာတဲ့ လက်ဆောင်ပစ္စည်းတွေနဲ့ မုန့်တွေပါပါတယ်။ အပြန်မှ မြှူအိုးပေးရင်း ဝင်ပေးလိုက်မယ်''

ထိုစဉ် သူ့ခိုးမြင့်သိန်းက ...

''ဆရာ မြှူအိုးတွေက အဖုံးမပါတော့ ကားဆောင့်တိုင်းဖိတ် ကျကုန်ပြီ။ ကျွန်တော် အလကားမဖြစ်အောင် သောက်လိုက်တော့မယ် နော်''

''အေး ... အေး ... ဟုတ်သားပဲ။ မင်းတို့သောက်ဖို့ ဝယ် လာတာ။ သဘောကျသောက်ပေရော့''

''ဆရာရေ့ ထန်းရည်က ပုစွန်ဆိပ်ခုန့်ဗျ။ ချိုပြင်းကလေး သောက်လို့ အင်မတန်ကောင်းတယ်။ ဆရာ ဦးဦးဖျားဖျား မြည်းကြည့် ပါဦး''

''သောက်ကြပါကွာ။ ငါသောက်ဖူးပါတယ်။ ဒီအချိန် ထန်းရည် ကို ရဟန်းကြီးကြိုက်လို့ခေါ်တယ်။ ဆေးဖက်ဝင်တယ်၊ အစာကျေတယ်။





ညနေစောင်းတာနဲ့ ပိုပြင်းပြီး ခါးသွားရော။ အရောင်ကလည်း ဖြူလဲ့လဲ့ ကလေးဖြစ်သွားလို့ ငှက်ခါးတောင်လို့ခေါ်တယ်။ မူးလည်း အတော်မူး တယ်''

ကျွန်တော်တို့ကားမှာ မိုင် (၄၀)ရွာရောက်တော့ ကျော်ကြီး၊ မြင့်သိန်းတို့ထံမှ စကားသံတွေတိတ်သွားသည်။ အရက်သေစာ မသောက် သော ပုဏ္ဏားတင်ဦးသာလျှင် မြောင်းပေါင်တစ်ဖက်ကမ်းမှ မန်ကျည်း ပင်ပေါ်၌ တွဲလျောင်းချိတ်နေသော လှည်းဘီးသဏ္ဌာန် ပျားအုံကြီးများ ကို ငေးမောကြည့်နေသည်ကို ကားနောက်ကြည့်မှန်မှ မြင်နေရသည်။ သူခိုးမြင့်သိန်းနှင့် ကျော်ကြီးမှာ ထန်းရည်တန်ခိုးပြသဖြင့် မှေးစက် ငြိမ်သက်နေကြပြီဖြစ်သည်။ ထိုစဉ် မမကြီးက ...

''မောင်မောင် ... ဒီလမ်းကလေးကို မှတ်မိရဲ့လားဟင်''

''မှတ်မိပါ့ဗျာ။ မမကြီးကိုကျွန်တော် ကျောက်မီးတာဆုံရွာကို စက်ဘီးနဲ့လိုက်ပို့တာလေ''

''အင်း ... မောင်မောင်က မှတ်မိသားပဲ။ ဒီလမ်းကလေးက အရင်အတိုင်းပဲ အလွန်သာယာတယ်နော်''

''ဟုတ်ပဲ့ မမရယ်။ အညာဒေသဆိုပေမဲ့ ရေမြောင်းကြီးက ရေတွေရယ်၊ မြောင်းပေါင်ပေါ်က သစ်ပင်ရိပ်တွေကြောင့် ဒီနေရာလေး က အလွန်သာယာအေးချမ်းပါတယ်။ ရှမ်းရွာကြီးဘက်ရောက်ရင်တော့ မြောင်းပေါင်ပေါ်မှာ သစ်ပင်ကြီးကြီး မရှိတော့ဘူး။ လမ်းဘေးနဘူးချုံ တွေနဲ့ မိုးနံ့ချုံလောက်သာရှိတော့တာ။ ရှမ်းရွာကြီးရွာထဲမှာလည်း ထန်း ပင်နဲ့ တမာပင်တွေသာရှိတာ။ ဒီဘက်ရွာတွေလောက် အရိပ်မကောင်း တော့ ပူတယ်နော်''

''ဟုတ်ပါရဲ့ မောင်မောင်ရယ်၊ ရှမ်းရွာကြီးက လယ်ကွင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ပတ်လည်ပိုင်းနေတာ သစ်ပင်ကြီးကြီးမရှိဘူး။ စိုက်ပျိုးရေးဖိုး (ဆီး)ပြီ တွေတော့ ပေါပါတယ်။ မမတို့အိမ်ကြီးနဲ့ ဖိုး (ဆီး)ခြံတောင် မျက်နှာ လွှဲနဲ့ထားထားရတာ၊ မမ,မရောက်တာ ကြာလှပြီလေ''

ကျွန်တော်တို့ကားများ လက်ပံပင်ရေလွှဲတံခါးကျော်တော့ ရှမ်း ရွာကြီးရှေ့၊ မြောင်းပေါင်သစ်သားတံတားရှေ့သို့ ရောက်သည်။ သစ်သား တံတားမှာ ကားကူး၍မရသဖြင့် ကားများရပ်ထားပြီး ကားပေါ်ကဆင်း ကြရသည်။

''မမ ,... ဟိုအနောက်နားက မန်ကျည်းပင်ကြီးကို မှတ်မိ သလား''

''မှတ်မိတာပေါ့ မောင်မောင်ရယ်။ မောင်မောင်က မမကြီး ကို ကျောက်မီးတာဆုံရွာကို စက်ဘီးနဲ့လိုက်ပို့တုန်းက စောင့်နေတဲ့ နေရာလေ''

''မမ မှတ်မိသားပဲ။ ကဲ ... ရွာထဲကိုဝင်ကြစို့။ မျောက်တင် သောင်းရေ ... ငါတို့ ရန်ကုန်ကဝယ်လာခဲ့တဲ့ လက်ဆောင်တွေယူခဲ့ ကွာ''

''ဟုတ်ကဲ့ ဆရာ''

''နေဦး မောင်မောင်။ မမမှာလည်း လက်ဆောင်ပေးဖို့ မုန့် ပုံးတွေပါလာတယ်''

ထိုစဉ် နောက်ကားမှ ယွန်းပွင့်စံနှင့် မနန်းစောတို့ဆင်းလာ ကြပြီး ရှမ်းရွာကြီးနှင့် နောက်ခံကြွက်နားဖားတောင်ကြီးကို ရှုမျှော်ကြည့် ကြရင်း ဓာတ်ပုံရိုက်နေကြသည်။

''အစ်ကို ... ဟိုတောင်ခြေရင်းက ရွှေရောင်တဝင်းဝင်းနဲ့ ဘုရားက ဘာဘုရားလဲဟင်''





မနန်းစောက မေးလာသည်။

''အဲဒါ အစ်ကိုပြောခဲ့တဲ့ 'ရွှေစာရံဘုရား'လေ ညီမရဲ့။ မမကြီး။ ထုံးတော်ပြည့် ရွှေသင်္ကန်းကပ်ထားလို့ ရွှေရောင်ဝင်းနေတာ။ အစ်ကို တို့ရောက်ခါစက ထုံးသင်္ကန်းပဲကပ်ထားတာ တောဘုရားပေါ့။ အခု တော့ ရွှေစာရံဘုရားလည်း ရွှေရောင်တဝင်းဝင်းနဲ့ သပ္ပာယ်တင့်တယ် ပြီး မမကြီးတို့လည်း ရွှေဆိုင်ကြီးဟိန်းနေပြီး ချမ်းသာလာကြတာ မျက် မှောက်အကျိုးပေးပဲပေါ့။ ဟုတ်တယ်နော် မမ''

''ဟုတ်ပါ့ မောင်မောင်ရယ်။ လက်တွေ့ အကျိုးပေးတာပါပဲ။ ဒါကြောင့်လည်း မမ ဒီဘက်လာတိုင်း၊ ရွှေစာရံဘုရားကို ဝင်ဖူးလေ့ရှိ ပါတယ်''

မမကြီးက လက်အုပ်ကလေးချီပြီး ရွှေစာရံစေတီအား ဦးခိုက် ရှုမျှော်နေသဖြင့် သမီးယွန်းပွင့်စံနှင့် မနန်းစောတို့ကလည်း လက်အုပ် ချီ၍ ဖူးမြော်ရှိခိုးကြသည်။

''မမ ... ကျွန်တော်တို့နဲ့ ရွာထဲကိုလိုက်မှာလား။ မမတို့အိမ် ကြီးကိုပဲ တန်းသွားမှာလား''

''မောင်မောင်ရယ် ... အခြေအနေတွေလည်း ပြောင်းကုန် ပြီ။ အရင်က မမ ရွာနဲ့ကင်းအောင်နေပေမဲ့ အခုတော့ မောင်မောင် နဲ့ပတ်သက်တော့ ကင်းလို့မရတော့ပါဘူး။ ရွာထဲက မောင်မောင်သွား ချင်တဲ့အိမ်တွေကိုသွားပြီးမှ မမကြီးတို့အိမ်ကြီးကို သွားကြမယ်လေ''

''ဟုတ်ကဲ့ ... အဲဒါကောင်းပါတယ် မမ။ ရွာကလူတွေတော့ အလွန် အံ့ဩနေကြမှာပါပဲ''

ကျွန်တော်တို့ မြောင်းကူးတံတားလေးကို ကျော်၍ ရွာလယ် လမ်းအတိုင်း ဝင်ခဲ့ကြသည်။ ရွာနှင့် ရေမြောင်းမှာ အလွယ်လှမ်းသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရွာလယ်လမ်းမမှ ဝင်ခဲ့ကြစဉ် မမကြီးက ခေါက်ထီးကလေးကိုဖွင့်၍ ဆောင်းရင်း ကျွန်တော့်အား မိုးပေးရာ မနန်းစောက ကွက်ကြည့်ကွက်ကြည့်လုပ်နေသည်။ သမီးယွန်းပွင့်စံကတော့ တိုးတိုးကလေး ရှင်းပြနေပုံရသည်။ ရွာထိပ်တံခါးရောက်တော့ ရွာကလူများ ထွက်ကြည့်နေကြသည်။ ကျွန်တော်တို့အုပ်စု ရွာလယ်ဦးသာနိုးတို့ အိမ်ရှေ့ရောက်တော့ ကျွန်တော်က ...

"အဘ ဦးသာနိုး၊ အမေ ဒေါ်အေးတင်၊ အဒေါ်မနက်"

အိမ်ထဲမှ အဒေါ်ကြီးနှစ်ဦး ပြေးထွက်လာကြသည်။ အမေဒေါ်အေးတင်နှင့် ဒေါ်နက်တို့ဖြစ်ကြသည်။ မျက်စိများကို ပွတ်ကြည့်ကြရင်း ...

"ဆရာလေး ... ဦးသိန်းဝင်း ဟုတ်ရဲ့လား။ ဟင် ... ဒါက မမကြီးမဟုတ်လား။ ဘယ်လိုဆုံပြီး ရောက်လာကြတာလဲ။ လာကြပါ ထိုင်ကြပါ"

"အဘ ဦးသာနိုးရော၊ အမေ"

ကျွန်တော်တို့အုပ်စု၊ ခုံတန်းရှည် စားပွဲကြီးတွင် ဝင်ထိုင်ကြရင်း ...

"မင်းအဘ ဆုံးတာကြာပြီလေ သားရယ်။ သုံးနှစ်တောင်ကျော်ရောပေါ့"

မဆုံးခင် မင်းကို တမ်းတနေတာကွယ့် သားရဲ့။ ဟောဟိုမှာ သူစီးခဲ့တဲ့ နွားပုံးဆွဲတဲ့စက်ဘီးကြီး။ အဲဒါသားအတွက် အမွေပေးခဲ့တာ နောက်ပြီး သူကိုင်နေကျ ရှေးဟောင်းငှက်ကြီးတောင် ဓားရှည်ကြီးကိုလည်း သားအတွက်ပဲ ပေးခဲ့သေးတယ်။ ဩော် ... ကိုသာနိုးရယ် ရှင့်သားကြီး လာနေပြီတော့ ... အင့် ... ဟင့် .... ဟင်း ...





အီး ... ဟီး"

"တိတ်ပါ ... အမေရယ်၊ ကျွန်တော်လည်း အကျဉ်းဦးစီးဌာနမှာအလုပ်ဝင်ပြီး နယ်တစ်ကာလှည့်ပြီး အမှုထမ်းနေရတော့ ဒီဘက်ရောက်ဖြစ်တာပါ။ အမြဲတမ်း သတိရနေပါတယ်။ အခုလည်း သတိရလွန်းလို့ ဝင်ပြီးကန်တော့တာပါ"

ကျွန်တော်က ရန်ကုန်မှဝယ်လာသည့် မုန့်များ၊ အဝတ်အစားများနှင့်ငွေ (၁၀၀၀ိ/–) ကျပ်ကို အမေနှင့်ဒေါ်နက်အား ကန်တော့သည်။

"သာဓုပါ ... သားရယ်၊ သာဓုပါ၊ သာဓုပါ။ ငါ့သားကြီး သွားလေလာလေရာ အန္တရာယ်ကင်းဘေးရှင်းပါစေ။ ကြံတိုင်းအောင်သို့ ဆောင်တိုင်းမြောက်ပါစေကွယ်"

ထိုစဉ် ဒေါ်နက်က အညာမုန့်များဖြင့် ရေနွေးကြမ်းကို ချပေးသည်။ ဒေါ်နက်မှာ ကွယ်လွန်သူ ဦးသာနိုး၏ညီမ အပျိုကြီးဖြစ်သည်။ ကျွန်တော် အသုံးလုံးဆရာလုပ်စဉ်က ဤအိမ်၌ပင်တည်းခိုခဲ့ပြီး ဒေါ်နက်ပြုစုကျွေးမွေးသော မုန့်နှင့်ထမင်းဟင်းများကို စားခဲ့ခြင်းဖြစ်သည်။ ကျွန်တော်က ဒေါ်နက်အား သီးသန့်ငွေ (၅၀၀ိ/–) ကျပ် ကန်တော့လိုက်သည်။ ထိုစဉ် မမကြီးက ငွေ (၁၀၀၀ိ/–) ကျပ်စီ၊ မုန့်များနှင့် ကန်တော့ပြန်သည်။ ကျွန်တော်တို့အဖွဲ့အားလုံးက ကန်တော့ကြပြန်သည်။ အမေက ဆုများပေးပြန်သည်။ ဒေါ်နက်ကတော့ မျက်ရည်ဝဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com

❑

''သားတို့ ထမင်းစားပြီးမှ ပြန်ကြနော်။ အမေတို့ စီစဉ်လိုက်မယ်''

''ဒုက္ခများလို့ မလုပ်ပါနဲ့အမေရယ်။ ကျွန်တော်တို့ လမ်းမှာ ဝယ်စားကြမှာပါ''

''မဟုတ်တာကွယ်။ အမေတို့မှာ အပန်းမကြီးပါဘူး။ မင်းကြိုက်တတ်တဲ့ ခွေးတောက်ရွက်နဲ့ ကြက်သားဟင်းလည်း အရန်သင့်ရှိတယ်။ ပဲကြီးနှပ်လည်း ချက်ထားတယ်။ ဖောင်ရမ်းချဉ်နဲ့ တို့စရာလည်း အစုံရှိတယ်။ ဟင်းရွက်စုံကြော် (သနပ်ရွက်၊ မန်ကျည်းရွက်၊ ခွေးတောက်ရွက်၊ ဆူးပုတ်လေးရွက်၊ ဥသျှစ်ရွက်) ပဲ ကြော်ဖို့ရှိတယ်။ ငါးခြောက်လည်းဖုတ်ပြီး ပဲဆီစစ်စစ်ဆမ်းပေးမယ်လေကွယ်''





ကျွန်တော်လည်း မငြင်းသာတော့သဖြင့် ...

''ဟုတ်ကဲ့ ... အမေ၊ ဒါနဲ့ ကျွန်တော့်သူငယ်ချင်း ဖားမင်း လီပ်မင်းနဲ့ ပန်းပဲဆရာ ကိုကျော်တင့်၊ ကျောင်းဆရာကို ခင်မောင်ဝင်းနဲ့ကိုထွန်းတို့ရော ... အမေ''

''ဖားမင်းနဲ့လိပ်မင်းကတော့ ရှိပါတယ်သားရယ်။ ပန်းပဲဆရာ ကျော်တင့်ကတော့ မီးအပူဟပ်ပြီးဆုံးပါးသွားတာ မင်းအဘနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ။ ကျောင်းဆရာတို့ကတော့ ရေပုတ်ရွာမှာ တာဝန်ကျတာနဲ့ ဒီဘက်ကိုလာခဲပါတယ်ကွယ်။ ကဲ ... သားတို့နားကြပါဦး။ အမေ ထမင်းစားဖို့ ပြင်ဆင်လိုက်ဦးမယ်''

အမေနှင့်ဒေါ်နက်တို့ ချက်ပြုတ်ရန် ပြင်ဆင်နေကြစဉ် တင်သောင်း၊ ကျော်ကြီး၊ မြင့်သိန်းတို့က ထင်းခွဲ၊ ရေခပ်၊ မီးမွှေး လုပ်ပေးကြသည်။ ဒေါ်နက်တစ်ဦးတည်း ရွာထဲဘက်သို့ တစ်ဘက်ကလေးခေါင်းမြီးခြုံ၍ ထွက်သွားသည်ကိုလည်း မြင်လိုက်ရသည်။ အမေတို့အိမ်မှာ ကုန်မျိုးစုံဆိုင်ဖွင့်ထား၍ ဟင်းခပ်ပစ္စည်းများ အစုံအလင်ရှိသည်။ ကျွန်တော်တို့ လက်ဖက်သုပ်နှင့်ရေနွေးကြမ်း စားသောက်နေကြစဉ် ကျွန်တော်က ...

''မမ ... ဟိုစက်ဘီးကြီးကို မှတ်မိသလား''

''အဘ ဦးသာနိုး စီးသွားခဲ့တဲ့ စက်ဘီးမဟုတ်လား ... မောင်မောင်''

''ဟုတ်တယ် မမ၊ အဘ ဦးသာနိုးစီးခဲ့သလို ကျွန်တော့်လည်း စီးခဲ့တာပဲ။ ဒီ HUMBER စက်ဘီးကြီးနဲ့ မမကို ကျောက်မီးတာဆိုရှကို လိုက်ပို့ခဲ့တာလေ။ ဒါကြောင့် အဘဦးသာနိုးက ကျွန်တော့်ကို အမွေပေးခဲ့တာ''



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်နဲ့ပတ်သက်ရင် သံယောဇဉ်ကြီးတဲ့လူတွေက အများကြီးပဲနော်။ အခုလည်း ကြည့်ပါလား။ ဒီမှာ မမအပါအဝင် မောင် မောင့်တပည့်တွေရယ်၊ မနန်းစောတောင်ပါသေး"

မမကြီးစကားကြောင့် မနန်းစောက ပြုံးပြသည်။ ထိုစဉ် လူရွယ်နှစ်ဦး ထန်းရည်ကျည်တောက်များဖြင့် အိမ်ဝိုင်းထဲသို့ ဝင်လာကြသည်။ ကျွန်တော် နာမည်ပြောင်ပေးထားသော ဖားမင်းနှင့်လိပ်မင်း ပင် ဖြစ်သည်။

"ဆရာလေးရာ ... ဆရာလေးရောက်တယ်ကြားလို့ ကျွန် တော်တို့ လယ်တောကအပြန် ထန်းရည်ချလာကြတာ။ ဒီရာသီက မိုးတွင်းမဟုတ်လို့ လိပ်နဲ့ဖားကတော့ ရှားသဗျ။ ပဲကြီးလှော်နဲ့ပဲ တွယ် ကြတာပေါ့ဗျာ ... နော့"

ထန်းရည်ဟူသော အသံကြားသည်နှင့် မြင့်သိန်း၊ ကျော်ကြီး နှင့်မျောက်တင်သောင်းတို့ ခေါင်းထောင်ထလာကြသည်။ ဝါးကျည် တောက်အတွင်းမှ ထန်းရည်မှာလည်း အမြှုပ်များ တစ်စီစီတက်၍ သောက်ချင်စရာပင်။ ကျွန်တော်တို့သောက်ရန် ခွက်များထဲ ငှဲ့အထည့် လူတစ်ဦး ငှက်ပျော်သီးမှည့်တစ်ခိုင် ထမ်းလာပြီး ...

"အသုံးလုံးဆရာလေး ... ဆရာတော်ဘုရား ခေါ်နေပါတယ်။ ဒီမှာလည်း ဖီးကြမ်းငှက်ပျောသီးတစ်ခိုင် ပို့ခိုင်းလိုက်ပါတယ်"

"ကျောင်းထိုင်ဆရာတော် ဦးပဏ္ဍိတလား ခင်ဗျား၊ ကျွန်တော် တို့လည်း ထမင်းစားသောက်ပြီးတာနဲ့ လာကန်တော့ဖို့ပါ။ ဟုတ်ကဲ့ ... အခုပဲလာခဲ့ပါ့မယ်လို့ လျှောက်ပေးပါနော် ဦးလေး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ကဲ ... ဖားမင်း၊ လိပ်မင်းနဲ့ မြင့်သိန်း၊ ကျော်ကြီး၊ တင်





သောင်းတို့ အေးအေးဆေးဆေး သောက်ရင်းစားရင်း နေခဲ့ကြတော့။ တော်ပါသေးရဲ့၊ ငါမသောက်ဖြစ်သေးလို့။ လာ ... ပုဏ္ဏားနဲ့မကြီးတို့ အဖွဲ့ ဆရာတော်ကျောင်းကို သွားကြရအောင် မုန့်တွေကျန်တာလည်း ယူခဲ့ကြပါဦး"

ရွာတောင်ဖျားမှ ဘုန်းတော်ကြီးကျောင်းသို့ ကျွန်တော်တို့လာ ခဲ့ကြစဉ် တစ်ရွာလုံးက ဝိုင်း၍ နှုတ်ဆက်ကြသည်။ ကျောင်းဝင်းကြီး ထိပ်တွင် အုတ်စီကျောက်ရေတွင်းရှိပြီး တစ်ရွာလုံး သောက်သုံးရေ အတွက် အားအထားရသော ရေတွင်းဖြစ်သည်။ ကျောင်းဝင်းထဲတွင် သရက်ပင်၊ ငှက်ပျောပင်များနှင့် ညို့ညို့ဆိုင်းဆိုင်း အေးချမ်းလှသည်။ ကျွန်တော်တို့ ကျောင်းဝိုင်းထဲဝင်လာသည်နှင့် တောကြက်တစ်အုပ်မှာ ခုန်ခနဲ ထပျံသွားကြသည်။

ပုဏ္ဏား ။ "ဆရာရေ ... ဘုန်းကြီးကျောင်းက မွေးထားတဲ့ ကြက် အိန်ညင်တွေအောက်မေ့တာ၊ တကယ့် တောကြက်တွေပဲနော်"

"ဟုတ်တယ် ... ကြက်နဖားတောင်ခြေတောကလာတဲ့ တော ကြက်တွေပဲ။ ဒီကျောင်းထဲမှာ ဘေးမဲ့ပေးထားတဲ့ ရှဉ့်တွေရော၊ တောင် ဓိရုံ ချိုးနဲ့ခိုတွေရော ငှက်မျိုးစုံရှိတယ်"

ကျွန်တော်တို့အဖွဲ့ ကျောင်းပေါ်ရောက်တော့ ဆရာတော်ဘုရား မှာ နေ့ဆွမ်းဘုဉ်းပေးနေပြီ ဖြစ်သည်။

"လာ ... ထိုင်ကြ။ ကျောင်းဆရာတို့အဖွဲ့ ဘုန်းကြီးဘုဉ်း ပေးပြီးရင် ဒီကျောင်းမှာပဲ နေ့လယ်စာစားကြ။ ဒီနေ့ ဟင်းစုံတယ်။ အဘတို့ရောက်လာတာနဲ့ အတော်ပဲ"

"သုံးဆောင်ပါ ဘုရား။ တပည့်တော်တို့ ဦးသာနိုးတို့အိမ်မှာ နေ့လယ်စာစားဖို့ စီစဉ်ပြီးပါပြီ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း ... အိမ်း ... ဒကာကျောင်းဆရာနဲ့အဖွဲ့ ရောက်တယ်ဆိုတာ ကပ္ပိယကြီးပြောလို့သိတာနဲ့ ခေါ်ခိုင်းရတာပါ။ ဩော် ... မမကြီးတို့လည်း ပါကြတာကိုး။ ဒါနဲ့ ဒကာကျောင်းဆရာက ဘာအလုပ်များလုပ်နေသတုန်းကွယ့်"

"တပည့်တော် အကျဉ်းဦးစီးဌာနမှ ထောင်မှူးကြီးအဖြစ်တာဝန်ထမ်းဆောင်နေပါတယ် ဘုရား"

"အိမ်း ... အိမ်း ... ကောင်းလေစွ၊ ကောင်းလေစွ။ မင်းမှုထမ်းတွေ အရာရှိတွေပေါ့နော်"

ဆရာတော်မှာ ဆွမ်းဘုဉ်းပေးခြင်းကို လက်စသတ်ပြီး ကြိမ်ပက်လက်ကုလားထိုင်ကြီးတွင် ဝင်ထိုင်သည်။ ကျွန်တော်တို့က ပါလာသောမုန့်များနှင့် ဝတ္ထုငွေများကို ကပ်လှူပူဇော်တော့ ငါးပါးသီလပေးပြီး မင်းမှုထမ်းနှင့်သက်ဆိုင်သော တရားတော်ကိုဟောကြား၍ ဆိုဆုံးမသည်။ ပြီးနောက် ကျွန်တော့်အား မင်းမှုထမ်းများဆောင်ထားရန်ဟုဆိုကာ ဓာတ်လုံးလက်စွပ်တစ်ကွင်းကို ချီးမြှင့်သည်။ မမကြီးကိုတော့ ရွှေချထားသည့် နှုယ်ဝင်တစ်ခွေကို စွန့်ကြဲသည်။

"ဒါက တောထဲတောင်ထဲ တာဝန်ထမ်းဆောင်ရတဲ့ မင်းမှုထမ်းတွေအတွက် အဆောင်ကောင်းပဲ။ အန္တရာယ်ကို ကြိုတင်သတိပေးလိမ့်မယ်။ ရာထူးတက်မြန်မယ်၊ လူချစ်လူခင်ပေါမယ်။ ကျန်းမာရေးလည်းကောင်းလိမ့်မယ်။ မမကြီးက အရောင်းအဝယ်သမားဆိုတော့ ဆိုင်ရှေ့အပေါ် အဝင်ပေါက်အမြင့်မှာချိတ်ထားဖို့ နှုယ်ဝင်ခွေကိုပေးတာ။ ဒါက ကြွက်နဖားတောင်ပေါ်ကရတာ။ ရှားပါးပစ္စည်းပဲ။ ကွင်းထဲကို နှုယ်(၃)ခါတောင်ဝင်နေတယ်။ အရောင်းအဝယ်၊ လာဘ်လာဘ အလွန်ကောင်းတယ်။ ဒကာတို့မှာ ဘာရောဂါများရှိကြသေးလဲ။ ဘုန်းကြီး ဆေးပေးချင်လို့ပါ"

ကျွန်တော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ ထိုစဉ် ဆေးဆရာ ပုဏ္ဏားတင်ဦးက ...

"ဆရာတော်ဘုရား တပည့်တော်တို့မှာ ရောဂါမရှိသေးပါဘူးဘုရား။ တပည့်တော်လည်း ဗိန္ဒော၊ ပယောဂ၊ ဗေဒင်၊ အဆောင်၊ လက်ဖွဲ့၊ ဂါထာ၊ မန္တာန်အစုံ ဝါသနာပါ ပါတယ်ဘုရား"

"ဒါဆို ဒကာကြီးက မဟိဒ္ဓိလိုင်းလိုက်တာပေါ့။ ပေါက်ကောပေါက်ရောက်ရဲ့လား။ မဟိဒ္ဓိနဲ့ ဣဒ္ဓိလိုင်းက ဆက်စပ်နေတယ်။ ကိုးကွယ်အားထားစရာ ဆရာကောင်းသမားကောင်းလိုတယ်။ မဟိဒ္ဓိနဲ့ ဣဒ္ဓိကိုရော ခွဲခြားသိရဲ့လား"

"တင်ပါ့ ... မိန့်တော်မူပါဘုရား"

"မှတ်ထားနော် ... ဒကာကြီး။ မဟိဒ္ဓိဆိုတာ မိမိအားကိုးရာမှုဇော်ရာ ဆေးဝါး၊ အင်းအိုင်၊ ဂါထာ၊ မန္တာန်တို့၏အစွမ်းကြောင့် ရရှိလာအပ်သော စွမ်းအင်တန်ခိုးကို 'မဟိဒ္ဓိ'လို့လည်း တစ်မျိုးမှတ်ယူနိုင်တယ်။ တစ်စုံတစ်ဦး၏ အကူအညီတန်ခိုးကိုလည်း 'မဟိဒ္ဓိ'ဟု ဆိုနိုင်တယ်။ မဟိဒ္ဓိပေါက်ရင် ဣဒ္ဓိဘက်ရောက်နိုင်တယ်။

ဣဒ္ဓိဆိုတာကတော့ အကျင့်၊ သိက္ခာ၊ သမာဓိ၊ သမထ၊ ဝိပဿနာ အကျင့်တရားကြောင့် ရရှိလာအပ်သောအကျိုး၊ ကိုယ်ပိုင်တန်ခိုးကိုဣဒ္ဓိဟု မှတ်ယူရမယ်။ မဟိဒ္ဓိနဲ့ဣဒ္ဓိပေါက်မြောက်ရင် ထွက်ရပ်လမ်း ပေါက်မြောက်အောင်မြင်ပြီလို့ မှတ်ပေတော့ ... ဒကာကြီး"

"တင်ပါ့ ဘုရား"

"ဒကာကြီးက ဘာလူမျိုးလဲ။ နာမည်ကရောကွယ်"

"တင်ပါ့ ... တပည့်တော်က ကျေးပုဏ္ဏားမျိုးပါဘုရား။ အဘိုး

www.burmeseclassic.com



က မြန်မာဘုရင် မင်းတုန်းမင်းလက်ထက်ကတည်းက မင်းဆရာပုဏ္ဏားရဲ့ တပည့်ပါဘုရား။ ဒါကြောင့်လည်း တပည့်တော်တို့ ဆွေစဉ်မျိုးဆက် ဗေဒင်၊ ယတြာနဲ့ အဆောင်လက်ဖွဲ့ လုပ်စားပါတယ်ဘုရား။ တပည့်တော် နာမည်က ပုဏ္ဏားတင်ဦးလို့ ခေါ်ပါတယ်ဘုရား''

''တကယ့် ပုဂ္ဂိုလ်ပဲကိုး။ အခု ဒကာကြီးမှာဆောင်ထားတဲ့ အဆောင်လက်ဖွဲ့တွေကို ပြပါဦး။ ဘုန်းကြီးကလည်း သိဒ္ဓိတင်ပေးချင်လို့ပါ''

ဆရာတော်ကမိန့်မှ ပုဏ္ဏားတင်ဦးက သူ၏အဆောင်လက်စွပ်နှင့် လည်တွင်ဆွဲထားသော အဆောင်လက်ဖွဲ့များ ချိတ်ဆွဲထားသည့် ဆွဲကြိုးကို ထုတ်ပြသည်။ လည်ဆွဲတွင် အဆောင်လက်စွပ်၊ အစွယ်များနှင့် ဓာတ်လုံးများလည်း ပါသည်။

''ဒကာကြီး ...အဆောင်တွေကို ကျောင်းအောက်ဆင်းပြီး ရေစင်အောင်ဆေးလိုက်ပါ။ ပြီးရင် ကပ္ပိယကြီးဆီက ကြွေပန်းကန် သန့်သန့်တစ်ချပ်တောင်းပြီး ထည့်ယူခဲ့ပါ''

''တင်ပါ့ ဘုရား''

မကြာမီ ပုဏ္ဏားတင်ဦး ပန်းကန်တစ်ချပ်ကိုင်၍ ကျောင်းပေါ်သို့ ပြန်တက်လာသည်။ ဆရာတော်က သူ၏လက်ကို စင်အောင်သုပ်၍ အဆောင်လက်ဖွဲ့များကို တစ်ခုချင်းကိုင်ကြည့်ပြီး ...

''အင်း ...ဒကာကြီးပစ္စည်းတွေက ကာယသိဒ္ဓိအဆောင်တွေပဲ။ ဒါက ကြောင်မျက်ရှင်လက်စွပ်၊ တစ်လုံးလိုတော့ ဘက်ပဲ့နေတယ်။ တစ်စုံလုံးမှ အစွမ်းထက်တာ။ ဒါက ဝက်စွယ်ငင်းပိတ်ထင်တယ်။ ဒါက မြွေစွယ်၊ ဒါက မိကျောင်းစွယ်၊ ဒါက ကျားစွယ်၊ မာန်စွယ်တွေချည်းပဲ ရန်များတယ်။ ကဲ ... ဘုန်းကြီးမှာလည်း ကြောင်မျက်ရှင်





တစ်လုံးရှိတော့ ဒကာကြီးကို စွန့်လိုက်ပါ့မယ်။ တစ်စုံပြည့်သွားတာပေါ့။ သီလ၊ သမာဓိ၊ သိက္ခာလုံပြီး သမထလိုင်းဘက်လိုက်ရင်တော့ မဟိဒ္ဓိ ဦးမြောက်ပြီး ဣဒ္ဓိပါ ပေါက်နိုင်ပါတယ်။ လာ ...ဒကာကြီး မြတ်ဘုရားရှေ့မှာ ငါးပါးသီလခံယူပြီး ဘုန်းကြီးသိဒ္ဓိတင်ပေးမယ် ...လာ ... လာ''

နာရီဝက်ခန့်ကြာအောင် ဆရာတော်က မန်းမှုတ်၍ သိဒ္ဓိတင်ပေးသည်။ ပြီးမှ ကျက်သရေခန်းထဲက ကြောင်မျက်ရှင်လက်စွပ်တစ်ကွင်းကိုယူပြီး ပုဏ္ဏားတင်ဦးအား စွန့်ကျဲသည်။

''ကြောင်မျက်ရှင်လက်စွပ်နှစ်ကွင်းကို ဘယ်ညာဝတ်ထားပါ ဒကာကြီး။ ငါးပါးသီလတော့ လုံခြုံပါစေ။ သမထလိုင်းကို လိုက်ပါ။ ပေါက်မြောက်အောင်မြင်ရင် ရှိန်းဆရာပိုမောက်လို့ ကိုယ်ပါပျောက်နိုင်တယ်''

''တင်ပါ့ ...ဘုရား။ တပည့်တော်လုံခြုံအောင် ထိန်းပါ့မယ်ဘုရား''

ပုဏ္ဏားတင်ဦးက ဝတ္ထုငွေများထုတ်လှူသော်လည်း ဆရာတော်က လက်မခံပါ။

''ပြန်ယူသွားပါ ...ဒကာကြီး။ ဘုန်းကြီးက ကြောင်မျက်ရှင်လက်စွပ်ကို ရောင်းတာမဟုတ်ပါဘူး။ ဘုန်းကြီးနဲ့လည်း မအပ်စပ်တော့ဘူး။ ဒကာကြီးနဲ့ ထိုက်တန်လို့လှူတာပါ။ မဟိဒ္ဓိအဆောင်ကောင်းလို့ မှတ်လိုက်ပါ။ မဟိဒ္ဓိမြောက်ရင် ဘာဖြစ်မလဲ ...ဒကာကြီး''

''ဣဒ္ဓိပေါက်မှာပါ ဘုရား''

''အိမ်း ...အိမ်း ...လိုရာခရီး ဆက်ကြပေရော့။ သွားလေရာ၊ လာလေရာ အန္တရာယ်ကင်း။ ဘေးရှင်းကြပါစေ''



www.burmeseclassic.com

www.burmeseclassic.com



"ပေးတဲ့ဆုနဲ့ ပြည့်ပါစေဘုရား"

ကျွန်တော်တို့အဖွဲ့ ဆရာတော်အားဝတ်ပြုပြီး နေ့လယ်စာ စားရန် အဘဦးသာနိုးတို့အိမ်သို့ ပြန်ခဲ့ကြပါသည်။

အဘ ဦးသာနိုးတို့အိမ်ရှေ့ အညာခုံတန်း စားပွဲရှည်ကြီးတွင် ဟင်းပန်းကန်များက အပြည့်အလျှံဖြစ်နေသည်။

"အမေရယ် ... ဟင်းတွေက ဘာလို့ ဒီလောက်များအောင် စီစဉ်ထားရတာလည်း ပင်ပန်းခံလို့ဗျာ"

"သားရေ ... အမေတို့အိမ်က ဟင်းသုံးလေးမျိုးရယ်။ တစ်ရွာလုံးက လာပို့ထားကြတာ။ စားပွဲခုံမဆန့်လို့ ဟောဟိုက ကွပ်ပျစ်ပေါ်မှာတောင် တင်ထားရသေးသကွယ့်။ ငါ့သားကြီး ဘုန်းကြီးချက်တော့ မပြောပါနဲ့တော့"

"ဪ ... အမေရယ်၊ ခင်လို့မင်လို့ လာပို့ကြတာနေမှာပါ။ တစ်ရွာလုံးကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး"

"သား ကျေးဇူးက ကြီးပါပေတယ်ကွယ်။ တစ်ရွာလုံးလည်း အရေးအဖတ်၊ အတွက်တွေတတ်ကြပြီး အသုံးလုံးလည်း အောင်မြင်ကြတယ်။ မင်းအဒေါ်အပျိုကြီး မနက်ကိုပဲ ကြည့်ပါလား။ အားတာနဲ့ စာအုပ်နဲ့မျက်နှာ မခွာတော့ဘူး။ သတင်းစာလည်း ဖတ်တယ်။ မဂ္ဂဇင်းလည်း ဖတ်တယ်။ ဝတ္ထုစာအုပ်မျိုးစုံလည်း ဖတ်တယ်။ ဒါကြောင့် မင်းကို ကျေးဇူးတင်နေကြတာ"

"ဟုတ်ကဲ့ပါ အမေရယ်၊ ဝမ်းသာလှပါတယ်။ စာတတ်တော့ အရောင်းအဝယ်လည်း လုပ်နိုင်ပြီး ဘာသာရေး၊ လူမှုရေးစာတွေလည်း ဖတ်နိုင်တော့ အမြင်ကျယ်ပြီး ဗဟုသုတရတာပေါ့"

ကျွန်တော်တို့ နေ့လယ်စာစားကြတော့ ဘယ်ဟင်းခွက်ကိုပင်





နှိုက်ရမှန်းမသိ။ ဟင်းအမယ်က စုံလှသည်။ ကြက်သားဟင်း၊ ဆိတ်သားဟင်း၊ ဟင်းသီးဟင်းရွက်အကြော်အမျိုးမျိုး၊ ပဲဟင်းအမျိုးမျိုးတို့ဖြစ်ကြသည်။ အညာဒေသဖြစ်၍ ငါးအစိုဟင်းတော့မပါ။ ငါးခြောက်ဟင်းတော့ ပါသည်။ ကျွန်တော်ကတော့ ပဲကြီးနှပ်နှင့် ငါးခြောက်ဟင်း၊ အရွက်စုံကြော်ကို သဘောကျလှသည်။ ပုဏ္ဏားတင်ဦးကတော့ အသက်သတ်လွတ်သမားဖြစ်၍ အဆင်ပြေပါသည်။

မကြီး ။ "မောင်မောင်ရယ် ... မမတို့အိမ်မှာတောင် ဒါလောက် ဟင်းအမည်မစုံဘူး။ ထမင်းမြိန်လိုက်တာကွယ်"

သမီးယွန်းပွင့်စံနှင့် မနန်းစောတို့လည်း ထမင်းမြိန်ကြဟန်တူသည်။ ထန်းရည်သမား သူရိုးမြင့်သိန်း၊ ကျော်ကြီးနှင့် မျောက်တင်အောင်းတို့ကတော့ ထန်းရည်တန်ခိုးကြောင့် ထမင်းနှစ်ပန်းကန်၊ သုံးပန်းကန်စီ တွယ်ကြသည်။ ဖားမင်းနှင့် လိပ်မင်းတို့ကတော့ ဝင်မစား။ အနားကစောင့်၍ ထမင်းနှင့်ဟင်း လိုက်ပေးနေကြသည်။

"ဆရာလေးတို့ အဝစားကြပါ။ ဒီမှာ ထမင်းတွေရော ဟင်းတွေပါ အများကြီးရှိသေးတယ်"

"စားပါ့ဗျာ။ ဗိုက်တောင် မဆန့်ချင်တော့ဘူး။ ခွေးတောက်ရွက်နဲ့ ကြက်သားဟင်းကလည်း လိုက်ဖက်ပါ့ဗျာ"

"အေး ... အဲဒါ မင်းတို့အရက်သမားတွေအတွက် အမေနဲ့ ဒေါ်နက်က စပါယ်ရှယ်ချက်ထားတာ ... ကျော်ကြီးရ"

ကျွန်တော်ကဝင်ပြောတော့ ဒေါ်နက်က ...

"ခွေးတောက်ရွက်နဲ့ ကြက်သားက ဒဏ်ကျေတယ်ကွယ့်။ အရက်သမားတွေအတွက် အရက်ချိုးလည်းကျတာပေါ့။ အသည်းကို လည်း အားပေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ကျော်ကြီးဖိတွယ်နေတာ ထင်တယ် အဒေါ်"

တင်သောင်းက ဝင်ပြောတော့ ကျော်ကြီးက ...

"ကိုတင်သောင်း ... ခင်ဗျားလည်း မကြိုက်ဘူးလား"

"ဟဲ ... ဟဲ ... ကြိုက်လွန်းလို့ ကျွန်တော်က ပြောရတာပါဗျာ"

ထိုစဉ် ယွန်းမွင့်စံက ...

"ကျွန်မတို့တော့ သီးရွက်စုံကြော်နဲ့ ပဲနှပ်ရယ်၊ ညှောင်ချဉ်ဖူးသုပ်ရယ်ကို အကြိုက်ဆုံးပဲ။ မေမေရယ် နောက်ဆို အသားတွေ မစားချင်တော့ဘူး။ ဒါမျိုးပဲ စားချင်တယ်"

"ဟုတ်ပါတယ် မမ၊ ကျွန်မလည်း ကြိုက်တယ်"

မနန်းစောက ဝင်၍ ထောက်ခံသည်။

"ဟုတ်ပါတယ် သမီးတို့ရယ်။ မေမေလည်း လက်ရာပြောင်းလို့လား မသိဘူး။ စားကောင်းလိုက်တာ ဆွေမျိုးတောင်မေ့သွားမတတ်ပါပဲ"

အချုပ်ဆိုရသော် ကျွန်တော်တို့အားလုံး ထမင်းမြိန်ကြသည်။ ခရီးသွားနေရပြီး ချစ်ခင်သူများနှင့် လက်ရေတစ်ပြင်တည်း စုပေါင်းစားရလို့လည်း မြိန်ဟန်ရှိသည်။ တကယ်တမ်းတော့ 'မြိန်ရာဟင်းကောင်း'ဟု စာဆိုရှိသည် မဟုတ်ပါလားခင်ဗျား။

ထမင်းစားပြီးပြန်တော့လည်း ငှက်ပျောသီးအမျိုးမျိုး၊ ထန်းလျက်ခဲ၊ မြေပဲကြော်၊ ပဲအမျိုးမျိုးကြော်နှင့် လက်ဖက်သုပ်မျိုးစုံရောက်လာကြပြန်သည်။ ကျွန်တော်တို့ ရေနွေးကြမ်းနှင့် လက်ဖက်ကိုသာမြည်းပြီး မစားနိုင်ကြတော့ပါ။ ထိုစဉ် တင်းတောင်းကိုထမ်း၍ လူတစ်ဦး ရောက်လာပြန်သည်။





"မမကြီး ခြံထွက်ဇီးသီး (ဆီးသီး) လာပို့တာပါ။ ခြံထဲမှာလည်း မမကြီးတို့ရောက်တယ်ဆိုတာသိလို့ ထမင်းဟင်းပြင်ဆင်ထားပါတယ်"

မမကြီး၏ ဆီးသီးခြံမှ အလုပ်သမားဖြစ်သည်။ နိုင်ငံခြားဆီးသီးမျိုးဖြစ်၍ ဆီးသီးများမှာ အလုံးထွားလှသည်။

"အေး ... အေး ... ကိုလိပ်ပု၊ ကျေးဇူးပဲ။ မျက်နှာလွှဲဆောင်တင်သိန်းကို ပြောလိုက်ပါ။ မမကြီးတို့ ဒီမှာ ထမင်းစားပြီးပြီလို့ ခြံထဲကိုလည်း လာခဲ့မယ်။ နွားနို့စစ်စစ်ဖျော်ထားပါလို့ ပြောလိုက်နော်။ ဒီနေ့တော့မလုပ်နဲ့တော့ မမတို့ ဗိုက်ပြည့်နေပြီ"

"ဟုတ်ကဲ့ ... မမကြီး၊ ကျွန်တော်ပြန်ပါဦးမယ်"

ကိုလိပ်ပုပြန်သွားတော့ မမကြီးက ဆီးတောင်းကြီးအား အမေနှင့် ဒေါ်နက်တို့လက်သို့အပ်သည်။

"အမေတို့ ဝေမျှစားကြပါ။ ကျွန်မတို့ ခြံထွက်ဆီးသီးတွေပါ။ အမှတ်တရပေါ့"

"မမကြီးတို့ပဲ မြို့ကိုယူသွားကြပါကွယ်။ ဒီရွာမှာက စပါးနဲ့ ခဲမျိုးစုံအပြင် ဆီးခြံတွေပါစိုက်တော့ အမေတို့က မုန်းနေပြီ။ မစားကြတော့ဘူးကွယ့်"

"ကဲ ... အမေနဲ့ဒေါ်နက်၊ ကျွန်တော်တို့က ပြင်ဦးလွင်အထိသွားကြရဦးမှာမို့ ခွင့်ပြုပါဦး။ မမကြီးတို့ဆီးသီးခြံကိုလည်း ဝင်ရဦးမှာမို့ပါ"

ကျွန်တော်တို့အားလုံး အမေ့အားကန်တော့ကြစဉ် ဒေါ်နက်က Humber စက်ဘီးကြီးအား ချည်ထားသောကြိုးများကို ဖြုတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားကြီး ...မင်းအဖေအမွေ စက်ဘီးနဲ့ဓားကိုလည်း ယူ သွားဦးလေကွယ်။ မင်းအဖေမသေခင် အတန်တန်မှာပြီး ပေးသွားတာ"

"ခွင့်လွှတ်ပါ အမေရယ်။ ကျွန်တော်တို့ မြို့မှာ စက်ဘီးလည်း မစီးတော့ အပိုဖြစ်နေမှာပါ။ သယ်သွားဖို့လည်း မလွယ်ပါဘူး။ အဖေ တို့ကျေနပ်အောင် ဓားရှည်ကြီးကိုတော့ ယူသွားပါ့မယ်။ ကျေနပ်ပါ အမေရယ်"

"အေးကွယ် ...ငါ့သား ဘုန်းကြီးလို့ အသက်ရှည်ပါစေ၊ အန္တရာယ်ကင်းပြီး ဘေးရှင်းပါစေကွယ်။ မင်းအဖေမရှိတော့ပေမဲ့ မကြာ မကြာတော့ လာလည်ပါကွယ်။ အမေတို့မျှော်နေမှာပါ သားကြီးရယ် နော်"

"ဟုတ်ကဲ့ပါ အမေ။ သားတို့ကို ခွင့်ပြုပါဦး"

ကျွန်တော် အမေ့အားထပ်မံဦးချကန်တော့ပြီး ဖေါ်နက်အား နှုတ်ဆက်၍ မမကြီးတို့ဆီးခြံဘက်သို့ ထွက်ခဲ့ကြပါသည်။ မျောက်တင် သောင်းက ဆီးတောင်းကြီးထမ်းပြီး သူ့ခိုးမြင့်သိန်းက ငှက်ကြီးတောင် ဓားကြီးကို လွယ်သိုင်း၍ ဖြစ်သည်။ မမကြီးတို့အိမ်ကြီးမှာ ပျဉ်ထောင် နှစ်ထပ်အိမ်ကြီးဖြစ်ပြီး ရေနံရည်ဝ၍ မဲမဲကြီးဖြစ်နေသည်။ အိမ်ပေါ် တွင် ပူလွန်းလှသဖြင့် အိမ်အနောက်ဘက် မန်ကျည်းပင်ကြီးအောက် တွင် စားပွဲရှည်ကြီးနှင့် ခုံတန်းလျားများချ၍ စားသောက်ရန်ပြင်ဆင် ထားသည်။ စားပွဲပေါ်၌ နွားနို့စစ်စစ်နှင့် မလိုင်ခဲများ၊ လက်ဖက်သုပ်၊ ပဲမျိုးစုံကြော်တို့ကို ခင်းကျင်းပြင်ဆင်ထားသည်။

မျက်နှာလွှဲ မောင်တင်သိန်းဆိုသူက ဆီးကြိုသည်။

"မမကြီးနဲ့ညီသည်တော်များ ကြွပါခင်ဗျာ။ သုံးဆောင်ကြ ပါ။ နွားနို့က ပူပူနွေးနွေး အလွန်စစ်ပါတယ် ခင်ဗျ"





ကျွန်တော်တို့ အေးချမ်းလှသော မန်ကျည်းပင်ကြီးအောက်က ခုံတန်းလျားများတွင် ထိုင်ကြရင်း နွားနို့သောက်ကြရပြန်သည်။ မမကြီး က မျက်နှာလွှဲနှင့် ခြံအကြောင်းပြောနေသည်။ ယွန်းပွင့်စံနှင့် မနန်းစော တို့မှာ အလွန်ပျော်ရွှင်နေကြဟန်ဖြင့် ...

"ဦး ...ရွှေစာရံဘုရားကို သွားမယ်ဆို။ ဒီကနေ လမ်း လျှောက်သွားမှာလား"

"မဟုတ်ဘူး သမီးရဲ့။ လမ်းလျှောက်သွားလို့ရပေမဲ့ နေပြင်း လွန်းတော့ မကောင်းဘူးကွယ့်။ ပြန်ထွက်ပြီးမှ ပြင်ဦးလွင်ကားလမ်း အတိုင်းသွားပြီး ချိုးဝင်ရမှာ"

"ညီမတို့က လမ်းလျှောက်သွားချင်တာ အတော်ဝေးလို့လား အစ်ကို"

"မဝေးလှပါဘူး။ ဒီကနေ လယ်ကွင်းကိုဖြတ်၊ နွားစားကျက် ကိုကျော်ပြီး၊ နားရှောင်းကျွဲချောင်းကိုဖြတ်တာနဲ့ ရွှေစာရံဘုရားပုရဝုဏ် ကို ရောက်ပါတယ်။ ဒါပေမဲ့ နေကပြင်းပြီး မြေပူပါ၊ ကင်းပါးထူလို့ ကား နဲ့ပဲ သွားကြတာပေါ့ကွယ်နော်။ လမ်းလျှောက်တာက မနက်ခင်းနဲ့ ညနေ စောင်းပဲ ကောင်းတယ်ကွယ့်"

"ဟုတ်ကဲ့ပါ အစ်ကို"

မမကြီး၏ ဆီးခြံကိုစွပြောဆိုပြီးတော့ ကျွန်တော်တို့ ပြန်ကြ ရန်ပြင်ဆင်နေကြစဉ် ဖားမင်းနှင့်လိပ်မင်းတို့ တောင်းကြီးများထမ်း၍ ရောက်လာကြပြန်သည်။

"ဆရာလေးရေ၊ ကျွန်တော်တို့ ထမင်းစားနေတုန်း ရွာက လူတွေ လာပေးကြတာ။ ဆီးထန်းလျက်နဲ့ မြေပဲ၊ မလိုင်ခဲတွေ။ ပြန် ကြတော့မှာလား ကျွန်တော်တို့ကားဆီကို လိုက်ပို့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ... အားနာစရာကြီး။ ငါတို့က ရွာသူရွာသားတွေ အတွက် ဘာမှပြန်မပေးနိုင်ဘူး။ စေတနာထက်သန်လိုက်ကြတာ အလွန် ပဲနော်။ ကဲ ... ရော့ ... ရော့ ... မင်းတို့အတွက် မုန့်ဖိုးတစ်ထောင် စီယူကြ"

"ဟာ ... ဆရာလေးကလည်းဗျာ"

"ဘာလည်း နည်းလို့လား"

"မဟုတ်ပါဘူး ဆရာလေးရယ်၊ ကျွန်တော်တို့မှာ လယ်တော ရော၊ ထန်းတောပါအပိုင်ပါရှိနေတာ ပိုက်ဆံမလိုပါဘူးဗျာ"

ထိုစဉ် မမကြီးကလည်း တစ်ထောင်စီထပ်ပေးပြန်သည်။

"ယူပါ ဖားမင်းနဲ့လိပ်မင်းရယ်၊ ပိုက်ဆံရှိရင် ဘာဝယ်ဝယ် ရပါတယ်။ မင်းတို့ကို ကျေးဇူးတင်လို့ပေးတာပါ။ ရော့ ... ယူပါ"

ကျွန်တော်တို့ကားများဆီသို့ ရွာပြင်ဖြတ်လမ်းမှ လာကြစဉ် မမကြီးက ...

"မောင်မောင် ... သူတို့ကို ဖားမင်းနဲ့လိပ်မင်းလို့ ဘာဖြစ် လို့ခေါ်တာလဲ"

"ကျွန်တော် ဒီမှာအသုံးလုံးဆရာ လုပ်စဉ်တုန်းက သူတို့က ဖားတွေနဲ့လိပ်တွေကို ရှာကျွေးခဲ့လို့ပါ မမရယ်။ ဖားရလာရင် ညအိပ် ချိန်တောင် အိပ်ရာကနှိုးပြီး လာကျွေးတာ။ အဲဒီတုန်းက သူတို့က ကာလသားပေါက်စတွေပေါ့။ ကျွန်တော့်ကို အရမ်းခင်ကြတာ။ ည (၉) နာရီလောက် စာသင်ဝိုင်းပြီးရင်လည်း လာစကားပြောကြတာ။ ညဉ့် နက်သန်းခေါင်အထိပဲ သူတို့လည်း ကျွန်တော့်ရဲ့စာသင်သား တပည့် တွေပဲလေ"

"အင်း ... ဒါကြောင့်လည်း မောင်မောင့်ကိုအရမ်းခင်ပြီး လေး





စားကြတာပဲနော်။ မမနဲ့မောင်မောင့်အကြောင်းကိုရော သိကြသလား"

"ကျွန်တော်တို့အကြောင်းကိုတော့ အဘဦးသာနိုးတို့မိသားစု ပဲ သိတာ။ သူတို့ သိ မသိ အခုမေးလိုက်မယ်လေ"

"မလုပ်ပါနဲ့ မောင်မောင်ရယ်။ မမရှက်ပါတယ်။ မမေးပါနဲ့ နော်"

"မမကို စတာပါ မမရယ်"

ကျွန်တော်တို့ကားများဆီရောက်တော့ ပစ္စည်းများကို ကား ပေါ်တင်ပြီး လိပ်မင်းနှင့်ဖားမင်းကို နှုတ်ဆက်၍ ထွက်ခဲ့ကြသည်။ ကျောက်မီးတာဆုံမှ အတန်ငယ်မောင်းပြီး ရွှေစာရံဘုရားသို့ ဝင်ဖူးကြ သည်။ ယခင်က တောဘုရားမှာ ယခုတော့ အတော်စည်ကားနေပေပြီ။ ဆွမ်းသည်များနှင့် ဘုရားဖူးများနှင့် ကျွန်တော်တို့ဘုရားအား လက်ယာ ရစ်ပတ်၍ပူဇော်ပြီး အလှူငွေများ လှူဒါန်းကြသည်၊ လူစုံတက်စုံ လှူဒါန်းကြခြင်းဖြစ်သည်။ ဘုရားဖူးပြီးသော် ကျွန်တော်က ...

"ကဲ ... မနန်းစောရေ၊ အလိုပြည့်ပြီ မဟုတ်လား။ ပြင်ဦး လွင်ကိုတက်ကြမယ်။ သမီးယွန်းပွင့်စံ ကားကိုဂရုစိုက်မောင်းနော်"

"ဟုတ်ကဲ့ပါ .... ဦး၊ စိတ်ချပါ။ သမီးမောင်းနေကျလမ်း ပါ"

www.burmeseclassic.com

www.burmeseclassic.com

❑

"ဖီးတောကြီးကိုကျော်၊ သုံးဆင့်လွှန်း ထိုးလမ်းကိုလွှန်ပြီးနောက် (၂၁)မိုင်စခန်းသို့ ရောက်လာသည်။ ထိုစခန်းတွင် ကျွန်တော်တို့ကားများအားအနားပေးပြီး လူများလည်းနားကြရင်း လက်ဖက်ရည်သောက်ကြပြန်သည်။ ကျွန်တော်က ...

"သမီးယွန်းပွင့်စံနဲ့ မနန်းစောတို့ စားစရာဝယ်ချင်ဝယ်ကြလေ။ ဦးတို့သွားမယ့် အနီးစခန်းရွာမှာ စားစရာဆိုင်မရှိဘူး။ သောက်စရာဆိုင်ပဲရှိတာ"

"ဟုတ်ကဲ့ ... ဦး။ သမီးတို့ မန္တလေးကလည်း ဝယ်ခဲ့ပါသေးတယ်။ အချိုအချဉ်ကလေးတော့ နည်းနည်းဝယ်လိုက်ဦးမယ်။ ဦး ဘာမှာဦးမလဲ"





"မမှာတော့ဘူး သမီး။ ဦးတို့လည်းကားထဲမှာ ဝယ်လာတာတွေရှိပါတယ်"

ထိုစဉ် သူနိုးမြင့်သိန်းက ...

"ဆရာ ... ကားထဲမှာ မမကြီးဝယ်ထားတဲ့ ပုလင်းနဲ့မုန့်တွေပဲရှိတာ။ ကျွန်တော် အမြည်းဝယ်လိုက်ဦးမယ်နော်"

"အေး ... အေး ... ဒါဆို သမီးတို့နဲ့ လိုက်သွားလိုက်"

မမကြီးမှာ ကျွန်တော်၏ပခုံးပေါ်သို့ ခေါင်းမှီတင်ရင်း ...

"မောင်မောင်ရယ် ... ပူတဲ့အရပ်က နေအေးတဲ့အရပ်ရောက်လာတော့ ရာသီဥတုပြောင်းပြီး မမ ခေါင်းမူးလိုက်တာကွယ်"

"မမမှေးပြီး ခဏနားလိုက်ပါ။ ကျွန်တော် ကဗ္ဗလာသီးဖျော်ရည်မှာပေးမယ်။ ဖျော်ရည်သောက်လိုက်ရင် ချက်ချင်းပျောက်သွားမှာပါ"

မျောက်တင်သောင်းက ကဗ္ဗလာဖျော်ရည်မှာပြီး ချက်ချင်းစောင့်ယူလာခဲ့သည်။ မမကြီးအား ဖျော်ရည်တိုက်နေစဉ် မြင်ဦးလွင်ဘက်မှ ဂျစ်ကားတစ်စီးထိုးရပ်လာပြီး မမကြီး၏ကားအား လှည့်ပတ်ကြည့်ရှုနေသည်။

ကျွန်တော် ကျော်ကြီးနှင့် မျောက်တင်သောင်းတို့အား မျက်နိုပ်ပြလိုက်ပါသည်။ မျောက်တင်သောင်းကတော့ နားလည်ဟန်မတူ။ သူက ...

"ငမောက်မိဖုရားပတ္တမြားကြီး ကိစ္စတွင် မပါဝင်ခဲ့၍ သိမည်မဟုတ်။ ကျော်ကြီးက ခေါင်းတယ်သည်။ ပုဏ္ဏားတင်ဦးကို အချက်ပေးလိုက်သည်။ ထိုစဉ် ဂျစ်ပေါ်မှ လူ(၅)ဦးဆိုင်ထဲသို့ ဝင်လာသည်။ ကျွန်တော်တို့ဘေးစားပွဲတွင်ထိုင်ကြပြီး ကျွန်တော်တို့အားကြည့်သည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



သော် မှတ်မိပုံမရပါ။ ကျွန်တော်တို့ကလည်း သူတို့ကို မသိပါ။ မမကြီး၏မိတ်ဆွေတော်သူ ဦးခင်လှိုင်၏လူတွေလား၊ ပတ္တမြားကြီးဝယ်လက် ဦးပန်၏လူတွေလားတော့ မသိပါ။ သို့သော် ရန်ငြိုး၏ အရိပ်အငွေ့အနံ့ကိုတော့ ကျွန်တော်တို့ရနေသလိုပင်။

ခေါင်းဆောင်ဖြစ်ဟန်တူသူက ကျွန်တော်တို့ဘက်လှည့်ပြီး ..

"ဒီ Super Saloon ကားဖြူက ဘယ်သူ့ကားလဲ။ ဆရာတို့ကားလား"

ထိုစဉ် ပုဏ္ဏားတင်ဦးက ...

"ကျွန်တော့်ကားပါ။ ဘာဖြစ်လို့ပါလဲ ခင်ဗျား"

"မန္တလေးက မမကြီးကားလားလို့ပါ။ နံပါတ်ကတူပြီး ကားအမျိုးအစားနဲ့ အရောင်လည်းတူလို့ပါ"

"အရင်ကတော့ ဟုတ်ပါလိမ့်မယ်။ ကျွန်တော်လည်း မန္တလေးကားပွဲစားတန်းက ဝယ်လိုက်တာပါ။ ကားပိုင်ရှင်ကတော့ အမျိုးသမီးပဲဗျ။ နာမည်တော့ မမှတ်မိတော့ဘူး။ ဝယ်ထားတာလည်း နှစ်နှစ်၊ သုံးနှစ်ရှိလို့ ကျွန်တော့်နာမည်ပေါက်လည်း ဖြစ်နေပါပြီ။ ဘာကိစ္စများရှိလို့ပါလဲ ခင်ဗျား"

"ကျွန်တော်တို့ကိစ္စပါ။ မမကြီးနဲ့သူ့အဖွဲ့ကို တွေ့ချင်နေတာကျေးဇူးပဲဆရာ နော်"

"ဟုတ်ကဲ့ ခင်ဗျား၊ ဟုတ်ကဲ့"

ဂျစ်ကားအဖွဲ့ အစားအသောက်ပင် မစားတော့ပဲ ကားပေါ်ပြန်တက်၍ ပြင်ဦးလွင်ဘက်သို့ ပြန်မောင်းသွားကြသည်။

"အဝေးမှကြည့်၍ အကဲခတ်နေဟန်ရှိသော သူခိုးမြင့်သိန်းက ဆိုင်ထဲသို့ အလျင်အမြန်ဝင်လာပြီး ...





"ဆရာ ... ဘယ်သူတွေလဲ။ ရန်သူဟောင်းတွေ ထင်တယ်။ ကျွန်တော် အန္တရာယ်အနံ့ရနေတယ်။ ဒါကြောင့် အဝေးကလှမ်းပြီး အကဲခတ်နေတာ"

မမကြီးက ...

"မောင်မောင်ရေ ... ဦးပန်တို့အဖွဲ့တွေ ဖြစ်ကြလိမ့်မယ်။ ဗမာတွေ၊ ရှမ်းတွေ မဟုတ်ကြဘူး။ သတိတော့ထားကြမှနဲ့တူတယ်"

"ဟုတ်တယ် မမ၊ အနီးစခန်း ရွာအဝင်လမ်းက စောင့်ချင်စောင့်နေကြမှာ။ ညနေလည်းစောင်းပြီဆိုတော့ အားလုံး သတိတော့ထားကြပေရော့။ ကျွန်တော်တို့မှာလည်း ဘာလက်နက်မှ ပါမလာကြဘူး"

"မောင်မောင် ... ဘယ်လိုလုပ်ကြမလဲ"

"ရန်ကိုရှောင်တာ အကောင်းဆုံးပါပဲ။ ကျွန်တော်တို့ ဆက်သွားမယ်။ အနီးစခန်းရွာဝမှာ သူတို့ဂျစ်ကား စောင့်နေတာတွေ့ရင် ပြင်ဦးလွင်မြို့ထဲအထိ ဆက်မောင်းသွားမယ်။ မြို့ထဲမှာ ညစာစားပြီး ခဲ့စခန်းကို အကြောင်းကြားမယ်။ မိုးချုပ်မှ မိုးမခစံအိမ်ကြီးကို ပြန်ဝင်ကြမယ်"

"ကောင်းတယ်၊ မောင်မောင့်အစီအစဉ် အလွန်ကောင်းပါတယ်"

"ကဲ ... အဲဒါဆိုရင်လည်း သွားကြစို့။ ကျွန်တော်တို့ Mark II ကားက ရှေ့ကထွက်မယ်။ သမီးယွန်းပွင့်တို့ကိုလည်း အခြေအနေမပျက်အောင် သတိပေးထားပါဦး မမ"

"ကောင်းပြီ မောင်မောင်"

ကျွန်တော်တို့ကားများ ရှေ့ဆင့်နောက်ဆင့် ထွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ထားသည့်အတိုင်းပင် အနီးစခန်းရွာဝတွင် ဂျစ်ကားအဖွဲ့ စောင့်နေသည်။ ကျွန်တော်တို့ကားများကျော်လာတော့ သူခိုးမြင့်သိန်းက လက်ပြပြီး နှုတ်ဆက်ခဲ့သေးသည်။ ကျွန်တော်တို့ ပြင်ဦးလွင်မြို့ထဲတွင် ညစာစားကြသည်။ တိုက်ပွဲအခြေအနေရှိ၍ ညစာစားရာတွင် အရက်သောက်ခွင့် မပေးတော့ပါ။ သူခိုးမြင့်သိန်းတို့ကလည်း ဆင်ခြင်ကြပါသည်။ စားသောက်ပြီးတော့ မမကြီးအား ရဲစခန်းဝင်၍ လိုရမည်ရ သတင်းပို့နိုင်ရသည်။ ရဲစခန်းမှူးကလည်း သိကျွမ်းပြီးဖြစ်၍ သူတို့ရဲ့ဂျစ်ကားဖြင့် လက်နက်များတင်ကာ မိုးမခစံအိမ်ကြီးအထိ လိုက်ပို့ကြပါသည်။ အပြန်လမ်းတွင် ဂျစ်ကားအဖွဲ့ကို မမြင်ရတော့ပါ။

အနီးစခန်းရွာသို့ရောက်ပြီး လက်ယာဘက်သို့ ချိုးဝင်ရသည်။ ရွာလမ်းဆုံးသည်နှင့် မိုးမခခြံဝသို့ရောက်သည်။ ခြံဝတွင် တံခါးအနီကြီးက ပိတ်ထားသည်။ တံခါးကြီးမှာ ထုထည်ကြီးမားသော သံပန်းတံခါးကြီးဖြစ်သည်။ ဝင်းတံခါးကြီးအနောက်ဘက်တွင် မိုးမခပင်ချွန်ချွန်များအား လမ်းဘေးဝဲယာတွင်စိုက်ထားပြီး အနီရောင်မိုးမခစံအိမ်ကြီးမှာ ခြံကြီးအလယ်ခေါင်တွင် မားမားကြီး ရပ်တည်နေသည်။ မိုးချုပ်ပြီဖြစ်၍ မီးများထိန်လင်းစွာ ထွန်းညှိထားသည်မှာ ကြီးမားသောရဲတိုက်ကြီးဖြင့် တူလှသည်။

ကားမီးရောင်နှင့် ကားသံများ မြင်ရ၊ ကြားရသောကြောင့်ထင်သည်။ ယောက်ျားတစ်ဦးနှင့် မိန်းမကြီးတစ်ဦးတို့အိမ်ကြီးထဲမှ ပြေးထွက်လာကြသည်။ မျက်နှာလွှဲကိုတင်သိန်းနှင့် ဘဏ္ဍာစိုးဒေါ်နန်းတို့ဖြစ်ကြသည်။

တံခါးကြီးအား သော့ဖွင့်ပေးပြီး လှိုက်လှဲစွာ ကြိုဆိုကြသည်။

'မမကြီးတို့ နောက်ကျလိုက်တာနော်။ မမကြီးက ဖုန်းဆက်





ပြောထားလို့ နေလယ်ကတည်းက စောင့်မျှော်နေကြတာ။ ညနေစာထမင်းလည်း အဆင်သင့်ပြင်ပြီးပါပြီရှင့်''

''ကျွန်မတို့ ညနေစာစားပြီးပြီ။ ဒေါ်နန်း ဒီကရဲအရာရှိတွေကိုပဲ ကျွေးမွေးဧည့်ခံလိုက်ပါ။ ကျွန်မတို့အတွက် ကော်ဖီလောက်ပဲ လုပ်ပေးပါ''

''ဟုတ်ကဲ့ ... မမကြီး''

မိုးမခစံအိမ်ကြီး ဆင်ဝင်အောက်တွင် ကား(၃)စီးရပ်ပြီး ကျွန်တော်တို့အပေါ်ထပ်သို့ တက်လာခဲ့ကြသည်။ အိမ်အပြင်အဆင်မှာ ကိုခင်လှိုင်ရှိစဉ်ကအတိုင်းပင် မပြောင်းလဲပါ။ ကျွန်တော်တို့အဖွဲ့ အပေါ်ထပ်ဧည့်ခန်းတွင် ထိုင်နားနေကြစဉ် စားဖိုမှူးကြီးကိုနောင်ထွက်လာပြီး ..

''ဆရာသိန်းဝင်းတို့ ထမင်းစားခန်းကို ကြွကြပါခင်ဗျား။ အသင့်စီစဉ်ပြီးပါပြီ''

ကျွန်တော်က ညစာစားပြီးသော်လည်း အိမ်ရှင်အနေဖြင့် မမကြီးကိုခေါ်ကာ ရဲစခန်းမှူးနှင့်အဖွဲ့အား ဧည့်ခံရသည်။

စခန်းမှူး ။ ''ဒေါ်မမကြီး ... အေးအေးချမ်းချမ်း အနားယူပါ။ ကျွန်တော့်စခန်းက ပတ်ကင်းအဖွဲ့လည်း တစ်ညလုံးကင်းလှည့်နေမှာပါ။ စိုးရိမ်စရာ ဘာမှမရှိပါဘူး။ တွေ့တာနဲ့ ကျွန်တော်တို့က ဆွဲမှာပါ''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ။ ဒီအဖွဲ့တွေက သူတို့အချင်းချင်း လူလည်ကျပြီး နစ်နာတာတွေကို ကျွန်မတို့အပေါ်ပုံချချင်နေတာထင်ပါတယ်။ ကျွန်မတို့ကလည်း ဒီဘက်ကိုလာခဲ့ပါတယ်။ အခုလည်း ဧည့်သည်တွေပါလာလို့ အင်အားကောင်းတာနဲ့ ခြံလုပ်ငန်းတွေစစ်ဆေးရင်း လာခဲ့ကြတာပါ။ ကဲ ... ဆရာတို့ လွတ်လွတ်လပ်လပ်သုံးဆောင်ကြပါရှင်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်ဗျား ... ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

မမကြီး ထမင်းစားခန်းထဲက ထွက်သွားတော့ ကျွန်တော်လည်း ညေသည်တွေချည့်ထားပြီး ထွက်သွားရန် မသင့်တော်သဖြင့် စားဖိုမှူးကိုနောင်နှင့်အတူ ညေ့ခံရပြန်သည်။

မိုးမခအိမ်ကြီးမှာ ကြီးမားကျယ်ပြန့်လှသဖြင့် လူများ၍သာတော်တော့သည်။ အလွန် ချောက်ချားစရာကောင်းလှသည်။ အဆောင်ဆောင် အခန်းခန်းဖြင့် ဖွဲ့စည်းထားရာ အပေါ်အောက် နံဘေးပတ်လည် လူမနေသော အခန်းများစွာရှိသေးသည်။

စခန်းမှူးနှင့်အဖွဲ့ဝင်များ ညဥ့်သန်းခေါင်လောက်မှ ပြန်သွားကြသည်။ ကျွန်တော်တို့ ယောက်ျားများအဖွဲ့ ကင်းတာဝန်ခွဲခြားချထားလိုက်သည်။ တစ်ဦးကို တစ်နာရီ။ တံခါးများလုံခြုံအောင်ပိတ်ပြီး ညေ့ခန်းတွင် ကင်းစောင့်ရန်သာဖြစ်သည်။ ဘာလက်နက်မှမရှိကြ။ အငိုက်မမိစေရန်ဖြစ်သည်။ ကျွန်တော့်တွင်တော့ ရှမ်းရွာကြီးက လက်ဆောင်ပေးလိုက်သော ငှက်ကြီးတောင်ရှေးဟောင်းဓားကြီးတော့ ရှိသည်။ ခြံဝင်းထဲ၌ အစောင့်နှင့် အင်းခွေးကြီးများရှိသဖြင့် ပူစရာတော့မရှိပါ။ သို့သော် ကိုယ့်လူသူ့ဘက်သား ဖြစ်မည်စိုး၍သာ ကင်းစောင့်ကြရခြင်းဖြစ်သည်။

ကင်းဦးတာဝန်ကို ကျွန်တော် ယူလိုက်သဖြင့် မိုးမခစံအိမ်ကြီးတွင်အိပ်ရမည်ကို အလွန်ကြောက်သော မမကြီးက ကျွန်တော်နှင့်အတူ စကားပြောရင်း ကင်းစောင့်ကြသည်။ ကင်းမှူး၊ ကင်းဦး၊ အချိန်လည်းမူးသဖြင့် ကျွန်တော် ကင်းတာဝန်ကျသော ကင်းချိန် (၁)နာရီမှာ အကုန်မြန်လှသည်။ လမွန်းလွဲတစ်နာရီတွင် ကျွန်တော်၏ကင်းချိန်ကုန်ဆုံးသည်ကိုပင် ကျွန်တော်မသိလိုက်ပါ။ မမကြီးကတော့ ကျွန်တော့်ရင်ခွင်ထဲတွင် နှစ်ခြိုက်စွာ အိပ်ပျော်နေရှာသည်။ ဒုတိယ ကင်းတာဝန်ကျသူ သူ့ခိုးမြင့်သိန်း အိပ်ရာမှထလာပြီး ကင်းတာဝန်လဲရန်ပြောလာသည်။





"အဟမ်း ... အဟမ်း ... ဆရာထောင်မှူးကြီးရဲ့ ကင်းချိန်ပြီးဆုံးသဖြင့် တပည့်ကြီး သူ့ခိုးမြင့်သိန်း ကင်းတာဝန်လွှဲပြောင်းရန်ရောက်ရှိလာကြောင်းပါ ခင်ဗျား"

"တယ်ဝီရိယကောင်းလှချည်လား သူခိုးကြီးရဲ့။ အချိန်ကလည်း အကုန်မြန်လိုက်တာ"

"ကင်းတာဝန်ကျတုန်း ကင်းချိန်အကုန်မြန်တယ်ဆိုတာ ဆရာတစ်ယောက်ပဲ ပြောသံကြားဖူးတယ်။ အံ့ဩစရာပဲနော် ဆရာ"

"အေးပါ ...ငါက စကားအဖြစ်ပြောတာပါ။ ကင်းတာဝန်ချိန်ကုန်တော့လည်း လွတ်လွတ်လပ်လပ် အိပ်ရတာပေါ့။ ရော့ ... ဟောဒီမှာဓား။ နိုးနိုးကြားကြား ကင်းစောင့်။ ငါတို့ စိတ်ချလက်ချ အိပ်တော့မယ်"

"ဟုတ်ကဲ့ စိတ်ချပါဆရာ။ တပည့်ကြီး နိုးနိုးကြားကြားနဲ့ အိပ်နေကင်းစောင့်ပါ့မယ်။ ညဥ့်နက်ပြန်တစ်ချက်တီးသမို့ လအကာအရံအခြည်ကိုလုပ်ပြီး မြသာယံညောင်စောင်းပေါ်မှာ ခြ၊ ဂုပိုး အခြွေအရံခြံဆောင်သောင်းကျော်နှင့် စံလျောင်းတော်မူပါ အရှင့်သား"

"ဟား ... ဟား ... ဟား ... ဟဲ ... ဟဲ ... ဟဲ"

ကျွန်တော် အိပ်မှုန်စုံမွှားဖြစ်နေသော မမကြီးကိုနှိုး၍ လက်တွဲပြီး စက်လှဲတော်ဆောင်သို့ ဝင်ခဲ့ပါတော့သည်။

မနက်မိုးလင်းမှ တစ်ရေးနိုးသော်လည်း ပက်ဝန်းကျင်မှာ မှိုင်းတက်နေသည်။ ကျွန်တော်တို့ မျက်နှာသစ်ရန်ထတော့ စားတော်ကဲကြီးကိုနောင်နှင့် ဘဏ္ဍာစိုး ဒေါ်နန်းတို့က မနက်စောစော ပြင်ဆင်ချက်



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်နေကြသည်။ ညနေခင်းတွင်မတော့ ဓားကြီးကိုပိုက်၍ အိပ်ငိုက်နေသော မျောက်တင်သောင်းကို တွေ့ရသည်။

"ဟဲ့ကောင် ... မျောက်တင်သောင်း ထတော့ မိုးလင်းနေပြီ"

"ဟင် ... အဲ ... မိုးလင်းပြီလား။ ဟုတ်ကဲ့ပါ ဆရာ"

ကျန်သူများ မနိုးကြသေးပါ။ ကျွန်တော်တို့ မျက်နှာသစ်ပြီး အနွေးထည်ကိုယ်စီဝတ်၍ မမကြီးလက်ကိုဆွဲ၍ အောက်ထပ်ဆင်းခဲ့ကြသည်။ ပြင်ဦးလွင်ရာသီဥတုမှာ ချမ်းအေးပြီး သာယာလှသည်။ ကျွန်တော်တို့နှစ်ဦး မိုးမခစံအိမ်ကြီးနောက်ပေါက်မှ ထွက်ခဲ့ကြပြီး စိုက်ပျိုးမွေးမြူရေးခြံများဘက်သို့ ထွက်ခဲ့ကြသည်။

ခြံအလုပ်သမားများမှာ ကိုယ်စီတာဝန်ထမ်းဆောင်နေကြပြီ ဖြစ်သည်။ ပတ်ဝန်းကျင်တွင် တောပန်း၊ တောင်ပန်းများ ရောင်စုံဖူးပွင့်နေကြပြီး ကျွန်တော်စိုက်ပျိုးစုဆောင်းထားခဲ့သည့် သစ်ခွပန်းခြံမှာလည်း အဖူးအပွင့်များဝေဆာပြီး ရောင်စုံ ဖူးပွင့်နေသည်။

"မောင်မောင် ... အခြေအနေ အေးချမ်းပါတယ်နော်"

"အေးချမ်းပါတယ် မမ။ မနေ့ကတွေ့ခဲ့ရတဲ့ အဖုအထစ်ကလေးကလွဲလို့ အနှောင့်အယှက် မရှိပါဘူး"

"မောင်မောင့်ရဲ့တပည့်အဖွဲ့ကို တစ်လတစ်ခေါက်လောက် ဒီမှာလာနေပေးဖို့ ငှားချင်တယ်။ မမ ထိုက်ထိုက်တန်တန်ပေးမှာပါ။ လမ်းစရိတ်နဲ့ အစားအသောက်စရိတ်တွေအပြင် လစာသဘောမျိုးလည်း ပေးပါ့မယ်။ မောင်မောင် ညှိပေးပါ"

"ဟုတ်ကဲ့ ... မမ၊ လစာတော့ ပေးစရာမလိုပါဘူး။ တခြားစရိတ်တွေပြည့်စုံဆောင်ရွက်ပေးရင် အဆင်ပြေမှာပါ။ သူတို့သုံးဖို့နဲ့ ခြံ





ထဲမှာ ပစ္စည်းအရောင်းအဝယ် သယ်ယူဖို့ဆောင်ဖို့ pick up ကားလေး တစ်စီးတော့ စီစဉ်ပေးလိုက်ပါ မမ။ ဒါမှလည်း သူတို့ အသွားအလာ အဆင်ပြေလိမ့်မယ်"

"ရပါတယ် မောင်မောင်၊ ဘာကားကြိုက်သလဲ ပြော။ မမ ဝယ်ပေးမယ်။ မောင်မောင်သာ မောင်မောင့်တပည့်တွေကို ညှိပေးပါ။ မမဘက်က အကုန်တာဝန်ကျေစေရမယ်"

"ဟုတ်ကဲ့ပါ မမ၊ ကျွန်တော် စီစဉ်ပေးပါ့မယ်"

မျောက်တင်သောင်းမှလွဲ၍ တည်မြဲသော အလုပ်မရှိကြသည့် တပည့်များအတွက် ခိုင်မာသောအလုပ်တစ်ခုတော့ ရချေပြီဖြစ်သည်။ သို့သော် တစ်နေရာတည်းတွင် အခြေကျနေလေ့မရှိသော တပည့်များ အတွက် ကျွန်တော် ညှိနှိုင်းပေးရဦးမည်။ တစ်လတစ်ကြိမ်၊ တစ်ပတ် ခန့်သာရှိပြီး တစ်လလုံး တာဝန်ထမ်းဆောင်ရန် မဟုတ်သဖြင့် တပည့် များဖြင့် အဆင်ပြေလောက်ပါသည်။

ကျွန်တော်တို့ မိုးမခစံအိမ်ကြီးပြန်ရောက်တော့ အကုန် သူတို့ နိုးထနေကြပြီး မနက်စာစားရန် စောင့်ဆိုင်းနေကြပါသည်။ မနက်စာမှာ ကျွန်တော်ကြိုက်သော ရှမ်းခေါက်ဆွဲနှင့် နို့မလိုင်လက်ဖက်ရည်ဖြစ်သည်။ စားရင်းသောက်ရင်း ကျွန်တော်က မိုးမခစံအိမ်စောင့်တာဝန်ကို ပြောပြပြီးညှိနှိုင်းရာ အဆင်ပြေပါသည်။ တစ်လလုံး တာဝန်ထမ်းဆောင်ရန်မလိုပဲ တစ်လတွင်တစ်ပတ်သာ အနားယူသည့်သဘောမျိုးဖြစ်သဖြင့် တပည့်များ သဘောကျကြသည်။

ထို့ကြောင့်လည်း မမကြီးက ဘဏ္ဍာစိုး ဒေါ်နန်းမှတစ်ဆင့် တပည့်များအား လုံခြုံရေးအစောင့်တာဝန် ခန့်ထားလိုက်ကြောင်း ကြေငြာလိုက်သည်။ သစ်တောခြံ၊ လက်ဖက်ခြံနှင့် လုပ်ငန်းများသို့လည်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းသဘာဝများကို သက်ဆိုင်သူများနှင့် ရှင်းပြမိတ်ဆက်ပေးသည်။ ထိုနေ့က စာဖိုမှူးကြီးကိုနောင် ချက်ပြုတ် ကျွေးမွေးသော နေ့လယ်စာကို မြိန်ရှက်စွာစားကြပြီး ကျွန်တော်တို့အဖွဲ့ မန္တလေးမြို့သို့ ဆင်းခဲ့ပါတော့သည်။

■ ■ ■

## အခန်း [ ၃ ]

❑

ညနေစောင်းတွင် မန္တလေးပြန်ရောက်ကြသည်။ ကျွန်တော်တို့ မနက်ဖြန်မနက်တွင် မြစ်ကြီးနားဘက်သို့ ခရီးထွက်ရန် စီစဉ်ကြသည်။ ညစာကိုတော့ မမကြီးတို့နေသည့် (၃၅)လမ်းထဲမှာပင် မနန်းဆာတို့အိမ်က ဖိတ်ကျွေးသဖြင့် သွားရောက်စားရသည်။ မနန်းစောအပြင် မနန်းစော၏မိခင် ဖခင်များမှာလည်း သဘောကောင်းကြရှာလွန်း အဆင်ပြေသည်။ မနက်ဖြန် ခရီးထွက်ကြမည်ဖြစ်သဖြင့် ကြိုဆင်နှုတ်ဆက်ပြီး ကျွန်တော်တို့ မမကြီးတို့အိမ်ပြန်ရောက်တော့ ည (၉)နာရီပင် ကျော်ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဆရာ၊ တပည့်များ ခရီးစဉ်နှင့် အသုံးအဆော င်
အဝတ်အစားများ စီစဉ်စစ်ဆေးနေကြစဉ် မမကြီးနှင့်အိမ်ဖော်များက
ကျွန်တော်တို့ခရီးသွားစဉ် စားသောက်နိုင်ရန် ကြော်လှော်ချက်ပြုတ်
နေကြသည်။ ကျွန်တော်တို့ ညအိပ်ရာဝင်တော့ (၁၂)နာရီပင်ကျော်ပြီ။

မနက်တွင်လည်း (၅)နာရီခန့်ကပင် အိပ်ရာထကြသည်။ ကျွန်
တော်နှင့်သမီးယွန်းမွှင့်စံ ပြင်ထားသောကားကို သွားယူကြသည်။ ကျွန်
တော့်အတွက်ပေးထားသော Mark II Van ကားကြီးကိုတော့ ဂိုဒေါင်ထဲ
ထည့်၍ သိမ်းလိုက်ပေပြီ။ မနက်စာစားကြပြီး မနက်ခြောက်နာရီကျော်
ကျော်တွင် ဘူတာသို့ဆင်းခဲ့ကြသည်။ မမကြီးနှင့် ယွန်းမွှင့်စံတို့၏ Super
Saloon ကား (၂)စီးဖြင့် ဖြစ်သည်။

မမကြီး၏အစီအစဉ်ဖြင့် ကြိုတင်လက်မှတ်ဝယ်ထားသဖြင့်
အထူးတန်းတစ်တွဲတွင် နေရာရသည်။ မနက် (၇)နာရီတွင် ရထားကြီး
မန္တလေးဘူတာမှ စတင်ထွက်ခွာသည်။ မမကြီးနှင့် သမီးယွန်းမွှင့်စံ
တို့မှာ လက်ပြနှုတ်ဆက်ရင်း ကျန်ခဲ့ရှာတော့သည်။ ကျွန်တော်နှင့်ပထ
သက်သူများမှာ လွန်စွာသံယောဇဉ်ကြီးရှာရသည့် ဘဝဟောင်းများစွာ
က ပဗ္ဗာန်းဆက်များပင် ဖြစ်ကြပါလိမ့်မည်။

ကျွန်တော်တို့ရထားကြီး မြို့ဟောင်းဘူတာကိုကျော်၍ ကသာ
မိုးညှင်း၊ မိုးကောင်းကိုကျော်ပြီး ခုတ်မောင်းလာသည်။ နေ့လယ်စာကို
မမကြီးတို့စီစဉ်ပေးလိုက်သော ထမင်းချိုင့်များဖြင့် ရထားပေါ်၌ မြိန်
ရှက်စွာစားရသည်။ နေ့လယ်စာစားနေစဉ် မျောက်တင်သောင်းက ၎င်း
၏ ကျောပိုးအိတ်ကိုဖွင့်ပြပြီး ငွေထုပ်များကိုပြသည်။

''မျောက်တင်သောင်း ဘာတွေလဲဟ''

''မမကြီးတို့ပေးလိုက်တာလေ ဆရာ။ လမ်းခရီးသုံးဖို့နဲ့ ပိုတာ





ရွှေဝယ်လာဖို့တဲ့လေ''

''အင်း . . . ငါ့လည်း မပြောပါလား။ ခရီးစရိတ်က ငါ့မှာ
အပြည့်အစုံပါပါတယ်''

''ဆရာ့ပြောရင် လက်မခံမှာစိုးလို့တဲ့လေ''

''အေး . . . အေး . . . သူ့ငွေတွေကို လမ်းမှာမသုံးနဲ့။ ရွှေတွေ
ပဲ ဝယ်ပေးလိုက်။ မင်းတာဝန်ယူသိမ်းထား။ လမ်းမှာသုံးဖို့လိုရင် ငါ့
ပြော၊ ငါထုတ်ပေးမယ်။ မမကြီးတို့ကတော့ အမြော်အမြင်ကြီးပါပေရဲ့။
မြန်မာပြည်မြောက်ပိုင်းမှာ ရွှေကပေါတယ်။ အပြန် မင်းခါးကုန်းအောင်
သယ်ရလိမ့်မယ်''

''ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်တို့မှာလည်း လမ်းခရီးသုံးစွဲ
ဖို့ အပြည့်အစုံပါပါတယ်''

''ကျွန်တော်တို့မှာလည်း ပြည့်စုံအောင် ပါပါတယ်ဆရာ''

ပုဏ္ဏားတင်ဦး၊ သူခိုးမြင့်သိန်းနှင့် ကျော်ကြီးတို့ကလည်း ပြော
ကြသည်။

''ထားကြပါကွာ၊ ငါက ခေါင်းဆောင်ပဲ။ ငါ့ငွေကုန်မှ မင်းတို့
ငွေတွေထုတ်ကြပါ။ စားရေးသောက်ရေးလည်း ငွေကုန်ဖို့ သိပ်မရှိပါ
ဘူး။ ဒီရက်ပိုင်းမှာ ငါ့အစ်ကိုကြီး ဦးအောင်သန်းမိတ်ဆွေတွေက မြို့
တိုင်းမှာရှိပါတယ်။ သူတို့က စီစဉ်ကျွေးမွေးပါလိမ့်မယ်''

ညနေစောင်းတွင် မြစ်ကြီးနားဘူတာသို့ ရထားကြီးဝင်လာ
သည်။ နွေဦးပေါက်ရာသီ မတ်လဆန်းဖြစ်သော်လည်း မြစ်ကြီးနားမြို့
အသီဥတုမှာ အေးလှသည်။ ကျွန်တော်တို့ဆရာတပည့် မြစ်ကြီးနား
ဘူတာအနီးရှိဆိုင်များတွင်ပင် ညနေစာ စားကြသည်။ လက်ဖက်ရည်
သောက်ကြသည်။ အချို့ခရီးသည်များနှင့် ဒေသခံများကတော့ ဒေသခံ



www.burmeseclassic.com

www.burmeseclassic.com



အရက်များကိုသောက်ရင်း စားသောက်နေကြသည်။

ကျွန်တော်တို့ စားသောက်ပြီးသည်နှင့် မြို့လယ်ရှိ မြစ်ကြီးနာ ဘဏ်သို့ ဆိုက်ကားများငှားပြီး ထွက်ခဲ့ကြသည်။ မြစ်ကြီးနားဘဏ် အပေါ်ထပ်တွင် အစ်ကိုကြီး၏မိတ်ဆွေ မန်နေဂျာ ဦးကျော်မြင့်ငြိမ် နေထိုင်ကြောင်း၊ သူ့ထံတွင် အကူအညီတောင်းရန် အစ်ကိုကြီးကမှာ ထားသည်။ ကျွန်တော်တို့အဖွဲ့ မြစ်ကြီးနားဘဏ်သို့ရောက်တော့ ဦးကျော် မြင့်ငြိမ်းက ကျွန်တော်နှင့် ရန်ကုန်ကုန်သွယ်မှုဘဏ်ကတည်းက သိသည် အလျောက် ...

"ဟော ... ကိုအောင်သန်းညို ထောင်မှူးတို့အဖွဲ့ပါလား ကိုအောင်သန်းဆီ နောင်မွန်းမြို့ကိုသွားဖို့ မဟုတ်လား။ အတော်ပဲ မနက်ဖြန်မနက် နောင်မွန်းဘဏ်တိုက်ကို ငွေသွားပို့မယ့် Charte လေယာဉ်ရှိတယ်။ စင်းလုံးငှားထားတာမို့ အဆင်ပြေတယ်။ ဒါပေ နောင်မွန်းမြို့ကိုတော့ တိုက်ရိုက်ရောက်မှာမဟုတ်ဘူး။ ပူတာအိုကနေ မချမ်းဘော့မြို့ဘက်ကမ်းကူးပြီး လမ်းလျှောက်ကြရမှာ လုံခြုံရေးအစော တွေပါပါတယ်။ ငွေသယ်တာဝန်ခံလည်း ပါတယ်။ မလိခတစ်ဖက်ကမ် ရောက်မှ မြည်းတွေနဲ့ငွေတွေတင်ပြီး သွားကြရမှာပါ"

"ကဲ ... ညီလေးတို့ပစ္စည်းတွေ ထားခဲ့ပြီး ညစာသွားစား အောင်၊ လာကြပါ"

"ကျွန်တော်တို့ ညစာစားပြီးကြပါပြီ ဆရာ"

"မရဘူး ထပ်စားရမယ်။ မနက်ကျတော့လည်း စောစော ထွက်ကြရမှာမို့ Breakfast ပဲ စားကြရမှာ။ ခင်ဗျားအစ်ကိုက ကျွန်တော့် ကို ဧည့်ဝတ်မကျေဘူးဆိုပြီး ကောနေဦးမယ်။ ကဲ ... လာကြပါ"

ကျွန်တော်တို့ မြစ်ကြီးနား မြို့ဈေးကြီးအနီးဆိုင်တွင် အနည်း





သစ်စီ စားကြ၊ သောက်ကြရပြန်သည်။ စားသောက်ပြီးတော့လည်း ဘဏ် ိုက်အပေါ်ထပ်တွင် ခုတင်မလုံလောက်သဖြင့် ကြမ်းပြင်တွင်ဖျာခင်းပြီး န်းစီအိပ်ကြရသည်။ ဆရာနှင့်တပည့်များဖြစ်ကြ၍ လက်ရည်တစ်ပြင် ည်း နွေးထွေးစွာအိပ်ကြရသည်။ ရာသီဥတုအေးချမ်းပြီး ခရီးပန်း ကြ၍ အိပ်၍ပျော်ပါသည်။

နောက်တစ်နေ့ မနက် (၆)နာရီခန့်တွင် အိပ်ရာမှနိုးကြရာ ာ်နာသစ်ပြီးသည်နှင့် မန်နေဂျာဦးကျော်မြင့်ငြိမ်းက ဘဏ်အနီးရှိ က်ဖက်ရည်ဆိုင်တွင် ရှမ်းခေါက်ဆွဲ၊ လက်ဖက်ရည်တို့ဖြင့် ဧည့်ခံပြန် ည်။

ကျွန်တော်တို့ မနက် (၈)နာရီခန့်တွင် ငွေသယ်ဒေါ့ဂျစ်ကား ဖြင့် မြစ်ကြီးနားလေဆိပ်ဆင်းတော့ မန်နေဂျာ ဦးကျော်မြင့်ငြိမ်း ယ်တိုင် လိုက်ပို့သည်။

"လေယာဉ်က မနက် (၉)နာရီမှထွက်မှာ။ ဒါတောင် မသေ ဘူး။ နှင်းကျလို့တိမ်ဖုံးနေရင် အချိန်စောင့်ရတတ်တယ်။ ဒီမြန်မာ ည်မြောက်ပိုင်းက ဒီလိုပါပဲ။ ပူတာအိုဘက်မှာဆိုရင် ပိုဆိုးတယ်။ နှင်း လို့တိမ်ဖုံးနေရင် လေယာဉ်ဆင်းမရလို့ မြစ်ကြီးနားကို ပြန်လှည့်လာ ာမျိုးလည်း ရှိတတ်တယ်။ ပြန်လှည့်လာရင်လည်း မပူပါနဲ့။ ကိုယ့် မှာပဲတည်းပါ။ ရာသီဥတုကောင်းတာနဲ့ နောက်တစ်နေ့ ပြန်ထွက်မှာ လေယာဉ်ထွက်ရင်တော့ ပူတာအိုဘဏ်က နေ့လယ်စာကျွေးလိမ့် ယ်။ လမ်းခရီးကိုစွကတော့ ကြုံရာစားကြရမှာပဲ။ အနွေးထည်နဲ့ငွမ်း စောင်တွေရော ပါကြရဲ့လား"

"ပါပါတယ် ဆရာ။ ကျွန်တော်တို့ အပြည့်အစုံယူခဲ့ပါတယ်"

"အရက်ပုလင်းရော ပါကြရဲ့လား။ ဒီဘက်ပိုင်းမှာ မရှိမဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တယ်။ ဒေသခံအရက်တွေပေါပေမဲ့ ငါ့ညီတို့သောက်နိုင်ကြ[illegible] မဟုတ်ဘူး။ ကိုအောင်သန်းအတွက် Army Rum (၁၀)ပုလင်း ကို[illegible] ဝယ်ပေးလိုက်မယ်။ အဲဒီထဲက ယူသောက်ကြပေါ့''

''ဗြော် ... ဟုတ်ပါရဲ့၊ မန္တလေးမှာတုန်းကတော့ Black Lab[illegible] (၃)ပုလင်းတောင်ရှိတာ။ ကုန်ပြီထင်ပါရဲ့''

ထိုစဉ် မျောက်တင်သောင်းက ...

''မကုန်သေးဘူး ဆရာ၊ ဆရာ့အတွက် အရေးပေါ်တစ်[illegible] ချန်ထားသေးတယ်''

''အေး ... အဲဒါဆို ဆရာဦးကျော်မြင့်ငြိမ်းကို လက်ဆော[illegible] ပြန်ပေးလိုက်ကွာ''

''ဟာ ... မလုပ်နဲ့ညီလေး၊ ညီ့လေးတို့သွားမယ့်နေရာ[illegible] အရက်ကောင်းရှားတယ်။ ပိုက်ဆံရှိပေမယ့် ဝယ်လို့မရနိုင်ဘူး။ ယူသွ[illegible] ပါ။ ဟိုကျမှ ညီလေးအစ်ကိုကြီးကို ကန်တော့လိုက်ပေါ့''

''ဟုတ်ကဲ့ပါ ဆရာ''

လေယာဉ်ကွင်းရောက်တော့ Twin Au Ter လေယာဉ်က[illegible] မှာ အဆင်သင့်စောင့်နေသည်။ ငွေသေတ္တာနှင့် ပစ္စည်းများကိုတင်[illegible] သည်။ မနက် (၉)နာရီတိတိတွင် ရာသီဥတုကောင်းမွန်၍ လေယာ[illegible] စတက်သည်။ တိမ်ပေါက်ကိုရှာပြီး ဝဲ၍တက်ရခြင်းဖြစ်သည်။ (Char[illegible] Plane) စင်းလုံးငှားလေယာဉ်ဖြစ်သဖြင့် ကျွန်တော်တို့လေယာဉ်ကို အ[illegible] မပေးဘဲ စီးရခြင်းဖြစ်သည်။ ကျွန်တော်တို့ အလွန်ကံကောင်းပါသည်[illegible] (၁၉)ဦးသာဆန့်သောလေယာဉ်ကလေးအား ကျွန်တော်တို့အဖွဲ့ (၅) ဦ[illegible] ခရီးစဉ်တစ်ခေါက်တည်း အတူစီးနိုင်ရန် မလွယ်ကူပါ။ အခြားခရီးသည[illegible] များက ရှိသေးသည်လေ။





တွင်အော်တာ လေယာဉ်ကလေးမှာ ပန်ကာ (၂)လုံးတပ်ဖြစ်သည်။ အသံအတော်ဆူညံသည်။ ပြေးလမ်းတိုအတွင်း တက်နိုင်၊ ဆင်းနိုင်ရာ အသုံးပြုခြင်းဖြစ်ပုံရသည်။ ကျွန်တော်တို့စီးဖူးသော Fokker လေယာဉ်နှင့် Fokker Jet လေယာဉ်များလို မငြိမ့်ညောင်းပါ။ တစ်ဒီးဒီး အော်မြည်ပြီး ရှန်းကန်တက်နေရရှာသည်။ အမြင့်ပေ (၉၀၀၀')အထိ တက်ပြီးမှ မြောက်ဘက်ရှူးရှူးသို့ တရွေ့ရွေ့ပျံသန်းသည်။

လေယာဉ်လက်ဝဲဘက် မှန်ပြတင်းမှကျွန်တော် အောက်သို့ ငုံ့ကြည့်ရာ မြွေလိမ်၊ မြွေကောက်စီးဆင်းနေသော ဧရာဝတီမြစ်ကြီးကို တွေ့ရသည်။ မကြာမီ မေခနှင့် မလိခမြစ်ဆုံပေါ်သို့ ရောက်လာသည်။ ငွေသည်ယူလာသူတာဝန်ခံ ဦးစိုးမြင့်က ကျွန်တော်တို့နှင့်မိတ်ဆက်ပြီး ခရီးစဉ်အကြောင်း တစ်လမ်းလုံးရှင်းပြခဲ့သည်။

''မြစ်ဆုံက မြစ်ကြီးနားမြို့နဲ့ ကုန်းလမ်းခရီး (၂၈)မိုင်ဝေးတယ်ဗျ။ ရေခဲတောင်တွေပေါ်မှာ မြစ်ဖျားခံခဲ့ကြတဲ့ ထလာဝမ်၊ အဒုံဝမ်၊ ဆန်ရူးဝမ် မြစ်သုံးသွယ်ဟာ မြောက်လတ္တီတွဒ် ၂၈ ဒီဂရီအထက်နားမှာ ပေါင်းဆုံမိကြပြီး နမ့်တမိုင်မြစ် ဖြစ်ပေါ်လာတယ်။ နမ့်တမိုင်မြစ်ဟာ အရှေ့တောင်ဘက်ကို စီးဆင်းခဲ့ပြီး မြောက်ဘက်ကစီးဆင်းလာခဲ့ကြတဲ့ ဒပ္ပလူဝမ်၊ တရူဝမ်၊ ထဖန်ဝမ်မြစ်တို့နဲ့ ပေါင်းဆုံကြပြီး မေခမြစ် ဖြစ်ပေါ်လာတယ်။ အရှေ့တောင်ဘက်ကို ဆက်လက်စီးဆင်းပြီး မေခမြစ်အတွင်းကို အချန်းခ၊ မက်ရာမေ၊ မောကျောင်း၊ ဝေါချမ်းခမြစ်ငယ်များနဲ့ ထပ်မံပေါင်းဆုံပြီး စီးဆင်းလာရာကနေ အနောက်တောင်ဘက်ယွန်းယွန်းရောက်တော့ ကျဖွီစ၊ အင်လီခ၊ ရှငေါ်ခ၊ ဒွမ်ဘင်ခမြစ်ငယ်တွေဟာ အရှေ့ဘက်က ထပ်မံစီးလာပြန်တယ်''

''ဒွမ်ဘန်ခနဲ့တွေ့ဆုံပြီး မေခမြစ်မဟာ အနောက်ဘက်ကို စီး



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာရာက မလိခမြစ်နဲ့ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀ မိနစ်နဲ့ မြောက်လတ္တီတွဒ် ၂၅ ဒီဂရီ ၄၂ မိနစ်မှာ ပေါင်းဆုံကြပြီး ဧရာဝတီမြစ်ကြီးဖြစ်လာတာပဲ။ ကျွန်တော်တို့ ဒေသခံတွေကတော့ မေခမြစ်ကို အင်မိုင်ခ၊ မေလိခမြစ်ကို မလိခလို့ အမြွတ်တနိုးခေါ်ခဲ့ကြတယ်''

အောက်ဘက်တွင် တောင်ထွဋ်ကြီးများ၊ သစ်တောကြီးများက ရှုစွဲမဆုံးနိုင်တော့ပါ။ တိဗက်ကုန်းမြင့်မှဆင်းလာသော တောင်တန်းတောင်စွယ်များမှာ မြောက်ဘက်မှတောင်ဘက်သို့ လက်ငါးချောင်းဖြန့်ခင်းထားသလို ဒေါင်လိုက်သွယ်တန်းလျက်ရှိသည်။ တောင်ထွတ်များမှာ ပေ ၃၀၀၀ မှ ပေ ၇၀၀၀၊ ပေ ၁၀၀၀၀ ကျော်အထိ မြင့်မားကြကြောင်း သိရသည်။ ကချင်တောင်တန်းကြီးများ၏ အနောက်ဘက် အင်မိုင်ခနှင့် မလိခမြစ်အကြားတွင်ရှိသော ရှန်ဇေါ်တောင်တန်းကြီးမှာ မြောက်ပိုင်းမှ ဆင်းလာသည့် ငလောင်ဘွန်တောင်နှင့် တစ်ဆက်တည်းဖြစ်ပြီး တြိဂံနယ်မြေတစ်ခုလုံးကို တောင်ကုန်းဒေသ ဖြစ်ပေါ်လာစေခဲ့သည်။ နင်ဂွန်ဘွန်တောင်ထိပ်မှာ ပေ ၁၀၇၁၂ မြင့်ပြီး အမြင့်ဆုံးဖြစ်သည်။

ပလောင်လန်ဘွန်တောင်ကမူ ထူးခြားစွာဖြင့် အရှေ့အနောက်သွယ်တန်းလျက် ရှိသည်။ တဝမ်းဘွန်တောင်ထွတ်မှာမူ ပေပေါင်း ၁၀၉၈၉ မြင့်သည်။ တောင်ခြေမှစ၍ သွယ်တန်းနေသော နမ့်ဆင်ဘွန်၊ ဝန်ထွတ် ဘွန်၊ ထရီဘွန်၊ နစ်မောဘွန်၊ ဆင်ရှူးဘွန်တောင်တန်းများသည် နယ်နိမိတ်၏အဆုံးအထိ သွယ်တန်းနေကြသည်။

❑

ဦးစိုးမြင့်က ဆက်ပြောပြန်သည်။

''ဒီမြောက်ပိုင်းမှာက ပွင့်လင်းရာသီဆိုရင် မြစ်ကြီးနားနဲ့ ပူတာအိုကို လေယာဉ်တစ်နေ့ (၃)ခေါက် ပျံတယ်။ ဒီမှာက မိုးရာသီနဲ့ ဆောင်းရာသီပဲရှိတယ်။ နွေရာသီမရှိဘူး အောက်တိုဘာလနဲ့ မေလအထိ ဟာ ပွင့်လင်းရာသီလို့ဆိုရမှာပေါ့။ မိုးမရွာတော့ဘူးလေ။ ဆောင်းရာသီလို့ပြောလည်းရတယ်။ မြစ်ကြီးနားနဲ့ ပူတာအိုဟာ (၂၁၈) မိုင်ကွာဝေးတယ်။ လေယာဉ်နဲ့ကတော့ (၄၅)မိနစ်ကြာခရီးပဲ''

''ဟော့ဟိုလက်ဝဲဘက်မှာ ဆွမ်ပရာဘွမ်မြို့ ဘယ်လောက်လှသလဲ ကြည့်ကြပါဦး။ မြို့ကိုတောင်ကျောပေါ်မှာ တည်ထားတာ။ မြစ်ကြီးနားနဲ့ ဆွမ်ပရာဘွမ်မြို့က (၁၃၂) မိုင်ဝေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လေယာဉ်ပြတင်းမှ ငုံ့ကြည့်ကြသည်။ တောင်ကုန်းထိပ် မြေညီလွင်ပြင်ပေါ်၌တည်ထားသော ဆွမ်ပရာဘွမ်မြို့အား အမိုးနီနီရဲရဲများဖြင့် လှပစွာမြင်ရသည်။ တောင်တန်းကြီးများ၊ သစ်တောများအလယ်မှ တောင်ပေါ်မြို့ကလေးဖြစ်ပေသည်။ ပူတာအိုနှင့် ဆွမ်ပရာဘွမ်က မိုင် (၈၀) ကျော်ဝေးသည်။

မကြာမီ ကျွန်တော်တို့ လေယာဉ်ကလေးသည် ပူတာအိုမြို့အနီးသို့ ရောက်ရှိလာပြီး နာမည်ကျော် မူလာရှိဒီးကြိုးတံတားပေါ်သို့ ရောက်လာသည်။ ပူတာအိုနှင့် (၈)မိုင်သာ ကွာဝေးတော့သည်။ မကြာမီ ပြန့်ခေါ် လွင်ပြင်ကျယ်ကြီးတစ်ခုအတွင်းသို့ လေယာဉ်ကလေး တဖြည်းဖြည်းဆင်းလာသည်။ ပူတာအိုလေယာဉ်ကွင်းသို့ လေယာဉ်ဆင်းလာပြီဖြစ်သည်။ လေယာဉ်ကွင်းလွင်ပြင်ကျယ်ကြီးအား 'ခမ်းတီးလုံ' လွင်ပြင်ဟုခေါ်ကြောင်း သိရသည်။

လေယာဉ်ပေါ်ကအဆင်းတွင် မြောက်ဘက်၌ ရေခဲတောင်ဖြူဖြူကြီးများကို မြင်နေရသည်။ လုန်ခရုမာဒင်နှင့် ဖုန်ကန်ရေခဲတောင်ကြီးများဖြစ်ကြောင်း သိရသည်။ လေယာဉ်ကွင်းမှ ပူတာအိုမြို့တွင်းသို့ (၂)မိုင်မျှဝေးသေးသည်။ သီသန့်ကား၊ ဆိုက်ကား၊ မြင်းလှည်း မရှိပါ။ တောင်ဆင်းတောင်တက်များသောကြောင့် ဖြစ်သည်။ လေယာဉ်ကွင်းမှ မြို့ထဲသို့ကြိုပို့သည်။ ကုန်းလမ်းပို့ဆောင်ရေးပိုင် ခရီးသည်တင်ကားကြီးတစ်စီးသာရှိကြောင်း သိရသည်။ စောင့်၍စီးရမည် ဖြစ်သည်။ ကျွန်တော်တို့ ကားကြီးကိုစောင့်နေကြစဉ် တွင်အော်တာလေယာဉ်ကလေးကတော့ (၄၅)မိနစ်ကြာခရီး (၂၁၉)မိုင်ဝေးသော မြစ်ကြီးနားမြို့သို့ ခရီးသည်များတင်ဆောင်ကာ ပျံတက်သွားပြီ ဖြစ်လေသည်။

ကျွန်တော်တို့အဖွဲ့ ငွေသေတ္တာများဖြင့် နားခိုဆောင်တွင် စောင့်





ဆိုင်းနေကြစဉ် နာရီဝက်ခန့်ကြာမှ ခရီးသည်တင်ကားကြီး ရောက်လာသည်။ ခရီးသည်မှာ ကျွန်တော်တို့အဖွဲ့ (၉)ဦးသာဖြစ်၍ ကားကြီးမှာချောင်သည်။ ငွေထည့်သံသေတ္တာ (၄)လုံးကိုတင်ဆောင်ပြီး ကားကြီးထွက်လာတော့ ကားလမ်းဘေး မြေပြန့်လွင်ပြင်တွင် ရွှေဝါရောင်စပါးခင်းများကို တစ်လမ်းလုံးတွေ့ရသည်။

နမ့်တုံချောင်းကိုဖြတ်၍ ဆောက်လုပ်ထားသော သံတံတားကြီးကိုဖြတ်ပြီး တောင်ပတ်လမ်းနှစ်ကွေ့ကို ကျော်ပြီးသည်နှင့် ပူတာအိုမြို့ကိုမြင်ရသည်။ ကားကြီးကို ပူတာအိုဘဏ်ရှေ့သို့ ရပ်ပေးသည်။ ပူတာအိုဘဏ်တွင် ငွေသေတ္တာများအား ခေတ္တအပ်နှံပြီးသည်နှင့် ဘဏ်မန်နေဂျာက ကျွန်တော်တို့နှင့်ငွေသယ်အဖွဲ့အား ပူတာအိုဈေးအနီးမှ စားသောက်ဆိုင်တွင် ထမင်းကျွေးသည်။ ကားအဖွဲ့မှာလည်း စောင့်ဆိုင်းနေရသဖြင့် ကျွန်တော်တို့နှင့်အတူ ထမင်းစားကြသည်။ ပြီးနောက် ကားကြီးက ပူတာအိုမြို့နှင့် (၈)မိုင်ဝေးသော မူလာရှိဒီးကြိုးတံတားထိပ်အထိ လိုက်ပို့သည်။ ကားလမ်းခရီးကဆုံးပေပြီ။ အထမ်းသမားများငှား၍ သေတ္တာနှင့်ပစ္စည်းများအား ကြိုးတံတားကိုဖြတ်၍ သယ်ဆောင်ရသည်။

မူလာရှိဒီးကြိုးတံတားမှာ မူလာချောင်းကိုဖြတ်၍ ဆောက်လုပ်ထားရာ ကိုက် (၂၀၀) ခန့်ရှည်သည်။ အကျယ် မှာ (၆)ပေခန့်ရှိသည်။ အထက်နှင့်အောက် ငါးမူးလုံးခန့်ရှိသော သံမဏိကြိုးကြီးနှစ်ချောင်းကိုအားပြုပြီး အောက်ခြေ၌ သစ်သားဖြင့် ဆင့်လုပ်ထားသည့် အခင်းကို ဝါးလုံးအား လေးစိပ်ကွဲယက်၍ ခင်းထားသည်။ တံတားကြီးအား လမ်းလျှောက်ဖြတ်ကျော်တော့ လှုပ်ရမ်းပြီးခါနေသည်။ အသခံအထမ်းသမားများက ငွေသေတ္တာများထမ်း၍ အေးဆေးစွာဖြတ်ကျော်နိုင်သော်လည်း ကျွန်တော်တို့အဖွဲ့မှာ အတော်သတိထား၍ ဖြတ်ကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ဖက်ကမ်းတွင် မူလာရှိဒိးရွာတန်းရှည်ကြီး ရှိသည်။ ငွေသယ် တာဝန်ခံဦးစိုးမြင့်က ငှားနေကျဖြစ်ဟန်တူသော သစ်သီးခြံတစ်ခုအတွင်းမှ နောက်တွဲပါ ထွန်စက်ကြီးကိုငှား၍ ပစ္စည်းများတင်သည်။ ထွန်စက်၏ နောက်တွဲယာဉ်မှာ သံကိုယ်ထည်မဟုတ်ပါ။ ဒေသလုပ်သစ်သားကိုယ်ထည်ကြီးသာ ဖြစ်သည်။ ဘီးများကတော့ ကားဘီးများဖြစ်သည်။

ထွန်စက်ကြီးက မြေလမ်းကြမ်းကြီးတွင် တဝုန်းဝုန်းမောင်းနှင်ရင်း မူလရှိဒိးရွာ၊ ရိုကျော်ဒိးရွာ၊ ဗီးအွန်ရွာတန်းရှည်ကြီးများအားဖြတ်ပြီးနောက် ကျယ်ပြန့်ရှည်လျားသော ကိုင်းတောကြီးကို ဖြတ်ရသည်။ (၂)နာရီခန့်ကြာမှ မလိခကမ်းခြေရှိ နောင်ခိုင်ရွာကလေးသို့ရောက်သည်။ နောင်ခိုင်ရွာမှ မလိခမြစ်တစ်ဖက်ကမ်း မချမ်းဘောမြို့သို့ စက်သီးဆွဲကူးတို့သမ္ဗန်ကြီးဖြင့် ကူးကြရသည်။

ညနေလည်းစောင်းပြီဖြစ်၍ ကျွန်တော်တို့အဖွဲ့ မချမ်းဘောမြို့တွင် ညအိပ်ကြရမည်ဖြစ်သည်။ ငွေသေတ္တာများအား မချမ်းဘောဘဏ်မှတစ်ဆင့် ရဲစခန်းငွေတိုက်တွင်အပ်နှံပြီး ကျွန်တော်တို့အဖွဲ့ ဂူဘားရိပ်သာတွင် ညအိပ်တည်းခိုကြရသည်။ ညစာကိုတော့ မချမ်းဘောဘဏ်မှ မန်နေဂျာဦးသန်းမြင့်က ကျွေးပါသည်။ ဂူဘားရိပ်သာမှာ မလိခမြစ်အားမျက်နှာမူ၍ ဆောက်လုပ်ထားသော ခေတ်မီနှစ်ထပ်တိုက်ကလေးဖြစ်သည်။ ဂူဘား၊ ဖံယောရိပ်သာဟုလည်း ခေါ်သည်။ မြန်မာပြည်မြောက်ဖျားရှိ တိဗက်ရွာကလေးများကို ဂုဏ်ပြုမှည့်ခေါ်ထားခြင်းဖြစ်သည်ဟု သိရသည်။ တည်းခိုခန်းကို မချမ်းဘောဘဏ်မှ တာဝန်ယူပါသည်။

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့အဖွဲ့ Breakfast စားနေကြစဉ် ရဲစခန်းမှ ဒေါ့ဂျစ်ကားငှား၍ရကြောင်း သတင်းပို့လာသည်။ ကားသာငှားမရပါက မချမ်းဘောမှ နောင်မွန်းမြို့သို့ (၄၁)မိုင်ခရီးကို





မြည်းငှား၍လည်းကောင်း၊ အထမ်းသမားများဖြင့်လည်းကောင်း၊ ပစ္စည်းများသယ်ဆောင်ပြီး နှစ်ညအိပ် သုံးရက်ခရီး ကုန်းကြောင်းလျှောက်ကြရမည်ဖြစ်သည်။

ကျွန်တော်တို့ စားသောက်ပြီးသည်နှင့် ငွေသေတ္တာများကို အထမ်းသမားများဖြင့်သယ်ပြီး မချမ်းဘောမြို့လယ်ဈေးသို့ သွားကြရသည်။ ဈေးရှေ့တွင် ဒေါ့ဂျစ်ကားကြီးတစ်စီး ရပ်ထားသည်။ ကားစီးမည့်ခရီးသည်များကလည်း စောင့်စားနေကြသည်။ ရဲစခန်းက ကားစင်းလုံးငှားပေးသဖြင့် ခရီးသည်များမလိုက်ကြရတော့။ ဒေါ့ဂျစ်ကားမှာ နှစ်စီးရှိသဖြင့် နောက်တစ်စီးက အစားဝင်ပေးမည်ဟုသိရသဖြင့်တော်ပါသေးသည်။

ကျွန်တော်တို့ ငွေသေတ္တာများတင်ပြီး ခရီးဆက်ကြသည်။ လမ်းမှာ တောင်ဆင်းတောင်တက် လမ်းကြမ်းကြီးပင်။ ကျောက်ကြမ်းခင်းထားသဖြင့်သာ ကားလမ်းဟုဆိုနိုင်ပေသည်။ စက်အားကောင်းသောကားများသာ သွားလာနိုင်ပေမည်။ ဒေသခံအများစုကတော့ အထမ်းသမား၊ မြည်းများဖြင့် ပစ္စည်းသယ်ကာ သွားလာနေကြသည်။ ရာသီဥတုအေးချမ်းပြီး နယ်မြေဒေသလည်း ခရီးလမ်းအေးချမ်းသဖြင့် အဆင်ပြေသည်ဟု သိရသည်။ ထိုဒေသတွင် သယ်ယူပို့ဆောင်ရေးအတွက် အထမ်းသမားများကိုသာ အဓိကအားထားကြရပေသည်။

ကျွန်တော်တို့စီးလာသော ဒေါ့ဂျစ်ကားကြီးမှာ ကျောက်ခင်းလမ်းကြမ်းကြီးပေါ်၌ တရွေ့ရွေ့သွားနေသည်။ အလန်ဂါးကျေးရွာအုပ်စု၊ ထန်ဂါးကျေးရွာအုပ်စုတို့ကို ကျော်ဖြတ်ပြီး ရှန်ခချောင်းနှင့်ယှဉ်၍ ဆက်သွားရာ ရတ်ဘောရွာသို့ ရောက်သည်။ ရတ်ဘောရွာမှ ရှေ့ဆက်သွားရာ ရှန်ခချောင်းတံတားကိုဖြတ်ကျော်ရသည်။ သစ်လုံးငှက်တံတားကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အနောက်မြောက်ယွန်းယွန်းသို့ ဆက်သွားရာ အမြင့်ပေ ၂၅၀၀ ကျော်ရှိသည့် နမ့်ခမ်းရာဇဝင်တောင်တန်းကြီးကိုတက်ပြီး နမ့်ထီး တည်းခိုစခန်းသို့ ရောက်သည်။ ကျွန်တော်တို့ နေ့လယ်စာ စားကြသည်။

ပြီးနောက် အမြင့်ပေ (၆၂၆) မြင့်သော နိုင်ငွန်ဘွန်တောင်ကြီးကို တက်ကြရပြန်သည်။ ထို့နောက် အကွေ့ပေါင်း (၆၃)ကွေ့ရှိသော ဘာဘူလုံထန်တောင်ဆင်းကြီး၊ တောင်ခြေတွင် မဖဒပ်တည်းခိုစခန်း ရှိသည်။ ကားမှာ ရေဆူလာသဖြင့် ခေတ္တအနားပေးရင်း ကားသမားများ ရေလဲနေကြစဉ် ကျွန်တော်တို့ဆင်း၍ လက်ဖက်ရည်သောက်ကြသည်။

ပြီးနောက် ဆက်ထွက်လာခဲ့ကြရာ ကဆန်ချောင်းထိပ်သို့ ရောက်ရှိကြသည်။ ကဆန်ချောင်းကို ဒေသအခေါ် ရှန့်ခချောင်း၊ နမ့်တီး ဆံချောင်း၊ ခဆန်ခချောင်းဟူ၍လည်း ခေါ်ဝေါ်ကြသည်။ မချမ်းဘော့ မြို့မှ ခရီးမိုင်ပေါင်း (၄၀)မိုင် ပေါက်ခဲ့ပြီဖြစ်သည်။

နောင်မွန်းမြို့အဝင်တွင် မြောက်နှင့်တောင် စီးဆင်းနေသည့် ကဆန်ချောင်းကိုဖြတ်ပြီး ကြိုးတံတားတစ်ခု ဆောက်လုပ်ထားသည်။ အလျားပေ (၂၀၀)ခန့်ရှိသည်။ တံတားကို သံမဏိကြိုးကြီးများဖြင့် ဆိုင်းထားသည်။ အခင်းမှာ ဝါးခင်းမဟုတ်၊ သစ်သားပြားကြီးများခင်းထားသည်။ တံတားအကျယ်မှာ ငါးပေခန့်ရှိသည်။ ကားဖြတ်၍တော့မရ။ ကားလမ်းခရီးဆုံးချေပြီ ဖြစ်သည်။ ငွေသေတ္တာများကို အထမ်းသမားများဖြင့် သယ်ရပြန်သည်။

မိုင်လေးဆယ်ကျော်ခရီးကို တစ်နေကုန်အောင် မောင်းနှင်ရသဖြင့် နောင်မွန်းမြို့ကိုရောက်တော့ ကားလည်းပန်းပြီး လူများလည်း ကားဆောင့်သည့်ဒဏ်ကြောင့် ကိုင်ရိုက်ထားသလို နှုံးချိနေသည်။ နေလည်းဝင်လုပြီဖြစ်၍ ရေခဲတောင်ကြီးများ ဝိုင်းရံထားသော နောင်မွန်း





မြို့ကလေးမှာ ခိုက်ခိုက်တုန်အောင် ချမ်းအေးလာသည်။ နောင်မွန်း ဘဏ်က ကျွန်တော့်အစ်ကိုကြီး ဦးအောင်သန်းက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါသည်။

"လာ ...လာ ...ညီလေးတို့ အောက်ထပ်ဧည့်ခန်းမှာ မီးလင်းဖို့ရှိတယ်။ ခဏနားကြ။ အနွေးထည်ရောပြည့်စုံအောင် ပါကြရဲ့လား။ ဒီကရာသီဥတုကတော့ ပွင့်လင်းရာသီမှာတောင် အတော်အေးတယ်။ ဆောင်းတွင်းကတော့ ပိုဆိုးတာပေါ့။ နေသားကျသွားတော့လည်း အဆင်ပြေသွားတာပါပဲ"

"ဟုတ်ကဲ့ အစ်ကိုကြီး။ ကျွန်တော်တို့မှာ အပြည့်အစုံပါပါတယ်"

"အေး ...အေး ...ခဏနားကြဦး။ အစ်ကို ငွေတွေကို အဖွဲ့နဲ့ စစ်ဆေးလက်ခံပြီး ရဲစခန်းကငွေတိုက်မှာ သွားထားရဦးမှာ။ လွတ်လွတ်လပ်လပ်နေကြပါ"

ကျွန်တော်တို့ မီးလင်းဖိုနားရောက်မှ နွေးထွေးသွားသည်။ ထိုစဉ် အစ်ကိုကြီး၏တပည့်တစ်ဦးက တောင်ပေါ်အရက်တစ်ခွက်စီ လာတိုက်သည်။ ပြင်းလှသော တောင်ပေါ်အရက်မှာ ရေခဲသောတောင်ပေါ်ဒေသတွင် ကျွန်တော်တို့ရေမရောပဲ သောက်နိုင်ကြသည်။ နောင်မွန်းမြို့ဘဏ်တိုက်မှာ နှစ်ထပ်အုတ်တိုက်ကလေးဖြစ်သည်။ အောက်ထပ်တွင် ဧည့်ခန်းစားပွဲများချထားပြီး ရုံးဖွင့်ထားသည်။ အပေါ်ထပ်တွင် ဆူနေသည်။ အဆောက်အဦမှာလည်း ကြီးမားကျယ်ပြန့်ခြင်းမရှိပါ။ ခေတ်ဟောင်းက အဆောက်အဦဖြစ်၍ ထုထည်ကြီးမားပြီး ခိုင်မာတောင့်တင်းသည်။

www.burmeseclassic.com

www.burmeseclassic.com

❑

ညဘက်တွင် ညစာစားကြရင်း အစ်ကိုကြီးက ...

"ညီလေး မင်းတို့လာမယ်ဆိုလို့ ငါမျှော်နေတာ ကြာပြီ။ မြစ်ကြီးနားဘက်က ကိုကျော်မြင့်ငြိမ်းကိုလည်း ငါမှာထားတယ်။ အဆင်ပြေကြရဲ့ မဟုတ်လား။ ဒီဘက်ခရီးက အလွန်ကြမ်းတယ်။ မင်းတို့ ရောက်အောင်လာနိုင်တာကိုပဲ အစ်ကို ချီးကျူးပါတယ်။ ရောက်စဆိုတော့ အလွန်အေးလိမ့်မယ်။ နှစ်ရက်သုံးရက် နေပြီးသွားရင်တော့ နေသားကျသွားလိမ့်မယ်။ မင်းတို့လာရတာလည်း အလွန်ကုသိုလ်ကောင်းတယ်။ နို့မဟုတ်ရင်တော့ တောင်ဆင်းတောင်တက် လမ်းကြမ်းကြီးမှာ နှစ်ညအိပ်သုံးရက် ကုန်ကြောင်းလျှောက်ပေရော့။ ကဲ ...





အားလုံးပဲ အားရပါးရစားကြ။ ဒီဟာက တောင်ဆိတ်သားဟင်း၊ ဒါက တော့ ဝက်ဝံသား၊ ဒါက ရှဉ့်သားကြော်။ ဟင်းရည်ကတော့ မက်လင်ချဉ်သီး ချဉ်ရည်ဟင်း။ အားလုံး ဆေးဖက်ဝင်တယ်။ ငါမိတ်ဆွေ မုဆိုးကြီး အမဲမလိုက်တာကြာလို့ နို့မို့ အသားမှာင်း ဒါထက်စုံမယ်။ ညီလေးတို့မပြန်ခင်တော့ တောကောင်သားနဲ့ ကတိုးကောင်သား စားရဦးမှာပါ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ကျွန်တော်က စားရင်းသောက်ရင်း ကျွန်တော့်တပည့်များဖြစ်ကြသော သူရိုးမြင့်သိန်း၊ ပုဏ္ဏားတင်ဦးနှင့် ဖောက်ထွင်းဝိဇ္ဇာကျော်ကြီး၊ မျောက်တင်သောင်းတို့ဖြင့် မိတ်ဆက်ပေးရာ အစ်ကိုကြီးက ...

"အေး ... ကောင်းတာပေါ့ ညီလေးရာ။ ဖောက်ထွင်းဝိဇ္ဇာတွေ ဘယ်မှာတည်းတယ်ဆိုတော့ ပိုပြီးလုံခြုံတာပေါ့ ... ဟား ... ဟား ... ဟား"

"အစ်ကိုကြီးရေ ... ကျွန်တော့်တပည့်တွေကို ပေါ့သေးသေး ထင်ပါနဲ့။ ပုဏ္ဏားတင်ဦးဆိုရင် သိန်းရာဂဏန်းချမ်းသာပါတယ်။ ကျန်တဲ့သူတွေလည်း သူ့ဟာနဲ့သူ ရှိကြပါတယ်။ မျောက်တင်သောင်းဆိုရင် အဝေးပြေးကားပိုင်ရှင်။ အခုတောင် ကျွန်တော်တို့လမ်းခရီးသုံးဖို့ ငွေသိန်း (၂၀)ကျော်လောက် ပါလာပါတယ်"

"အေးပါ ... ညီလေးရာ။ အစ်ကိုက စ,တာပါ။ မင်းတို့ သဘောရှိ ပျော်သလောက်နေပါ။ ဒါနဲ့ ငွေသိန်း (၂၀)ကျော်တောင် ဘာလုပ်ဖို့လဲ ညီလေးရ"

"အပြန်ကို အဖိုးတန်ဆေးမြစ်၊ ဆေးဥနဲ့ သားကောင်ထွက် ပစ္စည်းရှေးရိုးတွေဝယ်သွားဖို့ပါ အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဆီနည်းနည်းဖြင့်ချက်ထားသော ဟင်းများဖြစ်သော်လည်း လတ်ဆတ်သောအသားနှင့် ဟင်းသီးဟင်းရွက်များဖြစ်သဖြင့် စား၍ အလွန်ကောင်းပါသည်။ မက်လင်ချဉ်သီးချဉ်ရည်ဟင်းမှာ ဖန်ချဉ်ကလေး ဖြင့် ခံတွင်းကို မြိန်စေပါသည်။

"နောက်ရက်တွေမှာ ညီလေးတို့ရေခဲကျားဖြူသား၊ ကတိုး ကောင်သားနဲ့ တာကင်(သားမင်း)သားတွေ စားရလိမ့်ဦးမယ်။ ကတိုး ကောင်သားကတော့ ကတိုးနံ့မွှေးလွန်းလို့ ငါတော့ စားမရဘူး။ ရေခဲ ငှက်သားတွေလည်း ရှိသေးတယ်။ ဘဲငန်းသားလိုပဲ စားလို့ကောင်း တယ်"

"အစ်ကိုကြီး ကတိုးတောင်က ဘယ်လောက်ကြီးသလဲ။ ဘာ တွေ အသုံးဝင်သလဲ။ နောက်ပြီး မချစ်ဥ၊ ခန်းတောက်မြစ်နဲ့ ရှီးပတီး ဥတွေအကြောင်းကိုလည်း သိချင်တယ်"

"အေး ...အေး ...ထမင်းစားပြီး အခါးရည်သောက်ရင်း ပြောကြတာပေါ့။ ငါတော့ အကုန်မသိဘူး။ ရဝမ်မုဆိုးကြီး ဦးအမ်အင် ဆားကို ခေါ်ပေးမယ်။ သူရောက်လာမှ မင်းတို့မေးချင်ရာကို အကုန် မေးတော့။ သူက ရေခဲတောင်ပေါ်မှာ ငယ်စဉ်ကတည်းက တစ်ဦးတည်း အမဲလိုက်ရင်း ဆေးမြစ်ရှာပြီးရောင်းလာတာ။ အကုန်နှံ့စပ်တယ်"

ကျွန်တော်တို့ ညစာစားပြီး အချိုတဲသည့်အနေဖြင့် ဂရိတ် ဖရုသီး၊ စတားဖရုသီး၊ လိမ္မော်သီးများကို စားနေကြစဉ် မုဆိုးကြီးရောက် လာသည်။ အသက် (၅၀)ကျော်ခန့်ရှိပြီဖြစ်သော်လည်း အလွန်သန်မာ ထွားကျိုင်းသည်။ လက်မောင်းလုံးကြီးများမှာ ကျွန်တော်တို့ပေါင်လုံးခန့် ရှိသည်။ ကုလားအင်္ကျီလိုလက်ပြတ်၊ ကျားသားရေအင်္ကျီကို ဝတ်ဆင် ထားသည်။ ဂျပ်ခုတ်လုံချည်ထူထူကြီးဖြင့် ခြေထောက်တွင် သူကိုယ်တိုင်





ချုပ်ဟန်တူသော နွားသားရေဖိနပ်ကို ဝတ်ဆင်ထားသည်။

"ဦးအမ်အင်ဆားဇရဲ ...သူတို့က ရန်ကုန်ကရောက်လာတဲ့ ကျွန်တော့်ညီတွေပဲ။ သားကောင်နဲ့ ဆေးဖက်ဝင်အပင်တွေအကြောင်း သိချင်လို့တဲ့။ ရှင်းပြပေးလိုက်ပါဦး"

"ဟုတ် ဆရာ။ ဆရာလေးတို့က ဘာအကြောင်းသိချင်တာ လဲ"

"ကတိုးကောင်၊ တာကင်နဲ့ တောင်ဆိတ်တွေအကြောင်းရယ်၊ ခန်းတောက်မြစ်၊ မချစ်ဥ၊ ရှီးပတီးဥတွေရဲ့ ဆေးဖက်ဝင်ပုံတွေကို သိ ချင်တာပါ မုဆိုးကြီး"

"အေး ...ငါပြောပြမယ် နားထောင်ကြ။ ကတိုးကောင်ကို ရဝမ်ဘာသာနဲ့ ထလား (ခေလား)၊ ကတိုးဆီကို ရာဆွမ်လို့ခေါ်တယ်။ ကတိုးဟာ ဒရယ်မျိုးနွယ်ဝင်ဖြစ်တယ်။ ဒါပေမဲ့ ဒရယ်လောက်မကြီး ဘူး။ ချေလောက်ပဲရှိတယ်။ ရေခဲတောင်ပေါ်မှာ ကျက်စားတယ်။ အရွယ် က အလျား (၃)ပေ၊ ပခုံးအမြင့် လက်မ (၂၀)လောက်ပဲရှိတယ်။ ခွာက ချေနဲ့တူပြီး ချွန်တယ်။ ရေခဲတောင်ပေါ်မှာသွားလို့ရအောင် သဘာဝက ဖန်ဆင်းပေးထားတာ။ ကိုယ်အပေါ်ပိုင်းက မီးခိုးရောင်နဲ့ အညိုရောင် ရှိပြီး ဝမ်းဗိုက်က ဖြူတယ်။ အမွေးရှည်တယ်။ အမြီးတိုကလေးသာရှိ ပြီး ဦးချိုမရှိဘူး။ အထီးမှာ မေးရိုးအောက်ကထိုးထွက်နေတဲ့ အစွယ် (၂)ချောင်းရှိတယ်။ တစ်ကောင်လုံးအလေးချိန်က (၅)ပိဿာကနေ (၉) ပိဿာလောက်ပဲရှိတယ်။ ကတိုးအထီးကောင်က ပိုကြီးပြီး ဆေးဖက် အသုံးပိုဝင်တယ်။ ရွှေထက် တန်ဘိုးပိုကြီးတယ်။

ကတိုးကောင် အထီးနဲ့အမ မိတ်လိုက်ပုံက အလွန်ထူးဆန်း တယ်။ ကတိုးအထီးရဲ့အမြီးဟာ နို့သီးခေါင်းလိုချွန်ပြီး အပေါက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေပါတယ်။ အဲဒီအပေါက်ကလေးတွေကနေ ကတိုးထီးရဲ့ သုတ်ရည် ထွက်တယ်။ မိတ်လိုက်ချိန်မှာ ကတိုးကောင်အမက ကတိုးအထီးရဲ့ အမြီးကို လိုက်စုပ်တာနဲ့ သန္ဓေရတယ်။ လဆန်းရက်၊ လပြည့်ရက်၊ လကွယ်ရက်တွေမှာသာ မိတ်လိုက်ကြတယ်။ တစ်နှစ်ကို နှစ်ကြိမ်သား မွေးတယ်။ တစ်ခါမွေးရင် တစ်ကောင်တည်းသာမွေးပြီး နို့တိုက်သတ္တဝါ မျိုးဖြစ်တယ်။

တိုင်းရင်းဆေးဖော်ရာမှာ ကတိုးဆီ၊ ကတိုးမှုန့်၊ ကတိုးမွှေး နံ့သာခဲဟာ ဆေးဖက်အလွန်အသုံးဝင်တယ်။ နံ့သာခဲကို ကတိုးအထီး ရဲ့ ချက်အထက်မှာ အိပ်ငယ်ကလေးနဲ့တည်နေတယ်။ ချက်အိမ်အိတ် ထဲမှာ နီညိုရောင် ကတိုးမွှေးနံ့သာခဲကိုရတယ်။ ရေခဲပြင်က ကျားဖြူ တွေဟာ ကတိုးကောင်ကိုမိရင် မွှေးလွန်းတဲ့ကတိုးကောင်ရဲ့ ချက်အိမ် နံ့သာခဲကိုမစားပဲ ချန်ထားလေ့ရှိတယ်။ နံ့သာခဲအိတ်ကို ကတိုးအထီး မှာပဲရတာ။ အမတွေမှာ မပါဘူး။ အဲဒီနံ့သာခဲအိတ်ကိုရရင်တော့ မုဆိုး တွေဟာ ရွှေထုပ်ကောက်ရတာထက် အဖိုးတန်တယ်။

ကတိုးနံ့သာခဲအိတ်ကို အခြောက်လှမ်းရင် အကောင်အရွယ် အစားအလိုက် အလေးချိန်ငါးမူးသားကနေ ငါးကျပ်သားအထိရှိတတ် တယ်။ ကတိုးဆီကို ရဝမ်ဘာသာနဲ့ (၃)မျိုးခွဲထားပါတယ်။ 'မန်ညမ် လဆိုင်း၊ လခရောင်းလို့ ခေါ်တယ်။ လခရောင်းဟာ တန်ဖိုးအကြီးဆုံး ပဲ။ ရွှေထက် တန်ဖိုးကြီးတယ်။ ရရှိဖို့လည်း အလွန်ခဲယဉ်းတယ်။ ကတိုး ကောင်တွေက အလွန်ဝေးလံပြီးမြင့်တဲ့ ရေခဲတောင်တွေပေါ်မှာ နေကြ တာ''

''ကတိုးဆီကို အမျိုးမျိုးအသုံးချလို့ရတယ်။ ကတိုးအမှုန့်ကို အဝတ်နဲ့ထုပ်ပြီး ကလေးတွေလည်ပင်းမှာ ဆွဲထားပေးရင် ရောဂါ





အန္တရာယ်အမျိုးမျိုးက ကင်းဝေးတယ်။ လူချစ်လူခင်များတယ်။ ကတိုး အမွှေးကို ခေါင်းအုံးထဲထည့်အိပ်ရင် ခေါင်းကိုက်ပျောက်တယ်။ အမျိုး သမီးတွေ ပဋိသန္ဓေကင်းဝေးတယ်။

နားကိုက်ရင် ကတိုးဆီကို ရေနဲ့ဖျော်ပြီး နားထဲထည့်ရင် နား ကိုက်ရောဂါပျောက်တယ်။ လေဖြတ်လို့ ကိုယ်တစ်ခြမ်းသေခြင်း၊ အောက် ပိုင်းသေခြင်း၊ ငန်းဖမ်းခြင်းစတဲ့ လေရောဂါတွေကိုလည်း သောက်ဆေး၊ လိမ်းဆေးအဖြစ် သုံးနိုင်တယ်။ သူငယ်နာဆေးတွေမှာလည်း အမျိုးမျိုး အသုံးပြုနိုင်တယ်။

နောက် ဆေးဖက်ဝင်တဲ့ တောကောင်ကတော့ တောင်ဆိတ် ပဲ။ သူ့ဦးချိုက နောက်ကိုလန်နေတယ်။ ဦးချိုရော၊ လျှာရော၊ ခွာရော၊ အမှီးရော၊ ဆေးဖက်ဝင်တယ်။ အရိုးကျိုးဒဏ်ရာတွေကို သွေးလိမ်း ပြီး ကုသရုံနဲ့ ရက်ပိုင်းအတွင်း ပြန်ကောင်းတယ်။ နောက်တစ်မျိုးက တော့ တာကင်ခေါ် သားမင်းကောင်ပဲ။ သူ့ဦးချိုက ရှေ့ကိုဝန်းဝိုက်နေ တယ်။ နွား၊ ကျွဲ၊ ပြောင်အုပ်စုဝင်ပဲ။ နီညိုရောင်အဆင်းရှိပြီး အလွန် လှတယ်။ ရေခဲတောင်ပေါ်မှာ အုပ်စုလိုက်ကျက်စားတတ်တယ်။ အသား ကတော့ နွားသားလိုပဲ နူးညံ့တယ်။ အထီးအမ ဦးချိုတွေကို အိမ်မှာ အလှအပ ချိတ်ဆွဲထားတတ်ကြတယ်။ တာကင်ချိုကိုခြစ်ပြီး ရလာတဲ့ အမှုန့်ကိုနွားကျွေးရင် လျှာနာခွာနာရောဂါ ပျောက်တယ်။ ဆရာလေး နဲ့ပြောတဲ့ ဆေးဖက်ဝင် သစ်မြစ်၊ သစ်ဖုတွေကတော့ ငါတို့ဒေသမှာ အသုံးများပြီး တန်ဖိုးရှိ၊ ဆေးဖက်ဝင်တာတွေကတော့ ခန်းတောက် ပင်၊ မချစ်ဥနဲ့ ရှီးပတီးဥတွေပဲ။ ရေခဲတောင်တွေပေါ်မှာပေါက်တယ်။ ဆောင်းရာသီအကုန် ရေခဲပျော်တဲ့ အခုလိုအချိန်မှာ ရှာဖွေတူးရတာ။ ခန်းတောက်မြစ်က နှစ်မျိုးရှိတယ်။ ခန်းတောက်ရွှေဝါနဲ့ ခန်းတောက်



www.burmeseclassic.com

www.burmeseclassic.com



အပြုမျိုးပဲ။ ရွှေဝါရောင်က ဆေးဖက်အာနိသင်ပိုကောင်းပြီး ဈေးပိုကြီးတယ်။ အဖျားရောဂါအမျိုးမျိုးကို နိုင်တယ်။ ငှက်ဖျားရောဂါကို အထူးနိုင်တဲ့ဆေးပဲ။ ခန်းတောက်မြစ်ကို ပါးပါးလှီးပြီး ရေနွေးစိမ်၊ ပျားရည်တစ်ဇွန်းနဲ့ အရက်တစ်ဇွန်းထည့်စိမ်ပြီး ပူပူကလေးသောက်ရတာ ဘယ်လောက်ပဲ ငှက်ဖျားကြီးပါစေ ဆေး (၃)ခွက်လောက်သောက်ရုံနဲ့ အမြစ်ပါပြတ်ပြီး ရောဂါပျောက်တယ်။ သွေးထွက်ဒဏ်ရာရရင်လည်း ခန်းတောက်မြစ်ကို ထုထောင်းပြီးအုံပေးရုံနဲ့ ဒဏ်ရာချက်ချင်းပျောက်တယ်။

မချစ်ဥကတော့ ကြက်သွန်ဖြူဥနဲ့တူတယ်။ ဖော့လိုပွပွ၊ အဖြူရောင်ကလေးပဲ။ အရသာက ခါးတယ်။ အပူဓာတ်ရှိတယ်။ ပျားရည်အရက်တို့နဲ့ စိမ်သောက်ရတယ်။ အစွမ်းထက်တဲ့ အားဆေးပဲ။ မသေဆေးလို့လည်း ခေါ်ကြတယ်။ နောက်ပြီး နာမည်ကြီးဆေးဖက်ဝင်အပင်ရှိသေးတယ်။ မရှော့ပင်လို့ခေါ်တယ်။ အဆိပ်ဖြေဆေးပင်ပဲ။ အရိုးနာကျိုးပဲ့ဒဏ်ရာ၊ လေရောဂါ၊ သွေးတိုး၊ ပိုးထိ၊ အစားမှား၊ အဆိပ်မိရောဂါတွေကို နိုင်တယ်။ စားရင်၊ လိမ်းရင် ချက်ချင်းပျောက်တယ်။

ရှိုးပတီးဥကတော့ အားဆေးတစ်မျိုးပါပဲ စားရင် အမောလျော့တယ်။ သွေးသားလည်ပတ်မှုကောင်းတယ်။ မျက်စိကို အားကောင်းစေတယ်။ ရှိုးပတီးပင်တွေက ကြက်သွန်ဖြူပင်တွေလိုပဲ အုပ်စုလိုက်ပေါက်တတ်တယ်။ ထူးဆန်းတာကတော့ သူတို့က အသက်ရှိတယ်။ နေရာရွှေ့သွားတတ်တယ်။ ဒီနေ့ ဒီနေရာမှာရှိပေမဲ့ နောက်တစ်နေ့သွားကြည့်ရင် အရင်နေရာမှာ မရှိတော့ဘူး။ နေရာရွှေ့သွားကြပြီ။ ငါတို့ဆီက ဒေသခံမုဆိုးတွေကတော့ လမ်းလျှောက်အားဆေးပင်လို့ ခေါ်ကြတယ်"

"ဟုတ်ကဲ့ မုဆိုးကြီး၊ အခုလို ပြည့်ပြည့်စုံစုံရှင်းပြတာ ကျေးဇူးတင်ပါတယ်။ မုဆိုးကြီးတို့ အမဲလိုက်တော့ ဘာလက်နက်တွေသုံးကြသလဲ။ ကျွန်တော်တို့ လိုက်လေ့လာလို့ မရဘူးလား"





"ငါတို့သုံးတာ အဆိပ်လူးမြားပဲ။ တူမီးသေနတ်တွေက ရေခဲတောင်ပေါ်မှာသုံးရင်း မီးမကူးတော့ စိတ်မချရဘူး။ ဆရာလေးတို့ လိုက်ချင်ရင်လည်း ခေါ်လို့ရပါတယ်။ ဒါပေမဲ့ အန္တရာယ်များမယ်၊ ပင်ပန်းမယ်၊ အစားအသောက်၊ အနေအထိုင်ဆင်းရဲမယ်။ နေ့ချင်းပြန်လို့ မရဘူး။ ရေခဲတောင်ပေါ်မှာ ညအိပ်ရမှာ။ တစ်ပတ်ဆယ်ရက်၊ တစ်လကြာတတ်တယ်။ သွားချင်ရင်တော့ ငါစီစဉ်ပေးပါ့မယ်။ သွားလိုရင်တော့ အပျော်ခရီးမဟုတ်ဘူးနော် စွန့်စွန့်စားစားသွားရမှာ။ အပင်ပန်းခံနိုင်ရင်တော့ လိုက်ခဲ့ကြပါ။ ဆရာလေးတို့က မုဆိုးအတွေ့အကြုံတော ရှိကြရဲ့လား"

"ကျွန်တော်ကတော့ ပဲခူးရိုးမနဲ့ တနင်္သာရီရိုးမမှာ အမဲလိုက်ခဲ့တဲ့ မုဆိုးပါ။ နှစ်အတော်ကြာ အတွေ့အကြုံရှိပါတယ်"

"ဆရာလေးက ဘာတောကောင်တွေ ပစ်ဖူးသလဲ"

"တောဝက်၊ ချေ၊ ဆတ်၊ မျောက်၊ ကျား အတော်စုံပါတယ်။ ဆင်သာမပစ်ဘူးတာပါ။ ငှက်လည်း အတော်စုံအောင် ပစ်ဖူးပါတယ် မုဆိုးကြီး။ ကျွန်တော့်တပည့် မျောက်တင်သောင်းကလည်း သာယာဝတီသား ရိုးမမုဆိုးပါပဲ။ သစ်ပင်တက်ကျွမ်းကျင်လို့ မျောက်တင်သောင်းလို့ခေါ်တာပါ။ ကျန်တဲ့တပည့်သုံးယောက်ကတော့ သေနတ်ပစ်တတ်ပေမဲ့ မုဆိုးတွေမဟုတ်ကြပါဘူး။ လက်မှုပညာနဲ့ ဗိန္ဓောဆေးဆရာလည်း ပါပါတယ်။ ကျွန်တော်တို့ဆရာတပည့်တွေပေါင်းရင် ဘာကိစ္စမဆို အောင်မြင်နိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

❑

ထိုညက ကျွန်တော်တို့ ညစာစားသောက်ပြီး အိပ်ရာဝင်တော့ အတော်ညဉ့်နက်လေပြီ။ မီးလင်းဖိုမရှိသော အပေါ်ထပ်တွင်အိပ်ရသဖြင့် ငွမ်းစောင်ထူထူကြီးခြုံ၍အိပ်သော်လည်း အတော်ဖြင့်အိပ်မရပါ။ အမိုးထဲအထိ အေးစိမ့်နေသည်။ ခရီးပန်းလာသောကြောင့် သန်းခေါင်ကျော်မှ အိပ်ပျော်သည်။

နောက်တစ်နေ့မနက်တွင် ခေါပုတ်ကင်၊ ကောက်ညှင်းပေါင်း၊ အသားခြောက်ကင်ဖြင့် ကျွန်တော်တို့ မနက်စာ စားကြသည်။ ကော်ဖီ၊ လက်ဖက်ရည် မပါပါ။ ဖခါးရည်ဖြင့်ပင် စားသောက်ကြရသည်။ နှစ်ရက်၊ သုံးရက်ကြာမှ နေသားကြလာသည်။ ကျွန်တော်တို့အဖွဲ့ မြို့တွင်းနှင့် ဈေးဘက်သို့ လမ်းလျှောက်ကြသည်။





နောင်မွန်းလေယာဉ်ကွင်းဘက်သို့လည်း လမ်းလျှောက်သည်။ လေယာဉ်ကွင်းရှိသော်လည်း အဘယ်အကြောင်းကြောင့်မသိ လေယာဉ် အဆင်းအတက်မလုပ်သည်မှာ ကြာပြီဖြစ်ကြောင်း သိရသည်။ ဘထိပတ် ဝန်းကျင်မှ ကလေးများဖြင့်လည်း မိတ်ဆွေဖြစ်လာသည်။ ရဝမ်၊ လီဆူး၊ ရှိန်းဖောကလေးများ ဖြစ်ကြသည်။ အသက် (၁၀)နှစ်ခန့်သာရှိကြသေးသော်လည်း ဒူးလေးကို ပိုင်နိုင်စွာကိုင်နိုင်ကြသည်။ ဆိပ်လူးမြားတော့ မဟုတ်။ ရိုးရိုးမြားပင်ဖြစ်သည်။ လက်ကလည်း အလွန်တည့်သည်။ နိုးရာကစားနည်းကဲ့သို့ပင် ဒူးလေးပစ်၍ လက်တည့်စမ်းကစားကြသည်။ ကလေးများကိုင်သော ဒူးလေးမှာ သေးငယ်သော်လည်း တောင့်တင်းမာကျောသည့် မဟော်ဂနီပင်အသားဖြင့် လုပ်ထားပြီး လေးညှို့ကြိုးကို ဆေးခြောက်ပင်လျှော်ကိုကျစ်၍ လုပ်ထားသည်။ ဆေးခြောက်ပင်မှာလည်း လမ်းဘေးအနှံ့ပေါက်နေကြသည်။ ဒူးလေးဒင်ကို ဗိုက်တွင်ထောက်၍ လေးညှို့တင်ပြီး လွယ်ကူလျင်မြန်စွာ ပစ်နိုင်ကြသည်။ မြားမှာ ဝါးတံကိုလုပ်၍ မြားနောက်ဖြီး အထိမ်းအရွက်မှာ နီးဝါးအဖျားသာဖြစ်လေသည်။ လေယာဉ်ကွင်းအနီးရှိ တောချုံများတွင် နားမိုကြသည့် ငှက်ကလေးများ၊ ရှဉ့်ကလေးများမှာ ကလေးများ၏ ဒူးလေးပစ်အစမ်းခံ သတ္တဝါကလေးများ ဖြစ်ကြပေသည်။

လေးရက်မြောက်သော ညနေတွင် မှဆိုးကြီး ဦးအမ်အင်ဆားရောက်လာပြီး မနက်ဖြန်မနက်တွင် ရေခဲတောင်ပေါ်သို့သွား၍ အမဲလိုက်ည်ဟု အကြောင်းကြားလာသည်။ ကျွန်တော်က အစ်ကိုကြီးထံခွင့်ပန်ရာ ...

"အော ... ညီလေး မင်းလည်း ရိုးမစခန်းတွေမှာ နေပုံးလုပ်ခဲ့တာပဲ။ အတွေ့အကြုံရှိပြီးသားပါ။ ဒီဒေသရောက်တုန်း လိုက်ချင်ရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း လိုက်သွားပေါ့။ ဒါပေမဲ့ အောက်ပြည် အောက်ရွာလိုတော့ မဟုတ်ဘူးနော်။ ချောင်းတွေ၊ မြောင်းတွေ၊ ရေခဲမြစ်တွေ၊ တောင်တန်းတောင်စွယ်တွေနဲ့ အန္တရာယ်တော့ အလွန်များတယ်။ အစ်ကိုတို့ဘဏ်မှာတော့ နှစ်လုံးပြူးနဲ့ ရိုင်ဖယ်သေနတ်တွေရှိပါတယ်။ မသုံးတာကြာပြီ။ တိုက်ချွတ်စစ်ဆေးပြီး ယူသွားပေါ့။ အစားအသောက်တော့ ဆင်းရဲလိမ့်မယ်နဲ့တူတယ်။ ဆေးဝါးလည်း လိုလိမ့်မယ်။ အစ်ကိုဆောင်ထားတဲ့ Army Rum ပုလင်းတွေလည်း ယူသွားပါ''

မှဆိုးကြီးဦးအမ်အင်ဆား ။ ''အစားအသောက်အတွက်တော့ မပူနဲ့ဆရာ။ ငါအပြည့်အစုံယူလာခဲ့မယ်။ ဘယ်နှစ်ရက်ကြာမလဲတော့ မမေးနဲ့ ငါမကြိုက်ဘူး''

''ဟုတ်ပါပြီ ဦးအမ်အင်ဆားရယ်။ ခင်ဗျားကို ယုံကြည်အားကိုးလို့ ကျွန်တော့်ညီတွေကို အပ်လိုက်ပါပြီ။ စိတ်ချပါရစေ။ ကောင်းကောင်းစောင့်ရှောက်ပါ''

''စိတ်ချဆရာ။ ငါမသေသရွေ့ ဆရာ့ညီတွေ မသေစေရဘူး။ မနက်ဖြန်မနက်စောစော ငါလာခေါ်မယ်။ အသင့်ပြင်ထားကြ''

ကျွန်တော်တို့ ညဘက်တွင်ပင် အစ်ကိုကြီးတို့ဘဏ်မှ ရိုင်ဖယ်သေနတ် (၂)လက်နှင့် နှစ်လုံးပြူးသေနတ်ကြီးတစ်လက်ကို ရွေးချယ်၍ တိုက်ချွတ်ကြသည်။ သေနတ်များမှာ လွတ်လပ်ရေးခေတ်ဦးကဖြစ်သော်လည်း အသုံးမပြုပဲ အမဲဆီသုတ်ပြီး သိမ်းထားသဖြင့် ဆေးကြောသုတ်သင်ရာ၌ အသစ်အတိုင်း ဝင်းလက်နေသည်။ သေနတ်အစိတ်အပိုင်းနှင့် ပြောင်းရစ်များလည်း ကောင်းသေးသည်။ မဂ္ဂဇင်းဘောက်စ်ထဲသို့ ကျည်ဆန် (၁၀)တောင့်စီအားရွေး၍ ထည့်ထားလိုက်ပြီး နှစ်လုံးပြူးကြီးအတွက်လည်း (SG) နှင့် (LG) (၅)တောင့်စီဆောင်ခဲ့သည်။ ကျွန်





တော် ရန်ကုန်ကဝယ်လာခဲ့သော (Field Jacket) ကြီးမှာ လေးပြီး မနွေးသောကြောင့် အစ်ကိုကြီးက သားမွေးအနွေးထည်အကျီ နှားရွက်ဖုံးသားမွေးဦးထုပ်နှင့် (Grip) ကောင်းသော တောင်တက်ဖိနပ်တစ်ရံကို ထုတ်ပေးသည်။ နောက်တစ်နေ့မနက်၌ ကျွန်တော်နှင့် မျောက်တင်သောင်းက မှဆိုးများပီပီ ရိုင်ဖယ်သေနတ်ကို ကိုယ်စီကိုင်ကြသည်။ နှစ်လုံးပြူးကြီးကိုတော့ ဖောက်ထွင်းဝိဇ္ဇာကျော်ကြီးက ကိုင်သည်။ ပုဏ္ဏားတင်ဦးနှင့် သူခိုးမြင့်သိန်းတို့က သေနတ်ဖြင့်မနီးစပ်သဖြင့် မကိုင်ကြပါ။ ဓားကိုယ်စီတော့ ပါကြသည်။

အစ်ကိုကြီးအား နှုတ်ဆက်ကန်တော့ပြီး မှဆိုးကြီးဦးအမ်အင်ဆားခေါင်းဆောင်၍ ခရီးစထွက်ခဲ့ကြပါတော့သည်။ လေယာဉ်ကွင်းကိုကျော်၍ တောထဲဝင်ခဲ့ကြရာ မှဆိုးကြီးက ...

''ငါတို့ ဟိုရှေ့က စပ်ဖန္ဒယ်လုံတောင်ကြီးကို ကျော်လိုက်ရင် နမ့်လန်ဆိုတဲ့ချောင်းကို ရောက်မယ်။ ချောင်းကျော်ပြီးတာနဲ့ နမ့်လန်မြေပြန့်လွင်ပြင်ကို ရောက်မယ်။ အဲဒီကနေ နမ့်လန်ရူးရွာကိုကျော်လိုက်တာနဲ့ လုံမရှမာဒင် ရေခဲတောင်ခြေကရွာကလေးကို ရောက်မယ်။ အဲဒီရွာကမှတစ်ဆင့် ရေခဲတောင်ပေါ်ကို တက်ကြရမှာ''

ကျွန်တော်တို့အဖွဲ့ စပ်ဖန္ဒယ်လုံတောင်ကြီးကို တရွေ့ရွေ့တက်ကြသည်။ စပ်ဖန္ဒယ်လုံတောင်ကြီးမှာ သမအအေးပိုင်းသစ်တောကြီးက ဖုံးလွှမ်းနေသည်။ မဟော်ဂနီ၊ အယ်လ်မိုင်း၊ ဝက်သစ်ချ၊ မိုးမခနှင့် အမည်မသိသော အမြဲစိမ်းသစ်တောကြီးက ဖုံးလွှမ်းနေသည်။ နေရောင်ပင်မထိုးပါ။ တောကြီးထဲဝင်မိသည်နှင့် မဲမှောင်သွားသည်။ တောထဲ၌ မှဆိုးလမ်းယောင်ယောင်ကလေးသာရှိပြီး မှဆိုးကြီးက ဦးဆောင်သဖြင့်သာ လမ်းမမှားခြင်းဖြစ်သည်။ မှဆိုးလမ်းဘေး၌ မျောက်ချောနှင့် ဒီးဒူး



www.burmeseclassic.com

www.burmeseclassic.com



ပင်ကြီးများအောက်တွင် ဆေးမြင်းခွာ၊ ကြိမ်ပင်အုပ်နှင့် သစ်မင်းပင်များက တောထအောင်ပေါက်နေကြသည်။

တောမှာ တိတ်ဆိတ်နေသယောင်ပင်။ တောလည်ခန့်ရောက်မှ မျောက်အော်သံနှင့် ရှဉ့်တွတ်သံ၊ ငှက်ကလေးများအော်မြည်သံများကို ကြားလာရသည်။ ယခုမှ တောမှာ စိုပြေလာသလိုပင်။ တောတိတ်ဆိတ်နေသည်မှာ အန္တရာယ်ကိုညွှန်ပြနေတတ်ကြောင်း ကျွန်တော်တို့ အတွေ့အကြုံရှိသော မုဆိုးများအနေဖြင့် သဘောပေါက်ပါသည်။

ကျွန်တော်က မုဆိုးကြီးအား အနားကပ်၍ ...

"မုဆိုးကြီး တောကောင်ကြီးတစ်ကောင်ကောင် အနားက ဖြတ်သွားတယ်ထင်တယ်။ တောက ငြိမ်လွန်းလှတယ်"

"ဟုတ်တယ် ဆရာလေး။ ငါလည်း သတိထားနေတာ။ တောငြိမ်တာဟာ မကောင်းတဲ့လက္ခဏာပဲ။ အားလုံးလည်း သတိထားကြပါ"

ထိုစဉ် ကျွန်တော် ရုတ်တရက် သတိထားမိလိုက်သည်မှာ မဟော်ဂနီပင် ကိုင်းခွကြားမှ အရိပ်လို ဖြူဖြူအရာကြီးဖြစ်သည်။ ကျွန်တော်တို့နှင့်တော ပေ (၁၀၀)ခန့် လှမ်းပါလိမ့်မည်။ လှုပ်ရှားမှုမရှိ ငြိမ်သက်နေသည်။ အသေအချာကြည့်မှ အဖြူပြောက်ပေါ်တွင် အနက်စက်ကလေးများကိုပင် မြင်ရသည်။ နှင်းကျားသစ်ဖြစ်ပုံရသည်။

ကျွန်တော် မုဆိုးကြီးကို အသာဆွဲ၍ ပစ်မှတ်အသေးအား အသင့်မောင်းတင်ထားသော ဒသမ . ၃၀၃ အင်္ဂလိပ်ခေါင်းတို ရိုင်ဖယ်ကြီးဖြင့် အသေအချာချိန်ရွယ်ပြီး ပစ်ချလိုက်တော့သည်။

"ဒိုင်း"

သေနတ်သံမှာ တို၍ပြတ်သည်။ ပစ်မှတ်အားထိကြောင်း သေ





ချာပါသည်။

"ဂူး ... ဂယား ... ဘုန်း"

ကျွန်တော် နေရာရွှေ့၍ သေနတ်အားမောင်းတင်ပြီး ချိန်ရွယ်ထားသော်လည်း ရုန်းကန်လှုပ်ရှားသံမှာ တစ်ခဏနှင့် ငြိမ်သွားသည်။

"ဆရာလေးရေ ... ငါက မျက်စိမွဲနေပြီ။ ဘာကောင်မှန်းတောင် ငါမသိကွဲဘူး။ အော်သံကြားမှ နှင်းကျားသစ်မှန်း သိရတော့တယ်။ တောအုပ်ထဲမှာ အလင်းရောင်ကနည်းတော့ မမြင်ရဘူး။ ကံကောင်းလို့ပဲ ဆရာလေးမြင်ပေလို့။ အောက်ကသာ မမြင်မစမ်းနဲ့ဖြတ်သွားမိရင် တစ်ယောက်ယောက်တော့ အသေပဲ"

"တောငြိမ်နေလို့ သတိထားမိတာပါ မုဆိုးကြီးရယ်။ ကံကောင်းသွားပေါ့ဗျာ"

ကျွန်တော်တို့ မဟော်ဂနီပင်ကြီးအား ပတ်ဝိုင်း၍ကြည့်တော့ ကြိမ်ဆူးရုံကြီးကြားတွင် ညပ်နေသော ကျားသစ်ဖြူကြီးအား တွေ့ရတော့သည်။ (၇)တောင်ခန့်ရှိပြီး အထီးကြီးဖြစ်သည်။

"မှတ်ပလားဟ ... ငါ့ဆရာနဲ့တွေ့တော့ သေနတ်ကျည်ဆန်အမှန်ခံရတဲ့အပြင် ကြိမ်ဆူးပါ အစူးခံရတော့ သေပဟ"

မျောက်တင်သောင်းက အားရပါးရ မှတ်ချက်ပြုသည်။

သူ့ခိုးမြင့်သိန်းကတော့ ...

"ဩော် ... အမဲလိုက်တယ်ဆိုတာ သူ့အသက် ကိုယ့်အသက် လုတဲ့ပွဲပဲနော်။ လျှင်သူစားစတမ်းပေါ့နော်"

"အိမ်း ... မုဆိုးလာဘ်ဦးကောင်းတယ် ဆိုရမှာပေါ့။ ကဲဆို ပေး။ ငါ ကြိမ်ရုံကိုရှင်းလိုက်မယ်။ ဆူးတွေနဲ့ဆိုတော့ ဆရာလေး ရှင်းတတ်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း သာယာဝတီက တောသားမုဆိုးပါ မုဆိုးကြီးရယ်။ ကျွန်တော်လည်း ရှင်းပါ့မယ်"

မျောက်တင်သောင်က ဝင်ပြောပြီး မုဆိုးကြီးနှင့် ကြိမ်ရှုံကြီးကို ရှင်းကြသည်။

ကျားသစ်ကြီးကိုဆွဲထုတ်ပြီး မျောက်တင်သောင်းက ဝါးခုတ်ပြီး သယ်ဆောင်ရန်ချည်နှောင်နေစဉ် မုဆိုးကြီးက ကြိမ်ခါးဖူးကိုခုတ်၍ သင်နေပြန်သည်။

"မုဆိုးကြီး ဘာလုပ်ဖို့လဲဗျ"

ကျော်ကြီးက မေးရာ . . .

"ဟ . . . ဆရာလေးရ၊ ဒါ အကောင်းဆုံးဟင်းချိုဖြစ်မှာပေါ့ အေးဗဲ့ရာသီနဲ့တည့်တယ်။ အမောလုံတယ်၊ ခံတွင်းကို မြိန်စေတယ်"

"ကြိမ်ခါးဖူးဟင်းချိုကို မင်းတို့ မစားဖူးသေးဘူးထင်တယ်။ အလွန်ခံတွင်းတွေ့တာကွ။ တောကြက်သားဟင်းဆီပြန်နဲ့ ကြိမ်ခါးဖူးဟင်းချိုဟာ အလွန်လိုက်တယ်။ ကျားသစ်သားတော့ ငါလည်း မစားဖူးဘူး"

"တောကြက်ကတော့ ဒီတောမှာ ရှားတယ်ဆရာ။ ဘဲငန်းနဲ့တူတဲ့ ရေခဲငှက်ကြီးတွေတော့ရှိတယ်။ တောင်ပေါ်မှာလေ၊ ကျားသစ်သားက ကျားသားလောက် မညှီပါဘူး။ အမျှင်ကြီးတယ်၊ စားလို့ကောင်းတယ်။ ကျားသစ်ဖြူသားရေနဲ့ အစွယ်အရိုးက မြို့မှာဈေးကောင်းတယ်ဆရာ။ တောင်ခြေရွာရောက်မှ အသေအချာဖျက်ရမယ်။ အခုတော့ ထမ်းကြရအောင်"

မျောက်တင်သောင်းနှင့် ကျော်ကြီးတို့က ကျားသစ်သေကြီးကို ထမ်းကြသည်။ စပ်နွယ်လုံတောင်ပေါ်ကဆင်းကြပြီး နမ့်လန်ချောင်း





ကူး ကြိုးတံတားမှ ကူးကြသည်။ တံတားကတို၍ တော်ပါသေးသည်။ တစ်ဖက်ကမ်းမှာတော့ နမ့်လမ်မြေပြန့်လွင်ပြင်ကြီး၊ ရောင်စုံတောပန်း၊ တောင်ပန်းများ ပွင့်လန်းနေကြသည်။ ကောက်ကောက်ကွေးကွေးအရွက်နှင့် ချုံကြီးကိုတွေ့တော့ မုဆိုးကြီးက . . .

"ဆရာ . . . ဒါ ဆေးခြောက်လျှော်ပင်။ ငါတို့တော့ ဒူးလေးညှိကြိုးအတွက်ပဲ လျှော်ဆုပ်ပြီး သုံးကြတယ်။ အရွက်ကို အသားဟင်းထဲမှာထည့်ချက်ရင် ဟင်းအရသာကောင်းတယ်။ အရည်က အရသာရှိတော့ များများသောက်ရင်တော့ မူးတတ်တယ်။ ဆေးခြောက်မှာ မျက်ကျဉ်းမျက်ကျယ်ဆိုပြီး (၂)မျိုးရှိတယ်။ ဒီအပင်က မျက်ကျဉ်းအရွက်သေးပြီး၊ မျက်ကျယ်အပင်က အရွက်ကြီးတယ်"

"မုဆိုးကြီး . . . အဲဒီနှစ်မျိုးက ဘယ်လိုခြားနားသလဲ"

ဟု ကျော်ကြီးကမေးရာ မုဆိုးကြီးက . . .

"မျက်ကျဉ်းကို ဟင်းထဲထည့်ပြီး များများစားမိရင် တဝါးဝါး သမ်းပြီး အိပ်ချင်တယ်။ မျက်ကျယ်ကိုစားမိရင်တော့ မျက်စိကျယ်ပြီး အရာဝတ္ထုအားလုံးကို မှုမှန်ထက် အဆပေါင်းများစွာ အကြီးကြီးမြင်နေရတတ်တယ်။ နောက်ပြီး ဘာမှမဟုတ်ပဲ တဝါးဝါးရယ်နေရတတ်တယ်"

"ဒါဆို မုဆိုးကြီး၊ ကျွန်တော် မျက်ကျဉ်းအရွက်ကို နည်းနည်းခူးခဲ့မယ်နော်။ စမ်းသပ်ကြည့်ရအောင်ပါ"

"ဟိုးရှေ့က ကြာဖူးတွေလို ပွင့်ငုံနေတဲ့ အပင်တွေကရော မုဆိုးကြီး"

မျောက်တင်သောင်းက မေးရော . . .

"အဲဒါတွေက အန္တရာယ်ပင် ဘိန်းပင်တွေပဲ။ အပွင့်က



www.burmeseclassic.com

www.burmeseclassic.com



အင်မတန်လှတယ်။ ဒီနယ်မြေမှာတော့ အလေ့ကျပေါက်ပင်တွေပဲ။ ဆေးပင်၊ ဝါးပင်နဲ့အတူ မှုးယစ်စေတတ်တဲ့အပင်တွေက ဒီနယ်မြေမှာ အလေ့ကျပေါက်တတ်တယ်လေ''

''မှဆိုးကြီး ဘိန်းပင်ကအရွက်ကိုရော ဟင်းထဲထည့်ချက်စား လို့ရသလား''

''မရဘူးဆရာလေး၊ သူ့အရွက်က နံပြီး ခါးတယ်''

ပုဏ္ဏားတင်ဦးနှင့် သုခိုးမြင့်သိန်းတို့ကတော့ ဘိန်းပန်းများအား လိုက်လံကိုင်ကြည့်ပြီး နမ်းမည်အလုပ် …

''ဆရာလေးတို့ မနမ်းကြနဲ့၊ အဆိပ်ရှိတယ်။ သူ့အနံ့က စိမ်းရွှေရွှေအီတီတီပဲ။ ဒါပေမဲ့ နှာခေါင်းထဲဝင်သွားရင် အနံ့စွဲနေပြီး အတော်နဲ့မပျောက်ဘူး။ ခေါင်းမူးနေလိမ့်မယ်''

''တော်ပါသေးရဲ့ဗျာ။ ကျွန်တော်တို့က နမ်းကြည့်တော့မလို့။ ဘိန်းပွင့်က အလွန်လှတာပဲနော်။ အရောင်အဆင်းနဲ့ အပွင့်ပုံစံက ဒီတောထဲမှာ အလှဆုံးပဲ''

''လာ …မြန်မြန်သွားကြစို့ ဆရာလေးတို့။ ဒီအပွင့်တွေက လေသင့်ရင် အနံ့ဆိုးတယ်။ အတော်နဲ့မပြေဘူး။ ပျားပိတုန်းတွေတောင် မလာကြတာ ဒီပန်းတွေကို ကြောက်လို့ပဲ''

မကြာမီ ကျွန်တော်တို့ နမ့်လန်မြေပြန့်လွင်ပြင်ကြီးကို ဖြတ်ကျော်ရင်း တောင်ယာစပါးစိုက်ကွင်းများအနီးသို့ ရောက်လာပြီး လယ်ကွင်းများအလယ်၌ တဲအိမ်လေးငါးဆယ်လုံးကို မြင်တွေ့ရသည်။

''ဆရာလေးတို့ အဲဒါ နမ့်ဒယန်မြေပြန့်လွင်ပြင်ရွာပဲ။ အဲဒီရွာမှာ ငါ့သူငယ်ချင်းမုဆိုးကြီး အလီမိန်းရှိတယ်။ အဲဒီမှာ နေ့လယ်စာ စားကြမယ်''





''မုဆိုးကြီးရဲ့ နေ့လယ်စာဆိုရအောင် အခုပဲ ညနေ (၂)နာရီ ထောင်ထိုးတော့မယ်။ နေ့လယ်စာနဲ့ညစာ ပေါင်းစားရမယ် ထင်တယ်''

ကျွန်တော်ကပြောရာ မုဆိုးကြီးက တဟားဟားရယ်ပြီး …

''ဆရာလေးကလည်း မုဆိုးပဲ အချိန်ရယ်လို့ ဘယ်ရှိမလဲ။ သင့်တဲ့နေရာရောက်မှ စားရမှာပေါ့။ ဆရာလေး ဆာနေပြီလား''

''အခုမှ ဆာလာတာမျိုး။ အစောကတော့ ဘိန်းပန်းနံ့တွေ အီလည်လည်ခံစားရပြီး ထမင်းမဆာဘူး''

''ရောက်ပါပြီ ဆရာလေးရယ်။ ချက်တာပြုတ်တာတော့ ထင်းမီးနဲ့ဆိုတော့ မြန်ပါတယ်''

ကျွန်တော်တို့အဖွဲ့ ရွာစွန်မှ တဲအိမ်ကြီးတစ်လုံးရှေ့သို့အရောက်တွင် မုဆိုးကြီးက …

''ဟေ့ …အလီမိန်း၊ ငါတို့ပါကွ။ အင်ဆားပါ''

လူကြီးတစ်ဦး တဲအတွင်းမှထွက်လာပြီး …

''ဟာ …အင်ဆားပါလား။ ကျားဖြူကြီးလည်း ထမ်းလို့။ အပြန်လား၊ အသွားလား''

''အသွားပါကွာ။ ရေခဲတောင်ပေါ်က ကျား မဟုတ်ပါဘူး။ ကျားသစ်ပါ။ သေချာကြည့်ပါဦး''

''အေးလကွဲ့ …ငါလည်း မျက်စိမွဲတယ်။ ရေခဲတောင်ပေါ်က ကျားပဲ အောက်မေ့တာ။ ကျားသစ်ဖြူက ရှားသကွ။ အဖိုးတန်ပဲလေ။ ကျားသားရေရောင်းမလား၊ ငါ့မှာ ဝယ်လက်ရှိတယ်။ ဈေးကောင်းရလိမ့်မယ်''

''လုပ်လေ …အလီမိန်း၊ ငါတို့က အလာခရီးဆိုတော့ ဝန်ထုပ်ဝန်ပိုးဖြစ်နေတယ်။ အဆင်ပြေသလို လုပ်လိုက်ပေတော့။ အသား



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ကျပ်တင်ထားလိုက်၊ အရိုးတွေကိုလည်း ရောင်းလို့ရရင်ရောင်း မရရင်တော့ အပြန်မှ သယ်သွားမယ်။ ငါတို့နောင်မွန်းမှာ ဈေးကောင်းပေးပြီး ဝယ်မဲ့သူရှိတယ်''

''အေး ...အေး ...ငါလုပ်ထားလိုက်မယ်။ ထမင်းမစားကြရသေးဘူး မဟုတ်လား။ တာကင်သားဟင်းတွေရှိတယ်။ ထမင်းတော့ ပြန်ချက်ရမယ်။ မြန်ပါတယ် ခဏစောင့်''

ဦးအလီမိန်း ထမင်းချက်နေစဉ် မုဆိုးကြီး ဦးအမ်အင်ဆာက တာကင်သားဟင်းတစ်ပန်းကန် ခပ်လာသဖြင့် ကျွန်တော်တို့အရင်ဖြင့် မြည်းကြသည်။ မျောက်တင်သောင်းနှင့် ကျော်ကြီးတို့က ကျားသစ်ဖြူကြီးအား ဖျက်နေကြသည်။ အသက်သတ်လွတ်သမား ပုဏ္ဏားတင်ဦးကတော့ အခါးရည်သာ သောက်နေရရှာသည်။

နာရီဝက်ခန့်ကြာတော့ ထမင်းကျက်သည်။ အသက်သတ်လွတ်သမားပါသည်ဆို၍ အိမ်ရှင်မုဆိုးကြီးက အိမ်အနောက်ဘက်သို့ ထွက်သွားပြီး မှန်လာဥကြီးများနှုတ်လာ၍ ချက်ချင်းကြော်ပေးသည်။ နေ့လယ်စာအား ညနေ (၂)နာရီကျော်မှစားရသဖြင့် ထမင်းမှာ အတော်မြိန်လှသည်။ သူ့ခိုးမြင့်သိန်းမှာ ဟင်းအိုးထဲသို့ ဆေးခြောက်ရွက်အနည်းငယ်ထည့်ပြီး စမ်းထားသဖြင့် ဟင်းအရသာမှာ ပိုကောင်းနေသည်။

ထမင်းစားပြီးတော့ အခါးရည်သောက်ကြရင်း အိမ်ရှင်မုဆိုးကြီး ဦးအလီမိန်းက ...

''အင်ဆား ...ဒီမှာညအိပ်မှာလား။ ငါညစာ စီစဉ်လိုက်တော့မလို့''

''မအိပ်တော့ဘူး အလီမိန်း။ တောင်ခြေက နှမ့်လန်ရွာမှာ ညအိပ်မယ်။ ဟိုမှာ မုဆိုးအင်ဒယန်းရှိတယ်။ သူ့အိမ်က ကျယ်တယ်





ဒီတနေ့ နှမ့်လန်ရွာက အတော်လှမ်းသေးတယ်။ ချောင်းတွေ မြောင်းတွေ ကျော်ရဦးမှာ။ ဟိုရွာမှာညအိပ်တော့ မနက်စောစော ဖုန်ကန်ရေခဲတောင်ပေါ်ကို တက်နိုင်တာပေါ့''

''အေး ...အေး ...အဲဒါဆိုရင်လည်း သက်သက်လွတ်သမားအတွက် အခက်မတွေ့အောင် မုန်လာဥ၊ ပဲနဲ့ အာလူးဥတွေ ယူသွားဦး။ ဟိုရွာမှာ ရှားလိမ့်မယ်။ နှမ့်လန်တောင်ခြေရွာက မြေပြန့်နည်းတော့ ငါတို့ မြေပြန့်လွင်ပြင်ရွာလို အသီးအနှံမပေါဘူး။ သူတို့က ငါတို့ရွာက ဝယ်စားကြရတာ။ သူတို့ရွာက ရေစမ်းနဲ့ ဆားကျစ်တွင်းနဲ့နီးတော့ ဆားတော့ပေါတယ်''

ကျွန်တော်တို့အဖွဲ့စားသောက်ပြီး နှမ့်လန်ရွာသို့ ခြေသုတ်နှင့် သွားကြရာ ချောင်းမြောင်းများကို ဖြတ်ကျော်ရသဖြင့် နေဝင်ခါနီးမှ နှမ့်လန်ရွာ၊ မုဆိုးကြီး ဦးအင်ဒယန်းအိမ်သို့ ရောက်တော့သည်။ ရေခဲတောင်ခြေဖြစ်၍ ရာသီဥတုမှာ အေးစိမ့်နေသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၄ ]

❑

"အင်ဆားတို့ပါလား . . . လာကြပြော့။ ဒီမှာ ဒရယ်တစ်ကော ရထားလို့ ကိုင်နေတာ။ ဒရယ်ဝမ်းတွင်းသားနဲ့ တောင်ပေါ်အရက် အလွ လိုက်ဖက်သပေါ့။ ဒီမှာ ညအိပ်မှာ မဟုတ်လား"

"ဒီမှာမအိပ်လို့ ရေခဲတောင်ပေါ်တက်အိပ်ရမှာလား အင် ဒယန်းရဲ့၊ ဒီမှာပဲ ညစာစားပြီး ညအိပ်မယ်"

"အေး . . . အေး . . . ငါ့အိမ်က ကျယ်ပါတယ်။ မိန်း ကလေးတွေလည်း ပန်းနုန်ဒင်းရွာက အမျိုးတွေဆီသွားလည်ရင်း တေ ထွက်ပစ္စည်းကလေးတွေ သွားရောင်းကြတယ်။ လွတ်လွတ်လပ်လပ်သ နေကြပေရော့။ အင်ဆားကတော့ ငါ့ကို ထမင်းဟင်းချက်ဖို့ ကူညီပါဦး"





"အေးပါ . . . ငါတို့အားလုံး ကူညီပါ့မယ်၊ ဒါမှ ထမင်းဟင်း မြန်မြန်ကျက်မှာ ဝိုင်းလုပ်တော့လည်း ထမင်းမြိန်တာပေါ့ကွာ"

မျောက်တင်သောင်းက မုဆိုးပိုပိ ဒရယ်ကြီးကို ကျွမ်းကျင် ပိုင်နိုင်စွာ ဝိုင်းဖျက်သည်။ ပြီးနောက် ခုတ်ထွင်ပေးသည်။ မုဆိုးကြီး ဦးအင်ဆားနှင့် ကျွန်တော်တို့အဖွဲ့က ထမင်းဟင်းချက်ရန် ဝိုင်းကူညီ ကြရသည်။ တက်ညီလက်ညီလုပ်ကြ၍ မြန်ပါသည်။ ည (၇)နာရီခန့် တွင် ထမင်းနှင့်ဟင်းများ ကျက်သည်။ မုဆိုးကြီး ဦးအင်ဆားချက် သော ဒရယ်ဝမ်းတွင်းသားဟင်းကို သူခိုးမြင့်သိန်းက သူယူလာသည့် ဆေးခြောက်ရွက်ခပ်ရန် လုပ်ပြန်သည်။

မုဆိုးကြီး ဦးအင်ဒယန်းက . . .

"ဆရာလေး . . . အရွက်အစိမ်းအတိုင်းထည့်ရင် စိမ်းရွှေရွှေ အနံ့နံတတ်တယ်။ အရွက်ခြောက်၊ ဒါမှမဟုတ် အစိမ်းရွက်ကိုလှော်ပြီး ထည့်။ ဟင်းကျက်တာနဲ့ အရွက်တွေကိုခပ်ပြီး ဖယ်ထုတ်ပစ်ရတယ် ဆရာလေးရဲ့။ နောက်ပြီး ဟင်းရည်ကို အရမ်းမသောက်ရဘူး။ မူးတတ် တယ်"

"မူးလည်း အိပ်ရုံပေါ့ မုဆိုးကြီးရယ် . . . ဟဲ . . . ဟဲ . . . ဟဲ"

သူခိုးမြင့်သိန်းကဝင်ပြောရာ မုဆိုးကြီးဦးအင်ဒယန်းက . . .

"သူ့ချည်းပဲတော့ ကိစ္စမရှိပါဘူး ဆရာလေးရယ်။ မျက်ကျဉ်း ဆိုတော့ အိပ်ရုံပါပဲ။ ဒါပေမဲ့ ဆရာလေးတို့က တောင်ပေါ်အရက်နဲ့ တွဲသောက်ကြမှာဆိုတော့ အမူးလွန်မှာစိုးလို့ပါ"

"အမူးလွန်တော့ ဘာဖြစ်တတ်သလဲ မုဆိုးကြီး"

အထွန့်တက်နေသော သူခိုးမြင့်သိန်းအား မုဆိုးကြီးဦးအမ်အင်

www.burmeseclassic.com



ဆားက အမြင်ကာပ်ဟန်ဖြင့် ...

"ဟ ...ငါ့လခွမ်းပဲ ဆရာလေးရ။ အမူးလွန်တော့ မနေ့မဆန့်အန်တာပေါ့။ တန်ဆေး၊ လွန်ဘေးဆိုတာ ရှိတယ်လကွာ"

ကျွန်တော်လည်း မနေသာတော့ပဲ ...

"ဟ ...သူခိုးကြီးရ၊ ဆေးခြောက်ဟင်းနဲ့မူးချင်ရင် ဟင်းပဲစား၊ အရက်မသောက်နဲ့။ ဟင်းရော၊ အရက်ရော သောက်ချင်ရင်တော့ တော်ရုံတန်ရုံလုပ်လို့ ပြောနေတာ။ မင်းတို့ နှစ်ပင်လိမ်ကုန်မှာစိုးလို့ မုဆိုးကြီးက သတိပေးနေတာ"

"ဟဲ ...ဟဲ ...သိပါတယ် ဆရာရယ်။ ကျွန်တော်က မုဆိုးကြီးကို စ,နေတာပါ"

ထိုစဉ် ပုဏ္ဏားတင်ဦးက အသီးအရွက်ကြော်ဟင်းကို ဝင်၍ချက်သည်။ သူက သက်သတ်လွတ်သမား ဖြစ်လေသည်။

ကျွန်တော်တို့ ဝမ်းတွင်းသားဟင်းနှင့် တောင်ပေါ်အရက်ကို စားသောက်ကြသည်။ အမူးလွန်မည်စိုး၍ ဟင်းရည်ကို မသောက်ရဲကြ။ ဒရယ်ဝမ်းတွင်းသားဟင်းမှာ နူးနပ်ပြီး အလွန်အရသာရှိလှသည်။ ပြီးသည်နှင့် ထမင်းစားကြရာ တောင်ပေါ်ဆန်စေးစေး ပူပူနွေးနွေးဖြင့် ထမင်းစား၍ အလွန်မြိန်သည်။ စားပြီးသည်နှင့် အိပ်ကြသည်မှာ အတုံးအရုံးပင်။ အိပ်၍လည်း အလွန်ကောင်းလှသည်။

နောက်တစ်နေ့မနက် (၆)နာရီခန့်တွင် မုဆိုးကြီး ဦးအမ်အင်သားက နှိုးမှ ကျွန်တော်တို့ အိပ်ရာကထကြသည်။ ရာသီအေးအေးတွင် ဇိုက်လေးလေးဖြင့်အိပ်ကြရာ မနက်မှ တစ်ရေးနိုးကြတော့သည်။ တစ်သက်နှင့်တစ်ကိုယ် ၎င်းမှ နှစ်ခြိုက်စွာအိပ်ပျော်သည်မှာ ဤတစ်ကြိမ်သာရှိသည်ဟု ထင်မိသည်။ လူမှာလည်း လန်းဆန်းပေါ့ပါးနေသည်။ ကျွန်တော်တို့အဖွဲ့ ထမင်းကြမ်းနှင့် ညက ဟင်းကျန်ဖြင့် မနက်စာစားကြပြီးသည်။ ပြီးနောက် ဖခါးရည်ကို သောက်ကြသည်။ မနက် (၇)နာရီခန့်မှ အလင်းရောင်ကောင်းစွာရသဖြင့် အိမ်ရှင်မုဆိုးကြီးစီစဉ်ပေးသော ဒရယ်သားခြောက်ကျပ်တင်ကို ယူဆောင်ကာ မုဆိုးကြီးဦးအင်ဒယန်းကိုပါခေါ်၍ လုံခရုမာဒင် ရေခဲတောင်ပေါ်သို့ စတင်တက်ရောက်ခဲ့ကြပါသည်။





ရေခဲတောင်ကြီးမှာ တောင်ခြေတွင် အမြဲစိမ်းသစ်တောကြီးကဝိုင်းရံနေပြီး တောင်လယ်ခါးပန်းတွင် ထင်းရှူးပင်၊ ဝက်သစ်ချပင်နှင့် ဒိုးမခပင်များက ခပ်ကျဲကျဲပေါက်ရောက်နေပြီး ရေခဲတောင်ကြီးမှာ ရေခဲအတိဖြင့် တောင်ကတုံး (ခေါင်းတုံး)ကြီးဖြစ်နေသည်။ တောင်ထယ်ကြောနှင့် တောအစပ်တွင် ပွင့်လင်းရာသီ၊ ရေခဲပျော်ချိန်ဖြစ်သဖြင့် အရောင်အသွေးစုံသော တောပန်းတောင်ပန်းများ ပွင့်လန်းနေသည်မှာ ရောင်စုံကမ္ဗလာကြီးဖုံးအုပ် လွှမ်းခြုံထားသလိုပင် အဆန်းတကြယ်ဖုပနေသည်။ ပျားပိတုန်းများကလည်း အုပ်လိုက်ပျံသန်းပြီး ဝတ်ရည်စုပ်နေကြသည်။

ရေခဲတောင်ခြေ လေမှာ ရေခဲရေတမျှ အေးမြလှသည်။ တောင်ပေါ်သို့တက်ရန်ခက်ခဲမည်ဟု ထင်ရသော်လည်း မုဆိုးကြီးနှစ်ဦးက ဦးဆောင်ပြီး တောင်ပတ်မုဆိုးလမ်းအတိုင်းခေါ်သွား၍ အဆင်ပြေပါသည်။ ရေခဲမကျွံရန်ကိုတော့ သတိထားရသည်။ ဒေသခံမုဆိုးကြီးများ၏ ခြေရာကိုလိုက်နင်းပြီး လမ်းလျှောက်ရသဖြင့် အခက်အခဲမရှိပါ။

တောင်ခါးပန်းပေါ်သို့ရောက်တော့ ကျယ်ပြန့်သောရေခဲပြင်ကြီးကို တစ်မျှော်တစ်ခေါ်ကြီးတွေ့ရသည်။ ရေခဲပြင်ကြီးအဆုံးတွင်တော့ ရေခဲဖုံးနေသည့် တောင်ထွတ်ကြီး။ တောင်ထွတ်ကြီးအနောက်ဘက်၌



www.burmeseclassic.com

www.burmeseclassic.com



လည်း ပိုမိုမြင့်မားသော တောင်ထွတ်ကြီးတစ်လုံးနှင့် မိုးတိမ်ထဲအထိ တိုးဝင်နေသော မြင့်မားလှသည့် တောင်ထွတ်ကြီးတစ်လုံးကို မြင်ရပြန်သည်။

"ဆရာလေး ... ငါတို့တက်လာတာက လုံခရုမာဒင်ရေခဲတောင်။ ဟိုဘက်က ဖုန်ကန်ရာဇီရေခဲတောင်။ ဟိုးအဝေးအမြင့်ကြီးက မြန်မာပြည်မှာ အမြင့်ဆုံး ခါကာဘိုရာဇီရေခဲတောင်ကြီးပဲ။ တောင်တစ်လုံးနဲ့တစ်လုံးကို ဒီကနေကြည့်ရင် နီးတယ်ထင်ရပေမဲ့ တကယ်တမ်းတော့ အဝေးကြီးပဲ။ လုံခရုမာဒင်ရေခဲတောင်နဲ့ ဖုံကန်ရာဇီရေခဲတောင်က နီးတယ်။ နေ့ဝက်ခရီးပဲ။ ဒီကနေ ခါကာဘိုရာဇီတောင်ခြေရောက်အောင်တော့ တစ်ညအိပ် နှစ်ရက်ခရီးသွားမှရောက်မယ်။ ခရီးလှမ်းတာရော၊ ရေခဲမြစ်တွေကိုလည်း ကျော်ဖြတ်ရတာမို့ ခရီးကအလွန်ကြမ်းတယ်။ အန္တရာယ်လည်းရှိတယ်။ ဒါကြောင့် ငါတို့လုံခရုမာဒင်နဲ့ ဖုန်ကန်ရာဇီတောင် ပတ်ဝန်းကျင်လောက်ပဲသွားကြပြီး အမဲလိုက်မယ်၊ ဆေးပင်ဆေးဥရှာမယ်။ ဆရာလေးတို့ ဟောဟိုရှေ့နား ထင်းရှူးပင်နှစ်ပင်အနီးက တောင်ခြေလိုဏ်ဂူမှာ ညအိပ်နားကြပြီး စခန်းချမယ်"

ကျွန်တော်တို့ ထင်းရှူးပင်နှစ်ပင်အနီးရောက်တော့ ရေခဲငှက်ကြီးတစ်ကောင် သစ်ပင်ပေါ်မှ ထပျံသွားသည်။ ဘဲငန်းတစ်မျှကြီးမားလှသော ရေခဲငှက်ကြီးကို ကျွန်တော်တို့မမြင်မိကြပါ။

"မုဆိုးကြီး ဦးအင်အား ... ရေခဲဂူက ဘယ်နားမှာလဲ။ ကျွန်တော်တို့လည်း မမြင်ရပါလား"

"ဟောဟိုတည့်တည့်မှာ ဆရာလေး။ လာ ... ငါပြမယ်။ ငါ အမှတ်အသားလုပ်ထားတယ်"

မုဆိုးကြီး ဦးအမ်အင်ဆားခေါ်ရာနောက်သို့ ကျွန်တော်တို့





လိုက်ခဲ့ကြသည်။ ရေခဲတုံးအချွန်ကြီးအနီးရောက်တော့ မုဆိုးကြီးက သူ့တွင်ပါလာသည့် ဓားရှည်ကြီးအနှောင့်ဖြင့် ရေခဲချပ်များအားရိုက်ခွဲလိုက်ရာ ဂူဝပေါ်လာသည်။ ဂူမှာ ကျောက်ဂူတစ်ခုဖြစ်သည်။ လူ (၁၀)ဦးခန့် ချောင်ချောင်လည်လည် တည်းခိုနိုင်ပါသည်။ ဂူထဲ၌ ထင်းခြောက်များနှင့် သတ္တုအိုး၊ ဒယ်အိုးတို့အပြင် ဝါးစင်တစ်ခုကိုလည်း ရိုက်ထားသေးသည်။ ပစ္စည်းများတင်ရန် ဖြစ်ပုံရသည်။

"ကဲ ... ဆရာလေးတို့အဖွဲ့က အနားယူရင်းမီးမွှေးပြီး ရေနွေးကြိုထားနှင့်ပါ။ ငါနဲ့အင်ဒယန်းက ဟင်းချက်စရာလေးဘာလေး လိုက်ရှာလိုက်ဦးမယ်"

"မုဆိုးကြီး ရေက ဘယ်နားသွားခပ်ရမှာလဲ"

"ခက်လွန်းလို့ ဆရာလေးရယ်။ ရေခဲကိုရိုက်ခွဲပြီး အိုးထဲထည့် မီးအပူပေးလိုက်ရင် ရေဖြစ်တာပေါ့။ ကဲ ... ငါတို့ခဏ ထွက်ကြည့်ဦးမယ်။ လာဟေ့ ... အင်ဒယန်း၊ ဟိုနားသည်နားပေါ့"

မုဆိုးကြီးနှစ်ဦးထွက်သွားကြတော့ ကျွန်တော်တို့တွင်ပါလာသည့် (Gas) မီးခြစ်နှင့် မီးမွှေးသည်။ မီးက ထင်းများကို အတော်နှင့်မစွဲ၊ အနီးမှ ထင်းရှူးသားများအားခွဲစိပ်၍ မီးမွှေးမှ မီးစွဲတော့သည်။ အိုးများအား ရေခဲဖြင့် ပွတ်တိုက်ဆေးကြောပြီး ရေခဲတုံးများခွဲစိပ်ထည့်၍ ရေနွေးကျိုသည်။ မီးအရှိန်ကြောင့် ဂူတွင်း၌ နွေးလာသည်။ နာရီဝက်ခန့်အကြာ ရေနွေးအိုးကြီး ဆူပွက်လာသည့်အချိန်တွင် မုဆိုးကြီးနှစ်ဦး ဒုလေးကိုယ်စီလွယ်၍ ပြန်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

❑

“ကဲကောင်းတယ် ဆရာလေးရေ၊ ရေခဲတောင်ပေါ်မှာ ကျားစားထားတဲ့ ကတိုးဆီနံ့သာခဲ အိတ်တစ်အိတ် ရခဲ့တယ်။ လတ်လတ်ဆတ်ဆတ်တွေ သွေးတောင်မခဲသေးတော့ နှင်းကျားက ဒီအနီးအနားမှာတင် ရှိနေနိုင်သေးတယ်။ ဒါကြောင့် သတိတော့ထားရမယ်။ အပေါ့အပါးသွားတာကအစ တစ်ယောက်တည်း မသွားကြပါနဲ့။ ငါတို့ကိုပြောပါ။ လက်နက်ပါမှ အပြင်ထွက်ပါ။ အဝေးကြီးလည်း မသွားပါနဲ့၊ နှင်းကျားခြေရာက အတော်ကြီးတယ်။ ဟော . . . ဆရာလေးတို့က မီးတောင်မွှေးနိုင်ကြပါကလား။ ဘာနဲ့ မီးပျိုးတာလဲ”

ကျွန်တော်က Gas မီးခြစ်ကို ထုတ်ပြလိုက်ရာ မုဆိုးကြီးဦးအမ်အင်ဆားကကိုင်ကြည့်ပြီး ခြစ်ကြည့်သည်။ ချက်ချင်း မီးတောက်သဖြင့် အလွန်သဘောကျနေရှာသည်။





“ဆရာလေး . . . ဒါ ဘာမီးခြစ်လဲ။ အလွန်ကောင်းတယ်။ ဒီရေခဲတောင်ပေါ်မှာ ဓာတ်ဆီမီးခြစ်၊ ယမ်းမီးခြစ် သုံးလို့မရဘူး။ မီးပျိုးချင်ရင် ကျောက်ခတ်နဲ့ဂွမ်းစကို အကြိမ်ကြိမ်ခတ်ရတယ်။ မကျွမ်းကျင်ရင် အချိန်အရမ်းကုန်တယ်။ ဒီမီးခြစ်ကလေးက အလွန်အသုံးတည့်တယ်နော်”

“ဒါကို Gas မီးခြစ်လို့ခေါ်တယ် မုဆိုးကြီး။ မြန်မာပြည်တောင်ဘက်အစွန်းဖျား ကော့သောင်းမြို့က တစ်လုံးကို (၇)ကျပ်နဲ့ ဝယ်လာတာ။ မုဆိုးကြီးတို့ တစ်ယောက်တစ်လုံးစီ ယူထားကြပါ။ ထပ်လည်းပေးပါဦးမယ်။ ကျွန်တော်တို့မှာ အများကြီးပါလာပါတယ်။ တောင်ဖျားကပစ္စည်း မြောက်ဖျားမှာ အသုံးတည့်တယ်နော်”

“ဟုတ်ပါ့ . . . ဆရာလေး။ ဆရာလေးမှာ အများကြီးပါလာရင် မြောက်စွန်းဖျားကရွာတွေမှာ ရွှေနဲ့လဲလို့ရတယ်။ ဒီအထဲက အရည်ကုန်သွားရင် ဘာထပ်ထည့်ရသလဲ”

မုဆိုးကြီးနှစ်ဦးမှာ မီးခြစ်များကိုသဘောကျစွာ ကိုယ်စီကိုင်၍ မေးလာကြသည်။

“မီးခြစ်ထဲက အရည်တွေကုန်ရင်တော့ ဒီဘက်အပိုင်းမှာ ဘာမှလုပ်မရတော့ဘူး။ လွှင့်ပစ်လိုက်ရုံပဲ။ ရန်ကုန်မှာတော့ Gas အရည်ကို ပြန်ထည့်လို့ရတယ်။ တစ်လုံးကို တစ်လလောက်တော့ အသုံးခံပါတယ်။ အသုံးနည်းရင်တော့ လေးငါးလ သုံးလို့ရပါတယ်”

“ကဲ . . . ဆရာလေး။ လာ . . . သေနတ်ပါယူခဲ့။ အနီးအပါးလျှောက်ကြမယ်။ ကျန်တဲ့သူတွေတော့ ဂူထဲမှာပဲ နားနားနေနေ နေကြပါ။ ရေနွေးဆူရင် အသားခြောက်တွေထည့်မယ်။ ဆားထည့်မယ်။ ပြီးရင် မုန်ညင်းချဉ်ခြောက်ထည့်မယ်။ နူးရင်ရပြီ။ ဆီမုန်လင်းလေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ သက်သတ်လွတ် ဆရာ့အတွက် ရှာကယူလာတဲ့ မုန်လာဥ တွေကြော်ပေါ့။ အားလူးဥလည်း ရှိသားပဲ။ အိုးတွေရှိတယ်။ ထမင်းလည်း နည်းနည်းချက်ပေါ့။ ငါတို့ကတော့ ရေခဲတောင်ပေါ်ရောက်ရင် ထမင်းမစားကြတော့ဘူး။ အသားနဲ့ ဆေးပင်ဆေးဥတွေကိုပဲ စားကြတော့တာ။ ပြုတ်စားလို့ရအောင် 'ရှီးပတီး'အားဆေးဥတွေကိုလည်း နုတ်ခဲ့ဦးမယ်။ လမ်းလျှောက်အားဆေးပင်ပေါ့။ သူ့ကို အစိမ်းဝါးစားတာတောင် အားရှိတယ်၊ အမောလုံတယ်၊ ရေငတ်ပြေတယ်။ ထမင်းအဆာခံနိုင်တယ်။ ငါတို့ရေခဲတောင်ပေါ်မှာ အမဲလိုက်ရင်း နှင်းမုန်တိုင်းမိရင် ဒီအပင်ကို အရင်ရှာထားရတယ်။ ရှီးပတီးဥကိုစားထားရင် သွေးလည်ပတ်မှုကောင်းတယ်။ သွေးမခဲဘူး။ အစာခံတယ်။ အာဟာရဖြစ်တယ်။ ရှီးပတီးပင်ကို လမ်းလျှောက်အားဆေးပင်၊ မုဆိုးထမင်းပင်၊ အသက်ဆက်အပင်၊ ရေငတ်ပြေအားဆေးပင်ရယ်လို့ ရေခဲတောင်ပေါ်မှ အမျိုးမျိုးအမည်နဲ့ ခေါ်ကြတယ်။ ဆရာလေးတို့အားလုံးလည်း ရေခဲတောင်ပေါ်ရောက်တာနဲ့ စားထားကြရမယ်။ ဆောင်လည်း ဆောင်ထားရမယ်။ ငါကတော့ အသက်ကယ်ပင်လို့တောင် ခေါ်ချင်တယ်''

ကျွန်တော်တို့ ဂူထဲကအပြင်ထွက်လိုက်သည်နှင့် အအေးဓာတ်က စိမ့်ခနဲအေးသွားသည်။ မုဆိုးကြီးနှစ်ဦးက ရှေ့က လမ်းပြသွားသည်။ ဂူရှေ့ ထင်းရှူးပင်အနီးရောက်တော့ မုဆိုးကြီး ဦးအမ်အင်ဆားက ...

''ဆရာလေး ... ဟိုရှေ့ ထင်းရှူးပင်အခြေက စိမ်းစိမ်းအုပ်စုဟာ ငါအစောကပြောခဲ့တဲ့ 'ရှီးပတီးဥပင်' အုပ်စုပဲ။ တွေ့တုန်း နှုတ်ထားလိုက်။ ဆရာလေးလည်း ဝါးစားထား။ မနက်ဖြန်ဆို ဒီအုပ်စု ဒီနားမှာမရှိတော့ဘူး။ နေရာရွှေ့လိမ့်မယ်''





ကျွန်တော်တို့ ရှီးပတီးဥပင်များအား ဝိုင်းနုတ်ကြသည်။ ကြက်သွန်ဖြူဥပင်နှင့် တစ်ပုံစံတည်းတူပါသည်။ သို့သော် အရသာက ကြက်သွန်နံ့မရ။ ခါးသည်။ ချိုခါးကလေးဖြစ်သည်။ ကျွန်တော် တစ်ပင်လုံး ဥပါမကျန် ဝါးစားပစ်လိုက်သည်။ စားစက အရွက်စိမ်းစားသလို အေးနေသော်လည်း ဝမ်းထဲရောက်မှ ပူနွေးလာသည်။ လန်းဆန်းတက်ကြွစေသည့် ဆေးပင်ဆိုသည်မှာ မှန်ပါလိမ့်မည်။ တစ်ကိုယ်လုံး သွေးများပူနွေးလာသည်။ အအေးလည်း ပေါ့သွားသလိုပင်။ ရေခဲတောင်ပေါ်မှ အစွမ်းထက်သည့် အသက်ကယ်ဆေးပင်ဟု မုဆိုးကြီးပြောသည်မှာ မှန်ပါလိမ့်မည်။ ကျွန်တော် ရှီးပတီးဥပင် (၁၀)ပင်ခန့်အားနုတ်၍ အရေးပေါ်သုံး ဘေးလွယ်အိတ်ကလေးထဲအား ထည့်ထားလိုက်သည်။

''ကဲ ... ဆရာလေး၊ လုံခြုံမှာဒင် ရေခဲတောင်ကြီးကို ပတ်ကြမယ်။ နှင်းကျွံကြီးကိုတော့ သတိထားကြ။ ဒီရေခဲပျော်ချိန်မှာ သူ့အမွှေးအရောင်က ရေခဲလို ဖွေးဖြူနေတော့ ရုတ်တရက်မြင်ရဖို့ ခဲယဉ်းတယ်။ ဒါပေမဲ့ အသေအချာကြည့်ရင် အနက်စင်းလေးတွေပါတာမို့ ရေခဲတောင်နဲ့ ခွဲခြားပါတယ်''

မုဆိုးကြီးနှစ်ဦးက ရှေ့ကလမ်းပြသွား၍ သူတို့ခြေရာအတိုင်း လိုက်နင်းရသည်။

တောင်ခြေပတ်လမ်းအဆင်း အစွန်းရောက်တော့ အနိမ့်ပိုင်း ရေခဲလွင်ပြင်ပေါ်တွင် နီညိုရောင် သားမင်းခေါ် တာကင်ကောင်များကို အုပ်လိုက်တွေ့ရသည်။ ရေခဲကြားမှထွက်ပြူလာသော ရေညှိပင်များကို စားနေကြခြင်းဖြစ်သည်။ ပစ်ခတ်ရန် ကျွန်တော်တို့နှင့် အတ[illegible]ယ် အလှမ်းဝေးနေသေးသည်။ ကျွန်တော်တို့ တရွေ့ရွေ့ ရှေ့သို့တိုးခဲ့ကြသည်။ လက်လှမ်းမီရာအရောက်တွင် မုဆိုးကြီးက လေးညို့ကိုအတင်း၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မောင်းတင်ပြီးသား သေနတ်ဖြင့်ပစ်ရန်အလုပ်၊ ကျွန်တော်၏ မသိစိတ်၌ အန္တရာယ်အနံ့ကို ရလိုက်သည်။ ထို့ကြောင့် တောင်ခါးပန်း အထက်ဆင့်ပေါ်သို့ သေနတ်ပြောင်းကိုလှည့်၍ မော့အကြည့်နှင့် နွင်းကျားဖြူကြီးက ခုန်အအုပ်၊ ကျွန်တော်နှင့် မုဆိုးကြီးတို့ တိုက်ဆိုင်စွာပင် ခလုတ်များကို ပြိုင်တူဆွဲလိုက်ကြသည်။

"ဒိုင်း ... ဒေါင် ... ဒေါင် ... ဘုန်း"

ပစ်မှတ်ခြင်းက မတူပါ။ ကျွန်တော်က ရှတ်တရက်ပေါ်လာသည့် အန္တရာယ်ကောင် နွင်းကျားကြီးကို ပစ်ခြင်းဖြစ်ပြီး၊ မုဆိုးကြီးတို့က တောင်ခြေအောက် အနိမ့်လွင်ပြင်မှ တာကင်အုပ်အားပစ်ခြင်းဖြစ်သည်။ တော်ပါသေးသည်။ နွင်းကျားကြီးမှာ ကျွန်တော်၏ ထိရောက်သော အနီးကပ်ပစ်ချက်ကြောင့် တောင်အပေါ်ဆင့်ပေါ်မှ ကျွန်တော်တို့အားခုန်အအုပ်တွင် ကျွန်တော်တို့ထံမရောက်ပဲ ကျွန်တော်၏လက်ဝဲဘက်တွင်ရှိသည့် မုဆိုးကြီး ဦးအမ်အင်ဆား၏အနီးသို့ ကပ်ကျလာသည်။ ကျွန်တော် မုဆိုးကြီးအား လျှပ်မြန်စွာ နောက်သို့ဆွဲလိုက်ပြီး အရေးပေါ်သေနတ်မောင်းကို တင်လိုက်ရသည်။ သို့သော် နွင်းကျားကြီးမှာ အခေါင်အတွင်းကျည်ဆန်ဝင်သွားပြီး ဦးနှောက်ကိုပါ ဖောက်ထွင်းသွားသဖြင့် ငြိမ်သက်သွားပါတော့သည်။

"ဟူး ... တော်ပါသေးရဲ့ ဆရာလေးရယ်။ ဆရာလေးက ငါ့အသက်ကို ကယ်လိုက်တာပဲ။ ငါက တာကင်အုပ်ကိုပဲ မဲနေမိတာ။ ဆရာလေးမကယ်ရင်တော့ ငါသေပြီပဲ"

"ဟုတ်ပါတယ် ... မုဆိုးကြီး။ ကျွန်တော်မမြင်ရင်တော့ ကျွန်တော်တို့ထဲက တစ်ယောက်ယောက်တော့ ခံရမှာပဲ"

"ဟုတ်ပ့ါ ... အင်ဆားရယ်၊ ဆရာလေးကယ်လို့ မင်းက





ကောင်းပြီးမသေတာ။ ဒီရေခဲတောင်ပေါ်မှာတော့ နွင်းကျားက ကောက်ကျစ်ပြီး အလွန်ကြောက်စရာကောင်းတယ်။သူလည်း တာကင်အုပ်ကို ငါတို့လိုပဲ ချောင်းနေတာနေမှာ။ တာကင်က အကောင်များတော့ သူ ရှတ်တရက် မဝင်သေးပဲ ချောင်းနေတာ"

မုဆိုးကြီး ဦးအင်ဒယန်းက ဝင်ပြောသည်။

မုဆိုးကြီးနှစ်ဦးက နွင်းကျားကြီးကိုထမ်း၍ စခန်းချရာရေခဲဂူသို့ ပြန်ခဲ့ကြသည်။ ဒုတိယအခေါက်တွင် မုဆိုးကြီးနှစ်ဦးကဦးဆောင်ပြီး မျောက်တင်သောင်းနှင့် ကျော်ကြီးတို့က ရေခဲလွင်ပြင်အနိမ့်ပိုင်းမှ မုဆိုးကြီးများပစ်ထားခဲ့သော တာကင်နှစ်ကောင်ကို သွားသယ်ကြသည်။

ထိုနေ့က နွင်းကျားကြီးနှင့် တာကင်နှစ်ကောင်ကို ဖျက်နေရသောကြောင့် တစ်နေကုန်သွားသည်။ ညစာကိုတော့ မုဆိုးများထုံးစံအတိုင်း အသားပေါသဖြင့် ထမင်းမစားကြတော့ပဲ လတ်ဆတ်သော တာကင်သားများချည်းသာ အဝစားကြသည်။ နွင်းကျားကြီးကိုတော့ အရေခွံခွာပြီး အသားများကိုမီးကင်၍ ကျပ်တင်ထားသည်။ စားသောက်လုပ်ကိုင်ပြီးတော့ ည (၉)နာရီခန့်ပင်ရှိပါပြီ။ နွေးထွေးသော ဂူအတွင်း၌ မီးဖိုပြီး အိပ်ကြရသည်။ အသားကင်နံ့များကြောင့် အန္တရာယ်ကောင်များ မလာနိုင်စေရန် တစ်လှည့်စီကင်းစောင့်ပြီး အိပ်ကြရသည်။ ခရီးပန်းပြီး အသားများအဝစားထားသဖြင့် အိပ်၍ အလွန်ကောင်းသည်။ မနက်မိုးလင်းမှ တစ်ရေးနိုးတော့သည်။

နောက်တစ်နေ့မနက်တွင် ရေခဲဂူ၌ မျောက်တင်သောင်းအား နိုင်ဖယ်သေနတ်တစ်လက်ပေးခဲ့ပြီး ချက်ပြုတ်ရန်နှင့် အစောင့်တာဝန်အတွက် ပုဏ္ဏားတင်ဦးနှင့် သူနိုးမြင့်သိန်းလည်း ကျန်ခဲ့သည်။ ကျွန်

www.burmeseclassic.com



တော်၊ ကျော်ကြီးနှင့် မုဆိုးကြီးနှစ်ဦးတို့က လက်နက်ကိုယ်စီကိုင်ဆောင်၍ ထွက်ခဲ့ကြသည်။ ဂူထဲကအထွက်၌ပင် ထင်းရှူးပင်ပေါ်သို့မော့ကြည့်ရာ ရေခဲငှက်ကြီးတစ်ကောင်ကိုတွေ့၍ ကျွန်တော် ကျော်ကြီးအား နှစ်လုံးပြူးကြီးဖြင့်ပစ်နိုင်းရာ သေနတ်ပစ်လက်မတည့်သော်လည်း နှစ်လုံးပြူး ရိုင်ဖယ်သေနတ်၏ စရိတ်ကျည်ကြောင့် ရေခဲငှက်ကြီးကျလာသည်။ ရေခဲငှက်ကြီးမှာ အဖြူရောင်ဘဲငန်းကြီးနှင့် အလွန်တူသည်။ အတောင်မှာ အလွန်ကြီးမားလှသည်။ ဘဲငန်းလိုပင် လေးပိဿာခန့်ရှိပေလိမ့်မည်။ သေနတ်သံကြောင့် မျောက်တင်သောင်းတို့ထွက်လာပြီး နေ့လယ်စာအတွက် ချက်ပြုတ်ရန် ပြင်ဆင်နေကြတော့သည်။ ကျော်ကြီးမှာ ပွဲဦးထွက်သားကောင်ကိုမှန်သဖြင့် အလွန်စိတ်ဓာတ် တက်ကြွနေပုံရသည်။

"မုဆိုးလာဘ်ဦး ကောင်းသဟေ့။ ဒီနေ့ သားကောင်တွေများများရလိမ့်မယ်"

မုဆိုးကြီး ဦးအင်ဒယန်းက နိမိတ်ဖတ်သည်။

ကျွန်တော်တို့ တောင်ခါးပန်းအစွန်း ယမန်နေ့က တာကင်အုပ်နှင့် ကျားကြီးပစ်သောနေရာရောက်တော့ ရပ်လိုက်ကြသည်။ အနီးမှိုင်း ရေခဲလွင်ပြင်၌ တာကင်အုပ်မရှိတော့ပါ။ အဝေးအချာကြည့်မှ ရေခဲအက်ကြောင်းကြီးအနီးတွင် ကျောက်ခက်များကိုစားနေသော အကောင်ငယ်တစ်ကောင်ကို မြင်လိုက်ရသည်။ ချေပေါက်အရွယ်မျှသာရှိသည်။ အရောင်မှာ မီးခိုးရောင်၊ လည်ဆံမွေးနှင့် ဝမ်းဗိုက်အောက်ပိုင်းက ဖြူနေသည်။ ရေခဲပြင်အရောင်နှင့် တစ်သားတည်းဖြစ်နေ၍ ရုတ်တရက် မမြင်နိုင်ပါ။

ကျွန်တော်က လေသံတိုးတိုးဖြင့် မုဆိုးကြီး ဦးအမ်အင်ဆာနားကပ်၍ ...





"မုဆိုးကြီး ... ဟိုဟာ ကတိုးကောင်မဟုတ်လား"

"အယ် ... ဘယ်မလဲ ဆရာလေး"

"ရေခဲအက်ကြောင်းကြီးအလယ်နားက ကျောက်ခက်တွေကိုစားနေတာလေး ဟော့ဟိုမှာ"

ကိုက် ၂၀၀ ခန့်ကွာဝေးသဖြင့် မုဆိုးကြီးနှစ်ဦး မြင်ဟန်မတူပါ။ ကျော်ကြီးက သေနတ်ဖြင့်ထိုးချိန်ပြီး ...

"ကျွန်တော်မြင်တယ် ဆရာ၊ ပစ်လိုက်ရမလား"

"မပစ်နဲ့ကျော်ကြီး။ မင်းနှစ်လုံးပြူးသေနတ်နဲ့ Range အလှမ်းမမီဘူး။ ငါ့ ဒဿမ ၃၀၃ ရိုင်ဖယ်ကြီးနဲ့ပစ်မယ်။ အသာငြိမ်ငြိမ်နေကြဒါ"

ကျွန်တော် ချောက်ကမ်းပါးစွန်းတွင် ရိုင်ဖယ်သေနတ်ကြီးကို မှောက်လျက်အနေအထားဖြင့် ခိုင်မြဲစွာကိုင်တွယ်ပြီး အသေအချာချိန်၍ ရိုင်ဖယ်သေနတ်၊ ခလုတ် (၂)ဆင့်အား တစ်ဆင့်ခြင်း တည်ငြိမ်စွာဖြင့် စနစ်တကျ ပစ်ခတ်လိုက်ပါသည်။

"ဒိုင်း ... ဖောက်"

ဟူသော သေနတ်သံတိုပြတ်ကို ကြားလိုက်ရပြီး ကတိုးကောင်လဲကျသွားသည်။ ကျော်ကြီးက ပြေးကောက်ရန်အလုပ် မုဆိုးကြီးဦးအင်ဒယန်းက ဆွဲထားလိုက်ပြီး ...

"ဆရာလေး ... အလျင်စလို မသွားနဲ့။ ရေခဲအက်ကြောင်းထဲ ခြေချော်ကျပြီး ကျိုးသွားတတ်တယ်။ ငါ့နောက်က လိုက်ခဲ့ကြပါ။ ငါ့ခြေရာအတိုင်း လိုက်နင်းကြ။ ပတ်ဝန်းကျင်ကိုလည်း ဂရုစိုက်။ ကတိုးကောင်ကို နင်းကျားက အလွန်ကြိုက်တာ။ သတိထားကြ"

ကျွန်တော်တို့က ကတိုးကောင်အနီးရောက်တော့ မုဆိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးအင်ဆားက ...

"ဟာ ... ဆရာလေး၊ ကတိုးကောင်က အထီး၊ (၉)ပိဿာ လောက်တောင်ရှိတယ်၊ အကောင်အကြီးစားပဲ၊ ကတိုးနဲ့သာဆိဒိတ်ကလည်း ကြီးမှာပဲ၊ ရွှေထက် တန်ဖိုးကြီးတယ်၊ ဆရာလေးတော့ ကော် တာပဲ"

ထိုစဉ် မုဆိုးကြီး ဦးအင်ဒယန်းက ...

"အင်ဆား ... ရေခဲအက်ကြောင်းဟိုဘက်မှာ ရှုံးပတီးနဲ့ခ တောက်ပင်လေးတွေ တွေ့တယ်၊ နှုတ်လိုက်ရမလား"

"အင်ဒယန်း ... နှုတ်လေကွာ၊ ဥည့်သည်တွေကို လက်ဆော ပေးရတာပ။ မချစ်ပင်တွေကိုလည်း ရှာဦး"

"မချစ်ပင်က ဒီအနားမရှိပါဘူးကွ။ အနောက်ဘက်က ကန်ရာဇီနဲ့ လုံခရုမာဒင်ရေခဲတောင်ကြားမှာမှ ရှိတာ၊ ငါနှုတ်နေ ပါ"

ကျွန်တော်တို့ ဆေးပင်များအား ဝိုင်းနှုတ်ရန်လုပ်တော့ မု ကြီး ဦးအင်ဒယန်းက တားသည်။

"ဆရာလေးတို့ မလာနဲ့၊ ရေခဲအက်ကြောင်းကြားက ရေခဲ က ပါးတယ်။ အကြောင်းမသိရင် ခြေကျွံသွားတတ်တယ်"

ရေခဲပြင်ကြီးမှာ အကြောင်းမသိသူများအတွက် တက အန္တရာယ်ကြီးပင် ဖြစ်ပေသည်။ ကျွန်တော်တို့ မလှုပ်ရဲကြတော့ မြစ်ချုး၍ မုဆိုးကြီး ဦးအမ်အင်ဆားက ကတိုးကောင်ကိုထမ်းပြီး လမ်းအတိုင်း ရေခဲဂူဆီသို့ ပြန်ခဲ့ကြသည်။ ကတိုးကောင်ကိုထား ကျွန်တော်တို့အဖွဲ့ ဒုတိယအကြိမ် ပြန်ထွက်ပြန်သည်၊ ရေခဲလှ အနိမ့်ပိုင်း ချိုင့်ဝှမ်းကိုကျော်ဖြတ်ပြီး အနောက်ဘက်သို့ လာခဲ့ကြသ



လုံခရုမာခင်တောင်အနောက်ဘက် ကောင်းကင်၌ ရေခဲငှက် များ အုပ်လိုက်ပျံဝဲနေကြသည်။ မုဆိုးကြီး ဦးအမ်အင်ဆားက လက် ညွှာက်ပြသဖြင့် ကျွန်တော်တို့ခြေလှမ်းများကို ရပ်လိုက်ကြသည်။

"ဆရာလေးတို့ အသေအချာကြည့်ကြပါဦး။ ရေခဲငှက်တွေ ကောင်းကင်မှာဝဲနေရင် အောက်ကရေခဲပြင်ပေါ်မှာ သားကောင်ရှိလို့ပဲ၊ သားကောင်ဆိုတာ နှင်းကျားစားထားတဲ့ သားကောင်ကိုပြောတာ၊ အောက်မဆင်းကြသေးပဲ ဝဲနေတာက နှင်းကျားရှိနေသေးလို့ပဲ"

ကျွန်တော်နှင့်ကျော်ကြီးတို့ အသေအချာကြည့်ကြသော်လည်း သားကောင်အရိပ်အယောင်ကိုပင် မမြင်ရပါ။

"မုဆိုးကြီး ... ဘာကောင်မှ မမြင်ရဘူးဗျာ။ အလယ်မှာ ည်း ရေခဲတံတိုင်းကြီးက ကာနေတယ်လေ"

"အေး ... အဲဒါဆို ရေခဲတံတိုင်းဟိုဘက်မှာ ရှိလိမ့်မယ်၊ ... လာကြ၊ သေနတ်တွေကိုတော့ အဆင်သင့်ပြင်ထားကြ"

ကိုက် (၃၀၀)ခန့်ဝေးသော ရေခဲတံတိုင်းအခြေသို့ ကျွန်တော် ကပ်လာကြသည်။ ဆေးပင်များကိုတွေ့သော်လည်း မုဆိုးကြီးက ခွင့်မပေးပါ။ ရေခဲတံတိုင်းကြားလမ်းကလေးမှ ဦးဆောင်ခေါ်ငင် ပါသည်၊ တစ်ဖက်သို့ရောက်တော့ ကျယ်ပြန့်သော ရေခဲပြင်ကျယ် ယ်၌ လဲနေပြီး ကျားစားထားသော တာကင်ကြီးတစ်ကောင်ကို ရသည်။ နှင်းကျားကြီးကိုတော့ မမြင်ရတော့ပါ။

"ကျားက သွားပြီဟေ့၊ ငါတို့ထက်လျင်တော့ ဘယ်လိုအနံ့ရ တယ်မသိဘူး။ အသာ,သာ ဒီက စောင့်ကြည့်နေကြ၊ ရေခဲငှက် ဆင်းလာကြလိမ့်မယ်။ အဲဒီတော့မှ ပစ်ကြလေရော့"

ရေခဲငှက်ကြီးများ ဆင်းမလာမီပင် ဘယ်ချောင်ကြားက စောင့်

www.burmeseclassic.com



နေမှန်းမသိသော သစ်ခွေးနှင့် ရေခဲဝံပုလွေနှစ်အုပ် ဆင်းလာကြသည်။ ဝံပုလွေကြီးများမှာ အိမ်မွေးအယ်လ်ဇေးရှင်း ခွေးကြီးများအတိုင်းပင် အမွေးရှည်ရှည်၊ အကောင်ထွားထွားဖြင့် အလွန်လှပကြသည်။

"သွားပဟော့ . . . ငါအတွက်လွှဲသွားပြန်ပြီ။ ဆရာလေး တစ်ချက်လောက်ခြောက်ပြီး ပစ်လိုက်ပေရော့။ ငါတို့လည်း တာကင်ကောင်သားကို လုစားရတော့မှာပဲ"

"မုဆိုးကြီး ကျွန်တော်တို့မှာ အသားတွေ အလျှံပယ်ရှိပါတယ်။ သူတို့ စားပါစေ။ ဆေးပင်တွေနှုတ်ပြီး ပြန်ကြတာပေါ့။ ညနေမှ ထပ်ခေါက်လာကြမယ်လေ"

"အေး . . . အေး . . . အဲဒါလည်းကောင်းတာပဲ။ ကဲ . . . ဒါဖြင့် ဆေးပင်တွေနှုတ်ကြမယ်"

ကျွန်တော်တို့ ဆေးပင်တွေနှုတ်ပြီး ပြန်လာတော့ ရေခဲဂူရောက်သည်နှင့် မျောက်တင်သောင်းက ဂူအနီးလာနားသည့် ရေခဲငှက်ကြီးတစ်ကောင်ကို ပစ်ခတ်ရရှိကြောင်း သတင်းပို့သည်။

"အဲဒီ ရေခဲငှက်ကြီးကို မချက်နဲ့။ ဆား၊ နံနွင်းသုတ်ပြီး ကင်ကွာ။ ညနေကျမှ မြည်းကြရအောင်"

"ဟုတ်ကဲ့ ဆရာ"

နေ့လယ်စာကို မျောက်တင်သောင်းချက်ထားသော တာကင်သားဟင်း၊ အာလူးအရင်းဟင်းချို၊ ခေါင်းသုပ်တို့ဖြင့် ထမင်းပါစားရသည့် အလွန်မြိန်ကြသည်။ မုဆိုးကြီး ဦးအမ်အင်ဆားချက်သော ရေခဲတောင်ပေါ်မုဆိုးဟင်းနှင့် တခြားစီပင်။ ထမင်းစားပြီး ခေတ္တနားနေစဉ် လေပြင်းတိုက်လာသည်။

"သွားပြန်ပဟော့ . . . အချိန်မဟုတ်ပဲ နှင်းမုန်တိုင်းကျတော့မယ်။ ညနေ အမဲလိုက်လို့ရတော့မှာ မဟုတ်ဘူး။ ညနေစာအတွက် မိုင်းပြီး မြန်မြန်ချက်ကြ။ လေကြမ်းလာရင် ရေခဲတွေပျော်ပြီး ဂူပေါက်ပိတ်သွားလိမ့်မယ်"

မီးပျိုးထားသည်မှာ ရှိသေး၍ နှစ်ဖိုခွဲပြီး ချက်ကြပြုတ်ကြသည်။ တစ်နာရီခန့်အကြာ ချက်ပြုတ်ပြီးသည်နှင့် နှင်းမုန်တိုင်းကကျလာသည်။ တဖြည်းဖြည်းဂူပေါက်က နှင်းထုဖြင့် ကျဉ်းလာရာ မုဆိုးကြီးက အသက်ရှူပေါက်ရစေရန် ရေခဲချပ်များကို ဓားဖြင့်ခွဲထုတ်ပစ်နေရသည်။ လေတိုးသံမှာ တရှီးရှီးမြည်နေသည်။ ကျွန်တော်တို့ ဂူထဲ၌ နေရသဖြင့်သာ သက်သာနေခြင်းဖြစ်သည်။ ဂူအပြင်၌ လေအပြင် ရေခဲ၊ နှင်းခဲများလည်း ပြိုကျသဖြင့် တော်ရုံသတ္တဝါ အသက်ရှင်နေထိုင်ဖို့ပင် လွယ်မည်မထင်ပါ။ နှင်းမုန်တိုင်းမှာ တစ်ညနေလုံးတိုက်နေသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့ ညနေစာကို စောစောစားကြပြီး စောစောအနားယူ အိပ်စက်ကြသည်။ ယနေ့ည ကင်းတာဝန်ကတော့ သားရဲတိရစ္ဆာန်များရန်ကို ကာကွယ်ရန်မဟုတ်ပဲ ဂူပေါက်ပိတ်ပြီး အသက်ရှူရခက်စေရန် ဂူပေါက်အား မကြာခဏ ဓားဖြင့် ကလော်ထုတ်ပစ်နေရခြင်းဖြစ်သည်။ နှင်းမုန်တိုင်းမှာ ညနက်မှ အသံစဲ၍ ရပ်သွားတော့သည်။ ထိုညကလည်း ကောင်းမွန်စွာ အိပ်စက်အနားယူကြရပါသည်။



စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့မနက်တွင် ရေခဲချပ်များအားခွဲထုတ်ပြီး အပြ
ထွက်ရသည်။ တောင်ကမ္ဘားယံ ရေခဲလွင်ပြင်ကြီးမှာ တစ်ပေကျော်
ရေခဲထုက ဖုံးလွှမ်းသွားပြီး ထင်းရှူးပင်များပေါ်၌ နှင်းများကခဲနေသည်။
မှဆိုးလမ်းများလည်း ပျောက်သွားပြီဖြစ်သည်။

"ကဲ . . . ဆရာလေး၊ ငါတို့ ပြန်ကြမယ်"

"ဒီမနက်အမဲလိုက်ပြီး ညနေမှ ဦးအင်ဒယန်းတို့ရွာကို ပြ
ဆင်းကြမှာ မဟုတ်ဘူးလား မှဆိုးကြီး"

"အေး . . . မနေ့က အဲဒီလိုပဲ စီစဉ်ထားတာ။ ဒါပေမဲ့ ဒီနေ့
တော့ အန္တရာယ်ရှိတယ်။ တောကောင်တွေလည်း မထွက်ကြတော့ဘူး
ဒါကြောင့် တောင်ခြေရွာကို ပြန်ဆင်းမယ်။ အင်ဒယန်းတို့ နမ့်လန်ရွ
မှာညအိပ်ပြီး ဆားတွင်းကိုလာတဲ့ တာကင်ကောင်တွေကို ပစ်ကြတာ
ပေါ့"



"အဲဒါ ကောင်းတယ်။ ငါတို့အိမ်မှာ တစ်နေကုန်နားပြီး ညနေမှ ဆားတွင်းကို သွားပစ်ကြရုံပဲ။ ရွာနဲ့လည်း နီးတယ်။ မပင်ပန်းဘူး။ အန္တရာယ်လည်း မရှိဘူး"

မှဆိုးကြီး ဦးအင်ဒယန်းကလည်း ထောက်ခံသည်။

ကျွန်တော်တို့လိုအပ်သော ကတိုးဆီနံ့သာခဲ နှစ်အိတ်၊ ကတိုးမွေးနှင့် နှင်းကျားအရေခွံ၊ ခေါင်းနှင့် အရိုးများ၊ တာကင်ဦးချိုတစ်စုံနှင့် သရေနှစ်ချပ်၊ ကျပ်တိုက်အသားကင်များ၊ ရှီးပတီးပင်၊ မချစ်ဥနှင့် ခန်းတောက်မြစ်များလည်း စုံလင်စွာရခဲ့ပြီဖြစ်၍ လိုအပ်သည်များပြည့်စုံပြီလည်း ဖြစ်ပါသည်။ ထိုနေ့က မနက်စာစားကြပြီး အထုပ်အပိုးကိုယ်စီဖြင့် လုံခရုမာဒင်ရေခဲတောင်ပေါ်မှ ပြန်ဆင်းလာကြသည်။ မှဆိုးကြီးဦးအင်ဒယန်းတို့ နမ့်လန်တောင်ခြေရွာသို့ မနက် (၉)နာရီခန့်၌ပင် စောစီးစွာ ပြန်ရောက်ကြသည်။

"ကဲ . . . ဆရာလေးတို့ နားကြပါ။ ငါတို့ နေ့လယ်စာစားဖို့ ချက်လိုက်ပြုတ်လိုက်ဦးမယ်"

"ကျွန်တော်တို့ ချက်ပါ့မယ်။ မှဆိုးကြီးတို့က လိုအပ်တာလေးတွေကိုပဲ ကူညီပါ"

မျောက်တင်သောင်းနှင့် ကျော်ကြီးတို့က ဝင်ပြောသည်။

အချက်အပြုတ်တော်သော မျောက်တင်သောင်းက ဦးဆောင်၍ ချက်ပြုတ်ကြသည်။ ပုဏ္ဏားနှင့် သူ့မိန်းမြင့်သိန်းကလည်း ကူညီပါသည်။ ကျွန်တော်က Army Rum တစ်လုံးကိုဖွင့်ပေးရာ တစွပ်စွပ်လာသောက်ကြသည်။ ကျွန်တော်တို့၏ ပထမဆုံး ရေခဲတောင်ပေါ်ခရီး အောင်မြင်သည်ဟု ဆိုရမည်ပင်။

နေ့လယ်ခင်း စားသောက်ကြပြီး အိပ်စက်အနားယူကြသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညနေ နေဝင်ခါနီးတွင် ကျွန်တော်နှင့်မုဆိုးကြီးနှစ်ဦး မျောက်တင်သောင်းတို့ လက်နက်ကိုယ်စီဖြင့် နမ့်လန်ရွာအနောက်ဘက်ရှိ ဆားကျစ်တွင်းသို့ သွားကြသည်။ ကျစ်တွင်းမှာ ပေ (၅၀) ခန့်အမြင့်ရှိ ကျောက်တုံးကြီးများ ဝိုင်းရံနေသည့် လျှိုတစ်ခုအတွင်း၌ ဖြစ်သည်။ ရေစမ်းလည်းရှိသည်။ ကျောက်တုံးများဝန်းရံနေပြီး ပေ (၂၀၀)ခန့်သာဝေးသဖြင့် ကျွန်တော်တို့ လေတင်လေအောက်ရွေးပြီး ကျောက်တုံးကြီးများအကွယ်တွင် လင့်စီးကြသည်။ မကြာပါ။ နေဝင်သည်နှင့် တောကောင်များဆင်းလာသံကို ကြားရသည်။ တာကင်ကောင်များကဦးဆောင်ပြီး တောင်ဆိတ်အုပ်က နောက်ကလိုက်လာသည်။ ကျွန်တော်နှင့်မျောက်တင်သောင်းက တာကင်ဖိုမကိုပစ်ရန်နှင့် မုဆိုးကြီးနှစ်ဦးက တောင်ဆိတ်နှစ်ကောင်ပစ်ရန် စီစဉ်ကြပြီး အသင့်နေရာယူကြသည်။ ရေခဲတောင်၏ ရောင်ပြန်အလင်းရောင်ကြောင့် ပတ်ဝန်းကျင်အား သဲကွဲစွာမြင်နေရသည်။ မကြာပါ။ ဆားလျက်သံ၊ ရေသောက်သံများကို ကြားလာရသည်။

"ပလပ် ... ပလပ် ... ပျတ် ... ပျတ် ... ပျတ်"

ကျွန်တော်တို့အဖွဲ့ အပိုင်ချိန်၍အပြီး လက်ကုပ်၍ ပြိုင်တူပင်ပစ်ကြတော့သည်။

"ဒိုင်း ... ဒိုင်း ... ဒေါင် ... ဒေါင်"

သေနတ်သံ၊ အူးလေးညှို့သံများ ပြိုင်တူပင်ပေါ်လာပြီး တောကောင်များအော်သံ၊ ပြိုလဲသံများ ကြားလိုက်ရသည်။

"ဘူး ... ဘူး ... အစ် ... အစ် ... ဘော ... ဘော .. ဘုန်း ... ဘုန်း"

တောကောင်များပြေးကြပြီး ဆားတွင်းအနီး၌ တောကောင်





လေးကောင်း လဲကျကျန်ရစ်ခဲ့သည်။ ရေခဲတောင်ပေါ်မှာထက်၊ လွယ်ကူသောအမဲလိုက်ခြင်းဖြစ်သည်။ မကြာမီ သူ့ဒိုးမြင့်သိန်းနှင့် ကျော်ကြီးတို့လည်း သေနတ်သံကြောင့် လက်နှိပ်ဓာတ်မီးများဖြင့် လိုက်လာကြသည်။ သားကောင်များအား အခေါက်ခေါက်အခါခါ ထမ်းကြပြီး ညစာအဖြစ် တောင်ဆိတ်ကလီစာဟင်း၊ တာကင်ကလီစာဟင်းတို့ဖြင့် မြိန်ဆိုင်စွာ စားကြသည်။ ကျွန်တော်တို့လိုအပ်နေသေးသော တောင်ဆိတ်ချိုနှင့် အရိုးများအသားများပါ ရသဖြင့် ဖူလုံ၊ ပြည့်စုံပြီဖြစ်လေသည်။

ညစာစားပြီးတော့ ညဥ့်သန်းခေါင် (၁၂)နာရီခန့်ပင် ရှိချေပြီ။ ကျွန်တော်တို့ ထိုညက ဗိုက်ကားစွာစားရ၍ အလွန်အိပ်ပျော်ကြသည်။ မုဆိုးကြီးအိမ်၊ နမ့်လမ်ရွာတွင်ဖြစ်၍ စိတ်ချလက်ချ ကင်းစောင့်စရာမလိုပဲ အိပ်ကြရသဖြင့် လုံခြုံနွေးထွေးပါသည်။ အိမ်အပြင်၌ လ,ကသာနေသည်။ မှန်တိုင်းမရှိတော့၍ ပတ်ဝန်းကျင်မှာ ငြိမ်သက်တိတ်ဆိတ်နေသည်။ တစ်ခါတစ်ရံ အဝေးဆီမှ တောကောင်များအသံကို သဲ့သဲ့ကြားနေရသည်။

မနက်လင်းတော့ မနက်စာစားပြီး ကျွန်တော်တို့ ပြန်ကြရန်ပြင်ကြရသည်။

မုဆိုးကြီး ဦးအင်ဒယန်းက ကျွန်တော်တို့နှင့် ခင်မင်သွားပြီဖြစ်၍ နောင်မွန်းမြို့အထိ လိုက်ပို့လိုသော်လည်း သူ၏အိမ်သားများ ဒန်းနန်ဒင်းရွာကြီးသို့ သွားနေကြသဖြင့် မလိုက်ဖြစ်တော့ပါ။ သို့သော် သံယောဇဉ်ကြောင့်ထင်ပါသည်။ နမ့်ဒယန်ရွာ မုဆိုးကြီး ဦးအင်ဒယန်း အိမ်အထိ လိုက်ပို့ရှာသည်။ ကျွန်တော်တို့အဖွဲ့ ချောင်းများ မြောင်းများကိုကူးပြီး နမ့်လမ်မြေပြန့်လွင်ပြင်ကြီးကို ဖြတ်ရသည်။ နေ့လယ်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းတွင် နှမ်းလန်မြေပြန့်လွင်ပြင်ရွာသို့ ရောက်သည်။

ရွာမှုဆိုးကြီး ဦးအလီမိန်းမှာ ကျွန်တော်တို့အသံကြားသည်နှင့် တဲထဲမှထွက်လာပြီး ...

"လာဟေ့ ... အင်ဆားတို့အဖွဲ့။ ငါ ဆတ်ဖားကြီးတစ်ကောင် ရထားလို့ ဖျက်နေတာ။ အတော်ပါပဲ။ ဟော ... အင်ဒယန်းလည်း ပါလာတောကိုး။ ပိုင်းကတော့ စိုပြီပေါ့ကွာ။ လာကြဟေ့ ... ပိုင်းလုပ်၊ ပိုင်းစားပေါ့နော့"

ကျွန်တော်တို့ နေ့လယ်တွင် ဆတ်ဝမ်းတွင်းသားဟင်းဖြင့် အရက်ပိုင်းထိုင်ကြပြီးနောက် နေ့လယ်စာ စားကြသည်။ ထမင်းစားပြီး ပြန်ကြရန် ပြင်ဆင်နေစဉ် မုဆိုးကြီးအလီမိန်းက ကျွန်တော်တို့လာစဉ်က ပစ်ခတ်၍ရသော ကျားသစ်ရောင်းရငွေ (၄၀၀၀၀) ကျပ်ကို ထုတ်ပေးသည်။

"ဦးအလီမိန်း ... ခင်ဗျားတစ်ဝက်ယူပါ။ ကျန်တစ်ဝက်ကိုပဲ ကျွန်တော်တို့ကို ပေးပါ"

"မဟုတ်ဆရာ၊ ငါမယူ။ ငါက အိမ်ကိုလာဝယ်တဲ့သူကိုပဲ ရောင်းပေးရတာ။ အပန်းမကြီးဘူး"

"ဒါဖြင့် ဒီလိုလုပ်ပါ။ (၄၀၀၀၀ိ/-) ရတယ်မဟုတ်လား။ နှစ်သောင်းကို ကျွန်တော်တို့မုဆိုးကြီး ဦးအမ်အင်ဆားကို လမ်းပြခအဖြစ် ပေးပါ။ ကျန်နှစ်သောင်းထဲက မုဆိုးကြီး ဦးအလီမိန်းနဲ့ မုဆိုးကြီး ဦးအင်ဒယန်တို့ တစ်ယောက်တစ်သောင်းကျပ်စီ ခွဲယူပါ။ ကျွန်တော်တို့ စေတနာပါ။ မငြင်းကြပါနဲ့"

ကျွန်တော်က မျှတအောင်ခွဲဝေပေးရာ မုဆိုးကြီး ဦးအမ်အင်ဆားက တစ်စခန်း ထပြန်သည်။





"ငါမယူလေ ဆရာ။ ဆရာက ငါ့အသက်ကို နှင်းကျွေးချိုတာ ကယ်ခဲ့တာ။ ငါ မုဆိုးလုပ်ပြီး ရှက်တောင်ရှက်တယ်။ နောင်မွန်းပြီးမှာ ဆရာ့အစ်ကိုကြီးကို ငါက ဆရာတို့အသက်ကို ငါမသေမချင်းကာကွယ်ပေးမယ်လို့ ကတိပေးခဲ့မိတာလေ။ အခုတော့ ပြောင်းပြန်ဖြစ်နေတယ်။ ငါပိုက်ဆံ မယူရဲဘူးဆရာ"

"ယူပါ မုဆိုးကြီးရယ်။ ကျွန်တော်တို့က အချိန်ရသေးတော့ နောင်မွန်းပြန်ရောက်တာနဲ့ ခေတ္တနားပြီး မြန်မာပြည်မြောက်စွန်း ဂူဘားရွာနဲ့ ဝမ်ခမ်းအိုင်၊ ထရုံရွာတွေဘက်ဆီအထိ ခရီးဆက်ချင်သေးတာ။ အခုပေးတာလည်း နည်းပါသေးတယ်။ ကျွန်တော်တို့ ထပ်ကန်တော့ဦးမှာပါ။ ဦးအမ်အင်ဆားသာ လမ်းမပြရင် ကျွန်တော်တို့တစ်သက်လုံးရောက်မှာ မဟုတ်တော့ပါဘူး။ အခကြေးငွေပေးရတယ်လို့ သဘောမထားပါဘူး။ တစ်ယောက်ကိုတစ်ယောက် ကူညီတာပါ"

ကျွန်တော် အကျိုးအကြောင်းပြောမှ လက်ခံကြသည်။ အလွန်ရိုးဖြောင့်သော မြန်မာပြည်ဖွား တိုင်းရင်းသားကြီးများ ဖြစ်ကြသည်။

"အဲဒါဆိုရင် ငါတို့ရထားတဲ့ ကတိုးနွံ့သာအိတ်ကိုလည်း ငါ့အသက်ကယ်တဲ့အတွက် ဆရာလေးကို လက်ဆောင်ပြန်ပေးမယ်။ မငြင်းနဲ့"

ကျွန်တော့်စကားနှင့် ကျွန်တော်ဖြစ်၍ ကျွန်တော်လည်း ငြိမ်းနေရတော့သည်။

ကျွန်တော်တို့ ထမင်းစားပြီးသည်နှင့် နေ့လယ်ပိုင်းတွင် အပြန်ခရီးကို ဆက်ကြရသည်။ မုဆိုးကြီး ဦးအလီမိန်းနှင့် မုဆိုးကြီး ဦးအင်ဒယန်းတို့က ကျွန်တော်တို့အဖွဲ့အား စပ်ဖန္ဒယ်လုံတောင်ခြေအထိ လိုက်ပို့ပါသည်။ ကျွန်တော်တို့အဖွဲ့ စပ်ဖန္ဒယ်လုံတောင်ကြီးကို တရွေ့ရွေ့



www.burmeseclassic.com

www.burmeseclassic.com



တက်ကြပြီး တရွေ့ရွေ့ဆင်းကြသည်။ တောင်လယ်ကြောပေါ်တွင် ခေ
ခဏနားသည်မှလွဲ၍ မိုးမချုပ်မီ နောင်မွန်းမြို့သို့ရောက်ရန် ခရီးပြင်းနှင်
ကြပါသည်။

စပ်ဖနွယ်လုံတောင်တောမှာ တောထူထပ်ပြီး သားရဲကြီးများ
ရန်ရှိ၍ အတော်သတိထားကြရသည်။ သို့သော် လာလမ်းဖြောင့်ဖြူး
သဖြင့် ပြန်လမ်းလည်း ဖြောင့်ဖြူးပါသည်။ တောထဲကထွက်တော့
နောင်မွန်းလေယာဉ်ကွင်းတောစပ်သို့ ရောက်သည်။ ညနေ (၇)နာရီခန့်
လည်းရှိချေပြီ။ နောင်မွန်းမြို့လယ် ဘဏ်သို့ရောက်တော့ ည (၈)နာရီပင်
ထိုးခါးနီးပြီဖြစ်သည်။

ထိုညက အောင်မြင်သော ရေခဲတောင်ခရီးစဉ်အတွက် အစ်ကို
ကြီးက အရက်ပွဲကလေးလုပ်ပေးသည်။ လုံခြုံနွေးထွေးသော ဘဏ်တိုက်
မီးလင်းဖိုရှေ့တွင် ကျွန်တော်တို့သောက်စားကြပြီး ရေခဲတောင်မုဆိုး
အတွေ့အကြုံကို ပြန်လည်စားမြုံ့ပြန်ကြရင်း တဝါးဝါး တဟားဟား
ပွဲကျလို့နေပါတော့သည်။

နောင်မွန်းမြို့တွင် နှစ်ရက်၊ သုံးရက်ကြာ နားနေကြရင်း တော
မြို့ကလေးဖြစ်၍ ပျင်းလာကြပြန်သည်။ ထို့ကြောင့် ညနေပိုင်းအချိန်
ကို စောင့်မျှော်နေကြရသည်။ ညချမ်းချိန်တွင် ရဝမ်မုဆိုးကြီး ဦးအမ်
အင်ဆားပြောပြသော ရေခဲတောင်ဒေသ အမဲလိုက်ခြင်းနှင့် ထူးဆန်း
သော ပုံပြင်ဆန်ဆန်ဇာတ်လမ်းများကို မီးလှုံရင်း နားထောင်ရသည်
မှာ မရိုးနိုင်သောကြောင့် ဖြစ်ပေသည်။

ယနေ့ညလည်း မှောင်စပျိုးသည်နှင့် မုဆိုးကြီး ဦးအမ်အင်
ဆား ရောက်လာသည်။

"ဆရာလေးတို့ ညစာ စားပြီးကြပြီလား"





"မစားရသေးပါဘူး။ ကျွန်တော်တို့ မုဆိုးကြီးကို စောင့်နေ
တာပါ။ မုဆိုးကြီး ဒီနေ့စောသားပဲ"

"အေး ... အိမ်အလုပ်တွေပြီးတော့ ငါလည်း မနေနိုင်တော့
ဘဲ စောစောထွက်လာတာ"

"စောစောလာတော့လည်း အဆင်ပြေတာပေါ့ မုဆိုးကြီးရယ်။
အစ်ကိုကြီး ဦးအောင်သန်းတပည့်တစ်ယောက် ပူတာအိုကပြန်လာတာ
Army Rum တွေပါလာလို့ ဝိုင်းလုပ်ကြမယ်ဆိုပြီး မုဆိုးကြီးကို စောင့်
နေတာပါ"

"အေး ... ဆရာလေးတို့ကလည်း ငါ့ကိုမျှော်နေကြတာကိုး။
ဆရာလေးတို့ အမြည်းမရှိမှာစိုးလို့ ဆတ်သားခြောက်တွေ လာပို့တာ။
အတော်ပဲပေါ့။ ကဲ ... ကဲ ... ငါပဲ ဖုတ်လိုက်ပါ့မယ်။ မီးလည်း အဆင်
သင့်ရှိနေတာပဲ။ ပန်းကန်ပြားနှစ်ချပ်လောက် ယူခဲ့"

"မုဆိုးကြီး ... နေပါစေ၊ ကျွန်တော့်တပည့် မျောက်တင်
သောင်းရှိပါတယ်။ သူလုပ်ပါလိမ့်မယ်"

"နေနေ ... မျောက်တင်သောင်းက ဆီဆမ်း၊ ဆားဖြူး၊
ပန်းကန်ထဲထည့် ဘာခက်တာမှတ်လို့။ အသားခြောက်တွေက မီးမမြင်
ဖူးတာ ကြာလှပေါ့။ မီးခဏကင်တာနဲ့ ကျက်ကရော"

ဟုတ်လည်း ဟုတ်ပါသည်။ အရှိန်ရနေသော မီးလင်းဖိုကြီး
တွင် မုဆိုးကြီး အသားခြောက်များကို ကင်သွားသည်မှာ (၁၅)မိနစ်ခန့်
သာ ကြာသည်။ ကျွမ်းကျင်မြန်ဆန်လှသဖြင့် အကျက်လည်း ညီသည်။
မျောက်တင်သောင်းက ပန်းကန်ပြားနှစ်ချပ်ထဲ ပြောင်းထည့်ပြီး ၎င်း၍
ဆီးဆမ်းဆားဖြူးပေးရုံသာ ဖြစ်သည်။

အရသာရှိလှသော ဆတ်သားခြောက်မီးကင်၊ ပဲဆီဆမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



Army Rum ဖြင့် အလွန်လိုက်ဖက်သော အမြည်းဖြစ်သည်။ ကျွန်တော်တို့ ဆက်ရက် (ဖရက်)မင်းစည်းစိမ်ကို ခံစားရင်း စားသောက်ရင်း မုဆိုးကြီး ဦးအမ်အင်ဆားနှင့် အမဲလိုက်အတွေ့အကြုံများ ဖလှယ်ကြရသည်မှာ အလွန်ပျော်စရာကောင်းသည်။ တောင်ပေါ်နှင့်မြေပြန့် တောဆေး၊ တောင်ဆေး၊ မုဆိုးဆေးပင်များအကြောင်းကလည်း အလွန်စိတ်ဝင်စားဖွယ် ကောင်းလှသည်။ တောမြို့ကလေးတွင် နေထိုင်ရသည်မှာ ဤအချိန်သာ ကျွန်တော်တို့အတွက် ပျော်ရွှင်စရာအချိန် ဖြစ်ပေတော့သည်။

"မုဆိုးကြီး . . . ဒီနေ့ ဘာအကြောင်းပြောမှာလဲ။ ကျွန်တော်တို့လည်း လုံခရုမာဒင်ရေခဲတောင်နဲ့ စပ်ဖန့်ယ်လုံတောင်ကြီးဘက် ပြန်လာပြီးကတည်းက ပျင်းနေကြတာ။ တစ်နေရာကို ထပ်သွားချင်သေးတယ်။ ကျွန်တော် မုဆိုးကြီးကိုပြောထားခဲ့တဲ့ ထူးဆန်းတဲ့ တောင်ပေါ်ဝမ်ခမ်းအိုင်နဲ့ ထရုံလှုပုကလေးတွေရှိတဲ့ မြန်မာပြည်မြောက်စွန်းများကို သွားချင်ပါတယ်။ ကျွန်တော့်ခွင့်ရက်ကလည်း ရက် (၂၀)လောက် ကျန်ပါသေးတယ်။ မုဆိုးကြီး စီစဉ်ပေးပါဦး"

"အေး . . . အေး . . . ငါ့မှာလည်း အစီအစဉ်ရှိပါတယ်။ ငါ့မွေးရပ်ဇာတိ မေခမြစ်ကမ်းပါးက ပန်နန်းဒင်ရွာကြီးကို သွားစရာရှိတယ်။ တောင်ကြီးတွေကို ကျော်ရမယ်။ လမ်းပန်းခရီးက အလွန်ကြမ်းတယ်။ အမဲလည်း လိုက်ရမယ်။ ဆေးဝါး၊သစ်မြစ်သစ်ဖုလည်း ရမယ်။ ရွှေလည်းပေါတယ်။ ထူးဆန်းတဲ့ အတွေ့အကြုံတွေလည်း ရမယ်။ ရက်လည်း အတော်ကြာမယ်။ လိုက်နိုင်ကြပါ့မလား"

"လိုက်ပြီးသားပေါ့ မုဆိုးကြီးရယ်။ ကျွန်တော်တို့က စွန့်စားတာနဲ့ အတွေ့အကြုံအသစ်အဆန်းတွေ လိုချင်နေတာ။ ရွှေလည်း ဝယ်





ချင်တယ်။ ခရီးသွားရင်း အလုပ်လုပ်တာပေါ့ မုဆိုးကြီးရယ်။ ပင်ပန်းတာက အရေးမကြီးပါဘူး"

"အေး . . . အဲဒါဆိုရင် ကောင်းပြီ။ မနက်ဖြန် မနက်စောစော ပြင်ဆင်ထားကြ။ ငါလာခေါ်မယ်။ မေခမြစ်ဖျား၊ ရှမ်ခူးဝမ်ချောင်းနဲ့ အဒုံဝမ်ချောင်းကြား မြောက်ဖျားစွန်းမှာရှိတဲ့ ရေခဲတောင်ပေါ်က သဘာဝရုက္ခဗေဒဥယျာဉ်ကြီးနဲ့ ထူးဆန်းတဲ့ 'ဝမ်ခမ်းအိုင်'ဆိုတဲ့ ရေကန်ကြီးဆီ အရောက်သွားကြမယ်"

"လိုက်မယ် ဆရာကြီး။ ကျွန်တော်တို့ အသင့်ပြင်ဆင်ထားမယ်"

"ညီလေး . . . ပင်ပန်းမယ်ထင်တယ်။ တောင်ကြီးတွေက အလွန်မြင့်ပြီး ရာသီဥတုကကြမ်းတော့ အန္တရာယ်များလိမ့်မယ်။ အဲဒီဘက်က တောအလွန်ထူပြီး ရေခဲတောင်တွေများတယ်"

အစ်ကိုကြီး ဦးအောင်သန်းက စိုးရိမ်၍ သတိပေးပါသည်။

"ရပါတယ် . . . အစ်ကိုကြီး၊ ကျွန်တော်တို့ လူအင်အားလည်း များပါတယ်။ ကျန်းမာရေးလည်း ကောင်းကြပါတယ်။ ဆေးဝါးလည်း အစုံအလင်ပါပါတယ်။ ကျွန်တော်တို့ လုံခရုမာဒင်ရေခဲတောင်ဘက်သွားတုန်းကလည်း ရေခဲတောင်တက် အတွေ့အကြုံတွေ ရပြီးပါပြီ။ နောက်ပြီး မုဆိုးကြီး ဦးအမ်အင်ဆားကိုယ်တိုင်က ခေါင်းဆောင်မှာဆိုတော့ စိုးရိမ်စရာ မရှိပါဘူး။ သူက နယ်မြေကျွမ်းကျင်တဲ့အပြင် တောတွင်းအတွေ့အကြုံလည်း စုံပါတယ်။ ပန်းနန်ဒင်ရွာက သူ့ဇာတိလေ အစ်ကိုကြီးရဲ့၊ ဒီဘက်ကို နောက်တစ်ခါလာဖို့ဆိုတာက မလွယ်တော့ဘူးလေ"

"အေး . . . အေး . . . လက်နက်တွေလည်းပါပြီး ညီလေးတို့က မုဆိုးတွေပဲလေ။ သတိနဲ့တော့ သွားကြပေါ့။ တောတောင်ပရိယာယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကလည်း အလွန်ထူးဆန်း ဆန်းကြယ်ပြီး အန္တရာယ်များတယ်။ အတွေ့အကြုံ၊ ဗဟုသုတဆိုတာကလည်း လူ့ဘဝရဲ့အနှစ်သာရပဲ။ ရတုန်းယူထားပေါ့ ညီလေးရယ်။ မင်းတို့က အချိန်တိုလေးအတွင်း အတော်နှံ့စပ်သွားတာပေါ့။ အစ်ကိုကတော့ အလုပ်တာဝန်တွေနဲ့မို့ နေ့ခင်မှန်းပြီး ပတ်ဝန်းကျင်ကလွဲပြီး ဘယ်လိုမှ မရောက်ဖူးပါဘူးကွာ''

''ဟုတ်ကဲ့ အစ်ကိုကြီး''

ကျွန်တော်တို့ ခရီးရှည်ထွက်ရန် ညတွင်းချင်း ပြင်ဆင်ကြရတော့သည်။ အနွေးထည်များကိုသာမက ဂွမ်းကပ်စောင်များလည်း ယူရသည်။ ဆေးဝါး၊ မာတ်မီး၊ ဂက်စ်မီးခြစ်များနှင့် လိုအပ်သော အသုံးအဆောင်များကိုလည်း စိစစ်ပြီး ယူဆောင်ရသည်။ မန္တလေးမှ မမကြီးတို့အတွက်လည်း ရွှေဝယ်ရန်ငွေများကိုလည်း လိုအပ်မည်ထင်သလောက် အစ်ကိုကြီးထံတွင် အပ်နှံထားရာမှ ပြန်ထုတ်ရသည်။ ဘဏ်မှ လုံခြုံရေးအတွက် ဆောင်းထားသော သေနတ်များအနက် ကျွန်တော်က ကိုင်နေကျ ဒသမ ၃၀၃ အင်္ဂလိပ်ရိုင်ဖယ်ကြီးကို အသေအချာ စစ်ဆေးသုတ်သင်ပြီး ကျည် (၁၀)တောင့်သာ ယူသည်။

မျောက်တင်သောင်းအတွက်လည်း ကျည် (၁၀) တောင့်နှင့် အင်္ဂလိပ်ရိုင်ဖယ် သေနတ်တစ်လက် ကျော်ကြီးအတွက်တော့ စိုင်ပေါင်နှစ်လုံးပြူးနှင့် စရိတ်ကျည် (၅)တောင့်၊ ကိုးလုံးကျည် (၅)တောင့်ကို စီစဉ်ပေးလိုက်သည်။ အသုံးအဆောင်ပစ္စည်းများ လိုလေသေးမရှိစေရန် စိစစ်စီစဉ်နေရသဖြင့် ထိုညက သန်းကောင်ယံမှ အိပ်ရာဝင်ဖြစ်ကြသည်။

နောက်တစ်နေ့မနက် (၄)နာရီခန့်၌ပင် ကျွန်တော်တို့အဖွဲ့ အိပ်ရာထကြ၍ ပြင်ဆင်ကြရပြန်သည်။ မနက်စာ ထမင်းကြော်စားနေကြ





စဉ် အစ်ကိုကြီးက ...

''ညီလေး ... ဘာတွေလိုသေးသလဲ၊ ပြည့်စုံရဲ့လား။ ပြန်စစ်ကြည့်ကြဦး။ လမ်းမှာ ဝယ်လို့ရတာမဟုတ်ဘူး။ တောထဲ၊ တောင်ထဲသွားကြရမှာ''

''ပြည့်စုံပါတယ် ... အစ်ကိုကြီး။ ကျွန်တော် အခေါက်ခေါက်အခါခါ ပြန်စစ်ထားပါတယ်''

''ဟုတ်ရဲ့လားကွာ ... တောထဲတောင်ထဲမှာ အရေးကြီးတဲ့ ပစ္စည်းတစ်ခု ကျန်နေပါသေးတယ်''

ထိုအချိန်မှ အမဲလိုက်ဓားမြှောင်နှင့် ရေဘူးကို စစ်ဆေးရင်း ကျွန်တော် အရက်ပုလင်းကို သတိရမိသည်။

''ဩော် ... အစ်ကိုကြီး၊ အရက်ပုလင်း ကျန်နေသေးတယ်''

''အေး ... ခရီးသွားရင်း လိုမှသတိရကြတာ၊ တောထဲမှာ ဆေးဟာ အရက်ပုလင်းပဲ။ Army Rum (၅)လုံးယူသွား။ မင်းတို့လူအင်အားက များတယ်။ ခရီးကရှည်တော့ ချွေတာပြီးသောက်၊ လေးတော့ လေးလိမ့်မယ်။ ခွဲပြီး သယ်ကြပေါ့''

''လေးပါစေ ... အစ်ကိုကြီး၊ ကျွန်တော်တစ်ယောက်တည်း သယ်ပါ့မယ်''

''မျောက်တင်သောင်း ... မင်းတစ်ယောက်တည်း မသယ်နဲ့။ ခရီးက လှမ်းပြီး၊ လမ်းက ကြမ်းတယ်။ ငါတို့ တစ်ယောက်တစ်လုံးစီ ခွဲသယ်ကြမယ်။ မင်းက ရိက္ခာထုပ်တွေကိုလည်း ထမ်းရဦးမှာ။ သေနတ်ကြီးကလည်း ပါသေးတယ်''

ကျွန်တော်က အချိုးညီစေရန် ခွဲတမ်းချပေးရသည်။ ဂွမ်းကပ်စောင်များ၊ အသုံးအဆောင်များလည်း ပါသေးသည်လေ။

www.burmeseclassic.com



မနက် (၄း၃၀) နာရီတွင် မုဆိုးကြီးဦးအမ်အင်ဆား ရောက်လာသည်။ အိုးခွက်ပန်းကန်၊ ဆန်၊ ဆီ၊ ဆားနှင့် အသားခြောက်များကို သူက အိတ်တစ်လုံးနှင့် ထမ်းလာသည်။ ဒူးလေး၊ မြားကျည်တောက်ဘူး၊ ရေဘူးနှင့် ဓားရှည်ကြီးကိုလည်း နောက်ကျောတွင် လွယ်လာသေးသည်။ မုဆိုးကြီးမှာ အသက် (၅၀)ခန့်ရှိပြီဖြစ်သော်လည်း ခန္ဓာကိုယ်တောင့်တင့်ပြီး အလွန်ကျန်းမာလှသည်။

"ဆရာကြီး ...ထမင်းကြော်နဲ့ ကြက်ဥကြော် အဆင်သင့်ပြင်ထားတယ်။ သုံးဆောင်ပါဦး"

"ဟေ့အေး ...ငါအိမ်က စားလာပြီးပြီ၊ မလိုတော့ဘူး။ စောစောကလေးထွက်ကြစို့။ ဒါမှလမ်းမှာ အကောင် ပလောင်လေးဘာလေးပစ်ရမှာ"

"ဟုတ်ကဲ့ မုဆိုးကြီး"

ကျွန်တော်တို့အဖွဲ့ အစ်ကိုကြီးအား နှုတ်ဆက်ကန်တော့ပြီး ခရီးရှည်ကြီးကို စတင်ထွက်ခဲ့ကြပါသည်။ ဤတစ်ခါတော့ အရှေ့ဘက်သို့ ဦးတည်ချီတက်ရသည်။ (၂)မိုင်သာကျယ်ဝန်းသော နောင်မွန်းမြို့ကိုဖြတ်ကျော်သည်နှင့် တောင်ခြေတောစပ်သို့ ရောက်တော့သည်။

ပွင့်လင်းရာသီဖြစ်၍ ရာသီဥတုမှာ သာယာလှသည်။ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး တောနှင့်တောင်များသာ ဝိုင်းရံနေသဖြင့် နှင်းကတော့ကျဆဲပင်။ မြန်မာပြည်မြောက်ပိုင်းစွန်းဒေသမှာ မြေမျက်နှာပြင်တစ်ခုလုံး တောင်စွယ်၊ တောင်တန်းနှင့် လျှိုမြောင်ချိုင့်ဝှမ်း၊ ရေခဲတောင်များ၊ မြစ်ချောင်း၊ အင်းအိုင် အသွယ်သွယ်တို့ ပြည့်နှက်လျက်ရှိသည်။ မြေညီမြေပြန့်ဆို၍ ကဆန်ချောင်းအရှေ့ဘက်ကမ်း လေယာဉ်ကွင်းမြေကွက်လပ်သာ ရှိသည်။ နောင်မွန်းမြို့မှာ တောင်နှင့်မြောက် မိုင် (၂၀)ရှည်လျားပြီး အရှေ့နှင့်အနောက် (၂)မိုင်သာ ကျယ်ဝန်းသည်။ မေခမြစ်ဘက်သို့ဦးတည်၍ ထွက်လာကြခြင်းဖြစ်သည်။ မုဆိုးကြီး ဦးအမ်အင်ဆားက ...

"ဒီနယ်မြေဟာ မြေပြန့်လွင်ပြင်ဆိုစို့ မည်မည်ရရမရှိဘူး။ နှင်းထိုးမြင့်မားတဲ့ တောင်တန်းတောင်ထွတ်ကြီးတွေသာ စိုးမိုးနေတာ။ ဒီတောင်တန်းကြီးတွေဟာ သဘာဝကပေးထားတဲ့ ခံတပ်ကြီးတွေပဲ။ ဟော့ဒီဘက်မှာ ကြည့်လိုက်ကြစမ်း၊ ကဆန်ချောင်း(ရှန်ခချောင်း) အနောက်ဘက်မှာ လခေါက်လငါးတောင်တန်းကြီး။ ကဆန်ချောင်းနဲ့ မေခချောင်း(မေခမြစ်မဖြစ်သေးပါ) ကြားမှာ မဆန်းရိန်နဲ့ ဝယ်ဖီ၊ ဖရွန်၊ ရှမ်းလုပ်တောင်တန်းကြီးတွေ။ ဘယ်လောက် လှသလဲ"

"ဟုတ်ပါ့ မုဆိုးကြီးရယ်။ လက် (၅)ချောင်းဖြန့်ထားသလိုပဲနော်။ သဘာဝတရားကြီးက လှတို့ဖန်ဆင်းထားတာထက် ပိုလှတယ်နော်"

ကျွန်တော်တို့အဖွဲ့ ရပ်၍ ဝေးသီခေါင်ဖျားလှသော နေရာမှ မြင့်မားလှသော တောင်ထွတ်၊ တောင်တန်းကြီးများကို ငေးမောကြည့်နေမိကြသည်။ တောင်ထွတ်ကြီးများအောက်ခြေတွင် စိမ်းပြာညို့မှိုင်းသော အအေးပိုင်းသစ်တောကြီးက ဖုံးအုပ်နေပြီး တောင်ထိပ်ပိုင်းတွင် နှတ်ထွတ်ဖြူနေသော ရေခဲတောင်မြင့်ကြီးများ ဖြစ်ကြသည်။

မျက်စိရှေ့မှ တောင်တန်းကြီးများသည် မြင့်မားရှည်လျားလွန်းသည်။ လူသွားလမ်းကလည်း ကွေ့ကွေ့ကောက်ကောက် ရှိလှသည်။ တစ်ကုန်းတက်ပြီး နောက်တစ်ကုန်းတက်ရပြန်သည်။ ကျွန်တော်တို့ ပေပေါင်း (၆၀၀၀)ကျော်မြင့်သော 'တဆာရူး'တောင်ကြီးကို ကျော်ရာ နှစ်ရက်ကျော်၊ သုံးနာရီခန့်ကြာသည်။

www.burmeseclassic.com



အတက်မှာ ပြေသော်လည်း အဆင်းမှာ မတ်စောက်လွန်းသဖြင့် ဖါ်နှံဆင်းနေရရာ ခရီးကြန့်ကြာပြီး (၃)နာရီခန့်ကြာပြန်သည်။ တောင်ခြေ 'ဂေါ်ထုလဲကျေးရွာ'တွင် ၊ဝင်နားပြီး မုဆိုးကြီး၏အသိအိမ်တွင် နေ့လယ်စာ ၊စားကြသည်။ ပြီးနောက် ခရီးဆက်ထွက်လာရာ 'ရှင်ဆန်ရှူး'တောင်တန်းကြီးကို ကျော်ဖြတ်နေစဉ် မြူနှင်းများဝေလာပြီး လေအေးများတိုက်လာသည်။ ထို့ကြောင့် လေကွယ်ရာတောင်စောင်းတွင် ဂူတစ်ခုကိုရှာကြပြီး နားကြရင်း လေအေးကြမ်းများတိုက်လာ၍ စတည်းချညအိပ်ရန် ပြင်ဆင်ကြရပြီး ညစာကို ဖြစ်သလို ချက်ပြုတ်စားကြရသည်။

လေအေးချမ်းတိုက်၍ အေးချမ်းလွန်းလှသောကြောင့် ဘာကောင်ကိုမျှ မမြင်ရပါ။ အဝေးဆီမှ တောကောင်အော်သံများကိုတော့ ကြားနေရသည်။ ပတ်ဝန်းကျင်တွင် ရေခဲတောင်မြင့်ကြီးများရှိ၍ ဧ ဝိုက်တိုက်ခတ်သောလေမှာ လွန်စွာချမ်းအေးလှသည်။ ကျွန်တော်တို့ ဂူအတွင်း၌မီးဖိုပြီး စောင်ခြုံ၍အိပ်ရသဖြင့် ညက အိပ်ပျော်ခဲ့သော်လည်း လေအေးကြမ်းမှာ မနက်လင်းသည်အထိ မရပ်မနား တိုက်ခတ်နေတုန်းပင်။ မနက်စာကို ဆတ်သားခြောက်ဖုတ်နှင့် အခါးရည်ကိုသာ သောက်ပြီး အဆာပြေစားလိုက်ရသည်။ မုဆိုးထမင်းတစ်နပ် ပြီးသွားခြင်းဖြစ်သည်။ သို့သော် ကျွန်တော်တို့ ခရီးမဆက်နိုင်သေး၍ ဂူအတွင်း၌ နားနေရသည်။

# အခန်း (၅)

❑

မုဆိုးကြီးက …

"ကဲ … ဆရာလေးတို့၊ ကွေးမနေနဲ့တော့ ဆက်ထွက်မယ်။ ဒီလေက ရေခဲတောင်တွေပေါ်မှာ နှင်းမုန်တိုင်းကျနေလို့ ဒီဘက်ကို လွင့်စင်ပြီး အဖျားခတ်တိုက်တဲ့ လေပါ။ ဒီတောင်ကြီးပေါ်ကဆင်းတာနဲ့ တောင်ကွယ်ပြီး လေငြိမ်သွားမှာပါ။ ပွင့်လင်းရာသီမှာ ဒီလိုလေမျိုး တိုက်တာကတော့ ရှားတယ်။ အဲ … ဒါပေမဲ့ နှင်းမုန်တိုင်းကြောင့် အခါမဟုတ်ဘဲ နှင်းမိုးတော့ ရွာနိုင်တယ်။ ကဲ … ခရီးဆက်ကြမယ်"

ဂူအပြင်သို့ရောက်သည်နှင့် အနွေးဓာတ်ကလွင့်ပြယ်ပြီး လွန်စွာ ချမ်းအေးလှသည်။ ကျွန်တော်တို့ အနွေးထည်ကိုယ်စီဝတ်ပြီး သွား



www.burmeseclassic.com

www.burmeseclassic.com



မွှေးဦးထုပ် ဆောင်းထားသော်လည်း အဝတ်လွတ်ကင်းနေသည့် လက်များ၊ နားရွက်များ၊ နှာခေါင်းတို့မှာ အေးစက်ထုံကျဉ်နေသည်။ သေနတ်နှင့် အလေးအပင်များ၊ ကျောပိုးလာကြသော်လည်း ခြေတစ်လှမ်းလှမ်းတိုင်း အအေးဓာတ်က ဖိစီးလှသည်။ သွေးပူရန် သွက်သွက်လှမ်းလိုသော်လည်း မတ်စောက်သော ကုန်းဆင်းဆင်ခြေလျှောဖြစ်၍ မြန်မြန်မဆင်းနိုင်ကြပါ။ ဖြည်းဖြည်းသာ တစ်လှမ်းချင်းဆင်းရသည်။

"ဒီတောထဲမှာ ဘာတောကောင်တွေရှိနိုင်သလဲ မှုဆိုးကြီး"

"ဒီတောမှာ ကျား၊ ကျားသစ်၊ တောဝက်၊ ဆေ့၊ ဒရယ်ဆတ်၊ သစ်ခွေး၊ မြေခွေးနဲ့ ရှူးပုံ့၊ ရေဝက်တွေရှိတယ်။ လေပြင်းတိုက်လို့ ငြိမ်ကုပ်နေကြတာ။ တောင်ခြေချိုင့်ဝှမ်းရောက်တာနဲ့ တွေ့လိမ့်မယ်။ ဒီဘက်အပိုင်းက မုဆိုးမရှိတော့ သားကောင်တွေက အလွန်ပေါပြီးရိုင်းတယ်။ လူကို မကြောက်ဘူး။ တောင်ခြေရောက်တာနဲ့ သတိထားကြရမယ်။ အန္တရာယ်အလွန်များတယ်"

ကျွန်တော်တို့အဖွဲ့ ပစ္စည်းများသိမ်းဆည်းပြီး တောင်ခြေသို့ တရွေ့ရွေ့ ဆင်းလာကြသည်။ တောင်ခြေဆင်ခြေလျှောလမ်းက ကျယ်ပြန့်ရှည်လျားလှသည်။ လေအေးကြမ်းကြီးကြောင့် မျက်နှာတစ်ပြင်လုံး အေးခဲပြီး ထုပ္ပလာသည်။ နှုတ်ခမ်းတစ်စုံလုံး ထူအမ်းလာသည်။ အာခေါ တို့က လည်ချောင်းအတွင်း ပိတ်ဆို့နေသည်။ အစွန်းထွက်နေသည့် နှာခေါင်းရိုး၊ မျက်ခုံးရိုး၊ နားရွက်နှစ်ဖက်နှင့် လက်များတို့က ဆစ်ခနဲ ဆစ်ခနဲ နာကျင်ကိုက်ခဲလာသည်။ အအေးဒဏ်ကိုကာကွယ်နိုင်ရန် နာကျင်သောနေရာများအား လက်ဖြင့် ခပ်နာနာ ပွတ်ပစ်လိုက်ချင်သည်။ သို့သော် နှင်းလေအေးဒဏ်ကြောင့် အေးခဲပြီး ကိုက်ခဲနာကျင်နေသော လက်များ၊ နှာခေါင်းနှင့်နားရွက်များ ပြတ်ထွက်သွားမည်စိုး၍ ခပ်နာနာ





မပွတ်ရဲ။ ကျွန်တော်တို့အခြေအနေကို စောင့်ကြည့်နေသော မုဆိုးကြီးက လေကွယ်ရာ သစ်ပင်ကြီးတစ်ပင်အခြေတွင် ရပ်နားရင်း ...

"ဆရာလေးတို့မှာ အရက်ပါတယ်မဟုတ်လား။ ထုတ်ပြီး နည်းနည်းစီ သောက်ကြတော့။ အအေးဓာတ်က အတော်ဆိုးလာပြီ"

"စောစောစီးစီးဗျာ"

ကျွန်တော်က ပြောမည့်သာပြောသော်လည်း မျှောက်တင်သောင်း အသင့်ထုတ်ပေးသော ARMY RUM အရက်ပုလင်းကို ဓားဦးဖြင့်ကလော်ပြီး ရေမရောတော့ဘဲ တစ်ငုံမော့ချလိုက်တော့သည်။ အရက်မှာ မပြင်းဘဲ အရသာပေါ့နေသလိုပင်။ သို့သော် ဝမ်းဗိုက်ထဲရောက်သွားတော့မှ ဓာတ်ပြလာသည်။ တဖြည်းဖြည်း တစ်ကိုယ်လုံးပူနွေးလာပြီး နှာသီးဖျား၊ နားရွက်ဖျားများ သွေးလေလျှောက်ပြီး ပူနွေးလာသည်။ ဤအချိန်တွင် အရက်မှာ အလွန်းဆေးဖက်ဝင်သော ပစ္စည်းဖြစ်ပေသည်။ ပုလင်းအားတင်ဦးမှလွဲ၍ အားလုံး တစ်ငုံစီသောက်ကြသည်။ လူမှာလည်း လန်းဆန်းတက်ကြွလာသည်။ ခရီးဆက်ရန်လည်း အဆင်သင့်ဖြစ်နေကြသည်။

"ဟိုဘက်တောင်ခြေရင်းမှာ မခွမ်ကာန်နဲ့ အလီအောင်ရွာကလေးတွေရှိတယ်။ ဒီည အဲဒီရွာတွေမှာ အိပ်ကြရမယ်။ နေ့လယ်စာကိုတော့ တောင်ခြေရောက်မှ စားကြတာပေါ့။ ဒီက မြစ်တွေ၊ ချောင်းတွေက ရေခဲတောင်မြင့်ကြီးတွေအပေါ်က စီးလာတဲ့ ရေခဲမြစ်တွေလေ။ အလွန် ရေစီးသန်တယ်။ ချောင်းကျဉ်းတဲ့နေရာကနေ ကြံဖန်ကူးကြရမယ်"

ကျွန်တော်တို့အဖွဲ့ 'တဆာခူး' တောင်ခြေရောက်တော့ လေငြိမ်သွားသည်။ လေကွယ်ရာကျောက်ဂူကို ရှာနေကြစဉ် ဆတ်တစ်သ



www.burmeseclassic.com

www.burmeseclassic.com



ကို အနီးကပ်ကြားရသည်။ မုဆိုးကြီးက လေတင်လေအောက်ကိုရွေးပြီး ကျွန်တော့်အား အချက်ပြရှဲခေါ်သည်။ ပြီးနောက် အရှေ့မြောက်ဘက် ကမ်းပါးရှိ မက်လင်ချဉ်ပင်ကြီး အောက်ခြေသို့ လက်ညှိုးထိုးပြသည်။ ကျွန်တော်လည်း ဒဿမ ၃၀၃ အင်္ဂလိပ်ရိုင်ဖယ်သေနတ်ကြီးကို မောင်းကြိုတင်ပြီး တရွေ့ရွေ့ တောတိုးပြီး တက်ခဲ့သည်။ ချောင်းရေစီးသံ တဝေါဝေါက ပတ်ဝန်းကျင်အသံများကို ဖုံးလွှမ်းထားသဖြင့် ကျွန်တော့်အတွက် အသာစီးရနေသည်။ တောတိုးသံအား သားကောင်က ကြားနိုင်မည်မဟုတ်။ ကမ်းစပ်က ကြိမ်ရုံနှင့် တောငှက်ပျောရုံအကွယ်က ချောင်းကြည့်လိုက်တော့ အမွေးရှည်ရှည် ဆတ်ဖားကြီးတစ်ကောင် မက်လင်ချဉ်သီးအမှည့်ကြွေများကို ကောက်စားနေသည်။

သို့သော် ဆတ်ဖားကြီးအနေအထားမှာ ဂနာမငြိမ်။ အသီးစားလိုက်၊ တဝေါင်းဝေါင်းဟောက်လိုက် လုပ်နေသည်။ ကျွန်တော်လည်း သက်သာကင်းဖြစ်လာပြီး အန္တရာယ်အနံ့ကိုရသဖြင့် ပတ်ဝန်းကျင်အား စူးစမ်းလေ့လာမိတော့သည်။ ထိုအခါမှ ဆတ်ဖားကြီး၏ ရှေ့တည့်တည့် မဟော်ဂနီပင်ကြီး ကိုင်းခွဆုံတွင် ဆတ်ဖားကြီးအား ဝပ်၍ ချောင်းနေသော သစ်ဆင်ကြီးတစ်ကောင်ကို တွေ့ရတော့သည်။

အနက်နှင့် အဝါပြောက်ကြား ကျားသစ်ကြီးဖြစ်သည်။ ကျွန်တော်နှင့်ဝေး၍ မြင်ရခြင်းဖြစ်ပြီး သစ်ပင်အောက်က ဆတ်ဖားကြီးကတော့ သစ်ရွက်၊ သစ်ကိုင်းများခံနေသဖြင့် မြင်ရဟန်မတူ။ သို့သော် အနံ့တော့ရနေဟန်တူသည်။ ထို့ကြောင့်လည်း ဆတ်ဖားကြီးမှာ ခွာကို မြှောက်လိုက်၊ ဦးချိုကြီးကိုရမ်းလိုက်၊ ဆတ်တစ်သံပေးလိုက်ဖြင့် ဂနာမငြိမ် ဖြစ်နေပုံရသည်။

ကျွန်တော် အလျှင်အမြန် ဆုံးဖြတ်ရတော့သည်။ သစ်ဆင်





သားက စားမကောင်း။ သို့သော် သစ်ဆင်သားရေက အဖိုးတန်သည်။ အန္တရာယ်လည်း သူကပေးနိုင်သည်။ ဆတ်ဖားကြီးကလည်း ခြောက်စဆောင်ချိုကားကြီးဖြင့် အမွေးရှည်ရှည်၊ နီညိုရောင်ဖြင့် အလွန်လှပသည်။ သူက အန္တရာယ်မပေးနိုင်။ ဤအချိန်မှာ မုဆိုး(၂)ဦး သေနတ်စလက်ဖြင့် တစ်ချိန်တည်းပစ်ခတ်ရမည့် အခြေအနေအထား ဖြစ်သည်။ နောက်သို့လှည့်ခေါ်ရန်လည်း အချိန်မရတော့။ မုဆိုးကြီး ဦးအပ်အင်သားက ဆတ်ချည်းသာထင်၍ ကျွန်တော့်အား ယုံကြည်စိတ်ချဟန်ဖြင့် နောက်က လိုက်ပင်မလာတော့။ ထို့ကြောင့် ကျွန်တော် ဆုံးဖြတ်ချက်ကို အလျှင်အမြန်ချပြီး မဟော်ဂနီပင်ပေါ်မှ သစ်ဆင်ကြီးကို အသေအချာချိန်ပြီး ပစ်ချလိုက်တော့သည်။

"ဒိုင်း ..."

ကျွန်တော်က သေနတ်နှင့်အပစ် သစ်ဆင်ကြီးက ဆတ်ဖားကြီးအား ခုန်အအုပ် တိုက်ဆိုင်လွန်းလှသည်။ ကျွန်တော်ပစ်သော ကျည်အရှိန်ကြောင့် သစ်ဆင်ကြီးမှာ တစ်ချက်တွန့်သွားပြီး သူခုန်အုပ်သော ဆိုရာသို့ မရောက်တော့ပဲ ဆတ်ဖားကြီး၏ ဦးချိုကားကားကြီးပေါ်သို့ တည့်တည့်ကျသည်။ ဆတ်ဖားကြီးကလည်း ကြုံး၍အခတ်၊ သစ်ဆင်ကြီး လည်တိုင်ကို ဆတ်ဖားကြီးဦးချိုစိုက်ဝင်ပြီး နှစ်ကောင်စလုံး ပုံလျက် သည်။ သစ်ဆင်ကြီးမှာ ကျွန်တော်၏ ဒဿမ ၃၀၃ ရိုင်ဖယ်ကျည်ဆန် ထိရာနှင့် ဆတ်ဖားကြီးဦးချိုက လည်တိုင်ရင်းကို ဖောက်သွားသော ဒဏ်ရာတို့ကြောင့် ပြင်းထန်စွာ ဒဏ်ရာရနေသော်လည်း မာန်ခဲပြီး ဆတ်ဖားကြီးလည်တိုင်ရင်းအား အသားကုန်ခဲထားသည့်အပြင် ထွက်သက်အဖြစ် အသားကုန်အော်လိုက်သေးသည်။

"ဂူး ... ဂဲ ... ဝေါင်း ... ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဆတ်ဖားကြီးမှာ ဦးချိုကိုခါရမ်းရင်း ထ၍အရပ် ...

"ထရိန် ... ထရိန်"

ဟု ဆတ်တစ်သံပေး၍ အောင်နိုင်သူအနေဖြင့် အော်ပြီး လိုက်စဉ် ကျွန်တော်လည်း အရေးပေါ်ကျည်ထိုးပြီး ပစ်ချလိုက်ရလေ သည်။

"ဒိုင်း ..."

ကျွန်တော်နှင့် ကိုက်(၁၀၀)ခန့်သာ ကွာဝေးသဖြင့် စိတ်ကြီး ပစ်မှတ်ဖြစ်ပေရာ ဒသမ ၃၀၃ ကျည်ဆန်မှာ ဆတ်ဖားကြီး၏ လည် နောက်ကိုမှန်၍ နလုံးကိုဖောက်ထွက်သွားသဖြင့် ဆတ်ဖားကြီးမှာ မြေ တွင် ပြစ်လဲတော့သည်။

"အူး ... ဝုန်း ... ဘုန်း"

"ရှဲ .."

ကျွန်တော် လေချွန်သံတစ်ချက်ပေးလိုက်ရာ တစ်ခဏအတွင်း မှဆိုးကြီး၊ မျောက်တင်သောင်း၊ ကျော်ကြီးနှင့် သူခိုးမြင့်သိန်းတို့ လက် နက်ကိုယ်စီဖြင့် အပြေးရောက်လာကြသည်။

"ဆရာလေး ... ဆတ်တစ်ကောင်ကို နှစ်ချက်တောင်ပစ်ရ သလား"

"နှစ်ကောင်ဗျ ... မုဆိုးကြီးရဲ့။ ဆတ်အပြင် သစ်ဆင်ကြီးက အဆစ်ပါသေးတယ်။ မုဆိုးကြီး အသံမကြားဘူးလား"

"သဲ့သဲ့တော့ကြားတယ် ဆရာလေးရဲ့။ ဆတ်တွေက အမျိုးမျိုး အော်တော့ မသဲကွဲဘူး။ ငါတို့နေရာနဲ့လည်း နည်းနည်းလှမ်းတယ်လေ။

သစ်ဆင်ကြီးက ဘယ်ကပေါ်လာတာလဲ။ ကြောက်ဖို့ အင်မတန် ကောင်းတယ်နော်။ သူက သစ်ပင်တက်တတ်တော့ ကျားထက်ဆိုးတယ်"

"သစ်ဆင်ကြီးက အရင် ဆတ်ဖားကြီးကို မပေါ်ဂနီပင်ပေါ် ကချောင်းနေတာ မုဆိုးကြီးရဲ့။ ကျွန်တော် ဆတ်ဖားကြီးကိုသာ ပြီး မပစ်ရင် သစ်ဆင်ကြီးက ကျွန်တော့်ကိုဆော်တော့မှာ။ ကျွန်တော် အမြင်ဦး ပေလို့သာပဲဗျို့၊ ကံကောင်းတာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"တော်သေးတာပေါ့၊ ဆရာလေးက မျက်စိလျင်ပေလို့သာပဲ။ ဒီတောထဲမှာ သစ်ဆင်ဆိုတာ ကျားသစ်အကြီးစား။ သူက သစ်ပင်ပေါ် တက်ပြီး အလစ်ချောင်း တိုက်ခိုက်တာတာ။ အလွန်ဉာဏ်များပြီး အန္တရာယ်ကြီးတာ။ ဆရာလေး သစ်ဆင်ကိုပစ်တာ နှစ်ကောင်ရှိပြီနော့။ စပ်ဖနွယ်လုံတောထဲမှာလည်း တစ်ကောင်ပစ်ခဲ့ဖူးတယ်။ ဆရာလေး အန္တရာယ်ကိုကြိုသိအောင် တစ်စုံတစ်ရာက နှိုးဆော်နေသလိုပဲ။ အဆောင် ကောင်းရှိတယ် ထင်ပါ့"

မုဆိုးကြီးပြောမှ ကျွန်တော်သတိရတော့သည်။ မန္တလေးက မမကြီးတို့နှင့်အတူ ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝက အသုံး လုံးဆရာအဖြစ် လုပ်အားပေးခဲ့ဖူးသည့် အမရပူရမြို့နယ်၊ ရှမ်းရွာကြီး သို့ အလည်အပတ်သွားကြစဉ် ရွာဦးကျောင်းဆရာတော်မှ တောထဲ တောင်ထဲတွင် တာဝန်ထမ်းဆောင်ရသော မင်းမှုထမ်းများဆောင်ထား ရန်ဆိုပြီး ချီးမြှင့်ခဲ့သည့် ရွှေဝါရောင် ခါတ်လုံးလက်စွပ်ကလေးအား သတိရမိသဖြင့် ကြည့်မိတော့သည်။ တိုက်ဆိုင်သည်ဖြစ်စေ၊ အစွမ်းရှိ သည်ဖြစ်စေ ကျွန်တော်၏ မသိစိတ်က သတိပေးခဲ့သဖြင့် အန္တရာယ်မှ လွတ်မြောက်ခဲ့သည်မှာ (၃)ကြိမ်၊ (၃)ခါရှိပေပြီ။ ပထမဆုံးအကြိမ်က မုဆိုးကြီးပြောခဲ့သလို စပ်ဖလုံတောထဲက ကျွန်တော်တို့အုပ်စုအား သစ် ပင်ပေါ်မှ ချောင်းမြောင်းစောင့်ဆိုင်းနေသည့် သစ်ဆင်ကြီး။ ဒုတိယ အကြိမ်မှာ လုံခရမာဒင်ရေခဲတောင် ကလပ်ပေါ်မှ ချောင်းမြောင်းနေ သော နင်းကျားကြီး။ ယခု တတိယအကြိမ်မှာတော့ 'တဆာရွး'တောင် ခြေတောထဲမှ သစ်ဆင်ကြီးဖြစ်ပေသည်။

ကျွန်တော် ရွှေဝါရောင်ခါတ်လုံးလက်စွပ်ကလေးအား ပွတ် သပ်ကြည့်နေမိသဖြင့် မုဆိုးကြီးက သဘောပေါက်ဟန်ဖြင့် ...





မယုံမရှိနဲ့ ဆရာလေး။ တိုက်ဆိုင်မှုဆိုတာ ခဏခဏမဖြစ်နိုင် ဘူး။ နှိုးဆော်သူရှိလို့ပဲ။ နောက်တစ်ခါကြုံရင်တော့ ယုံလိုက်ပေရော့"

ကျွန်တော် နှစ်ခြိုက်စွာ ပြုံးလိုက်မိပါသည်။ မိမိကိုယ်မိမိ လျှင် လှပြီဟု အထင်ရောက်နေခြင်းမှာ ဤလက်စွပ်ကလေး၏အစွမ်းကြောင့် ဖြစ်နိုင်ကြောင်း သဘောပေါက်မိတော့သည်။ ထို့ကြောင့် လက်စွပ်ကလေး အား နမ်းရှုံ့ပြီး ရှမ်းကြီးရွာမှ ဆရာတော်ဘုရားအား ကျေးဇူးတင်လှ သဖြင့် မေတ္တာအခါခါ ပို့မိပါတော့သည်။

"မုဆိုးကြီး ... ဘယ်လိုလုပ်ကြမလဲ"

"ငါတို့ ကျောက်ဂူတစ်ခုတွေ့ထားတယ်။ နေစောင်းပြီဆိုတော့ အဲဒီမှာပဲ စခန်းချရတော့မှာပေါ့။ တောကောင်တွေကိုလည်း သယ်ပြီး ဖျက်ရဦးမယ်။ ချောင်းသုံးချောင်းကိုလည်း ဖြတ်ရဦးမှာ။ ချောင်းတွေ က လွယ်လွယ်နဲ့ ဖြတ်မရဘူး။ ယာယီတံတားတွေ ထိုးရဦးမှာဆိုတော့ တောင်ခြေရွာတွေကို ညအိပ်သွားဖို့ မဖြစ်နိုင်တော့ဘူး။ မှောင်သွားရင် အန္တရာယ်ရှိတယ်"

"ဟုတ်ကဲ့၊ မုဆိုးကြီးကောင်းသလို စီစဉ်ပါ"

မုဆိုးကြီး၊ မျောက်တင်သောင်းနှင့် ကျော်ကြီး၊ သူတို့မြင့်သိန်း တို့ ဆတ်ဖားကြီးနှင့် သစ်ဆင်ကြီးတို့အား သယ်ဆောင်၍ စခန်းချမည့် ကျောက်ဂူသို့ ထမ်းလာခဲ့ကြသည်။ ပုဏ္ဏားတင်ဦးက ကျောက်ဂူအား ရှင်းလင်းထားပြီး ထင်းများစုထားသည်။ ရေအတွက်လည်း အနီး၌ ချောင်းကလေးရှိ၍ မုဆိုးကြီးက ဝါးဆစ်ပူးများနှင့် ခပ်ပေးသဖြင့် ကျော်ကြီးနှင့် မျောက်တင်သောင်းတို့က သယ်ကြသည်။

ပုဏ္ဏားတင်ဦးက ဂူအတွင်း၌ မီးမွှေးနေစဉ် မျောက်တင်သောင်း နှင့် ကျော်ကြီးတို့က သားကောင်းများအား ဖျက်နေကြသည်။ ယနေ့ည



www.burmeseclassic.com

www.burmeseclassic.com



စာအတွက် အစီအစဉ်ကိုတော့ မုဆိုးကြီးက အလျင်အမြန် စီစဉ်နေရာ တောတွင်းလက်ရာ မုဆိုးထမင်းဟင်းပဲ ဖြစ်ပါလိမ့်မည်။

ကျွန်တော် သားကောင်ပစ်မုဆိုးဖြစ်သဖြင့် ဂူအတွင်းမီးပုံအနီး၌ အကျအနထိုင်၍ Army Rum ပုလင်းကိုဖွင့်ပြီး ပုဏ္ဏားတင်ဦးလှပ်ပေးသော ဝါးဆစ်ခွက်ဖြင့် သောက်ရန်ပြင်နေစဉ် မုဆိုးကြီးက သူဆောင်လာသော ရိက္ခာထုပ်ထဲမှ ဆတ်သားခြောက်ကို မီးဖုတ်ပြီး လာချပေးသည်။ ဆီမပါပါ။ တောတွင်း မုဆိုးဟင်းအစဉ်း ဖြစ်ပုံရသည်။ ကျွန်တော် ပင် စမ်းမြည်းသည်။ ဆီမပါသော်လည်း၊ စား၍ကောင်းသည်။ မည်သို့လုပ်ထားသည်မသိ၊ မွှမွှကလေးဖြစ်သည်။

မကြာမီ သားကောင်များကိုကိုင်နေရင်း မျောက်တင်သောင်း၊ ကျော်ကြီးနှင့် သုခိုးမြင့်သိန်းတို့က တစ်ခွက်စီလာသောက်ကြရင်း အမြည်းစားကြ၍ ...

"ဒီကနေ့ညစာကိုတော့ မုဆိုးကြီးကို လွှဲထားတယ် ဆရာ။ သူချက်ကျွေးတဲ့ဟင်းကိုပဲ တောစာ၊ တောင်စာအဖြစ် စားကြတာပေါ့။ ထမင်းတော့ ပါမှာမဟုတ်ဘူး ဆရာ။ အသားချည်းပဲ စားရမှာတော့ သေချာတယ်"

"ဟုတ်ပါသည်။ အလုပ်များပြီးကြ၍ စားကြတော့လည်း အသားနှင့် ကလီစာဟင်းများဖြစ်သည်။ မျောက်တင်သောင်းက ဟင်းချိုမှုန့်နှင့် မဆလာခပ်ပေး၍ တော်တော့သည်။ လတ်ဆတ်သော အသားဟင်းများဖြစ်၍ စားနိုင်ကြပါသည်။

ထိုညက ကျောက်ဂူကျဉ်းကျဉ်းကလေးထဲ၌ မီးဖိုပြီး တစ်လဲစီကင်းစောင့်၍ နွေးထွေးစွာ အိပ်ရပါသည်။ အနှောင့်အယှက်မရှိပါ။ အဝေးဆီမှ သားကောင်များအသံကိုတော့ ကြားနေရသည်။ ရေချောင်း





နှင့်နီးသဖြင့် ပုဇဉ်းရင်ကွဲအသံမှာ အဆူညံဆုံးဖြစ်သည်။ ချောင်းရေစီးသံကလည်း တဝေါဝေါ ဆူညံနေပါသည်။ အသားများအား ကျပ်တိုက်ပြီး ဂူထဲ၌ စင်ထိုး၍တင်ထားသဖြင့် အသားကင်နံ့မှာ ဂူတွင်း၌ လှိုင်နေသည်။

နောက်တစ်နေ့မနက် (၄)နာရီခန့်တွင် တောခွေးများအူသံကို အနီးကပ်ကြားရသဖြင့် ကျွန်တော် အိပ်ရာကလန့်နိုးသည်။ ကင်းစောင့်နေသော မုဆိုးကြီးက အခါးရည်ကို အေးဆေးစွာသောက်နေရင်း ...

"ဆရာလေး ...ပြန်အိပ်ပါ။ ပြဿနာမရှိပါဘူး။ တောခွေးတွေ တောကောင်သားနံ့ရလို့ အနားကပ်လာကြတာပါ။ ဒီမှာ မီးဖိုထားတော့ သူတို့ မကပ်ရဲပါဘူး။ ကပ်လာရင်လည်း ငါ့ဒူးလေး မြားတံတစ်ချောင်းတစ်ကောင် ကျသွားစေရမယ်"

ထိုစဉ် မျောက်တင်သောင်းလည်း နိုးလာသဖြင့် မုဆိုးကြီးက ...

"ဆရာလေးတို့ ပြန်အိပ်ကြပါဦးလေ၊ စောပါသေးတယ်။ အိပ်ရေးပျက်နေဦးမယ်။ မနက်စာအတွက်လည်း အသားတွေ အဆင်သင့်ရှိတယ်။ ချောင်းတွေမြောင်းတွေကို ဖြတ်ကူးရမှာဆိုတော့ မြင်မြင်ထင်ထင်မှ ခရီးဆက်ကြမယ်"

"ကျေးဇူးပဲ ...မုဆိုးကြီး"

ကျွန်တော်တို့ ဂူအပြင်ထွက်၍ အပေါ့အပါးသွားကြပြီး ပြန်အိပ်ကြသည်။ မနက် (၇)နာရီကျော် မုဆိုးကြီးနှိုးမှ ကျွန်တော်တို့ နိုးကြသည်။ မုဆိုးကြီးက ဖခါးရည်နှင့် အသားကင်များကို အဆင်သင့်ပြင်ထားသည်။ ယခုမှပင် ကျွန်တော်တို့လူစုမှာ မီးပေါ်စ ဘဲ့မှာဦး လူသားများ ဖြစ်နေကြသည်။ ညကလည်း ထမင်းမချက်၊ အသားဟင်း



www.burmeseclassic.com

www.burmeseclassic.com



များကိုသာ တစ်ဝကြီး စားကြရသည်။ ယခုမနက်လည်း အသား များကို ထမင်းလွတ် စားကြပြန်သည်။ ထမင်းလွတ် အသား စားကြရခြင်းမှာ ယခုတစ်ကြိမ်သာ ပထမဆုံးအကြိမ် ဖြစ်ပေသည်။

မနက်စာ စားကြပြီးနောက် အသားခြောက်များနှင့် ဆ သားရေ၊ သစ်ဆင်သားရေတို့ကို လိပ်၍ ယူဆောင်ခဲ့ကြပြီး ချောင်း သို့ လာခဲ့ကြသည်။ ချောင်းမှာ (၁၀)ပေကျော်ခန့်သာ ကျယ်သော်လည် ဝါးလုံးထိုးစီးဆင်းနေသည့် ရေအရှိန်ကြောင့် ဖြတ်ကူးရန်မလွယ်။ ထို့ ကြောင့် အတွေ့အကြုံရင့်ကျက်လှသော ဒေသခံမုဆိုးကြီးက ကမ်းပါး ကြသောင်းဝါးရုံမှ ဝါးတစ်လုံးချင်းရွေး၍ ခုတ်သည်။ ပြီးနောက် ကမ်း နစ်ဖက်ကို တံတားထိုး၍ ဆက်သွယ်သည်။ ဤနေရာတွင် မျောက်တ ကောင်လို လျင်မြန်ပေါ့ပါးလှသော တပည့်ကျော် မျောက်တင်သောင်း က ဝါးလုံးရှည် (၅) လုံးရသည်နှင့် ဝါးများအား ကြိမ်ဖြင့် တုပ်နှော င်း၍ ဝါးတံတားလုပ်တော့သည်။ ဇုစည်းနိုင်ခဲ့မှုရှိသွားသော ဝါးတံ တားမှာ ကျွန်တော်တို့တစ်ဦးချင်း ဖြတ်ကျော်သောဝန်ကို ခံနိုင်ရည်ရှိ ပါသည်။

ဒုတိယချောင်းမှာလည်း (၁၀)ပေခန့်သာ အကျယ်ရှိသဖြင့် ဝါးတံတားထိုး၍ လွယ်ကူစွာ ဖြတ်ကျော်နိုင်ပြန်ပါသည်။

❑

တတိယချောင်းမှာတော့ ပေ(၂၀)ခန့် အကျယ်ရှိသဖြင့် ဝါး တံတားလုပ်ရန် မမီပါ။ ထို့ကြောင့် ကမ်းပါးစောင်းမှ ဖြောင့်တန်း ...များသော ဖက်သန်းပင်ကြီးကိုလှဲ၍ ကမ်းနစ်ဖက် ဆက်သွယ်တံတား ...ပ်သည်။ သစ်လုံးလိမ့်မသွားစေရန်လည်း ဘေးတစ်ဘက်တစ်ချက် ...၌ သပ်ရိုက်၍ထိန်းသည်။ သစ်လုံးပေါ်၌လည်း ခြေမချော်စေရန် ဓား ...ဖြင့်ထွင်းသည်။ မျောက်တင်သောင်းကို ခေါ်ခဲ့သည်မှာ အလွန်အသုံး ...ဝင်ပေတော့သည်။ ကျွန်တော်တို့အဖွဲ့ တစ်ဖက်တောင်ခြေမခွမ်ကန် ...နှင့် အလီအောင်ကျေးရွာကလေးများသို့ရောက်တော့ နေပင် မွန်းတည့် ...ပြီ။ မုဆိုးကြီး၏အသိမိတ်ဆွေ ဦးမရန်ဘောက်အိမ်တွင် တည်းခိုကြ ...ပြီး နေ့လယ်စာ ချက်ပြုတ်စားကြသည်။ အသားချည်းစားခြင်းထက် ...ထမင်းနှင့်ဟင်းစားရခြင်းက ပိုမိုကောင်းမွန်လှပေသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"အင်ဆား ... ဘယ်ဘက်ကို သွားကြမလို့လဲ၊ ဒီတစ်ခါ မင်း တစ်ယောက်တည်းမဟုတ်ဘဲ ညီ့သည်တွေပါ ပါသကိုး"

"ဟုတ်တယ် မရန်ဘောက်။ နောင်မွန်းက ငါ့ဆရာရဲ့ညီတွေ ပဲ။ ရန်ကုန်က လာကြတာ။ ငါ့ဖာတိ ပန်နန်းအင်းရွာကို သွားကြ ရှမ်ခူးဝမ်ချောင်းနဲ့ အဖုံးဝမ်ချောင်းကြား မြောက်ဖျားမှာရှိတဲ့ ရေခဲတောင် ကြီးပေါ်မှာရှိတဲ့ သဘာဝရက္ခဗေဒဥယျာဉ်ကြီးနဲ့ ဝမ်ခမ်းအိုင် ရေကန် ကြီးဆီကို သွားကြမှာ"

"ဘာသွားလုပ်မှာလဲ ... အင်ဆားရယ်၊ အဲဒီဘက်မှာ ရာသီ ဥတုကလည်း ဆိုး၊ နတ်ကလည်း ကြီး၊ ခရီးလမ်းကလည်း ကြမ်း၊ ဆေ ကလည်း ဝေးသနဲ့။ ဒုက္ခခံလို့ကွာ"

"ထူးဆန်းတယ်လေကွာ။ အတွေ့အကြုံ ဗဟုသုတရတာပေါ့ ဒီက ဆရာတွေနဲ့ ငါက စပ်ဖန္တယ်လုံတောင်ကြောနဲ့ လုံခရူမာဒင်ရေ တောင်ပေါ်တောင် ရောက်ခဲ့ပြီးပြီ။ တောကောင်တွေလည်း အတော် များများရခဲ့တယ်"

"အေး ... အေး ... ခရီးသွားတာ ကောင်းပါတယ်။ ဒါပေ နတ်မကြိုက်တာတော့ မလုပ်မိကြစေနဲ့။ အင်မတန်ဆိုးနော်။ အင်ဆာ မင်းလည်း ငါနဲ့အတူ ငယ်ငယ်တုန်းက ကြုံဖူးကြတာပဲ။ ဝမ်ခမ်းအို ရေခဲတောင်ပေါ်မှာလေ။ မသေလို့ ပြန်ရောက်ကြတာ။ အဲဒီဘက် ရွှေတုံးနဲ့ကျောက်စိမ်းလည်း တအားထွက်တယ်။ ဒါကြောင့်လည်း နတ် ကြီးတာ။

အင်ဆား ... ငါတို့ရွာမှာ ညအိပ်ကြဦးမလား။ ငါတို့ရွာရေ နားမှာ ဆားတွင်းတွေရှိလို့ ဘာကင်ကောင်နဲ့ ဆတ်တွေ၊ ဝက်ဒရေ အုပ်လိုက်လာတတ်တယ်။ နင်တို့ သေနတ်တွေပါလာတာနဲ့ အတော်





"မရန်ဘောက်ရေ .. အပြန်မှ ညအိပ်မယ်လို့ စိတ်ကူးထား တာ။ ဒါပေမဲ့ အခု မွန်းလွဲပိုင်းတောင် ကျော်နေပြီ။ တောင်ကြီးတွေနဲ့ တောကြီးတွေ ဖြတ်ကြရဦးမှာ။ တောထဲမှာ ညအိပ်တာထက် မင်းတို့ ရွာမှာညအိပ်တာ ပိုအဆင်ပြေမယ်နဲ့ တူတယ်၊ ညီ့သည်တွေများတော့ အားနာတယ်"

"ပြောစရာလား အင်ဆားရယ်၊ အိမ်မှာလည်း ငါတစ်ယောက် တည်းရှိတာ။ မိသားစုက ခေါ်ဘူးအဲမြို့ဘက် သွားလည်နေကြတယ်၊ လွတ်လွတ်လပ်လပ် နေကြစမ်းပါကွာ။ ငါ့အိမ်ကကျဉ်းပေမယ့် ယောက်ျား တွေချည်းပဲ တန်းစီပြီး အိပ်လို့ရပါတယ်။ ချက်တာပြုတ်တာတော့ ဝိုင်း လုပ်ကြတာပေါ့နော်"

"ရပါ ... ရပါ ... မရန်ဘောက်ရယ်။ ငါ့လူတွေက အချက် အပြုတ်ကောင်းကောင်း တတ်ကြပါတယ်။ အသားခြောက်တွေသာ ပါ လာ့ အသားအစိုအတွက်တော့ ငါ့ဆရာလေးနဲ့ မင်းနဲ့ ဆားကျစ်တွင်း သွားပစ်ကြပေါ့။ ငါတို့က ချက်ပြုတ်ရင်း စောင့်နေမယ်"

"အေး ... အေး ... စောပါသေးတယ်။ လွတ်လွတ်လပ်လပ် နားကြဦး။ ညနေစောင်းမှ ငါနိုးပါ့မယ်။ ဒီရွာမှာ အရက်တော့ရှားတယ် နော့"

ကျွန်တော်တို့မှာ ပါပါတယ်။ မဆိုးကြီး ရှာစရာမလိုပါဘူး"

ညက ကင်းစောင့်ကြရ၍ အိပ်ရေးပျက်ထားကြရာ နေ့လယ်စာ စားပြီးသည်နှင့် လဲလျောင်းရင်း အိပ်ပျော်ကြသည်။ ညနေစောင်း မှဆိုး ကြီး ဦးမရန်ဘောက်နှိုးမှ နိုးထကြသည်။

"ဆရာလေးနဲ့ငါတို့ တောပစ်မယ်။ ကျန်တဲ့သူတွေ ထမင်း ချက်စီးမွှေးပြီး စောင့်နေကြ။ ငါတို့ဆီမှာ သေနတ်နဲ့ဒူးလေးပါရင် ရှာပြင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်တာနဲ့ တောကောင်က မရမရှိ၊ ရတာချည်းပဲ''

ကျွန်တော်နှင့် မုဆိုးကြီး ဦးမရန်ဘောက်တို့ ရွာအနော ဘက်သို့ ထွက်ခဲ့ကြသည်။ လူဦးရေနည်းသော ရွာများဖြစ်၍ အိမ်မျ မှာလည်း တဲသာသာ ကျိုးတိုးကျဲတဲ။ လူနေကလည်း နည်းလှသည် အိမ်တိုင်းတွင် သက်ကြီးအရွယ်၊ အဘိုးအဘွားများနှင့် ကလေးမျာ သာ တွေ့ရသည်။ ရွာအပြင်ရောက်တော့လည်း တောင်ယာစပါးစို ကွင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်း အနည်းငယ်ကိုသာ တွေ့ရသည် စပါးခင်းကျော်တော့ ဆားကျစ်တွင်းကို မြင်ရသည်။ ကျွန်တော်တို့ အ စောသေးသဖြင့် မဟော်ဂနီပင်ကြီးတစ်ပင်၏အခြေတွင် ထိုင်၍ အနာ ကြရင်း စောင့်ကြရသည်။

ဆားကျစ်တွင်း၊ ရေစမ်းနှင့် ကျွန်တော်တို့နေရာမှာ ကို ၁၀၀ ခန့်သာဝေးသည်။ ပစ်ကွင်း၊ မြင်ကွင်း ကောင်းသည်။ လေအော ဘက်ကျသည်။ မိုးချုပ်စပြုသည်နှင့် ကြက်၊ ငှက်များ အိပ်တန်းတ သံ၊ ပုစဉ်းရင်ကွဲသံများ ဆူညံစွာကြားလာရပြီး အဝေးဆီမှ တော သံ၊ တောကောင်များအော်သံကို သဲ့သဲ့ကြားလာရသည်။

ကျွန်တော် သေနတ်မောင်းတင်ပြီး အသင့်နေရာယူထားသည် မှောင်စပျိုးချိန်ဖြစ်သော်လည်း ဆားကျစ်တွင်းမှာ အလင်းရောင်ရ ကွက်သာဖြစ်၍ ရှင်းလင်းစွာမြင်နေရသည်။ ဆားကျစ်တွင်းနှင့် ချောင်းကြားကတော့ အမှောင်ရိပ်ကျနေသည်။ ကျွန်တော်တို့တွင် ပါသော်လည်း မုဆိုးကြီးက မီးမသုံးရန် သတိပေးသည်။ အမှိုင်းတော များဖြစ်၍ စိုးရိမ်ဟန်တူပေသည်။

မကြာပါ၊ နီညိုရောင်မွေးရှည် ရှေ့သို့ဝိုက်နေသော ဦးချို ကားနှင့် တာကင်ကောင်တစ်အုပ်၊ (၁၀)ကောင်ခန့်ရှိပေမည်။ အသ





ာ ခြောက်စထောင်ချိုကားကြီး ဦးဆောင်သော ဆတ်ဖားကြီးတစ်အုပ် နောက်ကတော့ အစွယ်များဖြူဖွေး ကော့လန်နေသည့် တောဝက်အုပ် ကြီးတစ်အုပ်။ အုပ်စုလိုက် ချီတက်လာကြသည်။

ကျွန်တော်က တာကင်အုပ်အားလွှတ်ပြီး ဆတ်နှင့်တောဝက် အုပ်ကိုသာပစ်ရန် မုဆိုးကြီးအား လေသံတိုးတိုးဖြင့် ပြောရသည်။ အကြောင်းကား တာကင်နှင့်ဆတ်သားကို မုန်းနေအောင်စားရပြီး၍ ဖြစ် သည်။

ကျွန်တော်က တောဝက်အုပ်ခေါင်းဆောင် ဝက်တောင်းကြီး ကို ချိန်သည်။ မုဆိုးကြီးက ဆတ်အုပ်နောက်မှ ကပ်ပါလာသည့် ဆတ် ပေါက်တစ်ကောင်ကို ချိန်သည်။ ကျွန်တော်တို့ ပစ်ကွင်းထဲဝင်လာသည် နှင့် အချက်ပေးပြီး ပြိုင်တူပစ်ကြသည်။

''ဒိုင်း ...ဒေါင်''

ဆတ်ပေါက်မှာ မုဆိုးကြီး၏ ဆိုင်လူးမြားချက်ထိ၍ နေရာ တွင်လဲသော်လည်း ဝက်တောင်းကြီးမှာ မလဲပါ။ ဦးတည်ရာပြေးလာ သဖြင့် ကျွန်တော်က နောက်တစ်ချက် ထပ်ပစ်လိုက်ရသေးသည်။

''ဒိုင်း''

တာကင်အုပ်၊ ဆတ်အုပ်နှင့်ဝက်အုပ်များ ခြေဦးတည့်ရာ ပြေး ကြသည်။ ဝက်တောင်းကြီးနှင့် ဆတ်တစ်ကောင်တော့လဲ၍ ကျန်ခဲ့သည်။ ကျွန်တော်တို့ စောင့်ဆိုင်းနေကြစဉ် မုဆိုးကြီး ဦးအင်ဆားခေါင်းဆောင် သော မျောက်တင်သောင်း၊ ကျော်ကြီးနှင့် သူ့ဂိုးမြင့်သိန်းတို့ တောကောင် သယ်ရန် ရောက်ရှိလာသည်။

''ဘာကောင်ရသလဲ၊ မရန်ဘောက်''

''တောဝက်တောင်းနဲ့ ဆတ်တစ်ကောင်ပါ။ ဆရာလေးက



www.burmeseclassic.com

www.burmeseclassic.com



တာကင်သားမစားချင်လို့တဲ့လေ အင်ဆားရဲ့"

"ဟုတ်ပြီ ... တာကင်သားနဲ့ဆတ်သားက ငါလည်းမှုန်း ပြီး တောဝက်သားကတော့ စားရခဲ့တယ်။ ကဲ ... သိုနဲ့မရအောင် လုပ်လိုက်ဦးမယ်။ မျောက်ဆရာတို့ ဝက်ကြီးကို ဟက်လက်လှန်ပြီး ထား ပေးပါ။ သိုအုံကြီးကို လှီးထုတ်ပစ်လိုက်မယ်"

အပြန် ဦးမရန်ဘောက်အိမ်တွင် တောကောင်များအား ရှာ ကြပြီး ယနေ့ညစာအတွက် ဆတ်ဝမ်းတွင်းသားဟင်း၊ ဝက်ခေါင်းသုပ်၊ ဝက်ခြေထောက်စွပ်ပြုတ်တို့ကို မျောက်တင်သောင်းက အကျအန ချက် ပြုတ်ပေးသည်။ ဝက်ခြေထောက်စွပ်ပြုတ်နှင့် ဝက်ခေါင်းသုပ်အား ဦးမရန် ဘောက်အိမ်ဝိုင်းအတွင်း၌ ပေါက်နေသည့် ရှောက်ပင်မှ ရှောက်သီး ၍ အရည်ညှစ်ပြီး ရှောက်ရွက်ကို ပါးပါးလှီး၍ခပ်ထားရာ အရသာ အထူးကောင်းမွန်လှသည်။ လတ်ဆတ်သော အသားများဖြစ်၍လည်း စားကောင်းခြင်းဖြစ်သည်။ အသားချည်းသာစားကြရပြီး ယနေ့ည ထမင်းနှင့်တွဲဖက်စားရသဖြင့် အတော်အဆင်ပြေပါသည်။ မုဆိုးကြီး နှစ်ဦးမှာ နှစ်ခြိုက်စွာစားသောက်ရပြီး အရသာကောင်းမွန်သဖြင့် မျောက် တင်သောင်းအား ချီးမွမ်း၍ မဆုံးတော့ပေ။

■ ■ ■

□

ညဘက်တွင်လည်း ရွာအတွင်းအိပ်ရသဖြင့် ကင်းမစောင့်ရ သောကြောင့် ကောင်းစွာအိပ်ပျော်ကြပြီး မနက် (၅)နာရီခန့် စောစော နိုးကြသည်။ မျောက်တင်သောင်းက ညက ထမင်းကြမ်းဖြင့် ထမင်း ကြော်ပေးပြန်ရာ ဟင်းကျန်ဖြင့် စားကောင်းကြပြန်သည်။ မျောက်တင် သောင်းမှာတော့ မုဆိုးအလုပ်ကို ကျွမ်းကျင်ရုံသာမက ထမင်းဟင်းချက် ပြုတ်ရာတွင်လည်း အလွန်တော်ပေသည်။ တောတွင်းရောက်နေသော ဆောက်တွင်းဝိဇ္ဇာကျော်ကြီး၊ ပုဏ္ဏားတင်ဦးနှင့် သူခိုးမြင့်သိန်းတို့ကတော့ သူနမျာ:ဖြစ်ကြ၍ အသုံးမဝင်လှသေးပါ။

ကျွန်တော်တို့အဖွဲ့ တောင်တန်းကြီးကိုကျော်၍ သစ်တောစိမ်း စိမ်းကြီးကို ဖြတ်ရပြန်သည်။ မုဆိုးလမ်းသာဖြစ်၍ ခရီးလမ်းက အလွန် ကြမ်းသည်။ လျှိုများ၊ မြောင်းများ၊ ချောင်းကလေးများက အလွန်ပေါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တောင်ကြီးများပေါ်ကဆင်းတော့ ရွာများဖြင့်နီးလာသဖြင့် ချောင်းကူး၊ မြောင်းကူး ဖါးယာယီတံတားများကို တွေ့လာရသည်။ တရွေ့ရွေ့ ခရီးဆက်ကြရင်း နောင်မွန်းမြို့နှင့် (၃၄)မိုင်ဝေးသော ပန်နန်ဒင်းရွာကြီးကို မေခမြစ်ကမ်းပါး၌ ညနေဆည်းဆာအချိန်တွင် ဘွားခနဲ တွေ့ရတော့သည်။

"ကဲ ... ကဲ ... လာကြ ဆရာလေးတို့။ ငါတို့အိမ်က ရွာလယ်မှာ။ မိဘတွေကွယ်လွန်တော့ ငါက နောင်မွန်းကိုပြောင်းပြီး အခြေချတယ်။ ဒီရွာမှာတော့ ငါ့ညီ အိုအင်ဆားက မိသားစုနဲ့နေတယ်။ ပန်နန်ဒင်းရွာက ခေါ်ဘူဒဲမြို့နဲ့ နီးတယ် မချမ်းဘော့၊ ခေါ်ဘူးဒဲလမ်းဘက်ကသွားရင် ပန်နန်ဒင်းက လမ်းသာတယ်။ နောင်မွန်းဘက်ကတော့ အခုလိုပဲ တောလမ်းခရီးကြမ်းက သွားရတာ။ တောတွေ၊ တောင်တွေကိုဖြတ်ရတော့ ပိုဝေးသလိုပဲ။ မုဆိုးတွေဆိုတော့လည်း တောတွေ တောင်တွေကိုဖြတ်ပြီး ခရီးသွားရတာ ပိုကောင်းပါတယ်။ ပင်ပန်းနေကြရင်တော့ ပန်နန်ဒင်းမှာ တစ်ညအိပ်ကြပြီး အနားယူကြတာပေါ့နော့"

"ကောင်းပါတယ် မုဆိုးကြီး။ မုဆိုးကြီးတို့က 'အင်ဆား' မျိုးတွေပေါ့နော်"

"ဟုတ်တယ် ... ငါတို့က ခရစ်ယာန်ဘာသာဝင်တွေဆိုတော့ မျိုးရိုးစဉ်ဆက် 'အင်ဆား' မျိုးနွယ်စုပေါ့။ အဘိုးက ဂျီအင်ဆား။ အဖေက ကေအင်ဆား။ အင်္ဂလိပ် ခရစ်ယာန် ထုံးစံပေါ့လေ"

ကချင်မျိုးနွယ်စုဝင် ရဝမ်လူမျိုးများ မြစ်ကြီးနားဘက်၌ ဗုဒ္ဓဘာသာဝင်အများစုဖြစ်သော်လည်း မြန်မာပြည်မြောက်ဘက်စွန်း နောင်မွန်းနှင့် ခေါ်ဘူးဒဲဘက်တွင် ခရစ်ယာန်ဘာသာဝင်က အများစုဖြစ်





သည်။ ခရစ်ယာန်ဘာသာပြန့်ပွားစေရန် နယ်စွန်း နယ်ဖျား၊ တောထဲ တောင်ထဲအထိ စွန့်စွန့်စားစား သွားလာပြီး သာသနာပြုခဲ့ကြသည်မှာ ချိုကျူးလောက်ပေသည်။ လေးလံခေါင်းသီသောအသံဖြင့် ဟိန်းဟိန်းဆည်ဆည် ရဲကြီးစွာ တောကြိုအုံကြားခရီးသွား၍ ကြိုးပမ်းကြခြင်းမှာလည်း အံ့သြလောက်စရာပင်။ ရှေးယခင်က တောင်ပိုင်တောပိုင်များကိုသာ ပူဇော်၍ ကိုးစိုင်းသော ယာဇ်နတ်ပူဇော်ခြင်းဓလေ့မှ အဓိကဘာသာဝင်ဖြစ်ပြီး ယဉ်ကျေးလာကြ၍ ခရစ်ယာန်သာသနာပြု ဘုန်းတော်ကြီးများကိုလည်း ကျေးဇူးတင်ထိုက်ပါပေသည်။

ပန်နန်ဒင်းရွာကြီးမှာ အတော်ကြီးမားသည်။ အသက်မွေးမြူရေးလုပ်ငန်း ကောင်းမွန်ဟန်ရှိသည်။ အိမ်ကြီးအိမ်ကောင်းများ ပေါများသည်။ ဦးအင်ဆားတို့အိမ်မှာ ရွာလယ်၌ ကျောက်တုံးများဖြင့် တည်ဆောက်ထားသော ခရစ်ယာန် ဘုရားရှိခိုးကျောင်းကလေးအနီးရှိ နှစ်ထပ်အိမ်ကြီး ဖြစ်သည်။ အိမ်အနီးသို့ရောက်သော် မုဆိုးကြီးဦးအမ်အင်ဆားက ...

"အိုအင်ဆား ... အိုအင်ဆား ..."

"အေ ..."

ဟု ထူးသံကြားရပြီး အိမ်အပေါ်ထပ်မှ မုဆိုးကြီးနှင့် ရုပ်ဆင်သူတစ်ဦးနှင့် ရဝမ်အမျိုးမလေးနှစ်ဦး ဆင်းလာကြသည်။

"ဟော ... အမ်အင်ဆားကိုး။ ဧည့်သည်တွေလည်း ပါလာတယ်။ လာကြ ... လာကြ"

"အဘား ... အဘား"

ဟုခေါ်၍ ရဝမ်ပျိုမလေးနှစ်ဦးက မုဆိုးကြီးမေပစ္စည်းအား ဝိုင်းဆွဲကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ... အင်ဆား၊ ငါတို့ဒီမှာ ညအိပ်မယ်။ ခြေသည်တွေ ပါတယ်။ ညစာကောင်းကောင်း စီစဉ်ပေးပါ"

"ဟုတ် ... အားကို၊ အဆင်သင့်ရှိပါတယ်"

"ဒီမှာ ဆတ်သားကြွပ်တိုက်တွေ၊ ဒါက တာကင်သားခြောက်။ ဒါက ဝက်သားခြောက်၊ အလီအောင့်ကျေးရွာက ငါ့သူငယ်ချင်း မရှိ ဘောက်တို့ဆီက ရတာလား။ ငါတို့ ရေမချိုးရတာလည်း ကြာပြီ၊ ရေချိုး ဖို့လည်း စီစဉ်ပေး"

"ဟုတ် ... အားကို"

ကျွန်တော်တို့အဖွဲ့အား အိမ်ကြီးအောက်ထပ် ကွပ်ပျစ်များ ပေါ်တွင် နေရာပေးသည်။ ပန်နန်ခင်းရွာကြီးမှာ မေခကမ်းနဖူးဖြစ်၍ ရေပေါသည်။ တောင်ကုန်းလွင်ပြင်ဒေသဖြစ်သောကြောင့် ယခုလို မှိုင်း လင်းရာသီတွင် မအေးလှ။ ရေချိုး၍ အလွန်ကောင်းသည်။ ရေမချိုးရ တာကြာပြီဖြစ်သော်လည်း ကျွန်တော်တို့ ဖိမ်ဆွဲပြီးတော့ ရေမချိုးနိုင်။ အအေးဓာတ်ခံက ရှိနေသေးသည်။ ရေချိုးပြီးသောအခါ လူမှာလန်း ဆန်းသွားသည်၊ အနွေးထည်ဝတ်ပြီး ဖခါးရှည်သောက်ကြရာ အိမ်ရှင် ဦးဆိုအင်ဆားနှင့် သမီးများက ညစာအကွက် စီစဉ်နေကြသည်။

ရေခဲတောင်ကြီးများ ပတ်လည်ဝိုင်းနေသောဒေသမှ သားသမီး များဖြစ်ကြ၍ထင်ပါသည်၊ ရဝမ်မလေးများ၏ အသားအရေမှာ ဖြူဖွေး နေသည်။ မျက်နှာသွယ်ပြီး အရပ်ရှည်ကြသည်။ မျက်လုံး၊ မျက်ခုံး လှပပြီး နှာတံချွန်သည်။ ဦးခေါင်းကို ဖဲပုဝါစည်းထားပြီး ခန္ဓာကိုယ် တွင် ဖဲအင်္ကျီပြောင်ပြောင်လက်လက်များ ဝတ်ဆင်ထားကြပြီး လုံချည် မှာလည်း ဖဲလုံချည်အနက်ရောင်ပြောင်၊ ခါးတွင် ဖဲတာဘက်တစ်ထည် စည်းထားပြီး ငွေဆည်းလည်း ငွေပြားနှင့် ငွေခြူကလေးများချိတ်ဆွဲ





ထားသည်၊ လည်တိုင်တွင် ပုတီးရောင်စုံစွပ်ထားပြီး ရင်ဘတ်တွင် ရှည် လျားကြီးမားသော ရွှေကြိုးကြီးများကိုလည်း ဆွဲထားသေးသည်။ လက် တွင် ရွှေလက်စွပ်များ၊ လက်ချောင်းတိုင်းမှာ ဝတ်ဆင်ထားပြီး လက် ကောက်ဝတ်နှစ်ဖက်စလုံး၌ ရွှေလက်ကောက်များ အပြည့်ဆင်ယင်ထား သည်၊ နားတွင်တော့ ကျောက်စိမ်းနှင့် ရွှေနားကပ်များ ပန်ဆင်ထား ရာ ရွှေ၊ ငွေနှင့် ကျောက်စိမ်းအလွန်ပေါသောဒေသဟု မှတ်ယူနိုင်လေ သည်။ မှုဆိုးကြီး ဦးအပ်အင်ဆားက အခါးရည်သောက်ရင်း ...

"ဒီဘက်အပိုင်းက ကျောက်စိမ်းနဲ့ရွှေ အလွန်ပေါတယ် ဆရာ လေး။ ငါတို့ဆက်သွားမယ့် ရှမ်ခူးဝမ်ချောင်းနဲ့ အဒုံးဝမ်ချောင်းကြား 'ဝမ်ခမ်းအိုင်ဘက်မှာဆိုရင် ရွှေတုံး၊ ရွှေခဲနဲ့ ကျောက်စိမ်းတွေကို ကမ်း စပ်မှာတင် တွေ့ရတတ်တယ်။ ဒါပေမဲ့ နတ်ကြီးတော့ ခွင့်မရပဲ မယူရဲ တတ်ကြဘူး။ ဝမ်ခမ်းအိုင် အစောင့်ကပေးရင်တော့ ယူလို့ရပါတယ်။ ဒါပေမဲ့ သူက လူတိုင်းကိုတော့ မပေးဘူး"

"မုဆိုးကြီး ... နောင်မွန်းမြို့နဲ့ ပန်နန်ခင်းရွာကြီးက ဘယ် လောက်ဝေးသလဲ"

"တောလမ်းခရီးကြမ်း (၃၄) မိုင်ဝေးတယ်၊ ငါတို့က ဒီရွာ ကြီးကနေ အနောက်မြောက်ဘက် (၁၇)မိုင်ဝေးတဲ့ 'ငါးဝါ' ရွာကို သွား ရမယ်။ အဲဒီရွာကနေ 'ဂတိုင်ရွာ'ကို(၁၄)မိုင်။ အဲဒီကနေ ဒဖုံဒမ်း (တံခွန်း ဒမ်း)ရွာကို (၁၅)မိုင်၊ နောင်မွန်းမြို့ကနေ ဒဖုံဒမ်းရွာအထိ တောင်ပေါ် ခရီး (၆၄)မိုင်ရှိတယ်။ ဒီကနေ ဒဖုံဒမ်းရွာကို (၄၁)မိုင်ဝေးတယ်"

"အဲဒါဆိုရင် မုဆိုးကြီး၊ ကျွန်တော်တို့ အသွားအပြန် တောင် ပေါ်ခရီးကြမ်းကြီးက (၁၂၈)မိုင်ရှိတာပေါ့နော်"

"အေး ... အဲဒါထက်သာ ပိုမယ်၊ မလျော့ဘူး၊ အသွားအပြန်



www.burmeseclassic.com

ခရီးက (၁၅)ရက်လောက် ကြာတတ်တယ်။ ရာသီဥတုဆိုးရင်တော့ ပို ကြာတတ်တာပေါ့"

ထိုစဉ် တစ်ချိန်လုံးငြိမ်နေသော ပုဏ္ဏားတင်ဦးက ...

"မုဆိုးကြီး ... ဆေးပင်ဝါးပင်တွေက ဘယ်မှာပေါတာလဲ"

"ဒဖုံဒမ်းမှာ ပေါတာပေါ့။ အခုတော့ စောသေးတယ်။ မေလ ကနေ ဇူလိုင်လမှာ မချစ်ဥနဲ့ ခန်းတောက်မြစ်ပေါချိန်ပဲ။ အရောင်း အဝယ်လုပ်တဲ့ ရာသီပေါ့။ ဒီက နယ်သူနယ်သားတွေက ဆေးမြစ်၊ ဆေးဥ၊ တောထွက်အဖိုးတန်၊ တိရစ္ဆာန်ပစ္စည်း ရွှေနဲ့ကျောက်စိမ်း အရောင်းအဝယ်လုပ်ကြတာပဲ။ ဒါကြောင့်လည်း ဒီကလူတွေ ရုတ်တိုင်း ချမ်းသာကြတယ်"

"ဒါနဲ့ မုဆိုးကြီးက ဒီရွာမှ အလုပ်အကိုင်ကောင်းလျက်နဲ့ ဘာကြောင့် မနေတာလဲ"

"ငါ့ကလေးတွေ ပညာရေးအတွက်ပါ ငါက ဒီဘက်ကို တစ်နှစ် နှစ်ခေါက်လောက်လာပြီး ပစ္စည်းယူ၊ နောင်မွန်းမြို့မှာ ပြန်ရောင်း တော့လည်း အမြတ်ပိုများတာပေါ့။ မချမ်းသော့၊ ပူတာအိုနဲ့ မြစ်ကြီး နားဘက် ဆင်းရောင်းရင် ပိုတောင်အမြတ်ရဦးမယ်။ ဒါပေမဲ့ ခရီးလမ်း ပြီးကြမ်းတာနဲ့ ပစ္စည်းလုံခြုံရေးကိစ္စနဲ့ မထူးလှပါဘူး။ ငါက လောဘ မကြီးပါဘူး။ မိသားစု စားဝတ်နေရေးပြည့်စုံရုံလောက်ပဲ လုပ်တာပါ။ ငါ့သားသမီးတွေ ပညာတတ်ကြီးတွေ ဖြစ်လာတော့လည်း ငါက အသက် ကြီးလာပြီ၊ အားကိုးရတာပေါ့"

"ဟုတ်ပါတယ် မုဆိုးကြီး။ ပညာရေးကို ဦးစားပေးတော့ မျိုး ဆက်သစ်တွေခေတ်မီပြီး ပေါက်ရောက်တာပေါ့။ ကျွန်တော်က မုဆိုးကြီး မုဆိုးအလုပ်နဲ့ တောထွက်ပစ္စည်း၊ ဆေးဝါး၊ အရောင်းအဝယ်ပဲ လုပ်





နေတာ ထင်တာ။ အခုတော့ ရွှေ ငွေနဲ့ ကျောက်စိမ်းအရောင်းအဝယ် ပါလုပ်တယ်ဆိုတော့ စီးပွားရေး ပိုအဆင်ပြေတာပေါ့။ ဒါဆို မုဆိုးကြီး က နောင်မွန်းနဲ့ ပန်းနန်ဒင်းရွာ (၃၄)မိုင်ဝေးတဲ့ တောင်ပေါ်ခရီးကြမ်း ကြီးကို တစ်ယောက်တည်း အိမ်ဦးနဲ့ကြမ်းပြင်လို သွားလာနေတာပေါ့ နော်"

"ငါတစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ ငါ့သား အဖော်ပါ ပါတယ်။ ဒီခရီးက တစ်ယောက်တည်းဆိုရင် အဆင်မပြေနိုင်ဘူးလေ။ အန္တရာယ်များတယ်။ ဒါကြောင့် ငါလည်း တောလမ်းခရီးကြမ်းသွားရင်း အတွေ့အကြုံအရ မုဆိုးဖြစ်လာတာပဲ။ ကုန်သည်မုဆိုးလို့ခေါ်ရမယ် ထင်ပါရဲ့နော်"

"ဟုတ်ပါ့ မုဆိုးကြီးရယ်၊ အလုပ်နှစ်ခုဖြစ်တာပေါ့"

ထိုညက ကျွန်တော်တို့အုပ်စုအား အိမ်ရှင်မိသားစုက ညှဉ်ခံ သော ကချင်တောင်ပေါ်အရက်နှင့် အမြည်မျိုးစုံတို့ကို စားသောက်ကြ ပြီး တောင်ပေါ်ဆန်ထမင်း၊ ဟင်းမျိုးစုံဖြင့် ပြည့်စုံစွာ စားသောက်ကြ ရသည်။ စားသောက်ရင်း မုဆိုးကြီး ဦးအမ်အင်ဆားက မိတ်ဆက်ပေး သဖြင့် ဦးအိုအင်ဆား၏ မိသားစုဖြင့်လည်း ခင်မင်ရင်းနှီးမှုရခဲ့ပါသည်။

ပန်နန်းဒင်ရွာညမှာ မအေးလှပါ။ နေထိုင်ကောင်းရုံသာ ဖြစ် သည်။ ရာသီဥတုမှုတသည်ဟု ဆိုရမှာဖြစ်သည်။ တောလမ်းခရီးကြမ်း ကြီးကို ဖြတ်သန်းလာကြရသော ကျွန်တော်တို့အုပ်စုမှာ မောမော ပန်းပန်း လုံခြုံစွာ အိပ်စက်ကြရသဖြင့် နှစ်မြိုက်စွာ အိပ်ပျော်ကြပြီး နောက်တစ်နေ့မနက် (၆)နာရီခန့်မှ တစ်ရေးနိုးတော့သည်။

www.burmeseclassic.com

❑

နောက်တစ်နေ့မနက်စောစော ကျွန်တော်တို့ ခရီးထွက်ကြရန် ပြင်ဆင်နေကြစဉ် ရဝမ်ပျိုမြူမကလေးများက ကောက်ညှင်းပေါင်း၊ ခေါ် ပုတ်ကင်၊ အသားကင်၊ ဖါးရည်တို့ဖြင့် ကျွေးမွေးပြုစုကြပြီး လမ်းခရီး တွင်စားရန် ဝလွှဖက်ဖြင့်ထုပ်သည့် ထမင်းပေါင်းထုပ်များနှင့် အသား ဟင်းများကိုလည်း ထည့်ပေးလိုက်သေးသည်။ ကျွန်တော်တို့အဖွဲ့ ပန်နန် ဒင်းရွာမှ (၁၇)မိုင်ဝေးသော ‘ငါးဝါ’ ရွာသို့ ခရီးဆက်ကြပြီး နေ့လယ်စာ စား၍ ခေတ္တရပ်နားသည်။ ထိုမှ (၁၄)မိုင်ဝေးသော ‘ဂဝိုင်ရွာ’ တွင် ညအိပ် ရပ်နားကြသည်။

နောက်တစ်နေ့မနက်တွင် (၁၅)မိုင်ဝေးသော ‘ဒဖုံဒမ်း’ ရွာသို့ ခရီးဆက်ခဲ့ကြသည်။ ရွာခရီးလမ်းသည် တောင်ဆင်းတောင်ဖြတ် ခရီး လမ်းကျဉ်းများသာဖြစ်သည်။ ပန်နန်ဒင်းရွာကြီးနှင့် ဒဖုံဒမ်းရွာမှာ (၄၂) မိုင်သာ ခရီးဝေးသည်။ ဆေးမြစ်နှင့်ရွှေ ကျောက်စိမ်းဝယ်သူများ အသွား အလာများသောကြောင့် လမ်းမှာ တောင်ကြားလမ်းကျဉ်းများဖြစ်သော်လည်း ဖုန်နေသည်။ လူအသွားအလာများ၍ လမ်းခရီး၌ သားကောင်





များကို မတွေ့ရပါ။

ဒဖုံဒမ်းရွာကလေးမှာ မြန်မာပြည် မြောက်ဖျားစူးစူး ရေခဲ တောင်တန်းကြီးမှ စီးဆင်းလာသည့် ‘အဒုံးဝမ်းချောင်း’(မေခမြစ်ဦးအစ ချောင်းဖျား) နှင့် အနောက်မြောက်ယွန်းယွန်းမှ စီးဆင်းလာသည့် ‘ရှမ် ခူးဝမ်ချောင်း’ တို့ဆုံရာအနီးတွင် ရှိသည်။ ဒဖုံဒမ်းရွာသည် ချောင်းဆုံ ရွာဖြစ်သည်။ မေခမြစ်ဖြစ်ပေါ်လာပုံမှာလည်း အလွန်စိတ်ဝင်စားဖွယ် ရာကောင်းသည်။

နိုင်ငံတော်မြောက်ဖျား၊ ရေခဲတောင်ကြီးများမှ စီးဆင်းလာ သော အဒုံးဝမ်ချောင်းသည် တရွေ့ရွေ့ ကွေ့ကောက်စီးဆင်းလာပြီး ခါကာဘိုရာဇီတောင်တန်းမှ မြစ်ဖျားခံခဲ့သော ရှမ်ခူးဝမ်ချောင်းနှင့် ပေါင်းဆုံ၍ မေခမြစ်အဖြစ် တစ်ရှိန်ထိုးစီးဆင်းလာသည်။ မြောက်ဖျား စွန်းဒေသတွင် မေခချောင်းဖျားကို ‘အဒုံဝမ်ချောင်း၊ ရမေထိချောင်း’ ဟု ဒေသခံများက ခေါ်ကြသည်။

သို့နှင့် မေခမြစ်သည် အဖုံဒမ်းရွာအနီးမှ စတင်ပြီးစီးဆင်း လာရာ မိုင်(၈၀)ကျော်ဝေးသည့် နေရာအရောက်တွင် အရှေ့ဘက်မှ စီးဆင်းလာသည့် ‘ထရုံချောင်း’ နှင့် မြောက်ဘက်မှ စီးဆင်းလာသည့် ‘ဒရုဝမ်ချောင်း’ တို့ဖြင့် အလီအောင်ကျေးရွာအနီးတွင် ပေါင်းဆုံ၍ အင်အားဖြည့်ပြန်သည်။ ထို့ကြောင့် မေခမြစ်သည် အင်အားကောင်း လာပြီး ခေါ်ဘူဒဲမြို့နယ်ကို ဖြတ်ကျော်စီးဆင်းပြီး မြစ်ကြီးနားမြို့အနီး မြစ်ဆုံတွင် မလိခမြစ်နှင့်ပေါင်းဆုံ၍ ဧရာဝတီမြစ်ကြီး ဖြစ်ပေါ်လာ ခြင်းဖြစ်ပေသည်။

ဧရာဝတီမြစ်ကြီး အားမာန်ကြီးခြင်းမှာ မေခနှင့်မလိခမြစ် တို့၏ ပေါင်းဆုံအားဖြည့်ခြင်းကြောင့် ဖြစ်ပေသည်။ ဧရာဝတီမြစ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အား ဟိန္ဒီစကားဖြင့် ဆင်မြစ်ကြီးဟု အဓိပ္ပာယ်ရသည်။ မြန်မာနိုင်ငံအတွင်း၌ပင် မြစ်ဖျားခံပြီး မြောက်နှင့်တောင် မိုင်ပေါင်းများစွာ စီးဆင်း၍ အဆုံးသတ်သော နိုင်ငံတော်ပိုင်မြစ်ကြီးတစ်စင်းလည်း ဖြစ်ပေသည်။

မှဆိုးကြီး ဦးအမ်အင်ဆား၏ မိတ်ဆွေအိမ် ဒဖုံဒမ်းရွာတွင် တစ်ညတာနားခိုကြပြီးနောက် နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့ ခရီးဆက်ခဲ့ကြပြန်သည်။ နိုင်ငံတော်၏ မြောက်ဖျားယွန်းယွန်းသို့ ဦးတည်လိုက်ကြသည်။ ခါကာဘိုရာဇီတောင်တန်းကြီးမှ မြစ်ဖျားခံစီးဆင်းလာသော 'ရှမ်ခူးဝမ်' ချောင်းကို ဆန်တက်ကြရပြန်သည်။ 'ဒဖုံဒမ်း' ကျေးရွာအုပ်စုတွင်ပါဝင်သည့် 'တအွန်ဒမ်း'အမည်ရှိ ရွာကလေးကို ဖြတ်ကျော်ပြီး 'ဆမ်ဒမ်း'နှင့် မဒိန်းရွာများသို့ရောက်သည်။ မြင့်မားလှသောတောင်ကြီးများ အထပ်ထပ်ကာဆီးထားသည့် တောင်ကြားတွင် 'မဒိန်း'ရွာကလေးက တိတ်ဆိတ်ငြိမ်သက်စွာ တည်ရှိနေသည်။ မြေကွက်လပ်ကျယ်များတွင် ပြောင်းဖူးပင်များကို စိုက်ပျိုးထားသည်။ ရွာတွင်းရှိ သစ်လုံးအိမ်ကလေးများမှာ သပ်ရပ်သန့်ရှင်းသည်။ စီစီရီရီ ညီညီလှပနေသည်။ ချမ်းအေးသောဒေသမို့ အနောက်တိုင်းဆန်နေသည်။ ရွာတွင်း၌လည်း ဝက်သစ်ချပင်ကြီးများနှင့် ထင်းရှူးပင်၊ မိုးမခပင်ချွန်းချွန်းများက နေရာယူထားသည်။ သစ်လုံးအိမ်ခေါင်းတိုင်များက မီးခိုးများ အူထွက်နေသည်။

'ဆမ်ဒမ်းရွာ' ကို ရှေးယခင်က 'ဂူဘားရွာ' ဟု ခေါ်တွင်ကြောင်း မှဆိုးကြီးက ပြောပြသည်။ ရွာကလေးမှာ ရှုခင်းသာယာလှပသော တောင်ကုန်းပေါ်၌ တည်ရှိသည်။ မဟာယာန၊ ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည့် တိဗက်လူမျိုးများနေထိုင်ကြသည်။ လေအေးနှင့် နှင်းဒဏ်ကိုခံနိုင်စေရန် အိမ်အမိုးများကို (၂)လက်မခန့်ထူသည့် ဝက်သစ်





ချသားများမိုးထားသည်။ အဝင်တံခါးမကြီးကိုလည်း သစ်ပြားများဖြင့် အနိုင်အမာ ပြုလုပ်ထားသည်။ အိမ်တိုင်း၌ ခြံကျယ်ကြီးများကိုယ်စီရှိသည်။ ပြောင်း၊ လူး၊ ဆတ်နှင့် ရေပ်၊ သခွားတို့ကို စိုက်ထားသည်။ ဂျုံ၊ အာလူးနှင့် ဟင်းသီးဟင်းရွက်ခင်းများကိုလည်း ရွာအပြင်၌ စိုက်ပျိုးထားသည်ကိုလည်း တွေ့ရသည်။ မွေးမြူရေးတိရစ္ဆာန်အဖြစ် ယတ်ခေါ် အမွေးရှည်နွားကြီးများ၊ သိုး၊ ဆိတ်တို့ကိုလည်း မွေးမြူထားသည်။ ဆမ်ဒမ်းရွာတွင် နို့ကို ထောပတ်ချက်လုပ်ပြီး ဆီအစား တစ်နှစ်ပတ်လုံးသုံးစွဲကြကြောင်း သိရသည်။ ရေခဲသော အအေးပိုင်းဖုံဒေသဖြစ်သဖြင့် ဥရောပဆန်၍နေပုံရသည်။

'ဆမ်ဒမ်း' သို့မဟုတ် 'ဂူဘားရွာ'ကလေးကို ဂုဏ်ပြုသည့် အနေဖြင့် မချမ်းဘော့မြို့တွင် မလိခမြစ်ကိုမျက်နှာမူ၍ ဆောက်ထားသော 'ဂူဘား'ညေ့်ရိပ်သာကို ကျွန်တော် အမှတ်ရမိသည်။ ကျွန်တော်တို့ ပူတာအိုမြို့မှ နောင်မွန်းကိုလာစဉ်က တစ်ညတာတည်းခိုအိပ်စက်ခဲ့သော မချမ်းဘော့မြို့မှ ခေတ်မီလှပသော ညေ့်ရိပ်သာကလေးတစ်ခုဖြစ်ပေသည်။ 'ဆမ်ဒမ်း' ခေါ် 'ဂူဘား'ရွာကလေး၌ ကျွန်တော်တို့အုပ်စု မှဆိုးကြီး ဦးအမ်အင်ဆား၏မိတ်ဆွေ ဦးမရန်ရှန်လော့အိမ်တွင် တစ်ညတာ တည်းခိုအိပ်စက်ခဲ့ရပြန်သည်။ ယခုနေ့ည တည်းခိုသောနေရာမှာ မချမ်းဘော့မြို့မှ ဂူးဘားညေ့်ရိပ်သာ မဟုတ်၊ ဂုဏ်ပြုခေါ်ဆိုခြင်းခံရသော 'ဂူးဘားရွာ'အစစ် ဖြစ်ပေတော့သည်။

'ဂူးဘား'ရွာမှ အရပ်ရှစ်မျက်နှာသို့ မျှော်ကြည့်သော် ဆွတ်ဆွတ်ဖြူနေသည့် ရေခဲတောင်ကြီးများ ဝိုင်းရံထားသည်ကို ရှုမငြီးစွယ်မြင်ရသည်။ ဟိုးမြောက်ဘက်အဝေးတွင် မြန်မာပြည်နယ်ခြား ကျောက်တိုင်အမှတ် (၄၇)ရှိသည့်နေရာနှင့် 'ဒီဖူလခါး'တောင်ကြားလမ်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းရူးဝမ်ချောင်းနှင့် အဒုံးဝမ်ချောင်းကြား သဘာဝရေကူးကန်ပမာ ဥယျာဉ်ကြီးနှင့် ထူးဆန်းသော 'ဝမ်ခမ်းအိုင်'ရေကန်ကြီးအနီးသို့ ကျွန်တော်တို့အဖွဲ့ ရောက်ရှိနေကြပြီဖြစ်ပေသည်။

အိမ်ရှင် ဦးမရန်ရှန်လောချည့်ခံသော ညစာကို စားသောက်ပြီး အိမ်အပြင်သို့ထွက်၍ကြည့်ရာ ဖြူဖွေးသော ရေခဲတောင်ထွတ်ကြီးများဝိုင်းရံနေသဖြင့် မိုးကောင်းကင်ကြီးနှင့် အလွန်နီးသည်ဟု ထင်နေရသည်။ ပွင့်လင်းရာသီဖြစ်၍ မိုးကောင်းကင်တွင် တိမ်မရှိ။ ကြယ်ကလေးများကိုပင် ရေတွက်၍ရနေသည်။ မိုးကောင်းကင်ကြီးဖြင့်နီးသော တောင်ထွတ်ကြီးများအကြားသို့ ရောက်နေသဖြင့် မြင်ကွင်းကျဉ်းပြီး မိုးကောင်းကင်ကြီးဖြင့် နီးနေသယောင် မြင်ရခြင်းဖြစ်ပေသည်။

နောက်တစ်နေ့မနက်တွင် ရှမ်းရူးဝမ်ချောင်းနှင့် အဒုံးဝမ်ချောင်းကြားရှိ မြောက်ဖျားစွန်း ရေခဲတောင်တန်းကြီးပေါ်သို့ ကျွန်တော်တို့ ဦးတည်လာခဲ့ကြသည်။ ဤခရီးစဉ်အတွက် လမ်းပြငှားရန်မလိုပါ။ ရဝမ်မုဆိုးကြီး ဦးအမ်အင်ဆားက ဒေသခံဖြစ်၍ လမ်းပြထက်သာသည်။

ဂူဘားကျေးရွာမှ မြောက်ဘက်သို့ထွက်သည်နှင့် ရှမ်းရူးဝမ်ချောင်းအနီးသို့ ရောက်သည်။ ချောင်းကမ်းပါးစောက်ကြီးမှာ အလွန်နက်ရှိုင်းသည်။ ရေစီးသံမှာ ရေတံခွန်စီးသကဲ့သို့ပင် တဝေါဝေါ တဝုန်းဝုန်း မြည်နေသည်။ ဤမှာဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ကူးရန် ကိုက် (၃၀၀) ခန့်ရှည်သော ကြိမ်ကြိုးတံတားတစ်ခု ရှိသည်။ ကြိုးတံတားအောက်ခြေတွင် ခင်းထားသည်က ဝါးကလေးသုံးလုံးသာ ဖြစ်သည်။ အပေါ်ဘက်အကျယ်မှာလည်း သုံးပေခန့်သာဖြစ်သည်။ အပေါ်ကြိမ်ကြိုးကြီးများနှင့် အောက်ကြိမ်ကြိုးတို့ကို ဘေးမှ ကြိမ်ကြိုးကလေးများဖြင့်





ဆိုင်းထားခြင်းသာဖြစ်သည်။

ကျွန်တော်က တစ်ယောက်စီကူးရန် ပြောသော်လည်း မုဆိုးကြီးက တစ်ပြိုင်တည်းကူးရန် ပြောလာသည်။ ကျွန်တော်တို့ ထမ်းသယ်လာသော လက်နက်နှင့် ဝန်အလေးချိန်ကို တံတားမခံနိုင်မှာကို စိုးရိမ်သည်။ အောက်မှ နင်းကြမ်းခင်းထားသော ဝါးများမှာ နင်းရည်များရှိနေသဖြင့် ချောနေသည်။ ဘေးမှ လက်ကိုင်ရန် ကြိမ်နွယ်တန်းကသည်း နင်းများဆမ်းထားသဖြင့် စိုစွတ်နေသည်။ ထို့ကြောင့် ခြေကုပ်နှင့်လက်ကိုင် မမြဲချင်။ ခြေလှမ်းရခက်သလို ကိုင်တွယ်၍လည်းမမြဲ။ ခြေတစ်လှမ်းလှမ်းသည်နှင့် ကြိမ်ကြိုးတံတားလို ယမ်းခါလှုပ်နေသည်။ ခနီးက မတွင်သာ။ လေထဲ၌ ဝဲပျံနေသည်။ ကြိုးပုခက်ကြီးကိုစီးရသလို အသဲတယားယား။ ရင်တဖိုဖိုပင်။ ပတ်ဝန်းကျင် တောရိပ်၊ တောင်ရိပ်နှင့် ချောင်းရေစီးသံကြီးက တဝေါဝေါ တဝုန်းဝုန်း မြည်နေသည်။ စိတ်အလုံ၊ အသဲတယားယား ရင်တဖိုဖိုနှင့် ဘေးနှစ်ဖက်က ကြိမ်နွယ်ကြိုးကိုဆုပ်ကိုင်၍ ခြေတစ်လှမ်းခြင်းသာ ရွေ့တိုးရသည်။ လူကလှုပ်သော့ ကြိုးတံတားက လှုပ်ပြန်သည်။ ကြောက်လေ လှုပ်ရမ်းလေပင်။ ချမ်းအေးသော မနက်ခင်းဖြစ်သော်လည်း ချွေးများပျံလာသည်။ ကိုက် (၃၀၀)ခန့်သာရှည်သော ကြိမ်ကြိုးတံတားကို နာရီဝက်ခန့်ကူးမှ တစ်ဖက်ကမ်းသို့ရောက်ပြီး သက်ပြင်းမောချမိသည်။ နောက်ဘက်သို့ သည်ပြန်လှည့်ကြည့်မိတော့ လူစွန့်စား မုဆိုးကျွန်တော်တို့မှာ အပြန်ခရီးကိုပင် မပြန်ချင်ဝံ့အောင် စိုးရွံ့ကြောက်လန့်နေမိသည်။

မုဆိုးကြီးက ခေတ္တအမောဖြေနားခိုင်း၍ ကျွန်တော်တို့ ချောက်ကမ်းပါးပေါ်၌ အနားယူကြရင်း Army Rum ပုလင်းကို အဖုံးဖွင့်၍ တစ်ကြိုက် မော့လိုက်ရတော့သည်။ အမှန်က ကြိမ်ကြိုးတံတား



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုမကူးမီ ရဲဆေးတင်ရမည် ဖြစ်သည်။ ယခုတော့ ...

ကျွန်တော်တို့ ကမ်းပါးမှ လွင်ပြင်ကိုဖြတ်ပြီး ရေခဲတောင်ခြေသို့ ချဉ်းကပ်ခဲ့ကြသည်။ ရေခဲတောင်ကြီးမှာ မြင့်မားလှသော်လည်း တောင်ခါးပန်းသို့တက်သည့် တောင်ပတ်လမ်းရှိသည်။ အောက်ခြေမှာ ကျောက်သားအတိဖြစ်ပြီး တောင်ခါးပန်းနှင့်တောင်ထိပ်မှာ ရေခဲဖုံးနေသည်။ မုဆိုးကြီးက ဦးဆောင်၍ ကျွန်တော်တို့အုပ်စု တောင်ခါးပန်းပေါ်သို့ တရွေ့ရွေ့ တက်ခဲ့ကြသည်။ ပွင့်လင်းရာသီ ရေခဲပျော်ချိန်ဖြစ်သဖြင့် တောင်ခြေမှာ ရေခဲမရှိ။ ကျောက်သားအတိပင်။ မုဆိုးကြီး၏ခြေရာကို နင်း၍ တစ်ဆင့်ပြီးတစ်ဆင့် တက်ခဲ့ကြသည်။

တောင်ခါးပန်းပေါ်ရောက်တော့ အံ့သြဖွယ်ရာ တစ်မိုင်ခန့် ကျယ်ပြန့်သည့် တောင်ပေါ်ရေကန်ကြီးနှင့် ပန်းပေါင်းစုံ ရောင်စုံဖူးပွင့်နေသော သဘာဝရုက္ခဗေဒ ဥယျာဉ်ကြီးကို မြင်ရတော့သည်။ တောင်ပေါ်ရေကန်ကြီးသည် သဘာဝအလျောက်ဖြစ်ပေါ်နေသော ရေကန်ကြီးဖြစ်သည်။ ရေမှာ ကြည်စိမ်းနေပြီး ရေအောက်ကြမ်းပြင်မှ ရွှေငါးကလေးများနှင့် ကျောက်တုံးကျောက်ခဲများကို မြင်နေရသည်။ ရေကန်ကြီးပတ်လည်၌ ပေါက်ရောက်နေသည့် တောပန်းတောင်ပန်းများကလည်း ဖြူနီပြာဝါ ရောင်စုံဖြာပြီး မွှေးရနံ့က သင်းထုံပျံ့နေသည်။ လိပ်ပြာရောင်စုံ၊ ပျားမျိုးစုံနှင့် ဝတ်ရည်စုပ်ငှက်ကလေးများကိုလည်း ကြည်နူးဖွယ်ရာ မြင်တွေ့နေရသည်။

ပတ်ဝန်းကျင်က အေးချမ်းငြိမ်သက်လွန်းလှသည်။ ကန်ရေပြင်ကျယ်ကြီးက လှိုင်းအတွန့်ကလေးပင်မရှိ။ ပကတိ ဖန်သားပြင်လို တည်ငြိမ်နေသည်။ ကန်ကြီးအနီး၌ ကျောက်တောင်ကြီးက တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်သွားပြီး တောင်လယ်ကြောနှင့် တောင်ထိပ်၌





ရေခဲများ ဖုံးအုပ်ပြီး ဖြူဖွေးနေရာ အလင်းရောင်ကြောင့် တလက်လက် တောက်ပနေသည်။

ကျွန်တော်တို့အဖွဲ့ ကန်ကြီးအနီး ကျောက်သားပြင်ပေါ်တွင် နားကြရင်း ဝိပဿနာ ကမ္မဋ္ဌာန်းတရား စီးဖြန်းလိုသူများအတွက် တရားထူးတရားမြတ်များ ကျင့်ကြံနိုင်၍ အလွန်ကောင်းမွန်သော နေရာဒေသဟုသာမှတ်ယူမိရင်း အပန်းဖြေကြရသည်။ ကန်ကြီးပတ်လည်၌လည်း တောပန်း၊ တောင်ပန်းများအပြင် အမည်မသိသော ဆေးပင်၊ ဆေးပင်များလည်း စုလင်စွာ ပေါက်ရောက်နေသည်။ အချို့က အရွက်ကြီးများ၊ အချို့က အရွက်ချွန်ချွန်သေးသေး၊ အချို့က အနွယ်၊ ကျွန်တော်တို့မြင်ဖူးသော ဆေးဝါးပင်များဖြင့်တော့ ပုံစံမတူပါ။

ထိုစဉ် မုဆိုးကြီးဦးအမ်အင်ဆားက ...

"ဆရာလေး ... ကန်ကြီးပတ်လည်မှာပေါက်နေတဲ့ အပင်တွေက အလွန်တန်ဖိုးရှိတဲ့ ဆေးပင်ဝါးပင်တွေပဲ။ ခန်းတောက်ပင်၊ ရွှေဥပင်နဲ့ အဆိပ်ဖြေပင်တွေအပြင် ဂျင်ဆင်းပင်တွေပါရှိတယ်။ ဟောဟိုတောင်ခြေဂူထဲမှာလည်း ရွှေဆင်းတုတစ်ဆူရှိတယ်။ ရဟန်းတစ်ပါးနဲ့ ရသေ့ကြီးတစ်ပါးက ဒီကန်ကြီးကို စောင့်ရှောက်တာ။ ကန်ရေက ဆေးဖက်အလွန်ဝင်တယ်။ ဒါကြောင့်လည်း ကန်ဘေးမှာ ပိုင်းပေါက်နေကြတဲ့ သစ်ပင်တိုင်း ကန်ရေသောက်ပြီး ဆေးဖက်ဝင်ကြတာ။

ငါတို့ငယ်စဉ် (၁၀)နှစ်သားအရွယ်လောက် ကပေါ့။ အဖေနဲ့ ဒီကန်ကြီးပေါ်ကို ရောက်ဖူးတယ်။ ကလေးပီပီ ရေကန်ကြီးကို ငေးမောကြည့်ရင်း ရေငြိမ်နေတာကို မချင့်မရဲဖြစ်ပြီး ခဲနဲ့ ရေထဲကိုပစ်ချင်စိတ်ပေါ်လာတယ်။ အဖေက ဒီလိုလုပ်မယ်ဆိုတာ ရိပ်မိတယ်ထင်ပါရဲ့။ ရေကန်ထဲကို ခဲနဲ့မပစ်ဖို့ သတိပေးတယ်။ အဲဒီနောက်မှာ ငါ့ဖေက

www.burmeseclassic.com



ကျောက်ဂူထဲသွားပြီး ရသေ့ကြီးကို ဆေးမြစ်ဆေးပင် တူးယူခွင့်တောင်
နေတုန်း ငါဟာ မနေနိုင်မထိုင်နိုင် စိတ်ရှုပ်ပေါက်ပြီး ကန်ထဲကို
တအားပစ်ထည့်လိုက်မိတော့တယ်။ ချက်ချင်းပဲ ကန်ရေဟာ လှိုင်းကြ
ခွပ်တွေထလာပြီး ကောင်းကင်ကြီးတစ်ခုလုံး ညိုမည်းသွားတယ်
မကြာခင်ပဲ မိုးကြီးသည်းထန်စွာ ရွာချတော့တာပဲ။ မိုးကြိုးတွေပစ်လို
တာလည်း တဒိန်းဒိန်းပဲ။ ဒီနေရာက ကောင်းကင်ကြီးနဲ့နီးတဲ့ တော
ပေါ်ဒေသမို့လားမသိဘူး မိုးခြိမ်းသံက အလွန်ကျယ်တာ။ နားမခံ
လို့ နားပိတ်ထားရတယ်။ အဲဒီအချိန်မှာပဲ အဖေ ငါ့ဆီအပြေးလာ
ကျောက်ဆောင်လိုဏ်ဂူထဲကို ဖွေ့ချီခေါ်သွားတယ်။ လိုဏ်ဂူထဲမှာ
ဘုရားတစ်ဆူရှိတယ်။ ရွှေရောင်ဝင်းလက်နေပြီး အလွန်သပ္ပာယ်တယ်
ငါ့ကို ဘုရားရှေ့မှာထိုင် လက်အုပ်ချီခိုင်းပြီး အဖေက ဆေး
စောင့်နတ်၊ တောင်စောင့်နတ်၊ ရေကန်စောင့်နတ်တွေကို တိုင်တည်ပြီ
တောင်းပန်တယ်။ အဲဒီအချိန်မှာ ရသေ့ကြီးတစ်ပါးနဲ့ ရဟန်းတစ်ပါ
ကြွလာပြီး နောင်ကို ကလေးတွေကို ဒီခေါ်မလာဖို့ မိန့်ကြားတယ်
ရသေ့ကြီးနဲ့ရဟန်းက ရွှေဆင်းတုဘုရားရှေ့မှာ ဝတ်ပြုဆုတောင်းပြီ
တောင်းပန်မှ ခဏအတွင်း လေတွေ၊ မိုးတွေ ငြိမ်သွားတော့တာပဲ
အင်မတန်ထူးဆန်းတဲ့ ရေကန်ကြီးပဲ။ အဲဒီကတည်းက ငါလည်းမရော
ဖြစ်တော့တာ။ အခုမှ ဆရာလေးတို့နဲ့ကြုံပြီး ဒုတိယအခေါက် ရော
ဖြစ်တာပဲ။ ကဲ ...အခု ဘာလုပ်ကြမှာလဲ"

"ကန်ကြီးပတ်လည်ကို လှည့်လာမယ်။ ဆေးမြစ်တူးမယ်"

"နေဦး ဆရာလေး။ ဟိုကျောက်ဂူထဲက ရွှေဆင်းတုဘုရား
အရင်ဖူးပြီး ရသေ့ကြီးနဲ့ ဆရာတော်ဆီမှာ ခွင့်ပြုချက်တောင်းရဦးမယ်
သူတို့ခွင့်ပြုမှ သွားခွင့်လာခွင့် တူးခွင့်ရမှာ"



"ကျွန်တော်တို့မှာလည်း လူဖို့တန်းဖို့ ဘာမှပါမလာဘူး။ အဲ
အသားခြောက်တွေတော့ ပါလာတယ်မဟုတ်လား"

"ဒီကဆရာတော်တွေက သက်သတ်လွတ်ဘုန်းပေးတာ။ အ
သားခြောက်နဲ့ အဆင်မပြေဘူး။ ဆရာလေးတို့မှာ ဂက်စ်မီးခြစ်တွေ ပါ
တယ် မဟုတ်လား။ အဲဒါတွေကို ကပ်လှူမှဖော်ရင် အဆင်ပြေလိမ့်မယ်။
ခွင့် ပြုရင်လည် ရေကန်ထဲသို့ ခဲမပစ်ဖို့နဲ့ ကန်ရေကို ညစ်ညမ်းအောင်
မလုပ်ဖို့ အားလုံးကို ကြိုတင်သတိပေးထားမယ်နော်"

"ဟုတ်ကဲ့ပါ မုဆိုးကြီး"

www.burmeseclassic.com

www.burmeseclassic.com

—

ကျွန်တော်တို့အဖွဲ့ တောင်ခြေရင်း ကျောက်ဂူကြီးရှိရာသို့ လှမ်းခဲ့ကြသည်။ လက်နက်နှင့်ပစ္စည်းများအား ဂူအပြင်တွင်ထားခဲ့ရန် မုဆိုးကြီးကသတိပေးသဖြင့် ကျွန်တော်တို့ ဂက်စ်မီးခြစ် (၃)လုံးကိုယူ၍ ဂူအတွင်းဝင်ခဲ့ကြသည်။ ဂူအတွင်း၌ ဆရာတော်တစ်ပါးက တရားထိုင်နေပြီး ရသေ့ကြီးတစ်ပါးက စကြံန်လျှောက်ရင်း ပုတီးစိပ်နေသည်။ ကျွန်တော်တို့အုပ်စုကိုမြင်သည်နှင့် အသာထိုင်ရန် ရွှေဆင်းတုတော်အား ဖူးမျှော်ရန် လက်ဟန်ခြေဟန်ဖြင့် ပြောသည်။

ကျွန်တော်တို့လည်း ငြိမ်သက်စွာ ဘုရားအာရုံပြု၍ ရှိခိုးကန်တော့ကြသည်။ ကျွန်တော်တို့ဘုရားရှိခိုးအပြီးတွင် ဆရာတော်က တရားထိုင်ခြင်းကိုအဆုံးသတ်ပြီး နေရာမှထလာသည်။ ကျွန်တော်တို့က ဆရာတော်အား ဦးခိုက်ကြသည်။





"အိမ်း ... အိမ်း ... ဘုန်းကြီးလို့ သက်ရှည်ကြပါစေ။ သွားလမ်းလာလမ်း ဖြောင့်ဖြူးကြပါစေ။ လိုအင်ဆန္ဒများ ပြည့်စုံကြပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေဘုရား"

"ဒကာကြီးတို့က မုဆိုးနဲ့ သူခိုးတွေပါလား။ လူစွန့်စားတွေထင်ပါရဲ့။ ရွှေလာရှာကြတာ မဟုတ်လား"

ကျွန်တော်တို့အား တည့်တည့်ပြော၍ အလွန်အံ့ဩမိပါသည်။ ဆရာတော်မှာ အမြင်ပေါက်နေဟန်တူပါသည်။

"မြန်မာပြည်မြောက်ဖျားစွန်းကို ဒေသန္တရဗဟုသုတရှာမှီးရင်း ရှာဖွေရအောင် လာကြတာပါဘုရား"

ကျွန်တော်ကလျှောက်တင်ရာ ဆရာတော်က ...

"အေး ... အေး .. ဒကာက အစိုးရဝန်ထမ်းထင်ပါရဲ့။ ဘုန်းကြီးအကဲခတ်တာ မှန်ရဲ့လား"

"မှန်ပါ့ဘုရား"

"ဟိုဒကာ ကုလားကတော့ သက်သတ်လွတ်စားပြီး သစ္စာရှိတဲ့ သူခိုးပဲ။ အေး ... အေး ... ဆင်ခြင်ကြ၊ ဆင်ခြင်ကြ။ လူ့ဘဝမှာ ဆင်ခဏနေတုန်း ငါးပါးသီလမြဲအောင် အတတ်နိုင်ဆုံး စောင့်ထိန်းကြ။ ဘုန်းကြီးတို့နေတဲ့ 'ဝမ်ခမ်းအိုင်' ဟာ သူတော်စင်တွေ ပျော်မွေ့တဲ့နေရာ၊ သန့်ရှင်းတယ်၊ စင်ကြယ်တယ်။ ငါးပါးသီလမမြဲသူတွေကို ညအိပ်ညနေ လက်မခံဘူး။ ဒကာတို့ ရွှေစင်ရုပ်ပွားတော်ကိုဖူးရတာ အမြတ်ပဲ။ စောစောစီးစီးပြန်ကြ"

"တင်ပါ့ဘုရား။ တပည့်တော်တို့ကို 'ဝမ်ခမ်းအိုင်'အား လေ့လာခွင့်ပြုပါဘုရား။ ဆေးပင်၊ ဆေးမြစ်၊ ဆေးဥများကိုလည်း ရှာဖွေ

www.burmeseclassic.com



စုဆောင်းခွင့်ပြုပါဘုရား"

"အိမ်း ... အိမ်း ... သင့်သလောက်ယူကြပေါ့။ ကန်ရေကို တော့ ညစ်နွမ်းအောင်မပြုနဲ့။ ဒီကန်ရေက ဆေးဖက်အသုံးဝင်တယ်။ ရောဂါမျိုးစုံကို သက်သာပျောက်ကင်းစေတယ်။ မသောက်လိုသောက် လိမ်းလိုလိမ်း။ မျက်စဉ်းခပ်လိုခပ် ဆေးဖြစ်တယ်"

"တင်ပါ့ဘုရား ... တပည့်တော်တို့မှာပါလာတဲ့ ရေခဲတောင် ပေါ်မှာခြစ်လို့ရတဲ့ ဂက်စ်မီးခြစ် (၃)လုံးကို လှူဒါန်းပါတယ်ဘုရား။ အနွေး ဓာတ်ရစေရန် ထင်းမီးမွှေးရန် လွယ်ကူပါတယ် ဘုရား"

"အိမ်း ... အိမ်း ... သာဓု၊ သာဓု၊ သာဓု"

ကျွန်ုပ်တော်တို့ ဆရာတော်ဘုရားအား ဝတ်ပြုပြီး ဝမ်းခမ်း အိုင်ဘက်သို့ ထွက်ခဲ့ပါသည်။ ကန်ကြီးပတ်လည်မှာ သဘာဝကျောက် လမ်းဖြစ်ပြီး လမ်းတစ်ဖက်တစ်ချက်တွင် ဆေးပင်နှင့်ပန်းပင်များ ဝေဆာ စွာ ပေါက်ရောက်နေသည်။

ကျွန်ုပ်တော်တို့ ကန်ကြီးပတ်လည်အား လေ့လာကြသည်။ မုဆိုးကြီးနှင့် ပုဏ္ဏားတင်ဦးက ဦးဆောင်ကြပြီး ဆေးပင်များ ရှာဖွေတူး ကြသည်။ ခန်းတောက်ရွှေဝါနှင့် ခန်းတောက်ဖြူပင်၊ မရှော့ ခေါ် အဆိပ် ဖြေပင်များအား ပေါများစွာတွေ့ရသည်။ တောပန်းတောင်ပန်းရောင်စုံ တို့မှာ အမည်မသိသော်လည်း အလွန်မွှေးကြူကြသည်။ ကျွန်ုပ်တော် တစ်ဦးတည်း ဆက်လျှောက်လာစဉ် ကန်ကြီး၏အနောက်ဘက်အရောက် တွင် ကန်ကြီးထဲမှ ရှူးရှူးသံကိုကြားရသဖြင့် ကြည့်လိုက်ရာ တစ်ကိုယ် လုံး မည်းနက်ပြောင်လက်နေသော မြွေကြီး (နဂါးနက်ကြီး) ခေါင်း ထောင်၍ကူးခပ်ပြီး ရေထဲသို့ငုပ်သွားသည်။ 'ဝမ်းခမ်းအိုင်' အစောင့် နဂါးနက်ကြီးဖြစ်ဟန်တူသည်။





ကျွန်ုပ်တော် ကောင်းမှုကုသိုလ်အစုစုတို့အား အမျှဝေလိုက်ပြီး ဆက်လက်လျှောက်လှမ်းလာရာ ကန်ဘောင်လမ်းဘေး၌ ရောင်စုံနှင်းဆီ ပန်းပင်များကိုလည်း တွေ့ရသည်။ ထိုအထဲမှ အစိမ်းရောင်နှင်းဆီပန်း ချုံတစ်ခုကို ကျွန်ုပ်တော်တွေ့လိုက်ရသည်။ နှင်းဆီပန်းအစိမ်းရောင်မှာ 'ကျောက်စိမ်းနက်' ကို သင်္ကေတပြုကြောင်း ကျွန်ုပ်တော်ကြားဖူးသဖြင့် နှင်းဆီပန်းချုံအောက်သို့ဝင်ပြီး အမဲလိုက်ဓားဖြင့် အပင်ရင်းပတ်လည် အား တူးဆွကြည့်မိသည်။ တစ်ပေခန့်အနက်၌ပင် လုံးချောကျောက် သုံးလုံးကို တွေ့ရသည်။ 'တည်သီး' ခန့်ရှိသော ကျောက်တုံးကလေး များဖြစ်ကြသည်။ ကျွန်ုပ်တော် အလွန်ဝမ်းသာသွားမိသည်။ ကျောက် စိမ်းနက်တုံးကလေးများ ဖြစ်ဟန်ရှိသည်။

ကျွန်ုပ်တော် ကန်ရေစပ်ဆင်း၍ ရေအဝသောက်ပြီး ပါလာ သည့်ရေဘူးအား ရေဖြည့်သည်။ အမှတ်မထင် ကျောက်တုံးလေး သုံးလုံးအား ကန်ရေဖြင့်ဆေးကြောလိုက်မိသည်။ ထိုစဉ် ရုတ်တရက် မိုးမှောင်ကြီးကျလာပြီး လေပြင်းများ တဝူးဝူးတိုက်လာသည်။ ကျွန်ုပ်တော် မှားသွားပြီမှန်း အချိန်လွန်မှ သိတော့သည်။

မိုးမှောင်ကြီးကြားမှ မုဆိုးကြီးတို့အဖွဲ့ ကျွန်ုပ်တော့်နာမည်အား တကြော်ကြော်ခေါ်၍ ပြေးလာကြသည်။

"ဆရာလေး ... မြန်မြန်တက်ခဲ့ပါ။ မိုးကြီးရွာပြီး မိုးကြိုးတွေ ပစ်တော့မယ်။ ဆရာလေး ဘာလုပ်လိုက်လို့လဲ။ လာ ... မြန်မြန်လာ။ အရှေ့ဘက်ကဂူထဲကို ပြေးကြမယ်"

ကျွန်ုပ်တော်လည်း ကျောက်တုံးကလေးများကို ဘေးလွယ် အိတ်ထဲကောက်ထည့်ပြီး မုဆိုးကြီးတို့နောက်သို့ ပြေးလိုက်ခဲ့ရသည်။ ကျောက်ဂူကြီးအဝရောက်သည်နှင့် မိုးကြီးသည်းချန်းစွာရွာပြီး မိုးကြိုး



www.burmeseclassic.com

www.burmeseclassic.com



များပစ်တော့သည်။

"ဒိန်း ... ဒိန်း ... ဒိန်း ... ချလွမ်း ... ချွမ်"

လျှပ်လက်သည်မှာလည်း မျက်စိကျိန်းမတတ်ပင်။ မိုးခြိမ်းသံကလည်း နားများပင် အူကုန်သည်။ ကျွန်တော်တို့ ဂူကြီးအတွင်းဝင်၍ ရွှေဆင်းတုဘုရားအား ရှိခိုးကန်တော့ပြီး တောင်းပန်နေစဉ် ကျွန်တော်တို့အနောက်မှ ရသေ့ကြီးအသံကို ကြားလိုက်ရသည်။

"လူကလေးတို့က ကန်ရေကို ညစ်ညမ်းအောင်လုပ်တာကိုး။ ဒီနေရာက သူတော်စင်တွေနေတဲ့နေရာကွယ့်။ ကန်ရေကိုမှီပြီး နေထိုင်ကြရတာ။ ကန်ရေကို ပုလင်း၊ ဘူး၊ ခွက်နဲ့ခပ်ပြီး တခြားမှာ သွားဆေးလို့ရတယ်ကွယ့်။ ကန်ထဲမှာမဆေးရဘူး မှတ်ထားကြ။ 'ဝမ်ခမ်းအိုင်' ဆိုတာ နတ်ရေကန်လို့ခေါ်တာကွယ့်။ ဒီကန်ထဲကရေကိုယူပြီး မျက်စဉ်းခတ်ရင် မျက်စိရောဂါပျောက်တယ်။ သောက်ရင် (၉၆)ပါးရောဂါ ပျောက်ကင်းချမ်းသာတယ်။ အဖောအရောင်၊ ထိခိုက်ဒဏ်ရာတွေကို လိမ်းရင်လည်း ချက်ချင်းပျောက်ကင်းတယ်။ နောင်ကို ဆင်ခြင်ကြကွယ့်။ အခုတော့ အမှတ်တမဲ့ မသိနားမလည်လို့ လုပ်မိတာဆိုတော့ အဘိုး ကန်စောင့်နတ်ကိုမေတ္တာပို့ပြီး တောင်းပန်ပေးပါ့မယ်။ မိုးကြီးတိတ်လို့ လေငြိမ်တာနဲ့ ရသင့်ရထိုက်တာယူပြီး ပြန်ကြတော့ကွယ့်"

"ဟုတ်ကဲ့ပါ အဘိုး"

ရသေ့ကြီးက ကျွန်တော်အမှားကိုသိသည့်အတွက် ကျွန်တော် အလွန်အံ့ဩမိပါသည်။ မကြံရွယ်ပဲ အမှတ်မထင်လုပ်မိခြင်းကိုလည်း သိနေသည်။ ပစ္စည်းရကြောင်းကိုလည်း သိဟန်တူပါသည်။ ရသေ့ကြီး ခွင့်လွှတ်ခြင်းကိုတော့ ကျွန်တော် ဝမ်းသာမိသည်။

ဆရာတော်ဘုန်းကြီးအား မဖူးရတော့သော်လည်း ရသေ့ကြီး





နှင့်အတူ ကျွန်တော်တို့အုပ်စု ရွှေဆင်းတုဘုရားရှေ့တွင် အပြစ်လွှတ်ရန် တောင်းပန်ပြီး ရှိခိုးကန်တော့ကြသည်။ မကြာမီ မိုးထစ်ချုန်း၍ လျှပ်လက်ခြင်းများရပ်ပြီး မိုးကြီးလည်း တိခနဲ တိတ်သွားသည်။ ကျွန်တော်တို့ အဘိုးရသေ့ကြီးအား နှုတ်ဆက်တောင်းပန်ကန်တော့ပြီး ဝမ်ခမ်းအိုင်ပေါ်မှ တရွေ့ရွေ့ ပြန်ဆင်းခဲ့ကြသည်။

ကောင်းကင်ကြီးမှာ အစောပိုင်းက ဘာမျှမဖြစ်ခဲ့သလိုပင်။ ကြည်လင်နေပြီး မြူတိမ်ကင်းရှင်းသည်။ တောင်ပေါ်မှာလည်း ကျောက်သားမြေဖြစ်၍ စိုစွတ်ရုံကလွဲပြီး ရေအိုင်များကျန်မနေပါ။ မျက်လှည့်ပြလိုက်သလိုပင်။ ဝမ်ခမ်းအိုင်တောင်ပေါ်မှာ ငြိမ်သက်တိတ်ဆိတ်နေသည်။ တောင်ခြေရောက်တော့ မိုးလုံးဝမရွာပါ။ ဝမ်ခမ်းအိုင်ပေါ်မှာသာ တွက်ကြားမိုးရွာခြင်း ဖြစ်သည်။ သို့သော် ကျွန်တော်တို့ ချောင်းတံတားများကိုဖြတ်ကူးတော့မှ အစောပိုင်းက မိုးအရှိန်ကြောင့် ချောင်းရေများ အရဟော ထိုးဆင်းနေပြီး ရေစီးအလွန်သန်လှသည်။ တဝေါဝေါ တဝုန်းဝုန်းဖြင့် အရှိန်အဟုန်မြင့်စွာ စီးဆင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com

□

ရှမ်းနူးဝမ်ချောင်း ကိုက်(၃၀၀)ခန့်ရှည်သော ကြိမ်ကြိုးတံတား ကြီးကို လျှပ်အိလျှပ်ပဲ့ တရွေ့ရွေ့ ဖြတ်ကူးရပြန်သည်။ ဤအပြန်ခရီး တွင်တော့ အတွေ့အကြုံရှိသွားပြီဖြစ်၍ အလာခရီးကလို စိုးရိမ်ကြောက် ရွံ့စိတ် နည်းပါးသွားသည်။ ဂူဘားရွာသို့ပြန်ရောက်တော့ ညနေစောင်း ပြီဖြစ်သည်။ မုဆိုးကြီး ဦးအပ်အင်ဆားဇေါ်မိတ်ဆွေ ဦးမရန်ရှန်လော့ အိမ်တွင် ဒုတိယည တည်းခိုအိပ်စက်ခဲ့ရပြန်ပါသည်။

ထိုညက ကျွန်တော်တို့အဖွဲ့ ညစာစားသောက်ကြရင်း ဝမ်ခမ်း အိုင်ရေကန်ကြီးအကြောင်းနှင့် သဘာဝရက္ခဗေဒဥယျာဉ်ကြီးအကြောင်း၊ ကျောက်ဂူအတွင်းမှ သပ္ပာယ်လှသော ရွှေဆင်းတုတော်နှင့် ထူးဆန်းသော ဆရာတော်နှင့် ရသေ့ကြီးအကြောင်းတို့ကို ပြောမိကြသည်။





အိမ်ရှင် ဦးမရန်ရှန်လော့က ...

"ဆရာလေးတို့ အင်မတန် ကံကောင်းပါတယ်။ ကန်ထဲမှာ လည်း နဂါးနက်ကြီးရှိသေးတယ်။ လပြည့်လကွယ်ညတွေမှာ မြင်ရတတ် တယ်။ ဘုရားဖူးရုံသက်သက်နဲ့ သဘာဝဥယျာဉ်ကြီးကို လေ့လာရုံသက် သက်ဆိုရင်တော့ အန္တရာယ်မရှိပါဘူး။ ဆရာလေးတို့က မုဆိုးအဖွဲ့ ဆိုတော့ 'ဝမ်ခမ်းအိုင်' က အစောင့်အရှောက်တွေက လက်ခံချင်ဟန် မရှိဘူး။ သေနတ်ကြီးတွေလည်း ပါသွားတာကိုး။ ဝမ်ခမ်းအိုင်မှာ တစ်စုံ တစ်ရာဖြစ်ခဲ့ရင် နောက်တစ်ခါပြန်ရောက်နိုင်ဖို့ မလွယ်တော့ဘူး။ အန်စောင့်ကလက်မခံလို့ ကျိန်စာသင့်တဲ့သဘောပဲ။ ဒါကြောင့် အသွား အလာနည်းကြတာ။ ဆရာလေးတို့ ဘာပစ္စည်းများ ရခဲ့ကြသေးသလဲ"

"ကျွန်တော်ကတော့ ကျောက်တုံးကလေးသုံးလုံး ရပါတယ်။ မုဆိုးကြီးတို့အဖွဲ့ကတော့ ဆေးပင်၊ ဆေးဥတွေ အစုံရတယ်ထင်ပါရဲ့။ ကျွန်တော်လည်း အလွန်သတိထားဆင်ခြင်ပါတယ် ဆရာကြီးရယ်။ အမှတ်တမဲ့ဖြစ်ပြီး ကျောက်တုံးကလေးတွေကို ရေဆေးလိုက်မိတာနဲ့ လေကြီးမိုးကြီးကျပြီး မိုးကြိုးပစ်တော့တာပဲ။ အလွန်ဆန်းကြယ်တဲ့ ဝမ် ခမ်းအိုင်ပါပဲ။ အစောင့်အရှောက်က တကယ်ကြီးတယ်နော်"

ကျွန်တော်ပြောအပြီး မုဆိုးတင်သောင်းက ဝင်ပြောပြန်သည်။

"ဟုတ်ပါရဲ့ဗျာ၊ ဝမ်ခမ်းအိုင်က ထူးဆန်းသလို သဘာဝ ဥယျာဉ်ကြီးကလည်း အလွန်လှပပြီး ဆေးပင်ဝါးပင်နဲ့ အသီးအနှံပင် တွေစုံပါတယ်။ ကန်အနောက်ဘက်က ငှက်ပျောတောကလည်း အခိုင် တွေကျနေတာ မနည်းဘူး။ ကန်စပ်မှာလည်း သခေါ်ပင်ကြီးတွေဆို တာ သီးနေလိုက်ကြတာ ပြွတ်နေတာပဲ။ ကျွဲကော၊ သံပရာတွေလည်း အနှံ့ပေါက်နေတာ။ အသီးဆိုရင်ဝါဝင်းနေတာပဲ။ ကန်ပေါ်မှာ သိတင်းသုံး

www.burmeseclassic.com



နေတဲ့ သူတော်စင်တွေအတွက် သဘာဝက ဖန်ဆင်းပေးထားတာ ထင်ပါရဲ့ဗျာ . . . နော်။ နောက်တစ်ခေါက် ပြန်ရောက်ဖို့ဆိုတာတော့ မလွယ်တော့ပါဘူး ထင်ပါတယ်။ ကျွန်တော်က မျောက်လို သစ်ပင်တက်ကျွမ်းကျင်ပေမဲ့ ရှမ်းရူးဝမ်ချောင်းကြိုးတံတားကို ဖြတ်ရတာတော့ အလွန်အသည်းယားမိတယ်။ လှုပ်စိလှုပ်စိနဲ့ ကိုက် (၃၀၀)လောက်ရှည်တဲ့ ကြိုးတံတားကို နာရီဝက်လောက်ကြာအောင် ဖြတ်ရတယ်။ အသက်တောင် ပြင်းပြင်းမရှူရဲဘူး။ ကြိုးတံတားကြီးက လေထဲမှာ ပုခက်လွှဲသလို လွှင့်နေတာပဲ။ ရှမ်းရူးဝမ်ချောင်းကလည်း ချောက်အတော်နက်တယ်။ ပေ (၃၀၀)ကျော် နက်မယ်ထင်တယ်။ ပြုတ်ကျသွားလို့ကတော့ အရိုးတခြား၊ အသားတခြားဖြစ်သွားမှာ အမှန်ပဲ''

"နက်ပြီလား၊ ဆရာလေးရယ်။ ဝမ်ခမ်းအိုင်ပေါ်မှာ မိုးတွင်းနှင်းမုန်တိုင်းကျချိန်ဆိုရင် ပိုတောင် ကြောက်စရာကောင်းသေးတယ်။ တောင်ပေါ်ကရေတွေ တစ်ရှိန်ထိုးစီးလာပြီး ရှမ်းရူးဝမ်ချောင်းက ရေစီးသံတဝေါဝေါနဲ့ လေကလည်းတိုက်တော့ ပုခက်လွှဲသလို ခါယမ်းနေတာ။ အဲဒီအချိန်မှာ သွားနေကျဒေသခံတွေတောင် မကူးရဲကြလို့ လှည့်ပြန်ရတယ်''

"ဒါနဲ့ ဦးမရန်ရှုန်လော့ရယ်၊ ဝမ်ခမ်းအိုင်ပေါ်မှာ သီတင်းသုံးနေကြတဲ့ ရသေ့ကြီးနဲ့ဆရာတော်တို့က ဒီရွာတွေဘက် ဆင်းမလာကြဘူးလား။ သူတို့ ဘာတွေနဲ့ စားနေကြပါလိမ့်နော်''

"ဟုတ်ပါတယ် . . . ဆရာထောင်မှူး။ အတော်တော့ ထူးဆန်းပါတယ်။ ဝမ်ခမ်းအိုင်အနီးက ကျောက်ဂူထဲမှာ ရသေ့ကြီးနဲ့ ဆရာတော်ဘုန်းကြီး သီတင်းသုံးနေထိုင်ကြပါတယ်။ ကျုပ်အသက် (၇၀) ရှိပါပြီ သူတို့တစ်ခါမှ ရွာဘက်ဆင်းလာတာ မတွေ့မိပါဘူး။ ဝမ်ခမ်းအိုင်





ကရေကိုသောက်ပြီး ဆေးမြစ်၊ ဆေးဥနဲ့ အသီးအနှံတွေကိုပဲ မီးလွတ်စားနေကြတာထင်ပါရဲ့။ ရွာနဲ့နီးတော့ ကျုပ်တို့ ဝမ်ခမ်းအိုင်ပေါ်ကို မကြာခဏရောက်ဖြစ်ကြပေမဲ့ သူတို့နေထိုင်မကောင်းဖြစ်နေကြတာ တစ်ခါမှ မတွေ့ဖူးဘူး။ တောင်ပေါ်ကိုသွားရင် ရသေ့ကြီးကို တွေ့ရတတ်ပေမဲ့ ဆရာတော်ဘုရားကိုတော့ တွေ့ရခဲပါတယ်။ အလွန်လျှို့ဝှက်စွာ ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်ကြီးတွေပါပဲ။ အမှားအယွင်းဖြစ်ရင်တော့ သူတို့ချက်ချင်းသိပြီး ရောက်လာတတ်ကြတယ်။ မျက်ကွယ်မှာ ဖြစ်ပျက်ခဲ့တဲ့ကိစ္စကို သည်းအကုန်သိနေတတ်တာ အံ့သြစရာအလွန်ကောင်းတယ်။ အမှားလုပ်မိပေမဲ့ သူတို့ ခွင့်လွှတ်တတ်ကြပါတယ်''

"ကြိုးတံတားဆောက်တာကရော ဘယ်သူဆောက်တာလဲ ဆရာကြီး''

"ကျုပ်တို့ ဂူဘားရွာကလူတွေ စုပေါင်းဆောက်ကြတာပါ။ တစ်နှစ်တစ်ကြိမ်တော့ ပြင်ဆင်ပေးရတယ်။ အဲဒီအချိန်ကျရင်လည်း ရသေ့ကြီးရောက်လာပြီး မန်းမှုတ်ပေးတယ်။ ဒါကြောင့် ကြိုးတံတားပြတ်ကျတာတို့၊ လူကူးစဉ်ပြုတ်ကျတာတို့ တစ်ခါမျှ မကြုံဖူး။ မကြားဖူးပါဘူး''

"ကျွန်တော်ကတော့ ဝမ်ခမ်းအိုင်ကရေကိုသောက်ပြီး ခပ်လာခဲ့သေးတယ်။ ကျွန်တော်တို့အဖွဲ့တွေကတော့ ဆေးမြစ်တူးနေတာနဲ့ ခပ်မလာမိကြဘူးထင်တယ်''

"မပူပါနဲ့ . . . ဆရာရယ်၊ ဆရာ နှင်းဆီးချုံထဲမှာတူးနေစဉ် ကျွန်တော်သတိရတာနဲ့ အခေါက်ခေါက်အခါခါ ကိုယ်စီရအောင် ခပ်ပေးခဲ့ပါတယ်''

"ဒီလိုဆိုတော့လည်း မျောက်တင်သောင်းက မျောက်တစ်



www.burmeseclassic.com

ကောင်လို တော်ပြန်ရောပေါ့"

"ရသေ့ကြီးမိန့်ကတည်းက ဒီရေဟာ အရေးကြီးကြောင်း ကျွန်တော်သိနေလို့ပါ ဆရာရယ်။ ဝမ်ခမ်းအိုင်ပေါ်တက်ပြီး ဒီဆေးရေ ကိုပါအောင် ယူမလာနိုင်ဘူးဆိုရင် ကျွန်တော်တို့ ညံ့ရာကျပေတော့ မပေါ့ ဆရာရယ်"

"ဟုတ်တယ် ဆရာလေး။ ကျုပ်တို့ရွာမှာတော့ ဝမ်ခမ်းအိုင် ကရေကို တစ်ရွာလုံး အိမ်တိုင်းဇော့ ဆေးဖြစ်ဝါးဖြစ် ဆောင်ထားကြ တယ်။ သောက်ပါ၊ လိမ်းပါ၊ မျက်စဉ်းခတ်ပါ။ အလွန်အစွမ်းထက်တဲ့ ဆေးရည်ပဲ။ ကျုပ်တို့တစ်ရွာလုံး အသက်ရှည်ပြီး အနာရောဂါကင်းတာ ဝမ်ခမ်းအိုင်က ရေစင်ကြောင့်ပဲ။ ရွာအရှေ့ပိုင်းက ဦးမရန်ရှုန်ဘောင် ဆိုရင် အသက်(၁၀၀)တောင်ပြည့်တော့မယ်။ ကျန်းမာရေးလည်း အလွန် ကောင်းတယ်။ သွားနိုင်လာနိုင်တုန်းပဲ"

"ဆရာကြီးတို့က 'မရန်' မျိုးတွေလား"

"ဟုတ်ပ ... ဆရာထောင်မှူးရယ်။ ဂျိန်းဖော၊ လီဆူးနဲ့ ရမ် မျိုးတွေစပ်ပြီး 'မရန်'မျိုးနွယ်စုတွေပေါ့။ တစ်ရွာလုံး အမျိုးတွေချည်း ပါပဲ။ ဒါကြောင့်လည်း တစ်ယောက်ကိုတစ်ယောက်ကူညီကြပြီး မပူမ မကြောင့်မကြ စားနိုင်သောက်နိုင်ကြပါတယ်။ ကျုပ်တို့ရွာမှာ သူခိုးမ ဘူး၊ ဓားပြမရှိဘူး၊ ချမ်းသာဆင်းရဲ လူတန်းစားလည်း ခွဲခြားထားတာ မရှိဘူး။ ရွာမှာထွက်တဲ့ အစားအစာကိုပဲ စားတယ်။ အသားထက် အသီးအနှံကိုပဲ အစားများတယ်။ အေးတဲ့ဒေသမို့ လူကြီးပိုင်းက ထမင်း မစားပဲ နေ့၊ ည ဆန်ပြုတ်သောက်ကြတာပဲ များတယ်။ အဝတ်အစား အသုံးအဆောင်လိုရင်လည်း ဝမ်ခမ်းအိုင်ပေါ်မှာတက်ရှာပြီး ရလာတ ရွှေနဲ့ကျောက်စိမ်းကို 'ပန်နန်းဒင်း'ရွာကြီးမှာ သွားရောင်းလိုက်ရုံပဲလေ





ဒါကြောင့် ကျုပ်တို့မှာ စားဝတ်နေရေး ပြည့်စုံတယ်။ လောဘကြီးစရာ မလိုဘူး။ 'ဝမ်ခမ်းအိုင်'ဆိုတာ ကျုပ်တို့အတွက်တော့ လိုတရရတနာ သိုက်ကြီးပါပဲ။ ဒါကြောင့် တန်ဖိုးထားပြီး အမြတ်တနိုးနဲ့ ပူဇော်ကြ တာ"

ထိုစဉ် ကျွန်တော်က ကျွန်တော်ရထားသော ကျောက်သုံးလုံး ကို ဦးမရန်ရှုန်လော့အား ထုတ်ပြရာ ...

"ဆရာထောင်မှူးဟာက ကျောက်စိမ်းမဟုတ်ဘူး။ တခြား ကျောက်ဖြစ်လိမ့်မယ်။ လုံးချောဆိုတော့ အတော်ရခဲတယ်။ မဲနက်နေ တာပဲနော်။ ကျောက်စိမ်းက အတုံးကြီးတယ်။ ရဖို့လည်း မလွယ်ဘူး"

ကျောက်စိမ်းနက်မှန်း ကျွန်တော်သာသိသဖြင့် ထုတ်မပြော သော့ပါ။ ကျောက်စိမ်းနက်မှာ အဖိုးတန်ဖြစ်၍ လမ်းခရီးလုံခြုံရေးအရ မပြောခြင်းဖြစ်သည်။

မြန်မာပြည်မြောက်ပျားစွန်းက ဂူဘားဆိုသောရွာကလေးမှာ သာတာ၊ ဒေါသ၊ မောဟ ကင်းသည့် တကယ့် ပဒေသာပင်ရွာကလေး ပင် ဖြစ်တော့သည်။ ထို့ကြောင့်လည်း ရွာမှလူများ အသက်ရှည်ကြပြီး ကျန်းမာရေးကောင်းကြခြင်း ဖြစ်ပေမည်။ ဝမ်ခမ်းအိုင်မှရေနှင့် တောင် ပေါ်မှ ဆေးပင်၊ ဆေးဥများကလည်း ကျန်းမာရေးကို အထောက်အကူ ပြုပေလိမ့်မည်။ ထိုညက ကျွန်တော်တို့ ဦးမရန်ရှုန်လော့ကျွေးသော ညစာထမင်းကိုစားကြပြီး သစ်လုံးအိမ်ကလေးထဲ၌ နွေးထွေးစွာအိပ် စက်ခဲ့ကြရသည်။

နောက်တစ်နေ့မနက်၌လည်း အိမ်ရှင် ဦးမရန်ရှုန်လော့ ညည်းခင်းကျွေးမွေးသော ခေါ်ပုတ်ကင်၊ ကောက်ညှင်းပေါင်းနှင့် ဖန်ခါး ရည်ကိုသောက်ပြီး ဦးမရန်ရှုန်လော့အား နှုတ်ဆက်၍ ကျောက်စိမ်းခြစ်များ

www.burmeseclassic.com



လက်ဆောင်ပေးပြီး ဂူဘားရွာကို ကျောခိုင်းထွက်ခွာလာကြတော့သည်။ ဂူဘားရွာမှ အရပ်ရှစ်မျက်နှာသို့ မျှော်ကြည့်လိုက်သော် ဆွတ်ဆွတ်ဖြူ နေသည့် ရေခဲတောင်ထွတ်ကြီးများ၊ တောစိမ်းစိမ်းကြီးများ ဝိုင်းရံနေ သည့်ရှုခင်းကို လွမ်းမောဖွယ်ရာ မြင်ရသည်။ နယ်ခြားကျောက်တိုင် အမှတ် (၄၇) နှင့် ဒီဖူလခါးတောင်ကြားလမ်း၊ ရှစ်ခွးဝမ်ချောင်းနှင့် အဒုံးဝမ်ချောင်းကြား၊ သဘာဝရုက္ခဗေဒဥယျာဉ်ကြီးနှင့် 'ဝမ်ခမ်းအိုင် ရေကန်ကြီးကိုနှုတ်ဆက်ရင်း ကျွန်တော်တို့ လှူစွန့်စားမှုဆိုးအဖွဲ့ ခရီး ဆက်ခဲ့ကြပါတော့သည်။ ရှမ်ခွးဝမ်ချောင်းနှင့်ယှဉ်၍ ဒဲ့ဒမ်းရွာအထိ ပြန်ဆင်းလာခဲ့ကြသည်။ ထို့နောက် အင်မိုင်ခချောင်းများဖြစ်သည့် အဒုံးဝမ်ချောင်းအတိုင်း 'တဆူထု' ကျေးရွာကလေးဆီသို့ ဆန်တက် ခဲ့ကြသည်။

တဆူထုကျေးရွာတွင် ရဝမ်တိုင်းရင်းသား၊ ထရုန်တိုင်းရင်းသား နှင့် တိဗက် လူမျိုးများ နေထိုင်ကြသည်။ လူဦးရေ (၁၀၀)ကျော်ခန့်သာရှိပြီး မြင်း တော်၏မြောက်ဖျားစွန်း၊ ကျေးရွာအုပ်စုကလေး ဖြစ်သည်။

ဤမြောက်ဖျားစွန်းဒေသကို ခရီးထွက်လာကတည်းက တွေ့မြင်တွေ့ကြုံ ဖြတ်ကျော်ရသောချောင်းတို့က များလှသည်။ ထိုချောင်းတို့ကို ကျေးရွာ လူထုကလမ်းတွင်၍ တံတားဆင်ထားကြခြင်း ဖြစ်ပေသည်။ လမ်းများ မှာ အများအားဖြင့် လူသွားလမ်းကျဉ်းကလေးများသာ ဖြစ်ပါသည်။ အချို့နေရာများတွင် တံတားများရှိကြသည်။ တံတားလေးများမှာလည်း ဝါးလုံးခင်းထားပြီး ကြိမ်၊ နွယ်တို့ဖြင့် တုပ်ထားခြင်းသာဖြစ်သည်။ တံတား လေးများကလည်း အမျိုးမျိုးရှိကြသည်။ ဝါးတံတား၊ ကြိမ်ဆယ်ကြိုး တံတား၊ ဝါးခြမ်းခင်းတံတားဟူ၍ ယာယီတံတားများသာ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒဖုံဒမ်းမှထွက်လာကတည်းက အင်မိုင်ခချောင်းများ၊ အဒုံးဝမ်ချောင်းနှင့်အတူ ဆန်တက်လာခဲ့ကြသည်။ ချောင်းက ရေစီးသန်လှသည်။ ကြိုးတံတားကို ဖြတ်ကျော်ကြရပြီးနောက် တောအုပ်ကြီးတစ်ခုအတွင်းသို့ ရောက်ကြသည်။ တောကြီးမှာ အလွန်နက်သည်။ တောင်ပေါ် အမြဲစိမ်းသစ်တောဖြစ်၍ လောက်ယားပင်၊ မဟော်ဂနီနှင့် ပျဉ်းကတိုးပင်များ အများစုပေါက်ရောက်ကြပြီး တောင်ခါးပန်းများပေါ်၌ ထင်းရှူး၊ အယ်လ်ပိုင်းနှင့် ဝက်သစ်ချပင်များ စုဝေးပေါက်ရောက်နေကြသည်။ တောကြီးမှာ တိတ်ဆိတ်ပြီး အေးချမ်းလှသည်။ တောကြီးသော်လည်း အကောင်ပလောင်ကို မမြင်ရ။ မျောက်အော်သံ၊ ချေဟောက်သံ၊ ဒေါင်းတွန်သံများကိုတော့ အဝေးဆီမှ ကြားနေရသည်။ ကျွန်တော်တို့ သေနတ်များအားမောင်းတင်၍ အသင့်ပြင်ဆင်ပြီး တောအုပ်ကြီးအတွင်းမှ ထွက်လိုက်သည်။

အပြင်ရောက်သည်နှင့် အဒုံးဝမ်ခေါ် အင်မိုင်ခချောင်းများကို ဘွားခနဲ တွေ့ရတော့သည်။ ချောင်းကမ်းပါးယံကြီးမှာ မြင့်မားမတ်စောက်လှသည်။ ပေ(၃၀၀)ခန့်မြင့်ပြီး စီးကျနေရာ ရေတံခွန်ကြီးဖြစ်နေသည်။ ရေတံခွန်အိုင်ကြီးအနီးတွင် တောဝက်အုပ်၊ ချေအုပ်နှင့် တာကင်အုပ်များက ရေသောက်ဆင်းနေကြသည်။ ရေကျသံ တဝေါဝေါကြောင့် ပတ်ဝန်းကျင်မှအသံပလံကို မကြားနိုင်သဖြင့် တောကောင်အုပ်ကြီးမှာ အနှောင့်အယှက်ကင်းစွာ ပျော်မြူးနေကြသည်။

ကျွန်တော်တို့လည်း အသားစိုရိက္ခာပြတ်နေသည်မှာ ကြာပြီဖြစ်၍ ပစ်ခတ်ရန် ညင်သာစွာ ချဉ်းကပ်ကြရတော့သည်။ ကျွန်တော်က တာကင်ဖိုကြီးတစ်ကောင်ကို ရွေးသည်။ မုဆိုးကြီးက တောဝက်တစ်ကောင်၊ မျောက်တင်သောင်းက ချေတစ်ကောင်၊ ကျော်ကြီးက ဝက်





သစ်ကောင်ကို ရွေးသည်။ ရေတံခွန်က ရေကျသံသာ ပတ်ဝန်းကျင်တစ်ခွင်လုံး လွှမ်းမိုးနေသဖြင့် ပစ်ကွင်းမှာငြိမ်လှသည်။ ပေ (၂၀၀)ခန့်သာ ဝေးပြီး အပေါ်စီးကပစ်ရသဖြင့် ကျွန်တော်တို့မုဆိုးများ တစ်ပန်းသာ ပါသည်။ မုဆိုးကြီးက လက်မထောင်၍ အချက်ပြသည်နှင့် ကျွန်တော်တို့ ပြိုင်တူပစ်ကြသည်။

"ဒိုင်း ...ဒိုင်း ...ဒိန်း ...ဒေါင်"

အနီးကပ်ပစ်မှတ်ဖြစ်၍ ပစ်ချက်မှာ ထိရောက်သေချာသည်။ တာကင်ဖိုကြီးတစ်ကောင်၊ ချေတစ်ကောင်နှင့် တောဝက်နှစ်ကောင်တို့ နေရာတွင်လဲသည်။ သေနတ်သံများမှာ ရေတံခွန်ကြီးကို ပဲ့တင်ရိုက်ခတ်သဖြင့် ကျန်တောကောင်များ အလွတ်ရုန်း၍ ပြေးကြသည်။ အတန်ကြာမှ ကျွန်တော်တို့ လျှိုအဆင်းတွင်းသို့ ခက်ခက်ခဲခဲ ဆင်းကြရသည်။ ထိုနေ့က နေ့လယ်စာကို ရေတံခွန်အိုင်ကြီးအနီးရှိ သောင်ခုံသဲစပ်ပေါ်တွင် ချေတစ်ကောင်ကိုဖျက်၍ လတ်ဆတ်သောအသားများကို ချက်ပြုတ်စားသောက်ကြသည်။ တောကောင်သားများကိုဖျက်၍ မုဆိုးကြီးနှင့် မျောက်တင်သောင်း ကြပ်တိုက်ကြသည်။ အသားစိမ်းများကိုလည်း ယူသည်။ သယ်ဆောင်ရန်ဝန်နှင့် လူအင်အားကမမျှ၍ အချို့အသားများကို ထားခဲ့ရသေးသည်။ မျောက်တင်သောင်းကတော့ ကျွန်တော်ပစ်သည့် တာကင်ချိုကြီးကို ယူဖြစ်အောင်ယူခဲ့သေးသည်။ မုဆိုးကြီးကတော့ သားကောင်သားရေများကိုဖျက်၍ လိပ်ယူသည်။

ကျွန်တော်တို့ကမ်းပါးပေါ် ခက်ခဲစွာပြန်တက်ကြပြီးနောက် ကမ်းပါးပေါ်ပြန်အရောက်တွင် မုဆိုးကြီးက အသားကြပ်တင်များနှင့် မျောက်တင်သောင်းထံမှ တာကင်ချိုကြီးအားတောင်းယူပြီး အရွက်ကြီးကြီး ဖက်စိမ်းများဖြင့် လုံခြုံအောင်ထုပ်သည်။ ပြီးနောက် …ခြင်းကြား



www.burmeseclassic.com

www.burmeseclassic.com



ကြီးရက်ကာ ထည့်သွင်းပြီး မဟော်ဂနီပင်ကြီး ခွဆုံပေါ်သို့တက်ကာ ကြိမ်ကြိုးများဖြင့် ချည်နှောင်ထားခဲ့သည်။

"မုဆိုးကြီး ... သစ်ပင်ပေါ်မှာဆိုတော့ ပုရွက်ဆိတ်တွေ၊ ခါချဉ်ကောင်တွေ မတက်နိုင်ဘူးလား"

"ဆရာလေး၊ ငါထုပ်ထားတဲ့အရွက်က 'လိန်ဆန်မြူးရွက်'။ အသားကို အစိမ်းထုပ်ထားလည်း မပုပ်မသိုးဘူး။ ပုရွက်ဆိတ်နဲ့ ခါချဉ်လည်း မတက်ဘူး။ မုဆိုးဆေးပင်လို့လည်း ခေါ်တယ်၊ ဒဏ်ရာအနာတရဖြစ်လို့ထည့်ရင်လည်း ချက်ချင်းပျောက်တယ်။ ထရန်လူပုလေးတွေနေကြတဲ့ 'အရှန်းဒန်း'ရွာကြီးကိုရောက်ဖို့ တစ်ညအိပ်နဲ့ တစ်မနက်ခရီးပဲလိုတော့တယ်၊ ဘာဖြစ်လို့ အလေးကြီးသယ်သွားမလဲ။ ရှေ့က တစ်ဆူထုရွာစားဖို့ လက်ဆောင်ပေးဖို့ အသားစိုတွေကိုတော့ နိုင်သလောက်သယ်ခဲ့ကြမယ်၊ အပြန်မှ ဒါတွေကို ပြန်သယ်မယ်။ ကဲ ... လာကြ၊ ဟိုဘက်မှာ ကြိုးတံတားတစ်ခုရှိသေးတယ်။ ကြိုးတံတားကို ကျော်ပြီး တောင်ကြီးတစ်လုံးကိုဖြတ်ပြီးမှ တဆူထုရွာကို ရောက်မယ်။ အဲဒီရွာမှာ ညအိပ်တည်းခိုကြရမယ်"

ကျွန်တော်တို့အုပ်စု ခရီးဆက်ခဲ့ရာ တောတန်းကလေးကိုလွန်တော့ ကြိမ်ကြိုးတံတားကြီးကို တွေ့ရသည်။ ကိုက် (၃၀၀)ကျော်ခန့် ရှည်လျားပေလိမ့်မည်။ ကြိုးတံတားအောက်ခြေတွင် ခင်းထားသည်က ဝါးသုံးလုံးသာဖြစ်သည်။ အောက်ခြေအကျယ်မှ (၃)ပေခန့်၊ အပေါ်အကျယ်မှာ (၄)ပေခန့်သာ ရှိသည်။ အပေါ်ကြိမ်ကြိုးကြီးနှင့် အောက်ကြိမ်ကြိုးကို ဘေးမှ ကြိမ်ကြိုးသေးသေးများဖြင့် ဆိုင်းထားသည်။ အောက်ကချောင်းမှာလည်း အတော်နက်သည်။ ဝါးလုံးထိုးစီးဆင်းနေသဖြင့် ရေစီးသံမှာ တဝေါဝေါတဝုန်းဝုန်းဖြင့် လိုဏ်သံပေါက်နေသည်။





"ဝေါ ... ဝေါ ... ဝေါ ... ဝုန်း ... ဝုန်း ... ဝုန်း"

ကြိမ်ကြိုးတံတားကို ဖြတ်ကူးကြတော့ ရင်မ,၍ အသက်ရှူများရသည်။ ဘုရားတ,၍ တလှုပ်လှုပ်ဖြတ်သန်းရသည်။ အောက်သို့သည်း ငုံ့မကြည့်ရဲပါ။ ဘေးမှ ကြိမ်နွယ်ကြိုးကိုကိုင်၍ လျှောက်လှမ်းရသော်လည်း ခြေလှမ်းတို့က တုံ့လာကြသည်။ ဒူးတို့က နှုံးလာသည်။ ကိုယ်ကိုကြို့၍ အသက်ရှူအောင့်ပြီး လက်များက ကြိမ်နွယ်များကို မြဲမြဲစွာဆုပ်ကိုင်၍ တစ်လှမ်းချင်းလှမ်းရသည်။ ရှေ့ဆောင်သွားနေသော မုဆိုးကြီး ဦးအမ်အင်ဆားက ဒေသခံဖြစ်၍ သွက်သွက်လှမ်းနေရာ ကြိုးတံတားမှာ ပိုမိုယိမ်းခါလာ၍ ရပ်နေရပြန်သည်။ ကိုယ့်ခြေထောက်နှင့် ကိုယ် မသွားလျှင် မရောက်သောခရီးဖြစ်၍ မရွံ့မရဲလှမ်းရပြန်သည်။ တံတားအောက်မှ ချောင်းရေစီးသံကြီးကို တဝေါဝေါ တဝုန်းဝုန်းကြားနေရသဖြင့် စိတ်ထဲက မဝံ့မရဲ။ ဘေးတစ်ဘက်တစ်ချက်မှ ကြိမ်နွယ်တန်းကို နိုင်မြဲစွာဆုပ်ကိုင်၍ တစ်လှမ်းချင်းသာ ရှေ့တိုးရသော်လည်း ရင်ထဲမှာ ငြိမ်သက်အောင် ဟန်ချက်ကိုမထိန်းနိုင်။ လူက ကြောက်ရွံ့၍ တုန်သည်လား၊ တံတားက လှုပ်သည်လားဆိုသည်ကိုပင် မစဉ်းစားသတ်။ ခြေနင်းရက္ကန်းစင်တွင် ရက္ကန်းခတ်နေသကဲ့သို့ပင် ခြေထောက်နင်းသက်များမှာ ဘယ်တစ်လှည့် ညာတစ်လှည့် မအားရအောင်ပင် လှုပ်ယက်ခတ် တုန်နေကြသည်။ သတ္တိရှိလှပါသည်၊ ဖွဲကောင်းလှပါသည်ဆိုသော မုဆိုးကျွန်တော်တို့မှာ တကယ်တမ်းကျတော့ လူသားများသာဖြစ်ကြ၍ အကြောက်တရားနှင့် မကင်းကြပါချေ။

ခြေထောက်များအောက်မှ ဒေါမာန်ထနေသည့် အင်မိုးစီချောင်းရေအလျဉ်ကလည်း တဝုန်းဝုန်း အသံပေးနေ၏။ ရှေ့ကြည့်ကြည့်တော့ လွင့်ပုံနေသည့် ကြိမ်ကြိုးတံတားကြီး၊ နောက်သို့ လှည့်ပြန်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သော် ကော့ထောင်နေသည့် ကြိ[illegible]တံတားကြီးကိုသာ ရှည်လျားစွာ မြင်တွေ့နေရသည်။ ထို့ကြောင့် ကျွန်တော်တို့လည်း အသည်းမအေးစေရန် ရဲဆေးတင်သည့်အနေဖြင့် မျောက်တင်သောင်းထံမှ Army Rum ပုလင်းကို့တောင်းပြီး အဖုံးဖွင့်၍ ရေမရောဘဲ မော့လိုက်ရပါတော့သည်။

တစ်ဖက်ကမ်းတံတားထိပ်ရောက်မှ သက်ပြင်းမောကို ဟင်းခနဲ ချမိသည်။ အပြန် ဤကြိုးတံတားကြီးအား ဖြတ်ရမှာကိုပင် လွန်စွာ စိတ်ပျက်မိသည်။ စ,ထားသောခရီးဖြစ်၍ မုဆိုးခြေထောက် ခရီးပေါက်စေရန် လှမ်းရပေဦးတော့မည်။ ရှေ့ကဦးဆောင်သွား၍ တံတားထိပ်တွင်ရောက်နှင့်နေသော မုဆိုးကြီးက ...

"ဆရာလေးတို့က ဖွဲတော့ရှိတယ်။ ဒါပေမဲ့ တယ်ပျော့တာပဲနားကြဦးမလား။ ရှေ့က တောင်တစ်လုံးကျော်ပြီးဆင်းတာနဲ့ တဆူရာရွာရောက်ပါပြီ"

"အေးဗျာ ... တောင်တစ်လုံးကျော်ရဦးမှာဆိုတော့ ခဏ္ဍနားကြတာပေါ့ မုဆိုးကြီးရယ်။ လူရောစိတ်ပါ အလွန်ပင်ပန်းတာပဲနော်"

"မုဆိုးတွေပဲ ဆရာလေးရယ်။ ဒါလောက်တော့ရှိမှာပေါ့။ ငါဆို ဒီခရီးတွေကို တစ်ယောက်တည်းသွားတာ များပါတယ်"

တံတားထိပ်တွင် ခဏ္ဍနားကြရင်း ကျွန်တော်တို့ Army Rum ကို တစ်လှည့်စီမော့ကြပြန်သည်။ မုဆိုးကြီးလည်း တစ်ငုံသောက်သည်။ သူလည်း ဒေသခံဖြစ်သော်လည်း လူသားသာဖြစ်၍ အနည်းနှင့်အများတော့ စိတ်လှုပ်ရှားပေလိမ့်မည်။ မြန်မာပြည်မြောက်ပျားမှ ဒေသခံတိုင်းရင်းသားတို့၏ဘဝကို ကျွန်တော်အလွန်စာနာမိသည်။ ဤသို့ ရာသီဥတုကြမ်းတမ်း၍ ခက်ခဲစွာသွားလာနေထိုင်ကြရသည့် သူတို့ဘဝကိုလည်း





အံ့ဩမိပါသည်။

တစ်တောင်တက်ပြီး တစ်ကုန်းဆင်းမှ တစ်ဆူထုရွာသို့ရောက်ကြသည်။ အိမ်ခြေ (၂၀)ခန့်သာရှိသော ရွာကလေးဖြစ်သည်။ ကျွန်တော်တို့ မုဆိုးကြီး၏အသိအိမ်တစ်အိမ်တွင် ညအိပ်နားခိုကြပြန်သည်။ ပါလာသောအသားစိုများအား လက်ဆောင်ပေးပြီး ညဘက်တွင် အိမ်ရှင်လီဆူးအဘိုးကြီးမိသားစုက ချေ့ခံသော တောင်ပေါ်အရက်၊ ခေါ်ပုတ်တင်နှင့် အသားဟင်းများကို စားကြရသည်။ ဤမြန်မာပြည်မြောက်ဖျားရွာများတွင် ဆန်ထမင်းမစားကြကြောင်း သိရသည်။ ပိန်းဥ၊ မျောက်ဥ၊ အသီးအနှံနှင့် အသားများပေါ်၍ မစားကြခြင်းလော၊ စပါးစိုက်ရန် မြေနေရာမရှိသဖြင့် မစားကြခြင်းလော မသိနိုင်ပါချေ။ အမျိုးသမီးများကတော့ လက်ဝတ်လက်စား ရွှေ၊ ငွေတို့ကို ပေါများစွာ ဝတ်ဆင်ထားကြသည်။

ညစာစားသောက်အပြီး မီးပုံဘေးတွင် ဝိုင်းထိုင်ကြရင်း ဖေါ်ရည်သောက်နေကြစဉ် ကျွန်တော်က မုဆိုးကြီး ဦးအမ်အင်ဆာအား မေးမိ သည်။

"မုဆိုးကြီး ... ဒီဒေသက ရွှေပေါသလား"

"အင်မိုင်ခမြစ်ဖျားပဲ အလွန်ပေါတာပေါ့ ဆရာလေးရယ်။ ငါတို့ရှေ့ဆက်သွားမယ့် ထရွန်လူပုကလေးတွေ နေထိုင်ကြတဲ့ အရွှန်းအမ်းရွာမှာဆိုရင် ရွှေကိုမြေကြီးထဲက အတုံးအခဲလိုက်ရတာ။ သူတို့က ရွှေမကျင်ကြဘူး။ လိုသလောက်တူးလို့ ရနေတာ။ သူတို့နဲ့အဆင်ပြေရင် ရွှေတုံးရွှေခဲတွေတောင် လက်ဆောင်ပေးတတ်တယ်။ အဲဒီရွာရောက်ရင် ဆရာလေးတို့ကို ကြိုတင်မှာထားဦးမယ်။ သူတို့ကျွေးတာကိုစား။ သူတို့ တိုက်တာကိုသောက်၊ မငြင်းနဲ့။ ငြင်းရင်သူတို့က မကြိုက်ဘူး။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကလည်းပေးနိုင်တဲ့ လက်ဆောင်ကလေးတွေကိုပြန်ပေးရင် သူတို့က အလွန်သဘောကျတယ်။ မီးပုံပွဲမှာ က,ဖို့လာခေါ်ရင်လည်း က,လိုက်။ မရှက်နဲ့။ မှားလည်း ကိစ္စမရှိဘူး။ အရေးအကြီးဆုံးမှာချင်တာက ပေးတာကိုယူ၊ ကျွေးတာကိုစား မငြင်းနဲ့။ အလိုက်သင့်နေ။ အဲဒါ အရေးအကြီးဆုံးပဲ''

''ဟုတ်ကဲ့ပါ မှဆိုးကြီး''

❑

နောက်တစ်နေ့မနက်တွင် မနက်စာစားကြပြီး တရေ့ထုရွာမှ ထွက်လာကြ၍ အင်မိုင်ခချောင်းများအတိုင်းလိုက်၍ တစ်နေ့ခရီး တောင်တက်တောင်ဆင်းလမ်းကို လျှောက်ကြရသည်။ ချောင်းမြောင်း၊ လျှိုများကို ဖြတ်ကျော်ကြရ၍ ခရီးကမတွင်ပါ။ (၁၀)မိုင်ကျော်ခရီးကို တစ်နေကုန်အောင် သွားကြရသည်။ အရှန်းဒမ်းရွာရောက်ခါနီး ညနေစောင်းတွင် အင်မိုင်ခချောင်းလက်တက်တစ်ခုကို ဖြတ်ကျော်ရန်အလုပ် တစ်ဖက်ကမ်း၌ ရေသောက်ဆင်းပြီး အိပ်နေကြသော တာကင်အုပ်နှင့် တိုးတော့သည်။ ကျွန်တော်တို့လည်း ရုတ်တရက်ဖြစ်၍ မမြင်မိ။ ရှေ့သို့ ကြားပြီး လူနံ့ရသဖြင့် တာကင်ကောင်များ အိပ်ရာကလန့်အထွင်မှ မြင်ကြရသဖြင့် ကျွန်တော်တို့လည်း ချောင်းရေထဲမှ အောက်တန်းထိုး ထခတ်ကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း . . . ဒိန်း . . . ဒိန်း . . . ဒေါင်"

ပစ်ကွင်းက အနီးကပ်ဖြစ်သဖြင့် တာကင်ဖိုမ (၄)ကောင် ကျကျန်ခဲ့ပြီး ကျန်တာကင်အုပ်ကြီး ဝရုန်းသုန်းကား ပြေးတော့သည်။ ထိုစဉ် မုဆိုးကြီးက . . .

"အတော်ပဲ . . . ဆရာလေးတို့ လူပုလေးတွေရွာကို လက်ဆောင်ပေးဖို့ ဟန်ကျပြီ။ ဒီညတော့ မီးပုံပွဲနဲ့ အတော်ပျော်စရာကောင်းလိမ့်မယ်"

"လူပုကလေးတွေရွာက ဒီကနေ အတော်လှမ်းသေးသလား မုဆိုးကြီး"

"မဝေးတော့ဘူး ဆရာလေး။ ဒီတောင်ကြီး ကျော်ပြီးတာနဲ့ တောင်ခြေ မြေပြန့်လွင်ပြင်မှာ အရှန်းဒမ်းရွာကြီးရှိတယ်။ တဆူဆူနဲ့ အရှန်းဒမ်းက (၁၀)မိုင်လောက်ပဲဝေးတာ။ လမ်းခရီးက ကြမ်းတော့ တစ်နေကုန်တာပဲ။ ကဲ . . . ဆရာလေး မျောက်တင်သောင်းရေ သားကောင်တွေကို ဖျက်ဖို့လည်း အချိန်မရတော့ဘူး။ သယ်လည်း မသယ်နိုင်တော့ဘူး။ ခေါင်း(၃)ခေါင်းကိုသာဖြတ်ပြီး ယူကြမယ်။ တာကင်ခေါင်းတွေကို ရွာသူကြီးကိုလက်ဆောင်ပေးပြီး သူ့အိမ်မှာတည်းကြမယ်။ ကိုယ်တွေကိုတော့ သူ့ရွာက လူပုကလေးတွေကို လာသယ်ခိုင်းလိုက်မယ်။ ကဲ . . . သွားကြစို့"

ကျွန်တော်တို့အဖွဲ့ အရှန်းဒမ်း ရွာသူကြီးအိမ်ရောက်သော နေဝင်ပေပြီ။ တောင်ခေါ်ဒေသဖြစ်၍ နေဝင်သော်လည်း အလင်းရောင်က ရှိနေသည်။ မုဆိုးကြီးကိုမြင်တော့ သူကြီးက ဖက်လဲတကင်း ကြိုဆိုသည်။

"လာဟေ့ . . . အင်ဆား၊ ဒီဘက်လှည့်မလာတာ အတော်ကြာ





ပြီနော်။ ညှော်သည်တွေလည်း ပါလာတာကိုး။ ဩော် . . . တာကင်ခေါင်းတွေ အများကြီးပါလား။ ညှော်သည်တွေက မုဆိုးတွေထင်ပါရဲ့နော်"

"ဟုတ်တယ် သူကြီး။ ငါ ညှော်သည်တွေကို လိုက်ပို့တာ။ သူတို့က ဒီရွာကို လာချင်ကြလို့လေ။ အစိုးရအရာရှိတွေပဲ"

မုဆိုးကြီးက သူကြီးနှင့်ကျွန်တော်တို့ကို မိတ်ဆက်ပေးသည်။ ကျွန်တော်တို့ တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်ကြပြီး တာကင်ခေါင်း (၃)လုံးကို လက်ဆောင်ပေးလိုက်ပြီး သူကြီးမှာ အလွန်သဘောကျနေသည်။ မုဆိုးကြီးက တာကင်ကောင်များအားလည်း သွားရောက်သယ်ယူရန်ပြောရာ သူကြီးက ချက်ချင်းပင် မောင်း တဒူဒူထုတော့သည်။ မောင်းသံမှာ စီစီဝေဝေရှိလှသည်။ ကျွန်တော်တို့ ကြားဖူးသော ကြေးဝါမောင်းသံမျိုးမဟုတ်။ 'ဒူ . . . ဟူ . . . ဟူ' ဟု မမြည်။ 'ဒူ . . . ချန် . . . ချန်' ဟု အသံမြည်နေသည်။ အသံမှာ ကြေးမောင်းထက်သာသည်။ လွင်သည်။ စည်စည်လွင်လွင်ရှိသည်။ မုဆိုးကြီးပြောပြမှ ငွေအစစ်မောင်းမှန်း သိရသည်။ မကြာမီ အရပ် (၄)ပေခန့်စီသာရှိသော ထရှန်လူပုကလေးများ ရောက်လာကြသည်။

ရွာသူကြီးမှာ သူလိုကိုယ်လို အရပ်အမောင်းရှိသော်လည်း မောင်းသံကြား၍ ရောက်လာကြသူများမှာ အလွန် အရပ်ပုကြသည်။ လူတာပုသော်လည်း ခန္ဓာကိုယ်က သန်စွမ်းဖျတ်လတ်သည်။ မျက်နှာမှိုင်း၍ နှာတံတိုသည်။ အတွင်းအင်္ကျီပေါ်မှ စောင်ဖျင်ပိုင်းကို ဘယ်ပခုံးတွင် စလွယ်သိုင်းခြုံ၍ ချည်နှောင်ထားကြသည်။

ရွာသူကြီးက သူတို့ဘာသာစကားဖြင့် ပြောလိုက်သည်တွင် သူကြီးအိမ်မှ ကြိုးများ၊ ထမ်းပိုးများယူ၍ ထွက်သွားကြသည်။ တာကင်များအား သွားရောက်သယ်ဆောင်ရန် ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူကြီးက ဒုတိယအကြိမ် ရွှေမောင်းကြီးကို ထု ပြန်သည်။

"ဒူ ... ဒူ ... ဒူ ... ချွင် ... ချန် ... ချွမ်"

လူပုကလေးများနှင့် အမျိုးသမီးအချို့ ရောက်လာကြပြန်သည်။ သူကြီးကစေခိုင်းသည်နှင့် ချက်ပြုတ်ရန် ပြင်ဆင်ကြတော့သည်။ အမျိုးသမီးကလေးများမှာ အင်္ကျီမဝတ်ကြ။ အပေါ်ပိုင်းတွင်သာ ရင်စည်း ပဝါစည်းထားပြီး အောက်ပိုင်းတွင် ဂျပ်ခုတ်သင်တိုင်းအတိုကို ဝတ် ထားကြသည်။ သူတို့လည်း လူပုကလေးများအတိုင်းပင် အရပ်ပုပြီး ခန္ဓာကိုယ်အချိုးအဆက် တောင့်တင်းကြသည်။ ထူးဆန်းသည်ကတော့ ရွှေလည်ဆွဲနှင့် လက်ကောက်၊ ခြေချင်းများကို မိန်းမတိုင်းပင် ပြည့် စုံစွာ ဝတ်ဆင်ထားကြသည်။

မုဆိုးကြီးက သူကြီးနှင့် ဖခါးရည်သောက်ရင်း စကားပြောနေ သည်။ ကျွန်တော်တို့နားမလည်သော ဘာသာစကားဖြစ်သည်။ ရခိုင် ဘာသာလည်း မဟုတ်၊ ကချင်ဘာသာစကားလည်း မဟုတ်ပါ။ တောင်ပေါ် ထရန်ဘာသာစကား ဖြစ်ပါလိမ့်မည်။ ထိုစဉ် မုဆိုးကြီးက ကျွန်တော် တို့ဘက်လှည့်ပြီး မြန်မာစကားဖြင့် ...

"ဆရာလေး ... မနက်ဖြန် လက်ဖွယ်နေ့ညမှာ သူတို့ ထမင်း နတ်ပူဇော်ပွဲလုပ်မှာမို့ သားကောင်တွေပေးတာကို အလွန်ကျေးဇူးတင် တယ်တဲ့။ ဒီညလည်း ညစ်ခံပွဲလုပ်ပေးပါမယ်တဲ့။ အပြန်ကျရင်လည်း လက်ဆောင်ပြန်ပေးပါမယ်တဲ့။ ဒီရွာမှာ ပျော်သလောက်နေဖို့လည်း ပြော ပါတယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်လို့ပြောပေးပါ မုဆိုးကြီး"

မုဆိုးကြီးက ...





"အော့အာအဲ ... ဖန်ဒဲဘိုင် ... အဒွန်ဂါအီ"

သူကြီးကလည်း ကျွန်တော်တို့ဘက်လှည့်၍ နှုတ်ဆက်စကား ပြောပါသည်။

"အော့အာအဲ ... ဖာမရာအေး ... ဖန်ဒဲဘိုင် ... အဒွန် ဂါအီ"

ရဝမ်စကားဖြစ်၍ ကျွန်တော်နားလည်ပါသည်။ 'ကျေးဇူးတင် ပါတယ်။ ကျန်းမာကြရဲ့နော်' ဟု မုဆိုးကြီးက ရဝမ်စကားဖြင့်ပြောရာ ၍ သူကြီးကလည်း ရဝမ်ဘာသာစကားဖြင့် ပြန်လည်နှုတ်ဆက်ခြင်း ဖြစ်သည်။

ကျွန်တော်တို့ စကားပြောနေကြစဉ် ထရန်လူပုကလေးများ ကျွန်တော်တို့ပစ်ခဲ့သော တာကင်ကောင်အသေများကိုထမ်း၍ တစ်ပျော် တစ်ပါးကြီး ပြန်လာကြသည်။ ရောက်သည်နှင့် စောင့်နေသောအဖွဲ့က သားကောင်များအားဖျက်ကြပြီး ဝမ်းတွင်းသားများအား ချက်ကြသည်။ ချက်ကြသည်ဆိုခြင်းထက် ပြုတ်ကြသည်ဆိုခြင်းက ပိုမှန်ပါလိမ့်မည်။ ထို့ကြောင့်လည်း မုဆိုးကြီးက သူကြီးအားခွင့်တောင်းပြီး ကျွန်တော် တို့တွင်ပါလာသည့် ချင်း၊ ငရုတ်သီး၊ ဆီ၊ ဆားနှင့် ဟင်းခတ်အမွှေး အကြိုင်များအား ထည့်သွင်း၍ချက်စေရာ လတ်ဆတ်သော ကလီစာ ဟင်းမှာ မကြာခင် သင်းပျံ့သောဟင်းအနံ့ ထွက်လာသည်။ လူပုကလေး များမှာ သဘောကျလွန်း၍ ပိုင်းအော်နေကြသည်။

"လီစုန်စူးကိုး ... ပလဲဘလူး ... ဟတိုင်ရယ်"

(သိပ်ကောင်းတယ်၊ အရမ်းကောင်းတယ်ဟု အဓိပ္ပာယ်ရ သည်။)

ဟင်းကျက်သည်နှင့် ကျွန်တော်တို့ရှေ့သို့ အမြည်းဟာထောင်း



www.burmeseclassic.com

www.burmeseclassic.com



ထောင်းထနေသော အူကလီစာဟင်းများ ရောက်လာသည်။ ထိုအခ
တွင် သူကြီးအိမ်အပေါ်ထပ်မှ အရပ်ထောင်ထောင်မောင်းမောင်းနှ
တောင့်တင်းသော ကိုယ်နေဟန်ထားဖြင့် အမျိုးသမီးငယ်နှစ်ဦး ထွ
လာသည်။ တစ်ဦးက ပဝါအနီရောင်စည်းထားသော စဥ့်အိုးမည်းမည်
လေးတစ်လုံးကိုယူလာပြီး တစ်ဦးက ရွှေရောင်ပြောင်ဝင်းနေသည့် ခွ
ကလေးများကို ယူလာသည်။

ပြီးနောက် ကျွန်တော်တို့ရှေ့တွင်ချ၍ အရက်ဖြည့်ပေး
သောက်ရန် လက်ဟန်ခြေဟန်ဖြင့် ပြသည်။ သူကြီးက မြန်မာစကာ
အနည်းငယ်တတ်သဖြင့် အမျိုးသမီးငယ်နှစ်ဦးမှာ သူကြီးသမီးများဖြ
ကြကြောင်း သိရသည်။ သူတို့နှစ်ဦးကတော့ အရပ်မပု။ သူကြီးလို
အရပ်ရှည်ကြသည်။ ဟင်းခပ်ရန်လည်း ရွှေဇွန်းကလေးများကို ချပေ
သည်။ ရွာတွင်လုပ်ဟန်တူသော ရွှေဇွန်းကလေးများမှာ လက်ရာမကော
လှသော်လည်း အလေးချိန်နှစ်ကျပ်သားစီခန့်စီးမည်ဟု ကျွန်တော်
ခန့်မှန်းမိသည်။ အရသာရှိလှသော ဟင်းကိုမြည်းရင်း သူကြီးမှာ အလွ
သဘောကျနေရှာသည်။ သူတို့ရိုးရာဓလေ့အရတော့ ဆီမပါ၊ ပြုတ်
သောဟင်းကိုသာ စားကြရဟန်တူလေသည်။

ကျွန်တော် အရက်ကို တစ်ငုံသောက်ကြည့်ရာ ချိုပြင်းကလေ
ဖြစ်သည်။ `တောင်ပေါ် ကချင်အရက်လို မနံပါ။ သောက်၍ အလွ
ကောင်းသည်။ မုဆိုးကြီးပြောပြ၍ နှစ်ချို့ ဝါးသီးအရက်ဖြစ်ကြော
နှင့် ဆေးဖက်ဝင်ကြောင်း၊ အားရှိကြောင်း သိရသည်။ ညှော်သည်လာ
အထူးညှော်ခံသော အရက်ဖြစ်ကြောင်းလည်း သိရသည်။ ထူးဆ
သည်မှာတော့ သက်သတ်လွတ်စား၍ အရက်မသောက်သော ပုဏ္ဏာ
တင်ဦးမှာ မုဆိုးကြီး အမှာစကားကြောင့်လား မသိ၊ ထရှန်အရက်





သောက်နေခြင်းဖြစ်သည်။ ညစာထမင်းစားရန် အခြေအနေမမြင်သဖြင့်
ကျွန်တော်တို့ ကလီစာဟင်းကိုသာ ဖိတွယ်ကြသည်။ ပုဏ္ဏားတင်ဦးက
တော့ အသားတော့မစားပါ။ အရက်ကုန်သည်နှင့် မိန်းမပျိုကလေးများ
ထပ်ထည့်ပေးကြပြန်သည်။ မကြာမီ ဗုံသံကြားရပြီး အိမ်ရှေ့ရှိမီးပုံကို
ဝိုင်း၍ မိန်းမပျိုးကလေးများ က,နေကြသည်။ အရက်တစ်အိုးကုန်ခါ
နီးတော့ သူကြီးက 'အဒွန့်ဆီ'ဟုအော်သည်နှင့် မိန်းမပျိုနှစ်ဦး အရက်
အိုးထဲသို့ဝင်လာပြီး ကျွန်တော်တို့နှင့်အတူ အရက်တစ်ခွက်တည်း
နှစ်ဦးပြိုင်တူသောက် ကြရသည်။ ကျွန်တော်တို့လည်း အလွန်ပျော်နေ
ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

❑

မကြာမီပုံသံမှာ မြူးကြွလာပြီး လက်တွဲကနေသော အမျိုး
သမီးငယ်များ မီးပုံဘေးက,နေရာမှထွက်ကြပြီး အတွဲများကိုယ်စီဝင်၍
က,ရန် နေရာယူကြသည်။ ထိုစဉ် သူကြီးသမီးနှစ်ဦးက ကျွန်တော်နှင့်
မျောက်တင်သောင်းအား လက်ဆွဲခေါ်ပြီး ခြေဟန်လက်ဟန်ပြ၍ မီးပုံဘေး
အကပိုင်းထဲသို့ဆွဲသွင်းတော့သည်။ ကျွန်တော်တို့ အားတုံ့အားနာဖြစ်
နေကြစဉ် သူကြီးနှင့်မုဆိုးကြီးက ခေါင်းညိတ်ပြသည်။

ကျွန်တော်တို့ မီးပုံဘေးရောက်တော့ ဗုံသံအလိုက် အမျိုးသမီး
များက ဦးဆောင်သလို လိုက်၍က,ရတော့သည်။ တဖြည်းဖြည်းသဘော
ပေါက်လာ၍ က,ကွက်မှာ ဟန်ချက်ညီသွားတော့သည်။ သို့သော် လူ
အတွဲကလေးများဖြင့် အတူက,ရသဖြင့် ကလေးနှင့်လူကြီးအတွဲ ဖ
သလို ရယ်စရာတော့ကောင်းနေသည်။ အရက်ကလေးဝင်ထားသဖြင့်
သွေးပူလာတော့လည်း မရှက်တော့ပါ။ ရဲတင်း၍ ပျော်စရာအလွန်
ကောင်းလာသည်။





ကျွန်တော်တို့ က,ကြပြီး ခေတ္တရပ်နားနေစဉ် စားစရာအသီး
အနှံမျိုးစုံနှင့် ကန်စွန်းဥပြုတ်၊ ပိန်းဥပြုတ်၊ ဝဥပြုတ်များ ရောက်လာ
သည်။ ကျွန်တော်တို့က အသီးအနှံကိုသာစားသော်လည်း ပုဏ္ဏားတင်ဦး
အတွက်တော့ ဥပြုတ်များက အဆင်ပြေလှသည်။

ကျွန်တော်တို့ စားပြီး က,ကြပြန်သည်။ ဘယ်နှစ်ကျော့မှန်း
ပင် မမှတ်မိတော့။ ညဥ့်သန်းခေါင်ယံအချိန်ရောက်၍ သူကြီးကမောင်း
ထုပြီး အခမ်းအနားကို ရုပ်သိမ်းကြသည်။ ထိုစဉ် သူကြီးသမီးအကြီးမ
က ကျွန်တော်၏အိတ်ကပ်ထဲသို့ တစ်စုံတစ်ရာကို ထိုးထည့်ပေးသွားပြီး
အိမ်အပေါ်ထပ်သို့ ပြေးတက်သွားတော့သည်။

ညဥ့်နက်ပြီဖြစ်၍ ကျွန်တော်တို့အဖွဲ့ သူကြီးအိမ်အောက်ထပ်
ကွပ်ပျစ်များပေါ်တွင် တန်းစီ၍ အိပ်ကြရသည်။ မီးဖို၌ ချက်ပြုတ်နေ
ကြသူများ၊ ပစ္စည်းသိမ်းနေကြသူများကတော့ အနားမယူနိုင်ကြသေး
ပါ။ ကျွန်တော်တို့လည်း ပင်ပန်းလွန်း၍ နှစ်ခြိုက်စွာ အိပ်ပျော်သွားကြ
ပြီး မနက်မိုးလင်းမှ တစ်ရေးနိုးတော့သည်။

မနက်စာအား ကောက်ညှင်းပေါင်း၊ ကန်စွန်းဥပြုတ်၊ ပိန်းဥ
နှင့် မျောက်ဥပြုတ်ကို အသားဟင်းများဖြင့် တွဲဖက်စားသောက်နေကြ
စဉ် ယနေ့ည ယဇ်နတ်ပူဇော်ပွဲအတွက် ရွာလေ့ထုံးစံအတိုင်း ရိုးရာ
အမဲလိုက်ပွဲတော်ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်မလားဟု သူကြီးက
မေးမြန်းလာပါသည်။ ကျွန်တော်တို့လည်း မုဆိုးအလုပ်ကို ဝါသနာပါ
သည့်အလျောက် ခေါင်းညိတ်အဖြေပေးလိုက်ရာ မုဆိုးကြီးက လမ်း
များစေရန်အတွက် နေရာသစ်သို့မသွားဘဲ ကျွန်တော်တို့လာရာလမ်း
ဘက်သို့သာသွားရန်နှင့် သတိထားကြရန် မှာကြားပါသည်။

မနက်(၉)နာရီခန့်တွင် စားမြိန်စာထုပ်ကိုယ်စီ၊ လေးဘူးကိုယ်စီ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လက်နက်ကိုယ်စီဆွဲ၍ ရွာခံမုဆိုးများနှင့် ကျွန်တော်တို့ အရှေ့အနောက် တောင်မြောက်ခွဲကာ တောထဲဝင်ခဲ့ကြပါသည်။ ရွာခံမုဆိုးလူပုကလေးများမှာ ဆိပ်လူးမြားနှင့် တူမီးသေနတ်သာကိုင်ကြ၍ ကျွန်တော်တို့က ကျည်ဆန်သုံးသေနတ်ကိုကိုင်ကြ၍ တစ်ပန်းသာပါသည်။ သို့သော်လည်း နယ်မြေဒေသကျွမ်းကျင်မှုနှင့် သားကောင်များရှိနိုင်သည့်နေရာကို သိခြင်းမှာတော့ သူတို့ကသာပါလိမ့်မည်။ ကျွန်တော်တို့ကလည်း အပျော်သဘောမျှသာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ သူတို့ရိုးရာ ပြိုင်ပွဲစည်းကမ်းများကိုလည်း နားမလည်ပါ။

ကျွန်တော်နှင့် မုဆိုးတင်သောင်းတို့ ယမန်နေ့က လာလမ်းအတိုင်းပင် တောင်ကြီးကိုကျော်၍ ကြိမ်ကြိုးတံတားဘက်သို့ဦးတည်ပြီး ထွက်ခဲ့ကြသည်။ မုဆိုးကြီးမှာကြားသည့်အတိုင်း တောနက်ထဲဝင်ပြီး လမ်းမမှားစေရန်လည်း ဖြစ်သည်။ ကံကောင်းသည်ဟုဆိုရမည် ထင်ပါသည်။ ကျွန်တော်တို့ မနေ့ကပစ်ခတ်ခဲ့သော လျှိုကြီးအတွင်း သဲသောင်ပေါ်၌ပင် စိုင်အုပ်နှင့် တောဝက်အုပ်ကြီး ရေသောက်ဆင်းပြီး နေပူစာလှုံနေကြသည်။ ဤဘက်ကမ်းမှာဖြစ်၍ ကျွန်တော်တို့ ချောင်းကိုဖြတ်စရာမလိုပေ။ ချောင်းကမ်းပါးယံမှာ ကိုက် (၃၀၀)ခန့် နက်ရှိုင်းသဖြင့် အပေါ်စီးက ပစ်ရမည်ဖြစ်၍ တစ်ပန်းသာသည်။ သို့သော် မျောက်တင်သောင်းယူလာသည့်သေနတ်မှာ နှစ်လုံးပြူးသေနတ်ကြီးဖြစ်၍ Range မမီပါ။ အလှမ်းကွာဝေးသဖြင့် ထိရောက်မှုမရှိနိုင်ပါ။ ကျွန်တော်ကိုင်ဆောင်သော ဒသမ. ၃၀၃ အင်္ဂလိပ်ရိုင်ဖယ်ကြီးကတော့ ထိရောက်နိုင်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ နေရာရွေးချယ်ကြသည်။

ကမ်းပါးချောက်အစွန်း မဟော်ဂနီပင်ကြီး အခြေကိုကပ်၍ နေရာယူကြရင်း လေးကန်စွာလှုပ်ရှားနေကြသည့် ပြောင်အုပ်အထဲမှ





အကြီးဆုံးနှင့် ဦးချိုအလှဆုံးဖြစ်သော 'ပြောင်ထီးပိုး'ကြီးကို ကျွန်တော်ရွေးချယ်လိုက်ပါသည်။ ပြောင်ထီးပိုးကြီးမှာ ပြောင်အုပ်စုခေါင်းဆောင်ဖြစ်ဟန်တူသည်။ ပြောင်မများ နေပူစာလှုံနေစဉ် သူက ကမ်းစပ်သောင်ခုံပေါ်တွင် လှည့်ပတ်စောင့်ကြပ်နေပြီး ကင်းစောင့်နေခြင်းဖြစ်သည်။ ကျွန်တော် ဒသမ. ၃၀၃ အင်္ဂလိပ်ရိုင်ဖယ်ကြီးကို တည်ငြိမ်စေရန်မဟော်ဂနီပင်ခြေကိုကပ်၍ မုဆိုးထိုင်ထိုင်ပြီး အကျအန နေရာယူသည်။ ပစ်မှတ် ရှေ့ချိန်သီးနှင့် နောက်ချိန်မှတ်ဗဟို တစ်တန်းတည်းဖြစ်သည်နှင့် ပထမခလုတ်ကို အသာဆွဲ၍ ဒုတိယခလုတ်ကို အသက်အောင့်ပြီး ညင်သာစွာ ဆွဲလိုက်တော့သည်။

"ဒိုင်း"

ကော်ဒိုက်ယမ်းပေါက်ကွဲသံနှင့်အတူ ပြောင်ထီးပိုးကြီး၏ လက်ပတ်နောက်ကို ဒသမ . ၃၀၃ ရိုင်ဖယ်ကျည်ဆန်က ဖောက်ထွင်းဝင်ရောက်သွားသည်။ အချိန် (၃၀၀) ခန့်ရှိမည်ဖြစ်သော ပြောင်ထီးပိုးကြီးမှာ ကမ်းစပ်တွင် လည်ပြန်လည်၍လဲသည်။ ရေသောက်ဆင်းနေသော တောဝက်အုပ်က သေနတ်သံကြောင့် အရင်ဆုံးပြေးသည်။ နောက်က ပြောင်အုပ်ကြီးကလည်း ကမူးရှူးထိုးပြေးလိုက်ပြီး တောထဲဝင်သွားတော့သည်။

"ဆရာ့လက်ကလည်း တစ်ချက်တည်းပဲနော်။ ပြောင်ထီးပိုးကြီး လှုပ်တောင်မလှုပ်တော့ဘူး"

"ချက်ကောင်းကို မှန်တာလေကွာ။ ဒါကြောင့် ငါ ပဲခူးရိုးမနဲ့ တနင်္သာရီရိုးမတွေမှာ တာဝန်ကျကတည်းက ဒသမ. ၃၀၃ ရိုင်ဖယ်ကြီးကို သဘောကျခဲ့တာ။ ဝေးဝေးနီးနီး ထိချက်က စိတ်ချရတယ်။ အခုလည်း အပေါ်စီးကပစ်ရပြီး နေရာယူတာမှန်တော့ ထိရောက်မှုရှိ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

"ဆရာ . . . ဘယ်လိုလုပ်ကြမှာလည်း ဒီကောင်ကြီးကို ကျွန်တော်တို့နိုင်မှာ မဟုတ်ဘူး"

"ထားလိုက်ပါ။ သူတို့ဘာသာ မနေ့ကလို လာသယ်ကြလိမ့်မယ်။ အခုမင်းလုပ်ရမှာက သူကြီးသမီးတွေအတွက် လက်ဆောင်ပေးဖို့ သစ်ခွပန်းခူးရမယ်။ ဟိုမှာတွေ့လား။ မဟော်ဂနီပင်ကြီးရဲ့ ချောင်းဘက်ကျနေတဲ့ ကိုင်းမကြီးပေါ်မှာ 'တစ်ခိုင်လုံးငွေ'လို့ မြန်မာလိုခေါ်တဲ့ 'ဒမ်ဒရိုဘီယမ်'မျိုးနွယ်ဝင် သစ်ခွပန်းအုံကြီး ပွင့်ခိုင်တွေဝေနေတာ။ အဲဒါ ရှားပါးသစ်ခွမျိုးနွယ်ဝင်ပဲ။ ပွင့်ခိုင်တွေကို မထိခိုက်အောင်တော့ သတိထား။ အလွန်တန်ဖိုးကြီးတယ်။ ချောင်းဘက်ကို ကိုင်းကျနေတော့ အန္တရာယ်လည်း အလွန်ကြီးတယ်။ သတိတော့ထားပါ"

"ဟုတ်ပါရဲ့ ဆရာရယ်။ တစ်ပွင့်ပေါ်တစ်ပွင့် ထပ်ပြီးပွင့်နေလိုက်ကြတာ တအားလှပြီး အားရစရာကြီးပဲ။ ကျွန်တော်အစောကမမြင်မိဘူး။ ဆရာက မျက်စိအတော်ရှင်တာပဲ"

"မုဆိုးဆိုတာ သားကောင်ကိုချည်း မဲနေလို့မရဘူးလေကွာ။ ပတ်ဝန်းကျင်ကိုလည်း သတိထား လေ့လာရမယ်။ မင်းရှေ့ဆက်မုဆိုးလုပ်ဦးမယ်ဆိုရင်တော့ ငါပြောတာကို မှတ်ထား။ ဘယ်တော့မှမမှားဘူး"

"ဟုတ်ကဲ့ပါ . . . ဆရာ။ ဒါနဲ့ညက ဆရာ့ကောင်မကလေးက ဆရာ့ကို ပစ္စည်းလေးတစ်ခု အိတ်ထဲထည့်ပေးလိုက်တာ တွေ့လိုက်ရပါတယ်။ အဲဒါ ဘာအဓိပ္ပာယ်လဲ ဆရာသိသလား"

"မသိပါဘူးကွာ။ သူပေးတာနဲ့ ငါလည်းအိပ်ချင်မူးတူးနဲ့ အိပ်ထဲထိုးထည့်လိုက်တာပဲ။ ဘာပါလိမ့်။ ဟော့သည့်မှာ ကြည့်"





ပဝါဖြူနှင့်ထုပ်ထားသော ရွှေလက်စွပ်ကလေးတစ်ကွင်း မြင်သည်။ လက်စွပ်မှာ မိန်းမဝတ်သော လက်စွပ်အရွယ်သာဖြစ်သည်။

"ကျွန်တော်သိတယ် ဆရာ။ အဲဒါဆရာ့ကို ကောင်မကလေးကလက်ခံကြောင်း အထိမ်းအမှတ်ပြတာပဲ။ ကျွန်တော် မုဆိုးကြီးကို မေးကြည့်လို့ သိရတာ။ ဆရာကတော့ ကံအလွန်ကောင်းတာပဲ။ ကျွန်တော့် ကောင်မလေးကတော့ ကျွန်တော်နဲ့တွဲကပေမဲ့ ပဝါမပေးဘူးဗျ"

"မင်းညံ့လို့ပေါ့။ ကဲ . . . တက်မှာသာ တက်စမ်းပါကွာ။ ပြီးမှနားနားနေနေ ထမင်းစားရင်း ပြောကြတာပေါ့"

"ဟုတ်ကဲ့ . . . ဆရာ"

ကျွန်တော့်တပည့် မျောက်တင်သောင်းမှာ မျောက်ကဲ့သို့သစ်ပင်တက်ကျွမ်းကျင်၍ မှည့်ခေါ်ထားသော အမည်ဖြစ်ပေသည်။ သစ်ပင်ပေါ်သို့ ကျွမ်းကျင်စွာတက်၍ သစ်ခွပန်းအုံကြီးအား မုဆိုးဓားဖြင့် အသာခွာပြီး တယုတယကိုင်၍ သစ်ပင်ပေါ်မှ ပြန်ဆင်းလာသည်။ သစ်ခွပန်းအုံကြီးမှာ လက်တံကြီး (၅)ခိုင်ထွက်၍ လှပဝေဆာစွာ ဖူးပွင့်နေသည်။

"ဆရာရယ် . . . လှလိုက်တာ တအားပဲ။ သူကြီးသမီးတွေတော့ အရမ်းသဘောကျကြမှာပဲ။ ဒါနဲ့သူတို့က ထရုန်တိုင်းရင်းသား မဟုတ်ဘူး ထင်တယ်။ အရပ်က မပုကြဘူးနော်။ နောက်ပြီး သူတို့အခေလုပ်သူကိုလည်း မတွေ့ရဘူးနော်"

"အေး . . . အေး . . . တစ်ခုခုတော့ အကြောင်းရှိမှာပေါ့။ သူကြီးမိသားစုက ထရုန်တိုင်းရင်းသားမဟုတ်တာတော့ သေချာတယ်။ ငါထင်တာတော့ တိဗက်တိုင်းရင်းသားတွေလို့ထင်တယ်။ တိဗက်လူမျိုးရင်တော့ မဟာယာနဗုဒ္ဓဘာသာကိုကိုးကွယ်တာ။ အခုတော့ ယမ်ဆွဲပွဲတော်ပွဲလုပ်မယ်ဆိုတော့ တစ်မျိုးကြီးဖြစ်နေတယ်။ ထရုန်လူမျိုးတွေရဲ့ ရိုးရာဓလေ့



www.burmeseclassic.com

www.burmeseclassic.com



မှုဇော်ဂွဲလည်း ဖြစ်နိုင်တယ်။ နတ်ဆရာဆိုတာလည်း ရှိလိမ့်ဦးမယ်။ အခြေအနေ စောင့်ကြည့်ကြတာပေါ့ကွာ။ ဗဟုသုတရတာပေါ့နော်"

"ဟုတ်ပါတယ် ဆရာ"

"ကဲ ... မျောက်တင်သောင်းရေ မင်းရွာကိုပြန်။ မုဆိုးကြီးကတစ်ဆင့် သူကြီးကိုသတင်းပို့ပြီး ထမ်းမယ့်သူတွေခေါ်ချေ။ ငါ ဒီမှာစောင့်နေမယ်။ သစ်ခွပန်းအုံကိုတော့ တစ်ခါတည်းယူသွားပြီး သူကြီးသမီးတွေကို လက်ဆောင်ပေးလိုက်"

"ဟုတ်ကဲ့ ဆရာ"

မျောက်တင်သောင်း ရွာပြန်သွားတော့ ကျွန်တော်တစ်ဦးတည်း သေနတ်ကို ကျည်ထိုးမောင်းတင်ကာ အသင့်စောင့်နေလိုက်သည်။ နာရီဝက်ခန့်အကြာတွင် ...

"အစ်အစ် ... အူးအူး ... ဖလူးဖလူး"

ဟူသော အသံများကြားရ၍ လှမ်းကြည့်မိရာ တောဝက်အုပ်ရေသောက်ဆင်းလာကြောင်း သိရသည်။ ဤတစ်ကြိမ်တွင်တော့ ခေါင်းဆောင်ဝက်သိုးကြီးကိုမပစ်ဘဲ ဝက်ပျိုမတစ်ကောင်ကို ရွေးချယ်၍ အသေအချာ ချိန်ပစ်သည်။ ကျည်ဆန်မှန်၍ ဝက်ပျိုမလဲကျသွားစဉ် ရန်မူရန်မာန်တင်းနေသော ဝက်သိုးကြီးကို ဆက်ပစ်ပြန်သည်။

"ဒိုင်း ..."

"ဒိုင်း ..."

သေနတ်သံနှစ်ချက်မှာ ရှေ့ဆင့်နောက်ဆင့်ဖြစ်သည်။ ဝက်သိုးကြီးလည်း ချက်ကောင်းမှန်၍လဲသည်။ ထူးဆန်းသည်မှာ ဦးချိုထောင်၍လဲကျသေဆုံးနေသော မြောင်ထီပိုးကြီးအား ဝက်သိုးကြီးက ရန်သူအမှတ်ဖြင့် သေခါနီးဆဲဆဲ ပြေးပက်ခြင်းဖြစ်သည်။ ပြင်းထန်သောအရှိန်ကြောင့်





အချိန် (၃၀၀)ခန့်ရှိသည့် မြောင်ထီပိုးအသေကောင်ကြီး နေရာရွေ့သွားသလို မြောင်ကြီး၏ ကော့ပျံနေသော ကျောက်စိမ်းရောင်ဦးချိုကြီးက တောဝက်သိုးကြီး၏ ရင်ညွန့်ကို ထိုးဖောက်ဝင်သွားခြင်းဖြစ်သည်။

"အု ... အု ... အစ် ... အစ်"

ဟူသာ အသံကြားရပြီး ဝက်သိုးကြီးလည်း မြောင်ကြီးပေါ်တွင် အုပ်မိုး၍ လဲကျငြိမ်သက်သွားတော့သည်။ ကျွန်တော်လည်း အားရဝမ်းသာစွာ ပီတိဖြစ်ပြီး အနားယူ၍ ရေဘူးကိုဖွင့်ပြီး မော့သောက်လိုက်စဉ် တောအူသံပေးသည်ကို ကြားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၇ ]

❑

"ဝူး . . . ဝူး . . . ဝူး"

အူသံပေး၍ မျောက်တင်သောင်းတို့ ရောက်လာကြသည်။

"ဆရာ အဆင်ပြေရဲ့လား၊ ဗိုက်ဆာနေပြီလား။ အမဲလိုက်ထွက်တဲ့သူတွေကများတော့ လူစုနေတာနဲ့ အတော်ကြာသွားတယ်။ သေနတ်သံနှစ်ချက်လည်း ကြားလိုက်ရတယ်။ ဘာကောင်ပစ်တာလဲ"

"တောဝက်အုပ်ကြီးပြန်လာလို့ တောဝက်နှစ်ကောင် ထပ်ပစ်ထားတာ။ ဝက်သိုးကြီးသိုကို အမြန်ဝိုက်လှီးပြီး ဖယ်ရှားပစ်ဖို့လည်း ပြောလိုက်ဦး။ တော်ကြာ သိုနံ့နံပြီး စားမရဖြစ်နေဦးမယ်"





"မုဆိုးကြီးလည်း နောက်ကပါလာတယ် ဆရာ။ သူလုပ်လိမ့်မယ်။ ဆရာကတော့ အမှတ်ရပြီးရင်း ရရင်းပဲဗျို့။ သူကြီးသမီးတွေကလည်း သစ်ခွပန်းကို အလွန်ကြိုက်ကြတာ။ ပန်းတွေကလှလှလွန်းတော့ ဆော့ဆွေ့ခုန်ပြီး ပျော်နေကြတယ်"

"မိန်းကလေးတွေပဲ ပန်းကြိုက်ကြမှာပေါ့။ သစ်ခွပန်းဆိုတာ ကမ္ဘာပေါ်မှာ အလှဆုံးပဲ။ အခု ငါပေးလိုက်တဲ့သစ်ခွပန်းတွေက ကမ္ဘာပေါ်မှာ အရှားဆုံးနဲ့ အဖိုးတန်ဆုံးပန်းတွေပဲ"

"အဖိုးတန်လွန်းလို့ ခက်လိမ့်မယ်။ သူကြီးသမီးတွေက ဆရာ့ကိုကြိုက်လို့ သူ့အဖေသူကြီးကိုပူဆာရင် ဘယ်လိုလုပ်မလဲ"

"ဟ . . . အဲဒါတော့ မဖြစ်ဘူးလေ။ ငါ့မှာလည်း အိမ်ထောင်ရှိတယ်။ ဘယ်ဖြစ်မလဲ"

ထိုအချိန်တွင် မုဆိုးကြီးနှင့် လူပုကလေးများ ရောက်လာကြသည်။ မျောက်တင်သောင်းက ပြောင်ကြီးအပြင် တောဝက်သိုးကြီးနှင့် ဝက်မတစ်ကောင်လည်း ထပ်မံရထားကြောင်း မုဆိုးကြီးအားပြောပြလိုက်ရာ မုဆိုးကြီးက ထရန်ဘာသာစကားဖြင့် ဝက်သိုကြီးအား လှီးဖြတ်ထုတ်ပစ်ရန်နှင့် သားကောင်များအား ပြီးမှသယ်ယူရန် အမိန့်ပေးလိုက်သဖြင့် လူပုကလေးများ၊ ကမ်းပါးချောက်ထဲသို့ ဆင်းသွားကြသည်။ ထိုအခါမှ မုဆိုးကြီးက ကျွန်တော့်အား . . .

"ဆရာလေး . . . သူကြီးသမီးတွေကို သဘောကျသလား။ သူကြီးက သူ့သမီးအကြီးမနဲ့ ဆရာကလေးကို သဘောတူနေတယ်"

"မုဆိုးကြီး ကျွန်တော်က အစိုးရဝန်ထမ်းပါ။ ပြည်မကိုလည်း ပြန်ရဦးမယ်။ နောက်ပြီး ကျွန်တော့်မှာ အိမ်ထောင်လည်းရှိပါတယ်။ ရွာရှိလူလွတ်တွေက မြင့်သိန်း၊ ကျော်ကြီးနဲ့ ပုဏ္ဏားတင်ဦးတို့ပဲ။ သူတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ချိတ်ဆက်ပေးလိုက်ပါလား မှဆိုးကြီးရယ်"

"အေး ... အဲဒါမှ အခက်ပဲ။ ဆရာလေးကို လူပျိုထင်လို့ ငါက ပြောပေးမယ်လို့ သူကြီးကို ပြောလိုက်မိပြီ။ စကားကျွံသွားပြီဆိုတော့ နုတ်ရခက်ပြီ။ အလိုက်သင့်တော့နေမှဖြစ်မယ် ဆရာလေး"

"ကဲ ... အဲဒါတွေ အသာထားပါဦး မှဆိုးကြီးရယ်။ ကျွန်တော် ဗိုက်ဆာလာပြီ ထမင်းစားတော့မယ်။ မှဆိုးကြီးလည်း ဝင်စားပါလား"

"ဆရာလေးတို့စားတော့၊ ငါစားပြီးပြီ"

ကျွန်တော်နှင့် မျောက်တင်သောင်းတို့ စမြိန်ထုပ်များအား ဖြေစားအပြီး၌ လှုပုကလေးများ ပြောင်ခေါင်းစိမ်းကြီးကို ပထမထမ်းတက်လာကြရာ ထမင်းလုံးတစ်လုံးအား ပုရွက်ဆိတ်များချီလာသည်နှင့် အလွန်တူသည်။ ဒုတိယအခေါက်တွင်တော့ တောဝက်နှစ်ကောင်အား ထမ်းတက်လာကြပြန်သည်။ ကျွန်တော်တို့ရွာပြန်တော့ တောကောင် (၃)ကောင်အား လှုပုကလေးများအကုန်မနိုင်၍ မှဆိုးကြီးနှင့် မျောက်တင်သောင်းတို့က တောဝက်တစ်ကောင်အား ဝါးလုံးလျှို၍ ပိုင်းထမ်းပြီးပြန်လာကြရသည်။ လှုပုကလေးများမှာ ပင်ပန်းသော်လည်း အတော်ပျော်နေကြသည်။ သူတို့အသံကလေးများမှာ အသံသေးသေးနှင့် ရှုးရှူးကလေးဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ ရွာပြန်ရောက်တော့ သူကြီးနှင့်သမီးနှစ်ဦးက ခြံပြင်သို့ထွက်၍ ကြိုနေကြသည်။ အစောဆုံးပြန်လာနိုင်ပြီး သားကောင်အကြီးဆုံးနှင့် အများဆုံးရသူမှာ ကျွန်တော်သာဖြစ်သည်။ သူကြီးအိမ်အတွင်းရောက်ရှိပြီး ကျွန်တော်တို့အနားယူသည်နှင့် သူကြီးသမီးနှစ်ဦးက သစ်ခွပန်းများပန်ထားပြီး ညက ကျွန်တော့်တို့အားတိုက်သည့် အရက်အိုးကိုယူလာပြီး ရွှေခွက်ထဲငှဲ့ထည့်ပေးပြီး ဂုဏ်ပြုသည့်အနေဖြင့်





တိုက်ပြန်သည်။ ထမင်းစားပြီးထားသော်လည်း ဂုဏ်ပြုခြင်းဖြစ်၍ မငြင်းပယ်တော့ပဲ သောက်လိုက်ရသည်။ နေ့လယ်ခင်း၌ ကျွန်တော်နှင့် မျောက်တင်သောင်းတို့ ခေတ္တအနားယူ အိပ်စက်ကြသည်။ ထိုအချိန်က သူရိုးမြင့်သိန်း၊ ကျော်ကြီးနှင့် ပုဏ္ဏားတင်ဦးတို့ သူကြီးအိမ်တွင် မရှိကြသည်ကိုတော့ ကျွန်တော် သတိထားမိသော်လည်း မမေးဖြစ်ခဲ့ပါ။

ကျွန်တော်တို့ အိပ်ရာကနိုးတော့ မှဆိုးကြီးနှင့် သူကြီးကစားပွဲတွင်ထိုင်၍ ဖါးရည်သောက်ရင်း စကားပြောနေကြသည်။ ညနေစောင်းပြီဖြစ်၍ အမဲလိုက်မုဆိုးများလည်း သားကောင်များထမ်း၍ တဖွဲဖွဲပြန်ရောက်လာကြသည်။ တောကောင်များမှာ တန်းစီနေသည်။ ချေ၊ ဆတ်၊ ဝက်နှင့် တာကင်ကောင်များဖြစ်ကြသည်။ ဖျက်သူကဖျက်၊ ချက်သူကချက်နှင့် အလွန် အလုပ်များနေကြသည်။

ထိုစဉ် မုဆိုးကြီးက ...

"ဆရာလေး ... နိုးပြီလား။ ဒီမှာလာထိုင်ပါ။ ဒီနေ့ပွဲကတော့ ဆရာလေးပွဲပဲ။ တောကောင်အကြီးဆုံးနဲ့ အများဆုံးရတာမို့ ညအ ခွဲတော်မှာဆုချရင် ဆရာလေး ရွှေတုံးတွေရလိမ့်မယ်"

ကျွန်တော်တို့ မျက်နှာသစ်ကြပြီး ဖါးရည်ဝိုင်းသို့ ဝင်ထိုင်လိုက်သည်နှင့် သူကြီးက တစ်စုံတစ်ရာအော်၍ လှမ်းပြောလိုက်ရာ သူကြီးသမီးနှစ်ဦး ရွှေလင်ဗန်းကိုယ်စီဖြင့် အပေါ်ထပ်မှ ဆင်းလာကြသည်။ ယနေ့ပွဲတော်ရက်မို့ထင်ပါသည် မိန်းမပျိုနှစ်ဦးမှာ သင်းတိုင်ရှည်ကိုယ်စီဝတ်ဆင်ကြ၍ လုံခြုံစွာဆင်မြန်းထားကြပြီး လက်ဝတ်တန်ဆာများ ဝတ်ဆင်ထားကြသည်မှာလည်း ဝင်းဝင်းလက်နေသည်။ အကြီးမ ဆင်ဗန်းထဲ၌ ဂျပ်ခုတ်သင်တိုင်းရှည်နှင့် သားမွှေးဦးထုပ်တင်ထားပါ ပါလာပြီး အငယ်မလင်ဗန်းထဲ၌ သားမွှေးခါးဆီးကြိုးနှင့် တောတင်သားရေ



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်တို့ဖြစ်ကြသည်။ ရေချိုးပြီးလဲရန်လည်း လက်ဟန်ခြေဟန်ဖြင့် ပြကြသည်။

ကျွန်တော် ရေမိုးချိုးပြီး သင်တိုင်းရှည်ကြီးကိုဝတ်ကြည့်တော့ ပွယောင်းယောင်းဖြစ်နေသည်။ ခါးစည်းကြိုးကို ချည်လိုက်တော့မှ ပုံစံကျသွားသည်။ ကတ်ိုးသားရော သားမွေးဦးထုပ်ကိုဆောင်းပြီး တာကင်သားရေဖိနပ်ဝတ်လိုက်တော့မှ အတော်သပ်ရပ်သွားသည်။ ထရုန်လူမျိုးတစ်ဦးပုံစံ ပေါက်သွားဟန်တူပါသည်။

မှောင်စပျိုးသည်နှင့် ပွဲတော်စသည်။ ယဇ်ပူဇော်ပွဲမှာ ရွာအနောက်ဘက်တောင်ကြား မြေပြန့်ကလေးပေါ်တွင် လုပ်ကြခြင်းဖြစ်သည်။ အထက်ဆင့်တောင်ခေါင်းထဲတွင် ယာဖ်နတ်ရုပ်တုကြီးအား မီးများထွန်း၍ ပူဇော်ထားသည်။ ယာဖ်နတ်ရုပ်မှာ ရွှေရောင်ဝင်းနေပြီး နဖူးတွင် မျက်လုံးတစ်လုံး အပိုပါသဖြင့် မျက်လုံး (၃)လုံးဖြစ်သည်။ မျက်လုံးနှစ်လုံးမှာ စိန်တုံးဖြစ်ဟန်တူသည်။ ဝင်းဝင်းလက်နေသည်။ နဖူးကတော့ စိန်တုံးမဟုတ် ပတ္တမြားဖြစ်ဟန်တူသည်။ မီးအလင်းရောင်ကြောင့် နီရဲနေသည်။ မျက်နှာမှာ မာန်နတ်နှင့်တူသည်။ သို့သော် လက်နှစ်ချောင်းသာပါပါသည်။ ကြောက်လန့်စရာအရုပ်မျိုးတော့ မဟုတ်ပါ။

ထိုစဉ် ရုတ်တရက် ကျွန်တော်သတိရလိုက်မိသည်။ ပတ္တမြားမြင်လျှင် အလွန်စိတ်ဝင်စား၍ မနေနိုင်၊ မထိုင်နိုင်ဖြစ်တတ်သော ပုဏ္ဏားတင်ဦးကိုဖြစ်သည်။ ကျွန်တော် စောင်းငဲ့ကြည့်မှ ကျွန်တော်နှင့် သူကြီးတို့မိသားစုထိုင်ကြသော နောက်တန်းတွင် ပုဏ္ဏားတင်ဦးအား ကျော်ကြီးသူခိုးမြင့်သိန်းနှင့်အတူ ဣန္ဒြေရစွာထိုင်နေသည်ကို တွေ့ရသဖြင့် စိတ်အေးသွားတော့သည်။

မကြာမီ နတ်ဆရာ ယာဖ်နတ်ရုပ်အနောက်ဘက် ကျောက်ဂူ





ထဲမှ ထွက်လာသည်။ နတ်ဆရာမှာလည်း ထရုန်လူပုကလေးများလို မပုပါ။ အရပ်မြင့်ပြီး အသားဖြူသည်။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများလည်းပါသဖြင့် ရုပ်ကို ဖမ်း၍မရပါ။ နှာခေါင်းကတော့ ချွန်သည်။ သူကတော့ သူကြီးတို့လို တိဗက်အနွယ်ဝင် ဟုတ်ပုံမရ။ အိန္ဒိယနွယ်ဖွားဖြစ်ဟန်တူသည်။

နတ်ဆရာက ရွတ်ဖတ်သရဇ္ဈာယ်ပြီး ယာဖ်နတ်ရုပ်အား အမွှေးအကြိုင်များဖြင့် ပက်ဖျန်းသည်။ ထိုစဉ် ဦးချိုအား ရွှေရည်သုတ်ထားသော တောင်ဆိတ်တစ်ကောင်ကို ထရုန်လူပုကလေးတစ်ဦးက ဆွဲလာသည်။ နတ်ဆရာအရှေ့ရောက်သည်နှင့် တိုင်တွင်ချည်ထားရာ နတ်ဆရာက ယာဖ်နတ်ရုပ်ပုလ္လင်ပေါ်တွင် တင်ထားသည့် ထက်မြက်လှသော ဓားကောက်ကြီးကိုကောက်ယူပြီး သိုင်းကစားသလို ဝှေ့ယမ်းနေစဉ် လူပုကလေးတစ်ဦးက ရွှေခွက်တစ်ခုကို ယူလာပြန်သည်။ ထိုစဉ် နတ်ဆရာက ကောင်းကင်သို့မော့ကြည့်ရင်း နှုတ်မှ တတွတ်တွတ်ရွတ်ဖတ်၍ ဓားသိုင်းက,သလို က,ရင်း တောင်ဆိတ်ကလေးလည်ပင်းအား တစ်ချက်တည်း ပိုင်းချလိုက်တော့သည်။

တောင်ဆိတ်ကလေး ခေါင်းပြတ်သွားသည်နှင့် ရွှေခွက်ကိုင်သူ လူပုကလေးက ပြေး၍သွေးခံသည်။ ကျန်လူပုကလေးတစ်ယောက်က တောင်ဆိတ်ခေါင်းကိုကောက်၍ နတ်ရုပ်ခြေရင်း ယာဖ်ပုလ္လင်ပေါ်၌ အသင့်တင်ထားသည့် ရွှေလင်ဗန်းထဲသို့ တောင်ဆိတ်ဦးခေါင်းအား ဒရိသတ်ဘက်သို့မျက်နှာလှည့်၍ တင်ထားလိုက်သည်။ တောင်ဆိတ်ကလေးမှာ တဖြည်းဖြည်းဒူးညွှတ်ပြီး လဲကျသွားတော့သည်။ ထိုစဉ် နတ်ဆရာကတိုင်ပေး၍ အားလုံးက ဝိုင်းအော်သည်။

"ဇက်ကလိန်း ... ဖာရာအေး ... ဖာရာအေး"



www.burmeseclassic.com

www.burmeseclassic.com



'အောင်ပြီ ... အောင်ပြီ' ဟု အော်ဟန်တူပါသည်။ ပြီးနောက် နတ်ဆရာက တောင်ဆိတ်သွေးကို အရင်မော့သောက်ပြီး ပွဲလာလူကြီးများနှင့် ဧည့်သည်များအား တစ်ငုံစီလိုက်တိုက်သည်။ သူကြီးနှင့်မှူးကြီးတို့က သောက်ကြသည်။ ကျွန်တော့်အလှည့်တွင် ကျွန်တော်က ငြင်းဆန်ရန်ဟန်ပြင်ပြီးမှ မှူးကြီးက ခေါင်းညိမ့်ပြသဖြင့် အနည်းငယ်သောက်လိုက်ရသည်။ မျောက်တင်သောင်း၊ ပုဏ္ဏားတင်ဦး၊ သူနိုးမြင့်သိန်းနှင့်ကျော်ကြီးတို့လည်း မသောက်မဖြစ်၍ အနည်းငယ်စီ သောက်ကြရသည်။

နတ်ဆရာက ကျွန်တော်တို့အဖွဲ့ကို မျက်တောင့်နီကြီးဖြင့် ကြည့်နေသည်။ နတ်ဆရာအကြည့်ကို ကျွန်တော်မကြိုက်ပါ။ သူ့အကြည့်မှာ မလိုမုန်းထား၍ကြည့်သော အကြည့်မျိုးဖြစ်သည်။ ထရုန်လူပုကလေးက တောင်ဆိတ်သွေးကုန်ခါနီးတွင် ရွှေခွက်အား သူကိုယ်တိုင်မော့၍ သောက်ရာ တောင်ဆိတ်ကိုဆွဲလာသော လူပုကလေးကလည်း လှ၍ဝင်သောက်သည်။

ယဇ်ပူဇော်ပွဲပြီးတော့ ဆုပေးပွဲဖြစ်သည်။ သူကြီးက နေရာမှထ၍ သားကောင်အကြီးဆုံးနှင့် အများဆုံးပစ်နိုင်သူကို ကြေငြာသည်။ ပြီးနောက် ကျွန်တော့်အား လက်ညှိုးထိုးပြပြီး မတ်တတ်ရပ်ခိုင်း၍ ကျွန်တော် ထ,ရပ်ရသည်။ ကျွန်တော့်အား သူကြီးကိုယ်တိုင်က သူ့သမီးနှစ်ဦးယူလာသည့် ရွှေလင်ဗန်းထဲမှ စလွယ်သိုင်းရွှေကြိုးကြီးတစ်ကုံးကို ဆင်ယင်ပေးသည်။ အကြီးမက အရည်ကောင်းသော ကျောက်စိမ်းလည်ဆွဲကြီးတစ်ကုံးကို ဝတ်ဆင်ပေးသည်။ အငယ်မက ရွှေလင်ပန်းဖြင့်ထည့်လာသော လက်သီးဆုပ်ခန့်ရှိ ရွှေရိုင်းတုံးငါးတုံးအား အဝတ်အိတ်ထဲထည့်၍ ဂုဏ်ပြုပေးအပ်သည်။

---

စိတ်ကူးသစ်စာပေ



ဆုများမှာ ရန်ကုန်က အနေအထားဖြင့်တော့ သိန်းပေါင်းများစွာ တန်ပါလိမ့်မည်။ သူတို့ဒေသက ကျောက်စိမ်းနှင့် ရွှေပေါများစွာ ထွက်ဟန်တူလေသည်။ ဆုများပေးပြီးတော့ ပရိသတ်က 'ဟေး ... ဟေး ... ဟေး ...' ဟုပိုင်းအော်ကြသည်။ ကောင်းချီးပေးခြင်းဖြစ်ပေမည်။ နတ်ဆရာကတော့ ကျေနပ်ဟန်မပြ။ ကျွန်တော့်ကိုသာ တစ်ချိန်လုံး စောင့်ကြည့်နေသည်။

ပူဇော်ပွဲပြီးတော့ သူကြီးအိမ်ရှေ့သို့ပြန်လာကြပြီး တစ်ရွာလုံးကို အရက်၊ အသားဟင်းတို့ဖြင့် ဧည့်ခံသည်။ မီးပုံကြီးပတ်၍လည်း က,ကြသည်။ စားလိုက်သောက်လိုက် က,လိုက်ဖြင့် အလွန်ပျော်စရာကောင်းသည်။ ယနေ့ညပျော်သော်လည်း ကျွန်တော် မူးအောင်မသောက်ရပါ။ နတ်ဆရာမျက်နှာကိုသာ တစ်ချိန်လုံးမြင်နေမိပြီး ဝမ်ခမ်းအိုင်က ရသေ့ကြီး သတိပေးစကားကို တစ်ချိန်လုံး သတိရနေသောကြောင့်ဖြစ်သည်။ နတ်ဆရာနှင့်ကျွန်တော်မှာ မည်သည့်ရန်ငြိုးမျှလည်း မရှိပါ။ ကျွန်တော်တို့ စားသောက်နေကြစဉ် သူကြီးသမီးနှစ်ဦးက က,ရန်လာခေါ်သည်။ ကျွန်တော်တို့ မီးပုံကြီးအားပတ်၍ က,နေကြစဉ် ကျွန်တော် သဘောပေါက်မိတော့သည်။ နတ်ဆရာက ကျွန်တော့်အပေါ် ရန်ငြိုးထားသည်မှာ သူကြီးသမီးနှစ်ဦးကိစ္စပင် ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

❑

ထိုညက လမွန်းတည့်ချိန်ပွဲပြီးတော့ မုဆိုးကြီးက ကျွန်တော်နှင့် သူကြီးသမီးများကိုစွာအတွက် မနက်ဖြန်မနက်တွင် မင်္ဂလာစကားပြောမည်ဟု သူကြီးကပြောကြောင်း အကြောင်းကြားလာပါသည်။ ကျွန်တော် အကြပ်တွေ့ပြီ ဖြစ်သည်။ သို့သော် အရက်မူးသောအရှိန်ဖြင့် မနက်ကိစ္စ မနက်မှရှင်းရန် ကျွန်တော်ဆုံးဖြတ်ပြီး အိပ်ရာဝင်ခဲ့ရာ နှစ်မြိုက်စွာ အိပ်ပျော်သွားတော့သည်။

မနက်မိုးလင်း၍ ကျွန်တော်တို့အဖွဲ့ သူကြီးသမီးများချက်ခဲ့သော မနက်စာကိုစားနေကြစဉ် နတ်ဆရာနှင့် ရွာသူရွာသားများ တစ်အုပ်တစ်မကြီး သူကြီးအိမ်သို့ ရောက်လာကြသည်။ ကျွန်တော့်အထင်မှာ မင်္ဂလာကိစ္စ ဖိတ်ကြားထားသဖြင့် လာသည်ဟုထင်သော်လည်း





ဟုတ်ဟန်မတူပါ။ နတ်ဆရာက ဒေါကြီးမောကြီးဖြင့် သူကြီးနှင့် အခြေအတင် စကားပြောနေကြသည်။ ကျွန်တော်တို့နားမလည်ပါ။ မကြာမီ သူကြီးနှင့်မုဆိုးကြီးတို့ နတ်ဆရာနောက်သို့ လိုက်သွားကြသည်။ ထိုအချိန်တွင်မှ သူကြီးသမီးနှစ်ဦးက ကျွန်တော်တို့ကိုကြည့်၍ ငိုယိုနေကြသည်။ ကျွန်တော်လည်း စိတ်အလွန်ရှုပ်ထွေးသွားသည်။

ထိုစဉ် ပုဏ္ဏားတင်ဦး၊ ကျော်ကြီးနှင့် သူနိုးမြင့်သိန်းတို့က ပြန်ရန် ပစ္စည်းများကို သိမ်းဆည်းနေကြသည်။

"ဘာဖြစ်ကြတာလဲကွ၊ ငါ့ကိုလည်း ပြောကြပါဦး"

"ကျွန်တော်တို့လည်း မသိဘူးဆရာ။ အခြေအနေမကောင်းဘူးတော့ အမှန်ပဲ"

သူနိုးမြင့်သိန်းက ပြန်ပြောရာ ကျွန်တော်က ...

"ပုဏ္ဏား ...မင်းတို့များ နတ်ရုပ်ကရတနာတွေကို ဖြုတ်မိကြသလား"

"ဟာ ...ဆရာကလည်း မဟုတ်က ဟုတ်ကချာ"

"နတ်ရုပ်တုက ပတ္တမြားကြီးကိုမြင်ကတည်းက မင်းတို့ရဲ့ ကို ပါသိနေတယ်။ ပြဿနာတော့ ဖြစ်ပြီထင်တယ်"

"ဆရာကလည်း အခြေအနေကို စောင့်ကြည့်ပါဦး။ ကျွန်တော်တို့ မပတ်သက်ပါဘူး။ သူတို့ဟာသူတို့ ပြဿနာဖြစ်တာနေမှာပါ"

"ဟ ...မဆိုင်ပဲ နေမလား။ ငါတို့ကို လက်ညှိုးထိုးပြီး နတ်ဆရာက ပြောသွားတာ"

"အခြေအနေကို စောင့်ကြည့်ပါဦး ဆရာရယ်"

ပုဏ္ဏားတင်ဦးက အေးဆေးစွာပြောနေသဖြင့် ကျွန်တော်လည်း အခြေအနေကိုစောင့်ကြည့်ရန် ဆုံးဖြတ်လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ သူကြီးနှင့်မှဆိုးကြီးတို့ ပြန်ရောက်လာကြသည်။ မျက်နှာမကောင်းကြပါ။ သူကြီးမျက်နှာမှာ စိတ်မကောင်းအတော်ဖြစ်နေဟန်နှင့် မခံမရပ်နိုင်ဖြစ်နေပုံမျိုး ဖြစ်သည်။ ကျွန်တော်က မနေနိုင်တော့ပဲ ...

"မုဆိုးကြီး ဘာဖြစ်လို့လဲ။ ကျွန်တော်တို့ကို ပွင့်ပွင့်လင်းလင်းပြောပါ"

"ပြောမှာပါ ဆရာလေး။ ဒီကိစ္စကို ငါနဲ့သူကြီးကလည်း နတ်ဆရာကို မကျေနပ်ကြပါဘူး။ ငါတို့ရောက်လာလို့ ယာဇ်နတ်မျက်လုံးတွေ မှိန်သွားတယ်တဲ့။ အဲဒါ မကောင်းတဲ့ဘေးဆိုးတွေ ရွာကိုရောက်တော့မဲ့ နိမိတ်ဆိုးမို့ ငါတို့ကို ရွာမှာမထားပဲ အမြန်ဆုံးနှင်ထုတ်ဖို့ နတ်ဆရာက သူကြီးကိုပြောနေတာ။ သူကြီးကလည်း မင်္ဂလာကိစ္စရှိတာကြောင့် မခံမရပ်နိုင်ဖြစ်နေတာ။ ဒါပေမဲ့ သူကြီးက နတ်ဆရာညြဲကို မလှန်ရဲဘူးဖြစ်နေတယ်။ ရွာသူရွာသားတွေက နတ်ဆရာဘက်က။ နတ်ဆရာကလည်း သူကြီးသမီးတွေကို ကြွယ်နေတော့ ဆရာလေးကို မကောင်းမြင်ပြီး အကွက်ချောင်းနေတာ။ ဒီရွာမှာ ကျောက်စိမ်းနဲ့ ရွှေတွင်းတွေရှိတော့ ဒါတွေကို လက်လွှတ်ခံပြီး သူကြီးကလည်း ရွာသူရွာသားတွေနဲ့ နတ်ဆရာကို အာမခံရဲဘူး။ ဒါကြောင့် အကောင်းဆုံးကတော့ ငါတို့ဒီရွာက အမြန်ပြန်ကြဖို့ပဲ"

"အင်း ... ဒါဆို ပြဿနာမရှိဘူး သူကြီး။ ကျွန်တော်တို့လည်း လွှတ်လွှတ်လပ်လပ် ပြန်ချင်နေကြတာနဲ့ အတော်ပါပဲ"

ကျွန်တော်တို့ အလျင်အမြန် ပစ္စည်းများသိမ်းဆည်း၍ ပြန်ရန် ပြင်ဆင်နေကြစဉ် သူကြီးက နေ့လယ်စာစားပြီးမှ ပြန်ရန်ပြောကြောင်း မုဆိုးကြီးက ပြောလာသည်။ ကျွန်တော်တို့ စိတ်မကောင်းစွာ





ငြင်းပယ်လိုက်ပြီး သူကြီးအား ဂက်စ်မီးခြစ်များနှင့် ကျွန်တော်ကိုင်နေကျ အမဲလိုက်ဓားမြှောင်ကို လက်ဆောင်ပေးလိုက်သည်။ သူကြီးသမီးအကြီးမကိုတော့ ကျွန်တော်ဝတ်ထားသည့် ကော့သောင်းမြို့မှဝယ်လာသော ရွှေဘတ်ကြိုးကို သူမလည်တွင်ဝတ်ဆင်၍ လက်ဆောင်ပေးလိုက်သည်။ အကြီးမက အလွန်ဝမ်းနည်းဟန်ဖြင့် ငိုသည်။ အငယ်မကိုတော့ ကျွန်တော့်တွင် အဖိုးတန်ပစ္စည်း ပေးစရာမရှိတော့၍ ကျွန်တော်သုံးနေကျ Parker Ball Pen ကလေးကို လက်ဆောင်ပေးရာ သူမလည်း ငိုပြန်ပါသည်။

ထိုစဉ် သူကြီးက လက်ပြ၍တားပြီး အိမ်ပေါ်တက်သွား၍ ပြန်ဆင်းလာတော့ ရွှေတုံးများကို လင်ဗန်းတစ်ခုတည်းထည့်၍ ယူလာသည်။ လက်သီးဆုပ်ခန့် ရွှေတုံးများဖြစ်သည်။ ကျွန်တော်က ရွှေတုံးများအား မုဆိုးကြီးနှင့်အဖွဲ့အား တစ်တုံးစီဝေလိုက်ပြီး လင်ဗန်းထဲ၌ နှစ်တုံးကျန်နေသဖြင့် ကျွန်တော်ယူလိုက်ရာ သူကြီးမှာ အလွန်သဘောကျပြီး ကျွန်တော့်အား လက်ဆွဲနှုတ်ဆက်သည်။

ကျွန်တော်တို့ အရှုန်းဒမ်းရွာမှ တိတ်ဆိတ်စွာ ပြန်ခဲ့ကြပါသည်။

လမ်း၌ ကျော်ကြီးက ...

"ဆရာ ... နတ်ဆရာက မုန်းစရာကောင်းပေမဲ့ ကြံဖန်ကျေးဇူးတင်ရင်တော့ ရပါတယ်။ ဆရာ့အခက်အခဲကို သူက ဖြေရှင်းပေးတာလေ။ ဟုတ်တယ် မဟုတ်လားဆရာ"

"အေး ... အဲဒီလိုပဲ အကောင်းမြင်၊ တွေးရတာပေါ့ကွာ"

"သူကြီးသမီးတွေကိုတော့ သနားတယ်ဆရာရယ်"

မျောက်တင်သောင်းက ဝင်ပြောပြန်သည်။

"အင်း ... သူတို့နဲ့ အရပ်အမောင်းတူတာလည်း အရှုန်းဒမ်း"



www.burmeseclassic.com

www.burmeseclassic.com



ရွာမှာ နတ်ဆရာတစ်ယောက်ပဲ ရှိတယ်လေကွာ။ ဘာသာရေးနဲ့ ကိုင်ထားတော့ သူကြီးလည်း မလှုပ်သာဘူး။ သူကြီးသမီးနဲ့ညားတော့လည်း သူကြီးက ရွာမှာ ဩဇာပိုညောင်းတာပေါ့လေ။ ဒါလည်း ပိုကောင်းသွားတယ်''

ကျွန်တော်တို့ လာလမ်းအတိုင်းပြန်ခဲ့ကြပြီး ကြိုးတံတားတစ်ဖက်တွင် မုဆိုးကြီး မပေါ်ဂနီပင်ခွဆုံတွင်တင်၍ ချည်နှောင်ထားခဲ့သော အသားကြပ်တင်တောင်းကြီးအား ဝါးလုံးလျှို၍ နှစ်ယောက်ထမ်းစေပြီး တဆူထုရွာသို့ဝင်၍ နေ့လယ်စာ ချက်ပြုတ်စားကြသည်။ ဆက်၍ ခရီးထွက်လာပြီး ဒဖုံဒမ်းရွာတွင် ညအိပ်ကြရသည်။ ကျွန်တော်တို့အဖွဲ့ နောက်နှစ်ရက်ကြာမှ နောင်မွန်းမြို့သို့ ပြန်ရောက်သည်။ ရက်ကြာနေ၍ အစ်ကိုကြီးက စိတ်ပူနေသော်လည်း ကျွန်တော်တို့အဖွဲ့ ကောင်းမွန်စွာပြန်ရောက်၍ ဝမ်းသာနေရှာသည်။

နောက်တစ်ရက်နားပြီး ကျွန်တော်တို့ ပူတာအိုမြို့သို့ ပြန်ဆင်းခဲ့ကြသည်။ ခရီးကကြမ်းသော်လည်း ကျွန်တော်တို့ ပျော်နေပါသည်။ လမ်းခရီး၌ ပုဏ္ဏားတင်ဦးက …

''ဆရာရေ … ကျွန်တော်တို့ရင်မောနေတာ အခုမှပဲ လွတ်လွတ်ကျွတ်ကျွတ် အလုံးကြီး ကျသွားတော့တယ်''

''ဟုတ်တယ် … ဆရာ''

ကျော်ကြီးနှင့် သူနိုးမြင့်သိန်းတို့ကလည်း ထောက်ခံပြန်သည်။ မျောက်တင်သောင်းကတော့ နားမလည်ဟန်ဖြင့် ကြည့်နေသည်။

''ဘာဖြစ်လို့လဲကွ၊ ပြောကြပါဦး''

''ဆရာတို့ အမဲလိုက်ပွဲသွားတုန်းကနဲ့ အိပ်နေတုန်း ကျွန်တော်တို့ (၃)ယောက် ကြိတ်ကြံနေကြတာ ဆရာ။ ရွာထဲ လှည့်ပတ်ကြည့်ရင်း





ယာဇ်နတ်ရုပ်တုကို လေ့လာကြပြီး ကျွန်တော်တို့တတ်ကျွမ်းတဲ့ပညာနဲ့ နတ်ရုပ်က စိန်မျက်လုံးနဲ့ ပတ္တမြားကြီးကို မြိုင်စိန်နဲ့ အာဖိရုပ်လင်းခွဲကိုသွေးပြီး လဲခဲ့တာဆရာ။ ဒါကြောင့် မျက်လုံးတွေကဲ အရောင်မှိန်သွားတာ။ လုပ်ထားတဲ့လက်ရာကကောင်းတော့ သူတို့လည်း လဲထားမှန်းမသိကြဘူး။ အစစ်တွေက ဟောသည့်မှာ ဆရာ''

''အေး … မင်းတို့ကတော့ ဖောက်ထွင်းဝိဇ္ဇာ ရတနာမုဆိုးတွေ ပီသပါပေတယ်။ ကဲ … ခု ဘယ်လိုလုပ်ကြမှာလဲ''

''ဒီဘက်ပိုင်းမှာက ရောင်းဖို့မလွယ်ဘူးဆရာ။ ဈေးလည်းရမှာမဟုတ်ဘူး။ မန္တလေးရောက်မှ ဈေးကောင်းကောင်းနဲ့ ရောင်းတော့မယ်၊ နော် … ဆရာ''

■ ■ ■

မောင်မှူးကြီးသိန်းဝင်း

BURMESE CLASSIC

www.burmeseclassic.com